
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com



# ဆွေဆွေအောင်

# လွယ်အိတ်ကလေး

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ❈ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ❈ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ❈ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❈ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❈ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❈ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ် လာရေး။
- ❈ ဖြစ်ပေါ် လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

- ❈ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❈ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး။
- ❈ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❈ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❈ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❈ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❈ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- ❈ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်သူ့သဘောထား

- ❈ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❈ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❈ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
- ❈ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

BURMESE CLASSIC .com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၁၅၅၆ / ၂၀၀၃ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၃၀ / ၂၀၀၄ (၂)
ထုတ်ဝေသူ
ဒေါ်ဆွေဆွေအောင်
ဆွေဆွေအောင်စာပေ
၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၄ ခုနှစ် ဧပြီလ
အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

BURMESE CLASSIC .com

www.burmeseclassic.com


အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါး ဖြစ်သူ ဖေဖေနှင့်မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဆွေဆွေအောင်**

www.burmeseclassic.com


အပ်ချုပ်စက်သံတွေ ညံနေသလို၊ စက်ချုပ်သူ မိန်းကလေးများ၏ စကားသံတွေကလည်း ဆူညံနေပါသည်။ ရယ်သံတွေလည်း ညံနေပါသည်။

"ရွှတ်... ရွှတ်... မိန်းကလေးတွေ သတိထားကြအုံးလေ... အသံတွေကျယ်လှချည်လား... ရယ်သံတွေကျယ်လှချည်လား"

မီးဖိုချောင် အပေါက်ဖက်မှ ပြေးထွက်လာရင်း 'မူနွဲ့'က မျက်စေ့ပျက် မျက်နှာပျက် ပြောလိုက်ခြင်းဖြစ်သည်။

"စိတ်မဆိုးပါနဲ့ 'မမူနွဲ့' ရယ်... 'မိညို' ပြောတဲ့ စကားက ရယ်စရာကောင်းလွန်းလို့ပါ... သူ့အစ်မ 'မပို' အဖြစ်က ရယ်စရာကောင်းလွန်းလို့ပါ... စတိုးဆိုင်ကြီးမှာလုပ်တုန်းက တစ်ချိန်လုံး မတ်တတ်ပဲ ရပ်ရလွန်းလို့ ခိုးထိုင်တော့ လခထဲကလျှော့တယ်တဲ့... ပြီးတော့ အိမ်ပြန်ခါနီးဆိုရင် အခန်းလုံထဲခေါ်ပြီး ပစ္စည်းတွေတိုမှာ

www.burmeseclassic.com


ဆိုးလို့ ဟိုနိုက်ဒီနိုက် အစစ်ခံရသေးတာ... အဲဒီဆိုင်မှာ လခလျှော့လို့ စိတ်တိုပြီး နောက်တစ်အိမ်မှာ ထမင်းချက်ဝင်လုပ်ပြန်တော့ ဆားငံရင် အဆဲခံရတာတဲ့... လက်ဘက်ရည်... ကော်ဖီဆိုလည်း သကြားမပါသလောက်ဘဲ ထည့်ရလို့ သူ့မှာ အဲဒီအိမ်သွားရင်ဆားထုပ်နဲ့ သကြားထုပ်လေးတွေ အမြဲယူသွားရတာတဲ့... အိမ်ရှင်အဖွားကြီးက ဆီးချိုရှိပြီး အဖိုးကြီးက သွေးတိုးရှိလို့တဲ့... အခုဟင်းထဲကို ဆီပါလျှော့ထည့်ရမယ်ဆိုလို့ 'မပို' စိတ်တိုပြီး အလုပ်ထွက်ခဲ့ပြီလေ... ဟား...ဟား...ဟား..."

'မိကြွယ်' က နဂိုထဲက အရယ်သန်သူ၊ ကျန်အလုပ်သမများကတော့ ပါးစပ်ပိတ်၍ ရယ်နေကြပါသည်။

'မူနွဲ့' လည်း ပြုံးမိပါသည်။

"အမှန်တော့... ကပ်စေးနည်းတာ...'မပို' ကွယ်ရာမှာ သကြားတွေ ထပ်ထည့်ကြတာ"

"ရောဂါရှိလို့နေမှာပါဟယ်"

" 'မမူနွဲ့' တို့ မီးဖိုချောင်မှာ လူလိုနေတာပဲ 'မပို' ကို ခေါ်ခိုင်းပါလား... 'မမူနွဲ့' တစ်ယောက်ထဲ မီးဖိုထဲပြေးရ... အိမ်ရှေ့အင်္ကျီချုပ်ဖို့ပြေးရနဲ့ ပင်ပမ်းပါတယ်"

"အမေ့ကို မေးကြည့်အုံးမယ်... လခကဘယ်လောက်ပေးရမှာလဲ 'မိညို' ရဲ့"

"စားရိတ်ငြိမ်း ငါးထောင်လေ"

"ဟယ်... မများဘူးလား"

" 'မမူနွဲ့' ကလည်း ကပ်စေးနည်းလိုက်တာ... ပိုက်ဆံမရှိတာလည်း မဟုတ်ဘူး... စက်ချုပ်လုပ်ငန်းတစ်ခုထဲနဲ့ တစ်အိမ်လုံးစားလို့လောက်နေတာတောင် 'မမူနွဲ့' အမေက ဆေးလိပ်လုပ်ငန်းကို လုပ်နေတုန်းရှိသေးတယ်"

www.burmeseclassic.com



"သိပ်လည်း အထင်ကြီးမနေကြပါနဲ့အုံးလေ… ဆေးလိပ်လုပ်ငန်းက အရင်ကလို သိပ်မတွင်ကျယ်တော့လို့ စက်ချုပ်လုပ်ငန်းကို ဖိလုပ်နေရတာပါ…ဒါပေမယ့် အထည်ချုပ်တဲ့အထဲ ထည့်ထားရတဲ့ငွေတွေက အရင်းပြန်ရအောင် ကြိုးစားနေရတုန်းလေ… မိဘတွေ ထုတ်ပေးထားတဲ့ အရင်းအနှီးကိုလည်း ပြန်ဆပ်ချင်သေးတယ်"

"အဲဒါကြောင့်ပြောတာပေါ့… 'မမူနွဲ့' မီးဖိုချောင်ထဲဝင်နေမယ့်အချိန်တွေကို အထည်ချုပ်လုပ်ငန်းထဲ ထည့်လိုက်ရင် ပိုအလုပ်လုပ်နိုင်ပြီး လုပ်ငန်းတွင်ကျယ်လာမှာပေါ့… ဒီဇိုင်းတွေပိုရှာနိုင်မှာပေါ့… ငွေလေးငါးထောင်ကို နှမြောမနေစမ်းပါနဲ့ 'မမူနွဲ့' ရာ…ငါးထောင်တန်တဲ့ မိန်းမတစ်ယောက်ကို ငှားလိုက်ရင် 'မမူနွဲ့' အတွက် ငါးသောင်း တစ်သိန်းထပ်တိုးလာမှာပဲလေ"

ဆယ်တန်းအထိ ကျောင်းနေဖူးပြီး မိသားစု စားဝတ်နေရေးအတွက် အလုပ်ထွက်လုပ်နေရသော်လည်း 'မိညို' က စာများများဖတ်သဖြင့် ဦးနှောက်တော့ကောင်းသည်။ ညီအစ်မချင်းအတူတူ 'မပို' က ရှစ်တန်းမအောင်၊ အချုပ်အလုပ်လည်း ဝါသနာမပါသဖြင့် မီးဖိုချောင် ချက်ပြုတ်လျှော်ဖွတ်သည့်အလုပ်နှင့် စတိုးဆိုင်များတွင် ဟိုပစ္စည်းယူ ဒီပစ္စည်းပြ အဆင့်လောက်သာရသည်။

'မိညို' ကတော့ 'မူနွဲ့' ဆွဲထားသော အထည်ဒီဇိုင်းများကို စကေးဖြင့်တွက်ပြီး ပုံကြမ်းဆွဲသည်၊ ညှပ်ပေးသည်။

ထိုအတွက် လခသပ်သပ်ရသလို၊ တစ်ရက် ဆယ်ထည်ပြီးလျှင် ဆယ်ထည်စာ ချုပ်ခသပ်သပ်ရသည်။

ကျန် စက်ချုပ်သမများကတော့ ညှပ်ပေးတာကို ချုပ်ပေးမည်။ ပန်းထိုးမည်။ ကြယ်သီးတပ်မည်။ ထိုမျှနှင့်သာ ကျေနပ်နေကြသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com


မိခင်ဖြစ်သူကျေနပ်သဖြင့် နောက်တစ်ရက် 'မပို' ကို အလုပ်ဝင်ခိုင်းသည်။

ပထမရက်ဖြစ်၍ 'မူနွဲ့' က မီးဖိုချောင်ပစ္စည်းများကို ဘယ်နေရာတွင် ဘာရှိကြောင်းပြရသည်။

ဟင်း အပေါ်၊အင် မိမိတို့မိသားစု ကြိုက်နှစ်သက်သည့် အရသာမျိုးရရှိရန် ချက်ပြသည်။

ကျောင်းသွားခါနီး ထမင်းဂျိုင့် လာထည့်သော အစ်မဖြစ်သူ 'မေသင်း' က 'မပို' ကို မျက်မှောင်ကြုတ်၍ ကြည့်ရင်း ...

"သူက ဘယ်သူလဲ"

" 'မပို' တဲ့... 'မညို' ရဲ့အစ်မလေ"

'မူနွဲ့' က ဟင်းမြည်းရင်း ဖြေသည်။

"သူက ဒီမှာ ဘာလာလုပ်တာလဲ"

"မီးဖိုချောင်မှာ ကူဖို့ ခေါ်ထားတာလေ"

ထိုစကားကြောင့် 'မေသင်း' က ထမင်းဂျိုင့်ကို အသံမြည်အောင် စောင့်အောင့်ရင်း ...

"မီးဖိုချောင်မှာ နင်နဲ့အမေ ခဏတဖြုတ်ဝင်ချက်လည်း ရနေတာပဲ... ဘာလို့ လူပိုတွေ တစ်ယောက်ပြီးတစ်ယောက် ခေါ်နေတာလဲ... နင်အလုပ်လုပ်တာ ဆင်ဘိုးထက် ချွန်းဘိုးကပိုကုန်နေသလိုပဲ... နင့်လုပ်ငန်းဝင်ငွေက ဘယ်လောက်ရနေလို့ ဘယ်လောက်မြတ်နေလို့ စက်ချုပ်သမတွေ တစ်ယောက်ပြီးတစ်ယောက် ခန့်နေတာလဲ... အရင်းနဲ့အမြတ်ကို နင်ခွဲလို့ရပြီလား"

ထိုစကားကြောင့် 'မပို' မျက်နှာပျက်သွားသလို၊ 'မူနွဲ့' လည်း ခံရခက်သွားပါသည်။

သို့သော် ရန်မလိုတတ်တာက 'မူနွဲ့' အကျင့်။

"အမေ သက်သာစေချင်လို့ပါ... 'မူနွဲ့' လည်း အိမ်ရှေ့မှာ ပို


BURMESE CLASSIC .com

www.burmeseclassic.com



လုပ်နိုင်တာပေါ့… အဝတ်လျှော်… မီးပူတိုက်… ကြမ်းတိုက်တာတွေက ပိုက်ဆံမရဘူးလေ… စက်ချုပ်တဲ့အထဲ ပိုအချိန်ပေးနိုင်အောင်လို့ပါ”

“အေးပါ… ငါအလုပ်အားတဲ့တစ်နေ့ နင့်လုပ်ငန်းကို ဝင်ငွေထွက်ငွေမျှရဲ့လားဆိုတာ စစ်ဆေးရအုံးမယ်… ခြောက်လပြည့်လို့မှ အမြတ်မပြနိုင်ရင် ရပ်သင့်ရင်ရပ်ရလိမ့်မယ်”

ကျောင်းဆရာမပီပီ ‘မမေသင်း’ က အမိန့်ပေးသန်လှသည်။ အဆူအပူသန်လှသည်။ မျက်နှာကလည်း ထန်လှသည်။

ထို့ကြောင့် စက်ချုပ်ခန်းမှ အလုပ်သမများက ‘မေသင်း’ ကို ခပ်ရှောင်ရှောင်နေကြသည်။

‘မေသင်း’ ရှိုးအပြည့်နှင့် ခြင်းတောင်းဆွဲ၍ ထွက်သွားသည်နှင့် အတင်းပြော၍ ကျန်ခဲ့ကြတော့သည်။

“ ‘မမေသင်း’ က အရမ်းမာနကြီးတာပဲ… ‘မမူနွဲ့’ ကိုလည်း အရမ်းနှိမ်တာပဲ”

“အော်… သူကအကြီးလည်းဖြစ်တယ်… စာလည်းတော်တယ်… ဘွဲ့ (၂)ခုတောင် ရထားတယ်လေ… ပြီးတော့ မိဘရဲ့အကူအညီမလိုဘဲ သူ့ဘဝသူရပ်တည်နိုင်တော့ မာနကြီးတာ မဆန်းပါဘူးလေ… ငါကိုက ညံ့တာ… ကျောင်းထားတာခြင်းအတူတူ ငါက ဆယ်တန်းတဖုတ်ဖုတ်ကျနေတော့ အနှိမ်ခံရတာပေါ့… ဒီစက်ချုပ်လုပ်ငန်းမအောင်မြင်လို့ ရပ်ရိုင်းလိုက်ရင် ငါလည်း နင်တို့လိုပဲ စက်ချုပ်သမအဖြစ် တခြားမှာလိုက်ချုပ်ယံ့ပဲရှိတယ်”

အသံတုန်တုန်၊ မျက်ရည်ဝဲဝဲလေးဖြင့် ပြောနေသော စကားကို ‘မိညို’ က လက်မခံချင်ပါ။

“ ‘မမူနွဲ့’ ကိုက နာမည်နဲ့လိုက်အောင် နွဲ့လွန်း… နုလွန်းပါတယ်လေ… ဒီလုပ်ငန်း ဘာမှ မအောင်မြင်စရာ အကြောင်းမရှိဘူး



BURMESE CLASSIC .com

www.burmeseclassic.com


အခု ဒီက ချုပ်သမျှအထည်တွေ ဗိုလ်ချုပ်ဈေး… သိမ်ကြီးဈေးနဲ့ အခြားဈေးတွေက လက်ခံနေပြီပဲ… ဈေးထဲကတစ်ဆင့် အော်ဒါတွေ ရလို့ လက်မလည်အောင်ချုပ်နေရပြီပဲ”

“ဒါပေမယ့် သူတို့က ငွေမှ အကုန်မချေတာ… တစ်ဝက်ပဲ ချေတာ”

“ကိုယ်ကလည်း ပိတ်စရောင်းတဲ့ဆိုင်မှာ တစ်ဝက်ချေပြီး ဝယ်မှာပေါ့… ဖောက်သည်ဖြစ်သွားရင် တစ်ဝက်တောင် ချေစရာမလိုဘူး… အဟောင်းပေး အသစ်ယူလုပ်လို့ရတယ်”

သီတင်းကျွတ်ပွဲတော်နီးလာပြီဖြစ်၍ ကလေးဂါဝန်တွေ အော်ဒါအများကြီးရသဖြင့် ညဘက်ပါ အချိန်ပို ချုပ်နေကြရသည်။

ထုံးစံအတိုင်း လက်မအား၊ ခြေမအား၊ မျက်စေ့မအားသော်လည်း ပါးစပ်နှင့်နား အားနေကြသဖြင့် တစ်ယောက်တစ်ပေါက် တွေ့ကရာပြောနေကြသည်။

“ဟိတ်… ‘ရွှေဝင်း’ အကြောင်း သိပြီးပြီလား”

“အင်း… သူ့ကြည့်ရတာ တငိုင်ငိုင်နဲ့ အလုပ်မဆင်းတာလည်း တစ်ပတ်လောက်ရှိပြီ… ဘာဖြစ်လို့လဲ”

“သူ့ရည်းစားက သူ့ဆီက ချူစားလို့ဝလည်း ဝရော တခြားကောင်မလေးနဲ့ယူလိုက်လို့လေ… သူ့ခမြာတော့ စက်ချုပ်ခ,လေးတွေ ရသမျှစုထားလိုက်… ဟိုလူကချေးလိုက်နဲ့ ဘာမှကို အဖတ်မတင်ဘူး… ဆွေးတာပဲ အဖတ်တင်တယ်”

‘မညို’ က မခံချင်သောပုံစံဖြင့် …

“ ‘ရွှေဝင်း’ မို့လွှမ်းနေတာ… ကိုယ်လည်း အသစ်ရှာပေါ့… နောက်တစ်ခါရှာရင် ကိုယ့်ဆီက ညာစားမယ့် လူမျိုးကိုရှောင်လို့ ပြောလိုက်”

“အော်… လူကောင်းလား… လူဆိုးလားဆိုတာ ဂျိုပါတာမှ

www.burmeseclassic.com


မဟုတ်ဘဲဟာ... ကုသိုလ်ကံနဲ့ပဲဆိုင်တယ်လေ"

" 'မညို' ကိုသတိပေးရအုံးမယ်... 'ကြွယ်' ပြောတယ်လို့ တော့ 'မပို' ကို မပြောနဲ့ပေါ့"

" 'မပို' က ဘာဖြစ်လို့လဲ"

"မပြောတော့ပါဘူးဟာ... တော်ကြာ စေတနာက ဝေဒနာ ဖြစ်မှာကြောက်တယ်"

"ပြောမှာ ပြောစမ်းပါ.... တိုးလို့တန်းလန်းနဲ့ စိတ်မရှင်း အောင် မလုပ်စမ်းပါနဲ့... မပြောချင်ရင် အစထဲက စကားဦး မသမ်းနဲ့ပေါ့"

'ညို' က အင်္ကျီချုပ်ရီးကို ကပ်ကြေးလက်ကိုင်ဖြင့် ပြားသွား အောင်ထုရင်း ပြောခြင်းဖြစ်သည်။

"ဘာလဲ... 'ကြွယ်' ပြောချင်တာ 'အေးရီ' လည်း သိပါတယ် နော်... 'မပို' နဲ့ ကလေးနှစ်ယောက်အဖေကြီးနဲ့ ကြိုက်နေတဲ့အ ကြောင်း မဟုတ်လား"

"ဟင်"

'ညို' တစ်ယောက်အလုပ်ပင် ကောင်းကောင်းဆက်မလုပ် နိုင်တော့ကြောင်း သိသာသည်။

နောက်တစ်နေ့ မနက်ခပ်စောစောတွင် 'မပို' နှင့် 'ကြွယ်' တို့ ရန်ဖြစ်ကြပါတော့သည်။

"ကိုယ့်ထမင်းကိုယ်စားပြီး အေးအေးမနေချင်ဘူး... သူများ အကြောင်းသိပ်ပြောချင်တယ်... ကိုယ့်မျက်ချေးတော့ ကိုယ်မမြင် ဘူး... ညည်းလို ပထွေးနဲ့ ပလူးပလဲနေတာ မဟုတ်ဘူး နားလည် လား"

"ဟင်... ဘာစကားပြောတာလဲ... မိုက်ရိုင်းလှချည်လား...နင့် အကြောင်းကို ငါပြောတာမဟုတ်ဘူး... 'အေးရီ' ပြောတာ"

www.burmeseclassic.com


"သူကရော ဘယ်လောက်အိန္ဒြေရနေလို့လဲ... ကောင်းနေလို့လဲ... သူတို့အိမ်ကို ဝင်ထွက်နေတဲ့ သူစိမ်းယောကျ်ားတွေကို ဆွေမျိုးတော်တယ်သတင်းလွှင့်ပြီး ချူချနေတာပဲ... စက်ချုပ်သမချင်းအတူတူ လူဆင်းရဲချင်းအတူတူ ရွှေတစ်ခုပြီး တစ်ခုဝတ်နိုင်ထဲက ဒီ ပိုက်ဆံဘယ်ကရလည်းဆိုတာ အသိသာကြီးပဲ"

ထိုစကားကြောင့် 'အေးရီ' ဆတ်ဆတ်ထိမခံနာပြီး နေရာမှ ဝုန်းကနဲ ပြေးထွက်သွားပြီးနောက် 'မပို' ကို တွန်းထိုး ရိုက်ပုတ်ပါတော့သည်။

"ကဲ... သူများသားသမီးကို မှိုခြိုးမှျစ်ခြိုးပြောချင်အုံး... ငါ့အိမ်ကိုဝင်ထွက်နေတာ ငါ့အစ်ကိုအရင်းတွေဟဲ့... အဖေတူ အမေကွဲမောင်နှမတွေဟဲ့... အရင်မိန်းမနဲ့ရတဲ့ ငါ့အစ်ကိုတွေဟဲ့... ပိုက်ဆံရှိလို့ ငါ့ကိုသနားလို့ ရွှေဝယ်ပေးကြတာ... အဝတ်အစားဝယ်ပေးကြတာ... သိရဲ့လား... ငါ့အမေသာ ဒီစကားကြားရင် နင့်ပါးကို ရှစ်စိတ်ကွဲသွားအောင် လာရိုက်မှာသိရဲ့လား ကောင်မရဲ့ ကဲ... ကဲ"

'အေးရီ' က ဒေါသတကြီးပြောရင်း 'မပို' ၏ ကျောကုန်းကို တအုံးအုံးထုနေခြင်းဖြစ်သည်။

"ဟဲ့... ဟဲ့... တော်ကြတော့... တော်ကြတော့... 'မေသင်း' ဈေးကပြန်လာတော့မယ်... သူသိသွားရင် နင်တို့အကုန်မောင်းထုတ်ခံရလိမ့်မယ်နော်"

'ဒေါ်စောရီ' က ဝင်ဖြန်ဖြေရင်း 'မပို' ကို မီးဖိုချောင်ဘက်မောင်းထုတ်လိုက်သည်။

" 'မပို' ကလည်း ဘာဖြစ်လို့ မလွတ်မလပ်လူကို သွားကြိုက်ရတာလည်းကွယ်... ကိုယ်ကအပျိုပဲ... ကိုယ်ပဲနစ်နာမှာပေါ့... သူများမိသားစုကို ပြိုကွဲအောင် မလုပ်ချင်စမ်းပါနဲ့... ပျက်အစဥ်ပြင်


BURMESE CLASSIC .com

www.burmeseclassic.com



ခဏတဲ့... တခြားလူလွတ်တစ်ယောက်ကို ရှာယူရင် ရပါတယ်လေ 'မပို' ရုပ်ကချောတာပဲ... ထပ်တွေ့အုံးမှာပါ... ကြီးကြီးပြောတဲ့ စကားကိုနားထောင်ရင် မင်္ဂလာဆောင်တဲ့ချိန်ကြရင် ကောင်းကောင်း လက်ဖွဲ့မယ်ကြားလား"

'မပို' က ရယ်နေသည်။

ဆုံးမနေသည့်ကြားက တစ်ပါတ်ခန့်ကြာသောအခါ ထိုလူနှင့် လိုက်ပြေးသွားတော့သည်။

'မညို' က အစ်မကိုနမြောသဖြင့် တရှုံ့ရှုံ့ငိုရင်း အဝတ်ညှပ်နေသဖြင့် ပိတ်စများပေါ်သို့ မျက်ရည်စက်လက်ကျနေသလို၊ နှာရည်များကိုလည်း ထက်ဆင်အနားဖြင့် မကြာခဏသုတ်နေတော့သည်။

" 'မညို' ရှိလား... 'မညို' "

အိမ်ရှေ့မှ ကျယ်လောင်သော အသံဖြစ်သည်။

ကလေးတစ်ယောက်ကို ပွေ့ချီထားသလို၊ ကျန်ကလေးတစ်ယောက်ကလည်း ထမီကိုဆွဲထားသည်။

"အဲဒါ 'မပို' ယူလိုက်တဲ့လူရဲ့ မိန်းမပဲ"

'အေးရီ' စကားကြောင့် 'မညို' ရော၊ 'မူနွဲ့' တို့ရော ထိုအမျိုးသမီး၏ ခံစားမှုကို ကိုယ်ချင်းစာမိကြပါသည်။

"ထွက်ခဲ့စမ်းပါ... ညည်းအစ်မကို ငါ့အတန်တန်တောင်းပန်လျှက်နဲ့ ငါ့လင်ကို ခိုးသွားခဲ့ပြီ...ဒီမှာကလေးအငယ်က ကိုယ်တွေပူလို့ ဆေးခန်းပြဖို့ ပိုက်ဆံတောင်ရှိတာမဟုတ်ဘူး...တစ်နေ့ထမင်းနှစ်နပ်တောင် ဒီမိသားစု အနိုင်နိုင်စားနေရတာပါ... ငါ့လင်မှာ ဘာအထင်ကြီးစရာမှ မရှိပါဘူး... ဘာငွေပိုငွေလျှံမှ မရှိပါဘူးအေ... အကြွေးတွေတောင် တစ်ပုံကြီးတင်နေတာ... ဒါကို ဒီကောင်မ ဘာမက်ပြီး ယူတာလဲ... ငါ့ယောကျ်ားကို ပြန်ခေါ်ပေးစမ်းပါ... ငါ



BURMESE CLASSIC .com

www.burmeseclassic.com


တောင်းပန်ပါတယ်... အီး... ဟီး... ဟီး"

ပြောရင်းက မြေကြီးပေါ်ထိုင်ချရင်း အော်ငိုပါတော့သည်။

လင်ပူသည်လည်း ကြောက်စရာကောင်းလှပါကလား။

"အမေကလည်းနော်... အိမ်ရှေ့မှာ 'မပဠို' မြေလူးဇာတ်ခင်းနေတာ မြင်လျှက်ကြားလျှက်နဲ့ ထိုင်ကြည့်နေရတယ်လို့... ရှက်စရာကြီး... သူများတွေက ဘာထင်မလဲ... အထင်သေးခံရတော့မှာပဲ ဟော့ 'မိညို' နင်တို့ညီအစ်မကိစ္စ တခြားမှာ သွားရှင်းကြအေ... ငါတို့ အိမ်ရှေ့မှာ စောစောစီးစီး လာငိုနေတာ ကျက်သရေယုတ်လိုက်တာ"

'မေသင်း' က 'ထမီရင်လျှား' နှင့်ဖြစ်၍ အိမ်ပြင်ထွက်မလာဘဲ မီးဖိုဝမှ လှမ်းအော်နေခြင်းဖြစ်သည်။

"ဒီကိစ္စက 'ညို' နဲ့ဘာမှမဆိုင်ဘူးလေ... သူတို့ရှိတဲ့နေရာကို စုံစမ်းပြီး လိုက်သွားပေါ့... ကိုယ့်ယောကျ်ားကို ရအောင်ပြန်ခေါ်ပေါ့ ကလေးတွေလည်းရှိနေတော့ ပြန်လာမှာပါ"

"ဘယ်သွားမှန်းမသိတဲ့ လူတွေနောက်ကို ကျုပ်ကဒီကလေးနှစ်ယောက်လက်ဆွဲပြီး လိုက်ရှာရအုံးမယ်ဟုတ်လား... တကယ်ဆို ညည်းတို့ မိဘတွေက ထိန်းသိမ်းသင့်တယ်"

"မိဘတွေကို ထည့်မပြောနဲ့"

"ပြောမှာပဲ... သူများအိမ်ယာကို မပြစ်မှားရဘူးဆိုတာ သင်မထားလို့နေမှာပေါ့... ဒီမှာပြောလို့မရရင် ညည်းတို့အိမ်မှာ လိုက်ပြောရုံပဲရှိမယ်... ညည်းတို့ရပ်ကွက်ရုံးမှာ သွားတိုင်ရုံပဲရှိတယ်"

"သွားတိုင်... သွားတိုင်.... ဒီအိမ်ရှေ့မှာတော့ လာမသောင်းကျန်းနဲ့"

"မသောင်းကျန်းစေချင်ရင် လောလောဆယ် ငါ့ကလေးနေမကောင်းဘူး... ဆေးခန်းသွားပြရမယ်... ဒီနေ့စားဖို့ သောက်ဖို့


BURMESE CLASSIC .com

www.burmeseclassic.com


လည်း ဘာမှပေးမသွားဘူး… ရှိတဲ့ပိုက်ဆံအကုန်ယူသွားပြီ… ညည်းထုတ်ပေးထား”

'ညို' ထောင်းကနဲ ဒေါသထွက်သွားပြီး …

“အို… ဘာဆိုင်လို့လဲ… သူတို့နောက်လိုက်တောင်း… လိုက်ရှင်း”

“ညည်း အစ်မပဲ ညည်းနဲ့ဆိုင်ကိုဆိုင်တယ်… မတွေ့မချင်း ညည်းကိုပဲ လာပြောမှာပဲ… ငါ့လင်ကိုယူချင်ရင် ငါတို့သားအမိတွေအတွက် အနည်းဆုံး ငါးသောင်းတော့ တောင်းပေးရမှာပဲ… မပေးရင် ညည်းရှိတဲ့ဆီ ငါလာနေရမှာပဲ”

'မညို' အံကြိတ်နေသလို အိမ်ထဲမှ 'မေသင်း' ကလည်း ဒေါသူပုန်ထနေသည်။

“အမေ့သမီးကို တခြားမှာစက်ချုပ်ဖို့ ပြောင်းခိုင်းလိုက်တော့ ဒါမှမဟုတ် ဒီအလုပ်ဆက်မလုပ်နဲ့တော့… သိပ်စိတ်ပျက်စရာကောင်းတယ်… ဒီနေ့ 'ကိုအေးလွင်' လာမှာနော်… ဒီပြဿနာကို မြန်မြန်ဖြေရှင်းရင်ကောင်းမယ်”

'မေသင်း' ၏ သတို့သားလောင်းက ဆရာဝန်။

'ကိုအေးလွင်' လာလျှင် ကမ္ဘာပေါ်တွင် 'မေသင်း' လောက်သဘောကောင်း ပျူငှာသော မိန်းကလေးမျိုးရှိမည်မထင်ရလောက်အောင် ချိုသာယဉ်ကျေးလွန်းပါသည်။

နေ့စဉ်မြင်တွေ့နေကြ ရှစ်ခေါက်ချိုး မျက်နှာကိုခွာပြီး ဘယ်နေရာ ခေါက်သိမ်းထားသည်မသိ။

“ကဲ… ဒီပြဿနာ နင်ပဲ ရှင်းရမှာသေချာတယ် 'မညို' … နင့်အစ်မက ဒီမိန်းမရှိတဲ့နေရာကို ဘယ်လာပါတော့မလဲ… ပြဿနာရှင်းအောင် သူတောင်းတဲ့ငွေကို ပေးလိုက်ဟာ”

“အမယ်လေး… ငါးသောင်းတောင် ပေးရမှာ ဟုတ်လား…

www.burmeseclassic.com



မရှိပါဘူး 'မမူနဲ့' ရယ်"

ရင်ပတ်ဖိပြီး ပြောနေသဖြင့် ...

"ဘယ်လောက်ရှိလဲ"


"သုံးထောင်ပဲရှိတယ်... အဲဒါတောင် လကုန်အထိလောက် အောင် သုံးရမယ့်ငွေ"

"ဒါဆိုလည်း ငါ့ဆီက ငါးသောင်းကြိုထုတ်ပေးလိုက်ဟာ... နောက်မှ လခထဲက ပြန်ဖဲ့ဆပ်"

"ဖြစ်ပါ့မလား... ဒီလောက်ငွေထုတ်ပေးတာ 'မမေသင်း' သိ ရင် ပြဿနာတက်မယ်ထင်တယ်"

"အလကားပေးတာမှ မဟုတ်ဘဲဟာ... ပြန်ဆပ်မှာပဲဟာ... ဟိုမိန်းမ နေ့တိုင်းအိမ်ရှေ့က လာအော်မှာကြောက်လွန်းလို့ပါ... သွား... သွား... ညနေကြရင် သူတို့ရပ်ကွက်ရုံးမှာ အသိသက်သေ နဲ့ လက်မှတ်ထိုးပြီးပေးလိုက်"

www.burmeseclassic.com


"မမကြီးဆီက မုန့်ဘိုးမရတာကြာပြီ"

အငယ်ဆုံးမောင်ဖြစ်သူ 'ဇော်ဝင်း' က မုန့်ဘိုးလိုချင်သဖြင့် ပြုံးဖြီးဖြီးဖြင့် အနားရောက်လာခြင်းဖြစ်သည်။

"အမေတို့ တစ်နေ့ကို ငါးဆယ်ပေးနေတာပဲ မဟုတ်လား... 'မူနွဲ့' ဆီကလည်း တစ်နေ့ငါးဆယ်ရတယ်မဟုတ်လား"

"သူတို့ဆီကပဲရတယ် 'မမကြီး' ဆီက မရလို့တောင်းတာပေါ့"

'မေသင်း' က စိတ်တိုသလိုပုံစံဖြင့် ...

" အဖေတို့ဆီက ရတာရော... 'မူနွဲ့' ဆီက ရတာရော... ငါပေးတာနဲ့အတူတူပဲလေ... မင်းကိုးတန်းရောက်နေပြီ စဉ်းစားတတ်ပြီ... အဖေတို့ရဲ့လုပ်ငန်းထဲကရတဲ့ငွေကို 'မကြီး' လည်း ဆိုင်တာပဲ... စက်ချုပ်လုပ်ငန်းကငွေကိုလည်း 'မကြီး' ဆိုင်တာပဲ... ဒါ

www.burmeseclassic.com


အမွေဆိုင်အိမ်ပေါ်မှာ မိဘရဲ့ငွေနဲ့ လုပ်ငန်းလုပ်ထားတာဆိုတော့ ငါတို့မောင်နှမသုံးယောက်လုံးနဲ့ဆိုင်တာလေ... ဒါပေမယ့် 'မကြီး' အဲဒီလုပ်ငန်း (၂) ခုက ရတဲ့ငွေထဲက ငါးပြားမှ တောင်းမသုံးဘူး"

"ဟာ... 'မကြီး' က အလုပ်ရှိနေတာကိုး... လခရနေတာကိုး... ဘယ်တောင်းသုံးမှာလဲ"

"ဒီလိုတွက်လို့ မရဘူးလေ"

"ဟာ... တခြားဟာတွေ လျှောက်ပြောမနေပါနဲ့တော့... 'ဇော်' နားမလည်ဘူး... မုန့်ဘိုးလိုချင်တာပဲသိတယ်... မပေးချင်တာနဲ့ ဗာရာဏသီချဲ့ မနေပါနဲ့တော့ဗျာ... ကပ်စေးအိုးကြီးဆိုတာ သိပါတယ်"

"ဟဲ့... ငါကရတဲ့လခလေးနဲ့ အဝတ်အစားဝယ်ရတယ်... ဖိနပ်ဝယ်ရတယ်... ကျောင်းကလူမှုရေးကိစ္စတွေမှာ ထည့်ရသေးတယ်"

"တော်ပါပြီဗျာ... တော်ပါပြီ"

'ဇော်ဝင်း' နားပိတ်ပြီး ထွက်ပြေးသွားကို 'မေသင်း' က မျက်မှောင်ကြုတ်ပြီး ကြည့်နေပါသည်။

" 'ဇော်လေး' ရေ... စာကျက်ပြီးရင် ခဏလောက်လာနင်းပေးပါလား... ညောင်းလွန်းလို့... အကြောတွေတက်လွန်းလို့"

"တစ်နာရီငါးဆယ်နော်"

"ငါးဆယ်မဟုတ်ဘူး... လကုန်ရင် နင့်ကို စက်ဘီးဝယ်ပေးမယ်... ချုပ်ခတွေစုရှင်းမှာလေ"

"ငွေပိုလို့လား... အရင်းထဲက ပါမယ်ဆိုရင်တော့ ဝယ်မပေးနဲ့နော်"

"ဒီတစ်ခေါက်တော့ ပိုနိုင်ပါတယ်... ငါ့မောင်လေးကို စီးစေချင်လွန်းလို့ပါ"


BURMESE CLASSIC .com

www.burmeseclassic.com


'မူနွဲ့' တို့ မောင်နှမပြောနေတာကို မိဘများ ကြားသလို 'မေသင်း' လည်းကြားသည်။ 'မူနွဲ့' တစ်ယောက် သူ့ကိုယ်သူ စေတနာရှင်ကြီးလုပ်၊ သူတော်ကောင်းကြီး လုပ်နေနိုင်သည်မှာ အိမ်က ပိုက်ဆံတွေနှင့်မဟုတ်လား။ သူ့ပိုက်ဆံဆိုလျှင် သူသည်လို စေတနာရှိနိုင်မှာတဲ့လား။

" 'မမေသင်း' ရေ... 'မူနွဲ့' ဈေးသွားမလို့ နက်ဖြန် 'ကိုအေးလွင်' လာမှာလား"

"သူ လာတာနဲ့ နင်ဈေးသွားတာ ဘာဆိုင်လို့လဲ"

"အော်... သူလာမယ်ဆိုရင် ဖျော်ရည်ပုလင်းကောင်းကောင်းလေး ဝယ်လာမလို့ မုန့်ပဲသွားရေစာ ကောင်းကောင်းလေး ဝယ်လာမလို့ပါ"

"မပြောတတ်ဘူး... အားရင်တော့ လာမယ်ပြောထားတာပဲ"

"ဒါဆို ဝယ်လာခဲ့လိုက်မယ်နော်"

'မူနွဲ့' ထွက်သွားသည်နှင့် ထုံးစံအတိုင်း မီးဖိုထဲရောက်လာပြီး စစ်ဆေးမေးမြန်းပါတော့သည်။

"အမေ့ သမီးက 'ဇော်လေး' ကို စက်ဘီးဝယ်ပေးရအောင်လုပ်ငန်းက အရင်းကြေပြီလား... 'မိညို' ချေးထားတဲ့ ငါးသောင်းရော... ကြေပြီလား"

"အင်း... လုပ်ငန်းက အဆင်ပြေနေတော့ ငွေလည်ပတ်နိုင်ပါပြီ... 'မိညို' ကို တစ်လနှစ်ထောင်ဖြတ်တာ အခုငါးလရှိပြီဆို တော့ တစ်သောင်းကြေပြီပြောရမှာပေါ့"

"ဟာ... တစ်လမှ နှစ်ထောင်ထဲဖြတ်တော့ နည်းတာပေါ့... ငွေငါးသောင်းကို အပြင် လေးကျပ်တိုး ငါးကျပ်တိုးနဲ့ သွားချေးကြည့်ပါအုံး... အမေ့သမီးက နေရာတကာမှာ သိပ်ကူညီချင်တယ်... နာမည်ကောင်းလိုချင်တယ်... ကိုယ်တွေတောင် ရှိတဲ့ရွှေတွေရောင်း


BURMESE CLASSIC .com

www.burmeseclassic.com


ပြီး လုပ်ငန်းထဲထည့်ထားတာ... သူ့ကိုပြောထားအုံး... အရင်းငွေ လက်ထဲကိုင်နိုင်မှ အပိုသုံးတွေ သုံးလို့”

‘ဒေါ်စောရီ’ က သက်ပြင်းချရင်း ...

“ညည်းပဲ ကျောင်းပိတ်ရက်မှာ စာရင်းစစ်မယ်ဆို... စစ်ကြည့်ပေါ့... သူကတော့ မြတ်တယ်ပြောနေတာပဲ... ‘ဇော်လေး’ စက်ဘီးဝယ်ပြီး နောက်တစ်ခေါက်မြတ်ရင် ရွှေပြန်ဝယ်မယ်ပြောနေတာပဲ”

“အင်း... စာရင်းစစ်ပြီး အမြတ်ဝင်လာရင်လည်း ဘုံးဘောလအောသုံးနေလို့တော့ မဖြစ်ဘူး...ရှေ့နှစ်ထဲကြရင် မင်္ဂလာဆောင်ဖြစ်မယ်ထင်တယ်... သူတို့ဘက်က အကုန်ခံတယ်ထားအုံး... ကိုယ့်ဘက်က သားအမိသုံးယောက်အတွက် လက်ဝတ်လက်စား ပြည့်ပြည့်စုံစုံတော့ လိုမှာနော်”

“အင်း... တစ်နှစ်အတွင်းတော့ ရသလောက် ကုတ်ကတ်စုပြီး ဝယ်ရမှာပဲပေါ့”

‘မေသင်း’ က တစ်စုံတစ်ရာပြောမည်လုပ်ပြီးမှ မပြောတော့ဘဲ ထွက်သွားခဲ့သည်။ သမီးဖြစ်သူ၏ စိတ်ထဲက ဘဝမကျေမှုများကို ‘ဒေါ်စောရီ’ သိနေပါသည်။

ရှစ်နာရီခန့်က ထွက်သွားသော ‘မူနွဲ့’ တစ်ယောက် မွန်းလွဲသည်အထိ ရောက်မလာသေးသဖြင့် မိခင်ကြီးထွက်မျှော်နေပါသည်။

“တစ်ယောက်ထဲသွားတာလား ‘ကြီးကြီး’ ”

“အေး... တစ်လစာ အိမ်သုံးဖို့ ဝယ်နေကြပါ...ခါတိုင်းသည်လောက် နောက်မကျပါဘူး”

“ဟော... ဟိုမှာ လာပါပြီ ‘ကြီးကြီး’ ရဲ့... ‘ဘကြီး’ ရဲ့ သနပ်ဖက်ကားနဲ့အတူပါလာတာကိုး”

ကားပေါ်တွင် သနပ်ဖက်ခြင်းအပြင် ဆေးရွက်ကြီးများရောဆန်အိတ်၊ ဆီပုံးနှင့် အခြားတိုလီမုတ်စများစွာ ပါလာကြောင်း


BURMESE CLASSIC .com

www.burmeseclassic.com


တွေ့ရသည်။

ကားရပ်သည်နှင့် အိမ်ပေါ်ရှိ အလုပ်သမအားလုံး ပြေးဆင်းသွားပြီး ဝိုင်းသယ်နေကြသည်။

"ဈေးကြီးထဲက ငွေထုတ်ပြီးအပြန် အဖေနဲ့တိုးတာနဲ့ အဖေ့နောက်လိုက်သွားခဲ့တာလေ... အမေတို့စိတ်ပူနေပြီထင်တယ်... ကဲ ရင်အေးသွားအောင် ရေခဲမုန့်ကျွေးမယ်... ဟောဒီ ရေခဲပုံးထဲမှာ ရေခဲမုန့်အပြည့်ပါတယ်... 'မညို' ရေ... အဖေတို့ အမေတို့ 'မမေသင်း' တို့အတွက် အရင်ဦးချပြီးရင် နင်တို့လည်း စားကြ"

'မှုန်နွဲ့' က ချွေးစိုနေသော အင်္ကျီကိုချွတ်ပြီး ရင်လျှားဖြင့် မီးဖိုထဲတွင် အလုပ်ရှုပ်နေသည်။

မီးဖိုချောင်သုံးပစ္စည်း အသစ်အဆန်းများစွာ ဝယ်လာပြီး လှပအောင်ထားသည်။ ဗူးများ၊ ပုလင်းများထဲတွင် သကြား၊ကုလားပဲမှအစ ပဲမျိုးစုံ၊ ငရုပ်သီးမှုန့်၊ နနွင်းမှုန့်၊ မဆလာအဆုံး၊ ကြက်သွန်အာလူး၊ ဆီ။

မနက်ဖြန် ဧည့်သည်လာမည်။

ခဲအိုလောင်း 'ကိုအေးလွင်' က မီးဖိုထဲလည်းဝင်တတ်သည်။

ဧည့်ခန်းစားပွဲခင်း၊ ကုလားထိုင်စွပ် အသစ်ဝယ်လာသည်။ ပြူတင်းပေါက်လိုက်ကာ၊ ခန်းစီးလိုက်ကာ အကောင်းစားထဲက ဝယ်သည်။ အစ်မဖြစ်သူ၏ အိပ်ခန်းကို ဧည့်ခန်းမှကြည့်လျှင် မြင်ရသည်။ ထို့ကြောင့် လှပသောအခန်းလေးဖြစ်အောင် ခြင်ထောင်အဖြူ၊ ခေါင်းအုံးစွပ်၊ အိပ်ယာခင်းအဖြူခင်းပေးမည်။

"ဘာလုပ်မလို့လဲ"

" 'မမေသင်း' အိပ်ခန်းကို လှလှလေးပြင်ပေးမလို့... 'ကိုအေးလွင်' က သူ့အစ်မတွေ ခေါ်လာမယ်ပြောထားတယ်လေ"

"အပေါ်ယံဖုံးစရာမလိုပါဘူးလေ... ယူမှာက သူနဲ့ငါပဲ... ခါ

www.burmeseclassic.com


တိုင်းလာတုန်းအတိုင်းပဲ ကောင်းပါတယ်... သူကြိုက်တာငါ့ကို ငါ့အရည်အချင်းကို... ဒီအသုံးအဆောင်တွေ မြင်ပြီးကြိုက်တာမှမ ဟုတ်ဘဲ... သူ့အစ်မတွေလည်း ငါ့ကိုမြင်ဖူးပြီးသားပဲ...သဘောတူ လို့ လိုက်လာတာနေမှာပေါ့"

စေတနာဖြူဖြူလေးဖြင့် ဝယ်လာသော 'မူနွဲ့' မျက်နှာမှာ ညှိုးမဲသွားရှာသည်။

စေတနာကို အစော်ကားခံလိုက်ရသဖြင့် 'မူနွဲ့' မျက်နှာလေး ပျက်ပြီး ပြန်ထွက်သွားပါသည်။

မီးဖိုထဲတွင် မိခင်ကြီးက အသားငါးတွေ ခုတ်ထစ်နေသဖြင့်

"မေမေ အိမ်ရှေ့မှာပဲ သွားစောင့်ပေးလိုက်ပါ... 'မူနွဲ့' ရေမချိုးခင် မီးဖိုကိစ္စ လုပ်ပေးလိုက်မယ်"

"အေး...အေး... 'မိညို' တို့ကို မီးဖိုချောင်ခိုင်းဖို့ ကောင်မလေး တစ်ယောက်လောက် ထပ်ရှာခိုင်းလိုက်အုံး"

"ကောင်မလေးမရှာတော့ဘူး အမေရယ်... ရည်းစားထားအုံး မယ်... လင်နောက်လိုက်အုံးမယ်... ဒီတစ်ခါ အသက်ကြီးကြီးထဲက ပဲ ရှာတော့မယ်"

"အသက်ကြီးရင် ခိုင်းရခက်တယ်ဟဲ့... အားနာနေရရော... အေးပါလေ... ရတာပဲပေါ့... ခုတော့ ငါတို့သားအမိနှစ်ယောက်လုံး မီးဖိုထဲဝင်နေရတာနဲ့ တန်ဖိုးရှိတဲ့အချိန်တွေ အလကားဖြစ်တယ်"

'မူနွဲ့' သား၊ ငါးများကို ခုတ်ထစ်၊ ဆားနန္နင်းနယ်ပြီးနောက် ညနေဘက် ထမင်းစားချိန် အဖေ၊ အမေစားစေချင်၍ မောင်လေး စားစေချင်၍ အစ်မစားစေချင်၍ အတုံးကြီးကြီးလေးများရွေး၍ ကြော်နေမိသည်။ ကြော်ရင်း ဘာကြောင့်များ 'မမေသင်း' တစ်ယောက် မိမိကို ငြိုငြင်နေပါလိမ့်ဟု တွေးမိသည်။

"ဟာ... 'မမူနွဲ့' က ရေချိုးကာနီး အညော်လုပ်နေတာကိုး...

www.burmeseclassic.com


ပေး... ပေး... 'မညို' ကြော်ထားလိုက်မယ်... 'မမူနွဲ့' ရေသွားချိုးလိုက်ပါ"

"ရပါတယ်ဟာ... နင် အိမ်ရှေ့မှာသာနေပါ"

" 'ကြီးကြီး' ရှိပါတယ်... ကြော်ရတာ ခဏလေးပါ... နေပူထဲကပြန်လာပြီး ချွေးတွေရွဲနစ်နေတာကို အင်္ကျီချွတ်ထားတော့ ချွေးငုတ်မှာပေါ့ 'မမူနွဲ့' ရဲ့... ရေမချိုးသေးဘဲ အင်္ကျီပြန်ဝတ်ထားလိုက်ပါလား"

"တော်ပါပြီဟယ်... တစ်ကိုယ်လုံး ချွေးစော်ရော... သားငါးနံ့တွေရော နံနေပြီ... ချိုးလိုက်တော့မယ်"

မီးဖိုထဲဝင်လာသော 'မေသင်း' က မီးဖိုရှေ့တွင် စိတ်တိုင်းကျကြော်လှော်နေသော 'မညို' ကို မြင်ရသောအခါ စိတ်တိုသလိုပုံစံဖြင့် ...

"နင်က မီးဖိုထဲမှာလည်း ဆရာပဲလား... တစ်အိမ်လုံး နင့်လက်နင့်ခြေပဲလား... တစ်အိမ်လုံး အိပ်ကပ်ထဲထည့်လို့ရချင်ရမယ် ငါ့ကိုတော့ လာလုပ်လို့မရဘူးနော်... သွား... သွား... ကိုယ့်အလုပ်ကိုယ်သွားလုပ်... ငါကြည့်ထားလိုက်မယ်"

ဒေါသထောင်းကနဲ ထွက်သွားပြီး ပြဿနာပြန်လုပ်ဖို့ စဉ်းစားပြီးမှ လူကြီးများမျက်နှာ၊ 'မမူနွဲ့' မျက်နှာထောက်၍ ထွက်ခဲ့ပါသည်။ သည်အိမ်တွင် မိမိကအလုပ်သမား၊ သူက မိသားစုဝင်သမီးကြီး။ မိမိဘယ်လောက်ကောင်းကောင်း သမီးကိုသာ ခွင့်လွှတ်မည်ပေါ့။

မိမိသိပါသည်။

လူကြီးနှစ်ယောက်ရော၊ 'မူနွဲ့' ရော၊ မိမိကို ဦးစားပေးပြီး အိမ်တွင်းကိစ္စ၊ စီးပွားရေးကိစ္စကအစ တိုင်ပင်ကြ၊ အကြံဉာဏ်ယူတတ်ကြသဖြင့် မျက်မုန်းကျိုးနေမှန်း သိပါသည်။ မိမိလို ဆယ်


BURMESE CLASSIC .com

www.burmeseclassic.com


တန်းမအောင်သူ တစ်ဦး၏ အကြံဉာဏ်၊ အလုပ်သမားတစ်ဦး၏ အကြံဉာဏ်ကို တောင်းခံရပါမည်လားဟု စိတ်တိုနေမှန်းသိပါသည်။

"အမေတို့ကလည်း အလုပ်သမားကို အလုပ်သမားနေရာမထားဘူး... မီးဖိုထဲလည်းခိုင်း... အပေါ်ထပ်လည်းခိုင်းနဲ့... မိသားစုဝင်ကြနေတာပဲ"

"ဟဲ့... တိုးတိုးပြောပါဟယ်... ငါ့အိမ်က အလုပ်သမားတွေက ငါတို့မိသားစုအပေါ် သွေးသားအရင်းတွေလို နေကြတာပါ... နင်စဉ်းစားကြည့်လေ... စက်ချုပ်လုပ်ငန်းအတွက်ခေါ်ထားပေမယ့် ငါတို့လင်မယားအတွက် ဆေးလိပ်ဖိုတွေ မတော့လည်း သူတို့ပဲကူတာ... သီးသန့်အလုပ်သမားမငှားရဘူးလေ... နှစ်ယောက်ဆိုလည်း တစ်သောင်းသက်သာတာပေါ့"

"မေမေတို့က အဲဒါလေးတွက်ပြီး အလုပ်သမားတွေ ခေါင်းပေါ်တင်ထားတာကိုး... အလုပ်သမားတွေရဲ့ မျက်နှာက ပိုင်ရှင်တွေရဲ့မျက်နှာထက်တောင် တင်းသေးတယ်... လူကိုမြင်ရင် မျက်နှာလွှဲရတာနဲ့... ပါးကိုဆွဲရိုက်ပစ်ချင်တာ ဟွန်း"

'ဒေါ်စောရီ' သက်ပြင်းချမိသလို၊ စက်ခန်းထဲမှ အလုပ်သမားများလည်း စိတ်ပျက်နေကြပါသည်။

"ရှုပ်ပါတယ် 'မညို' ရာ... တခြားမှာလုပ်လဲ လုပ်ခ သည်လောက်ပဲရမှာပါ... တခြားပဲ ပြောင်းကြရအောင်"

"မလုပ်ပါနဲ့ဟယ်... 'ကြီးကြီး' တို့ လင်မယားက သူ့ကိုနားလည်ပေးဖို့ ပြောထားပြီးသားပဲ... 'မမူနွဲ့' ကိုလည်း ငဲ့ရမှာပေါ့... သူက တစ်ပါတ်မှ (၂) ရက်ပဲရှိတာ... မကြာခင်လည်း အိမ်ထောင် ပြုပြီး လိုက်သွားတော့မှာပဲဟာ... သည်းခံလိုက်ကြစမ်းပါ... သူမကောင်းသလောက် 'ကြီးကြီး' ရော... 'မမူနွဲ့' ရော အံမကျေးယုံတ

www.burmeseclassic.com


မယ်ပဲဟာ… လခတွေလည်း ကြိုထုတ်ထားကြတဲ့အပြင် ဆေးဖိုးတို့ ဘာတို့ဆို အလှူလုပ်နေကြတာ… ဒီမျက်နှာတွေကို ထောက်ကြပါဟာ”

“သူ့အိမ်မှာ လာကူလုပ်ပေးနေတဲ့ သူတွေကို သူကတောင် ကျေးဇူးတင်ရအုံးမှာ… ခုတော့ သူက ဘာဖြစ်လို့ ရန်လိုနေတာလည်း မသိဘူး”

“ဒီလိုပေါ့… ပညာတတ်ဆရာမကြီးဖြစ်တဲ့ သူ့ကို ငါတို့က မဖားဘဲ ‘မမူနဲ့’ ကို ပြာပြာသလဲ လုပ်လို့ဖြစ်မှာပေါ့… ပြီးတော့ ‘မမူနဲ့’ က ငါတို့ကို အဝတ်အစားတွေ ဘာတွေ ဝယ်ပေးတာလဲ သူမကြိုက်ဘူး… ဒီလုပ်ငန်းဟာ မိသားစုလုပ်ငန်းဖြစ်လို့ မိသားစုငွေထဲက ငါတို့ကို လျှော်ဝယ်ပေးနေတာ မကျေနပ်ဘူးပေါ့ဟာ”

“ဒီလုပ်ငန်းစလုပ်တုန်းကလည်း သူ ခွင့်ပြုတာမဟုတ်ဘူး… ကျေနပ်တာ မဟုတ်ဘူး… တစ်ချိန်လုံး ရပ်ခိုင်းနေတာ… အခုလုပ်ငန်းအောင်မြင်လည်းပတ်လာတော့ သူပါ အကျိုးအမြတ်ရတာပဲမဟုတ်လား… ဒီပိုက်ဆံနဲ့ စားနေတာပဲ မဟုတ်လား… ဟွန်း… ရုပ်ချောပညာတတ်ပြီး သိပ်အကျင့်ယုတ်တာပဲ”

ပွစိပွစိဖြင့်အတင်းပြောနေသော ‘မညို’ တို့အုပ်စုကို မီးဖိုဝမှ ‘မေသင်း’ က ခပ်တည်တည်စိုက်ကြည့်နေသဖြင့် ပါးစပ်ပိတ်သွားကြသည်။



www.burmeseclassic.com


# ၃

"'မမမူ' အရမ်းမူးနေလား... ကျွန်မတို့ ပွေ့သွားမယ်လေ"

"ရတယ်... ရတယ်... တွဲလျှောက်ရင် လျှောက်နိုင်ပါတယ်"

တစ်ညလုံး အဖျားတက်ပြီး ခေါင်းတွေကိုက်ခဲ မူးနောက်နေသဖြင့် 'မူနွဲ့' တစ်ညတည်းဖြင့် မျက်တွင်းဟောက်ပက်ဖြစ်သွားတော့သည်။ 'မညို' တို့ ရောက်လာသည်နှင့် ဆေးခန်းသွားဖို့ပြင်ကြတော့သည်။

"မီးဖိုချောင်ကူဖို့ ဘယ်သူ့ကို လွှတ်ပေးရမလဲ... 'ကြီးကြီး' "

"အေး... ဒီနေ့ ညွှံ့သည်လည်း လာမှာဆိုတော့ နှစ်ယောက်လောက်ဝင်ကူမှ ဖြစ်မယ်"

"ရပါတယ်... အပင်ပမ်းခံမနေပါနဲ့... ဆိုင်မှာ လိုက်ကျွေးလိုက်ရင်ဖြစ်ပါတယ်"

'မေသင်း' စကားကြောင့် 'ဒေါ်စောရီ' စိတ်တိုသွားပြီး ...


BURMESE CLASSIC .com

www.burmeseclassic.com


"ညည်း ဘယ်ကိစ္စမဆို လွယ်လွယ်လေးမပြောစမ်းနဲ့အေ... ကျုပ်တို့က မိန်းကလေးရှင်... ညည်းကိုကြိုက်တာနဲ့ မပြီးလို့အိမ်ကို ဝင်ထွက်ဖို့ကြိုးစားတာပေါ့... တစ်ကောင်ကြွက်မှ မဟုတ်တာ"

အလုပ်သမားတွေရှေ့တွင် အအော်ခံရသဖြင့် 'မေသင်း' ညို ပုတ်နေသော မျက်နှာကြီးဖြင့် အိမ်ထဲဝင်သွားခဲ့သည်။

'ကိုအေးလွင်' တို့မောင်နှမသုံးယောက် ကားဖြင့်ရောက်လာကြသည်။ မိဘတွေကို ဂါရဝပြုကြသည်။ ဖော်ဖော်ရွေရွေမရှိလှသော 'မေသင်း' ကို 'အေးလွင်' ၏ အစ်မနှစ်ယောက်ဖြစ်သည့် 'စံပယ်' နှင့် 'နှင်းဆီ' ကလည်း မေးထူးခေါ်ပြောသာ ဆက်ဆံကြသည်။

" 'အေးလွင်' ရေ... မင်းပြောတဲ့ 'မူနွဲ့' ဆိုတာရော... အချုပ်အလုပ်သိပ်တော်တယ်... စီးပွားရှာကောင်းတယ်ဆိုလို့... စိတ်ဝင်စားပြီးတွေ့ ချင်နေကြတာ"

ထိုစကားကြောင့် 'မေသင်း' အတော်ခံရခက်သွားပုံရသည်။

"စက်ခန်းက ဟိုဘက်မှာ သီးသန့်ဖွဲ့ထားတာ 'မကြီး'... လာကျွန်တော်လိုက်ပြမယ်"

စက် (၁၀) လုံးကို အလင်းရောင်ကောင်းသော နေရာတွင် စီထားပြီး ချုပ်ပြီးသား အထည်များကို နမူနာအဖြစ် မှန်ဘီဒိုများထဲတွင် ချိတ်ဆွဲပြထားသည်။ ဈေးကြီးများနှင့် နယ်ပို့မည့် အထည်ထုပ်များကို စက္ကူဂျပ်ပုံးများတွင် ချည်နှောင်၍ ထည့်ထားသည်မှာ အပုံလိုက်ရှိနေသဖြင့် ...

"တော်တော်ချုပ်နေရပြီပဲနော်... 'အန်တီ' "

"အေးကွဲ့ ... တစ်ခါတလေ ညဘက်တောင် အလုပ်ဆင်းကြရတယ်"

"ဒါနဲ့ 'မူနွဲ့' ကရော..."

www.burmeseclassic.com


"အော်... ဟုတ်သားပဲ... မနေ့က ဈေးဝယ်ပြီး နေပူထဲကပြန်လာပြီး အညှော်တွေလုပ်တယ်လေ... ပြီးတော့ ရေချိုးလို့ ချွေးငုတ်အညှော်မိပြီး ဖျားနေတယ်လေ... သူက 'စံပယ်' တို့ မောင်နှမလာရင် ကောင်းကောင်းချက်ကျွေးချင်လို့ ပြင်ဆင်နေတာ... ခုတော့ ခေါင်းတောင်မထောင်နိုင်ဘူး"

"ဟုတ်လား... သွားကြည့်လိုက်အုံးမယ်"

'မေသင်း' အံကြိတ်နေတာကို 'မညို' တို့မြင်သည်။ လာတာက သူ့ကိစ္စ၊ ချီးမွမ်းခံနေရတာက 'မမူနွဲ့' ကောင်းလေစွ။

" 'မူလေး' နေကောင်းသွားရင် မမတို့အိမ်လာလည်သိလား... မမတို့ အသိမိတ်ဆွေထဲမှာ အထည်အလိပ်တွေ လက်လီလက်ကား ရောင်းတဲ့မိတ်ဆွေတွေရှိတယ်... လိုက်မိတ်ဆက်ပေးမယ်သိလား"

"ဟုတ်ကဲ့ရှင့်"

ဧည့်သည်တွေ ပြန်သွားပြီး မကြာပါ။ 'မေသင်း' နှင့် မိခင်ဖြစ်သူ ပြဿနာတက်နေကြပါသည်။

" 'အေးလွင်' ဆိုတဲ့ကောင်ကို လုံးဝမယူဘူး"

"ဟဲ့... ဘာဖြစ်လို့တုန်း... ညည်းပဲကြိုက်လွန်းလို့ ဒီကောင်လက်ထပ်ခွင့်မတောင်းမချင်း ယတြာယာခြေရတာနဲ့... မျှော်ရတာနဲ့... ဟိုက ရွှေလမ်းငွေလမ်းဖောက်မှ ဘာအရူးထတာလဲ"

"ဟာ.... အမေပဲစဉ်းစားကြည့် ဒီအိမ်ကိုလာတာ ဘာကိစ္စနဲ့လာတာလဲ... 'မေသင်း' ကိစ္စအတွက် လာကြပြီး မဆီမဆိုင် 'မူနွဲ့' ကို ချီးမွမ်းခန်းဖွင့်ပြီး မြှောက်စားနေလိုက်ကြတာ... ဘာလဲ 'မူနွဲ့' နဲ့ သဘောတူချင်ကြတာလား... သူတို့သဘောတူရင် ပေးစားလိုက်စမ်းပါ... 'မေသင်း' အတွက်က နောက်ထပ်ခေါင်းခေါက်ရှာလို့ရတယ်"

www.burmeseclassic.com


"တော်စမ်း... မတော်တရော်တွေ လျှောက်ပြောမနေစမ်းပါနဲ့ လူကြားလို့ မကောင်းဘူး... ညည်းမျက်နှာက ပုတ်သိုးနေတော့ ညော့်သည်တွေ အနေခက်မှာပေါ့... 'မူနွဲ့' ကို အရေးပေးတယ်ဆို တာလည်း ညည်း ညီမို့ သူတို့အလေးထား ဆက်ဆံတယ်ဆိုတာ သိစေချင်လို့နေမှာပေါ့... ညည်း ဟာလေ ပညာတတ် ကျောင်း ဆရာမဆိုတာ ယုံချင်စရာတောင် မရှိဘူး... စိတ်ထား မဖြူစင်ဘူး... သိပ်သဘောထား သေးသိမ်တာပဲ"

"ပြောပါ... ပြောပါ... အမေတို့က ပိုက်ဆံပိုအပ်နိုင်တဲ့သူကို ပဲ အထင်ကြီးတာမဟုတ်လား... အမေတို့ ဂုဏ်ရှိအောင် ဘွဲ့ရ အောင် ယူခဲ့ပေးတဲ့သမီးကိုတော့ အထင်မကြီးဘူးမဟုတ်လား အီး ဟီး..."

ဝမ်းနည်းစွာ ငိုလေမှ 'ဒေါ်စောရီ' သက်ပြင်းချပြီး ...

"ငါ့သမီးက အမြင်စောင်းနေတာကိုး... ညည်းရဲ့ ဘွဲ့ဝတ်စုံ နဲ့ ဓါတ်ပုံကိုကြည့်ပြီး တစ်အိမ်လုံးက ဂုဏ်ယူနေတာ ညည်းအသိ ပါအေ... 'မူနွဲ့' ပညာပါရမီနည်းလို့ စီးပွားရေးအောင်မြင်အောင် အားပေးပံ့ပိုးနေရတာ ညည်းသိပါတယ်... သူစိတ်ဓါတ်ကျပြီး ဘာမှမလုပ်ဘဲ ထိုင်စားနေလည်း အမေတို့က ကျွေးထားမှာပဲ... ခု လို သူအဆင်ပြေအောင်မြင်တော့ အိမ်မှာ ဝင်ငွေလည်းကောင်း တယ်... ဂုဏ်လည်းရှိတယ်... 'ဖော်လေး' လိုချင်တာဆို သူဝယ်ပေး နေတာပဲ... အခု 'ဖော်လေး' အတွက် အဝယ်ရပ်ပြီး ညည်းမင်္ဂလာ ဆောင်အတွက် သူ အကောင်းဆုံး လုပ်ပေးချင်တယ်ပြောနေတာ စု နေတာ"

"ဟာ... သူ့ကြောင့် အကောင်းဆုံးဖြစ်ရမယ်လို့တော့ မပြော စမ်းပါနဲ့ အမေရာ... ဒီငွေတွေဟာ အမေတို့ငွေတွေပဲ... မိဘငွေနဲ့ သမီးမင်္ဂလာဆောင်ကို ထောက်ပံ့တယ်ဆိုတာမျိုးပဲလိုလားတယ်...

www.burmeseclassic.com


အိမ်ကငွေတွေနဲ့ သူ နာမည်ယူနေတာတော့ မခံချင်ပါဘူး”

ညဘက် ‘မညို’ အိမ်မပြန်သဖြင့် ...

“နင် အိမ်မပြန်သေးဘူးလား”

“မပြန်တော့ဘူး... ‘မမူနွဲ့’ နေမကောင်းလို့ ‘ကြီးကြီး’ ကိုဝိုင်းကူမလို့”

“ဟာ... သမီးအရင်းတစ်ယောက်လုံးဖြစ်တဲ့ ငါရှိပါသေးတယ် နင်ကလည်း ကဲလိုက်တာ”

“ဒါပေမယ့် ‘ညို’ ကိုယ်တိုင်က ‘မမူနွဲ့’ ကို စိတ်အေးလက်အေး အနားယူစေချင်လို့ အထည်တွေ ညဘက်ညှပ်မလို့ပါ... အော်ဒါတွေ များနေတယ်လေ”

“လူကိုယ်တိုင် နေမကောင်းမှတော့ နားသင့်နားရမှာပေါ့... လူထက်ဘယ်ဟာ ပိုအရေးကြီးလဲ”

“ဟုတ်ကဲ့... ဒါကြောင့် ‘မမူနွဲ့’ ကိုယ်စား အလုပ်ဝင်ပေးနေတာပါ”

“နင် ပိုကိုပိုပါတယ်”


BURMESE CLASSIC .com

www.burmeseclassic.com



"နင့် အဆက်အိမ်မသွားဘူးလား"

"သူက မလာနဲ့တဲ့... အဆက်အသွယ်လည်း မလုပ်နဲ့တဲ့"

"ဟဲ့... ဘာဖြစ်လို့လဲ"

"မမတို့က သူ့ကို အရေးမလုပ်ဘဲ 'မူနွဲ့' ကို အပိုလုပ်ပြီး ချီးမွမ်းခန်းဖွင့်နေကြလို့တဲ့"

'နှင်းဆီ' က မျက်နှာကိုမဲ့ပြီး ...

"အလိုတော်... ကိုယ့်ညီမကို ချီးမွမ်းတာပဲ နာစရာလား... မင်းအမျိုးသမီး ပုံစံကြည့်ရတာ မာနကြီးတစ်ခွဲသားနဲ့ ငါတို့တော့ သဘောမတွေ့ပါဘူး... မင်းလို ဆရာဝန်တစ်ယောက်ကို သူက အထက်စီးနဲ့ ဆက်ဆံနေရအောင် မင်းထက်သာတာ ရှိနေလို့လား နေစမ်းပါစေ... သွားမနေနဲ့"

"ဟာ... မလုပ်ပါနဲ့ဗျာ... လူကြီးတွေကို ယူမယ်လို့ ဂတိပေး

www.burmeseclassic.com


ပြီးမှ အဲဒီအိမ်ကို ဝင်ထွက်ခွင့်ရတာပါ… မကောင်းပါဘူး”

“ဟဲ့… အိုးကမပူ စလောင်းကပူနေပြန်ပြီ… နင် အဲသလိုဈေးပေါလို့ ဟိုကကမ်းတက်နေတာ… ပြောမရလို့ ယူဖြစ်ကြရင်လည်း စောစောက ကြိုသတိပေးထားလိုက်မယ်နော်… ငါတို့ဆီမှာလာနေရင် ငါတို့နဲ့ တည့်အောင်ပေါင်းမှ ဖြစ်မှာလို့… မင်းတို့နှစ်ယောက်ထဲ ပေါင်းလို့ပြီးမယ်ထင်လို့လား”

“ဟာ… မမတို့က နဂိုထဲက သဘောမတူချင်လို့ သူ့ကိုအပြစ်ရှာနေတာပါဗျာ… ခေါ်သွားမိတာမှားပါပြီ”

“သွားအုံးမှာ… အဲဒီအိမ်ကို နောက်တစ်ခေါက်ထပ်သွားအုံးမှာ”

“ဗျာ… ဘာလုပ်ဖို့လဲ”

“အော်… ‘မူနဲ့’ နေကောင်းပြီလားမေးရင်း အထည်ဆိုင်မိတ်ဆက်ပေးမလို့လေ”

“တော်ကြာ ‘မေသင်း’ က ရွံ့တယ်ထင်နေပါအုံးမယ်”

“ဟဲ့… သူ့ညီမကိုအရေးပေးတာ သူတို့အိမ်ကို ဝင်ထွက်တာ ကျေးဇူးတောင်တင်ရအုံးမှာပါ… ငါတို့ကောင်းကောင်းမွန်မွန်ဆက်ဆံနေလျှက်နဲ့ သူက ရိုင်းပြနေမယ် … မာနကြီးနေမယ်ဆိုရင်တော့ ငါ့မောင်အတွက် ငါတို့ကိုယ်တိုင် ထပ်ရှာပေးယုံပဲရှိတယ်”

အစ်မကြီး ‘စံပယ်’ ကတော့ မောင်ဖြစ်သူကို နားလည်အောင် ကြိုးစားပါသည်။

“ ‘နှင်းဆီ’ ရယ်… သူတို့ချစ်သူခြင်း စိတ်ကောက်နေတာ တို့ဝင်ပါစရာ မလိုဘူးလေ… မိန်းကလေးဆိုတော့လည်း မူမှာပေါ့… တချို့အမူလွန်ပြီး အပျိုကြီးဖြစ်သွားတာတွေ တစ်ပုံကြီးလေ… ‘အေးလွင်’ ချော့ရင်ပျော့သွားမှာပါ… ငါတို့ကြောင့် သူတို့ ကွဲသွားတာမျိုးတော့ မဖြစ်စေချင်ဘူးလေ… သူတို့အချင်းချင်း မပြေမလည်


BURMESE CLASSIC .com

www.burmeseclassic.com


မခြင်း အဲဒီအိမ်ကို ထပ်မသွားတာဘဲ ကောင်းတယ်"

နောက်တစ်ပါတ် တနင်္ဂနွေနေ့တွင် မောင်ဖြစ်သူ တစ်နေကုန် ပျောက်နေသဖြင့် ...

"ဘယ်သွားတယ်ဆိုတာလည်း ပြောမသွားဘူး 'အေးလွင်' ရယ်... ငါတို့မှာဖြင့် ထမင်းပွဲပြင်ပြီး မျှော်နေကြတာ"

နီမြန်းသောမျက်နှာဖြင့် ရယ်ရင်း ...

"ဘုရားမှာ 'မေသင်း' နဲ့ မမျှော်လင့်ဘဲ သွားတိုးကြတယ် လေ... သူ့ကိုအိမ်ပြန်လိုက်ပို့ရင်း သူတို့အိမ်ကထမင်းအတင်းကျွေး တာနဲ့ စားဖြစ်ခဲ့တယ်... 'မူနွဲ့' ကတောင် မမတို့ကို မေးနေသေး တယ်... တစ်မိသားစုလုံးက လာလည်ဖို့ ဖိတ်နေသေးတယ်"

"ခုလိုကြားရတာ ဝမ်းသာပါတယ်ရှင်... လမ်းကြုံရင် 'မူနွဲ့' ကိုဝင်ခေါ်ပြီး အထည်တိုက်နဲ့ မိတ်ဆက်ပေးမှာပါ"

'မူနွဲ့' တစ်ယောက် 'နှင်းဆီ' တို့ဆက်သွယ်ပေးထားသော အထည်တိုက်သို့ တစ်ပါတ်တစ်ခါ သွားဝယ်ပါသည်။

"ဟုတ်တယ်ဟဲ့... 'နှင်းဆီ' တို့ အသိဆိုင်က အဆင်တွေဆန်း တယ်နော်"

"ဈေးလည်း တော်တော်သက်သာတယ် မေမေ... ပြီးတော့ အိမ်တိုင်ရာရောက်လိုက်ပို့ပေးတော့ ကားခလည်း သက်သာသေး တယ်... ဖိမ်နဲ့လိုက်လာယုံပဲ"

"ဟန်ကျတာပေါ့"

'မူနွဲ့' အံ့အားသင့်သွားပါသည်။

ယနေ့ မိမိဝယ်ယူသည့် ပစ္စည်းများကို ကားပေါ်သို့ ထမ်းပို့ နေသူမှာ ခါတိုင်းအလုပ်သမားမဟုတ်တော့ အလုပ်သမားအသစ်၊ အရပ်မြင့်မြင့်၊ ဗလတောင့်တောင့်နှင့်ဖြစ်နေသည်။ စွပ်ကျယ်အဖြူ ဂျိုင်းပြတ်၊ ဘောင်းဘီစကဖြင့် ...


BURMESE CLASSIC .com

www.burmeseclassic.com


"ဘာကျန်သေးလဲ ခင်ဗျ"

ရှိသေစွာမေးနေသဖြင့် ...

"အော်... ပြီးပါပြီရှင်"

'မူနွဲ့' ကားရှေ့ခန်းတွင် ထုံးစံအတိုင်း ဝင်ထိုင်နေလိုက်သည်။ ထိုအလုပ်သမားသစ်ကပင် ကားဝင်မောင်းနေသဖြင့် ...

"အရင်အလုပ်သမားနားလို့လား"

"တောပြန်သွားတယ်ထင်တယ်... ဘာဖြစ်လို့လဲ... ကျွန်တော်လိုက်ပို့တာ မကြိုက်လို့လား"

"အို... မဟုတ်ပါဘူး... လူပြောင်းသွားလို့မေးကြည့်တာပါ... ဘယ်သူပဲပို့ပို့ ပို့ပေးရင်ပြီးတာပဲလေ"

'မူနွဲ့' ဟန်မပျက်နေနေသော်လည်း ယနေ့ ကားမောင်းပေးသူ အလုပ်သမားနှင့် ယှဉ်တွဲစီးလာရခြင်းကို ရင်ထဲတွင် တစ်မျိုးကြီး ခံစားနေပါသည်။ အရင်လူက အသားမဲမဲ၊ ဝဝ၊ ပုပု၊ ကတုံးဆံတောက်နှင့် လုံးဝပုံမလာ။

သည်လူက အလုပ်သမားပုံစံမပေါက်ဘဲ မင်းသားပုံစံပေါက်နေတာခက်သည်။ ပိုခက်တာက အိမ်မှာ 'မမေသင်း' များရှိနေလို့ ကတော့ မျက်မှောင်ကြုတ်ပြီး အကြည့်ခံရမှာ။

အိမ်ရှေ့ကားရပ်ချိန်တွင် အဖေ၏ ဆေးလိပ်ခြင်းများ အိမ်ရှေ့ချထားချိန်နှင့် သွားတိုးနေသည်။ အဖေက ကားထွက်ငှားဖို့ ပြင်နေချိန်။

"ရှင့် ကား ခါလီပြန်မှာပဲ... ကျွန်မ အဖေကို မြို့ထဲတစ်ပါတ်မောင်းပို့ပေးလိုက်ပါလား"

"ရပါတယ်... ဖြစ်ပါတယ်"

သူက အထည်လိပ်တွေ စက်ခန်းထဲပို့ပြီးသောအခါ အဖေ့ဆေးလိပ်ခြင်းများကို ဟာကြူလီလို လွှားကနဲ လွှားကနဲတင်ပြီး

www.burmeseclassic.com


ကားမောင်းထွက်သွားတော့သည်။

နောက်တပါတ်လည်း သူပင်။

"ဘာတွေ သယ်ပေးရအုံးမလဲ... ဘာကူပေးရအုံးမလဲ... အားမနာနဲ့ ကြုံတုန်း ဝင်ကူသွားမယ်"

"အတော်ပဲ... ချုပ်ပြီးသားတွေ ကားဂိတ်ကို ပို့ချင်တယ်"

"ရတယ်... ပို့ရမယ့်ကားဂိတ်သာပြောလိုက်"

အထည်ဂျပ်ပုံးများ ကားပေါ်တစ်ဝက်ခန့်တင်ပြီးသောအချိန်တွင် ...

"ကဲ... စိတ်ချလက်ချတော့ တင်ပေးပြီးပြီနော်... ကားခလည်း ပေးပြီးပြီနော်... တကယ်လို့ ကိုယ်လိမ်သွားရင်ရော"

"ဆိုင်မှာ သွားတိုင်မှာပေါ့"

"ဆိုင်မှာ အလုပ်သမားလေးယောက်တောင်ရှိတာ"

"ရှင့်ကို လက်ညှိုးထိုးပြီး တိုင်မှာပေါ့"

"ကဲ... ကိုယ်က အဲဒီနေ့ အလုပ်မဆင်းရင် ဘယ်သူ ဘယ်ဝါလို့ ပြောမလဲ... ကိုယ့်နာမည်သိလို့လား"

'မူနွဲ့' သူ့နာမည် တကယ်မသိပါ။ ပထမတစ်ယောက်တုံးကလည်း နာမည်မသိပါ။

"သူ့နာမည်က ဘယ်လိုခေါ်လဲ"

"ကိုယ့်နာမည်တွေ တစ်ပုံကြီးပဲ... မှတ်ပုံတင်ထဲမှာတော့ 'ကိုကို' တဲ့"

"အထည်ဆိုင်က ဘယ်လိုခေါ်လဲ"

"ကိုကို"

ပြုံးချိုချိုပြောနေသော သူ့ကို 'မူနွဲ့' မယုံသလို ဖြစ်လာသည်။ သူ့အကြည့်တွေ သိပ်ရဲသည်။ 'မူနွဲ့' ကို လက်ပွန်းတတီး နေလွန်းသည်။ အဖေတို့ကိုလည်း အတင်းဝင်ရောသည်။


BURMESE CLASSIC .com

www.burmeseclassic.com



အိမ်က အလုပ်ကြမ်းဆိုလျှင် သူဝင်လုပ်ပေးတာများပြီ။ 'ဖော်လေး' စက်ဘီးပျက်တာလည်း သူပဲပြင်ပေးသွားသည်။ အပ်ချုပ်စက်တွေလည်း သူပြင်ပေးသည်။

အမေတို့နှင့် ထမင်းဝင်စားတာ သုံးခါရှိပြီ။

" 'မူနွဲ့' "

"ဟင်"

ကားမောင်းရင်း လှမ်းခေါ်ခြင်းဖြစ်သည်။

" 'မူနွဲ့' မှာ ချစ်သူ မရှိလောက်သေးပါဘူးနော်"

"အို... အဲဒါ ရှင့်ကိစ္စမဟုတ်ပါဘူး... သိစရာလည်း မလိုပါဘူး"

မရိုးသားသော သူ့မျက်လုံးနှင့် သူ့အပြုံးများကို ကြက်သီးတဖြန်းဖြန်းထရင်း မျက်လုံးလွှဲရင်း အော်မိခြင်းဖြစ်သည်။

"သိစရာလိုတာပေါ့... 'မူနွဲ့' ကို ကိုယ်စိတ်ဝင်စားနေတာ ချစ်နေတာ မြတ်နိုးနေတာ 'မူနွဲ့' သိနေမှာပါ"

"မသိပါဘူး"

ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းခါရင်း မျက်စောင်းထိုးကြည့်သော 'မူနွဲ့' ၏ ရိုးသားလွန်းသည့် ချစ်စဖွယ် ဟန်မှာ စွဲမက်စရာကောင်းလှပါသည်။

နဖူးပေါ်တွင် ဆံပင်ဘုတ်သိုက်ကို ဘေးခွဲပြီး နောက်ဖတ်မှ ရှည်လျားသော ဆံပင်ရှည်များကို စုချည်ထားယုံနှင့်ပင် 'မူနွဲ့' ပုံစံ ကနွဲ့နေပါသည်။ အရပ်သိပ် မမြင့်သော်လည်း မပု။ လုံးလုံးအိအိလေးဖြစ်သည်။

" 'မူနွဲ့' လည်း ကိုယ့်ကို စိတ်ဝင်စားတယ် မဟုတ်လား"

"အို... ဘာလို့စိတ်ဝင်စားရမှာလဲ... ကိုယ့်အလုပ် ကိုယ်လုပ်နေကြတာပဲ"



BURMESE CLASSIC .com

www.burmeseclassic.com


"ကဲ... ဒါဆိုရင် အထည်လာဝယ်ရင် ဘာလို့ ကိုယ့်ကို ရှာလဲ"

"မရှာပါဘူး... ဘယ်သူပဲ လိုက်ပို့ပို့ ပို့ပေးရင် ပြီးတာပဲ"

"တကယ်လား"

"တကယ်... တကယ်"

"ဒါဆိုရင်... ကိုယ့်ကို မလာစေချင်ဘူးပေါ့ ဟုတ်လား"

"အဲသလိုလည်း မပြောပါလား... ဆိုင်က လိုက်ပို့တဲ့လူနဲ့ လိုက်ရမှာပဲပေါ့လို့ ပြောတာ"

"အလုပ်သဘောထက် ကိုယ့်ကို မပိုဘူးပေါ့"

"ဟုတ်တယ်"

"ကိုယ်ကတော့ 'မူနွဲ့' ကို မမြင်ရရင် မနေနိုင်တော့ဘူး... ကိုယ့်အကြောင်း 'မူနွဲ့' မသိပေမယ့် 'မူနွဲ့' တို့အိမ်နီးနားခြင်းတွေတော့ သိကုန်လောက်ပြီ"

"ဟင်... ဘာတွေသိကုန်တာလဲ"

"ညဘက် ကိုယ် မင်းကို လာချောင်းတာလေ... ညတိုင်းမင်းတို့ အိမ်ရှေ့ကိုယ်ရောက်တယ်... တစ်ပတ်တစ်ခါတွေ့ရတာလေးနဲ့ ကိုယ်မကျေနပ်နိုင်တော့ဘူး... တစ်ခါတစ်လေ တစ်ပတ်တစ်ခါတောင်တွေ့ ချင်မှတွေ့ရတာ... ဖြစ်နိုင်ရင် 'မူနွဲ့' ကို ကိုယ်လက်ထပ်ချင်တယ်"

"အို... မဖြစ်နိုင်တာ"

"ဘာလဲ... ကိုယ့်လို အလုပ်သမားကို မယူဝံ့တဲ့ သဘောလား ကိုယ်ကြိုးစားမှာပေါ့... ကဲ... နေစရာရှိမယ်... ရှာကျွေးမယ်ဆိုရင် ရော"

"အိမ်က သဘောမတူနိုင်ပါဘူး"

"ပေါင်းရမှာက ကိုယ်တို့နှစ်ဦးလေ... နံပါတ်တစ် သိချင်တာ

www.burmeseclassic.com


က ကိုယ့်ကို ပြန်ချစ်မချစ်ဆိုတာပဲ… ကျန်တာက နောက်မှ ညှိယူလို့ ရပါသေးတယ်… ‘မှုန်ရွှဲ’ မကြည်ဖြူရင် မကျေနပ်ရင် ကိုယ်နောက်ဆုတ်မှာပါ… ဒါပေမယ့် ကိုယ် မင်းကို မမြင်ရရင် နေနိုင်ပါ့မလားလို့ တွေးပူမိတယ်”

အတွေ့အကြုံမရှိသော ‘မှုန်ရွှဲ’ တစ်ယောက် အရည်ပျော်လုပါပြီ။

ဒီလူနှင့် မကြာခဏ သွားရလာရတာကို ‘မှုန်ရွှဲ’ ရင်ခုန်ခဲ့တာကြာပြီရော။ ရုပ်ချော အပြောကောင်းပြီး ‘မှုန်ရွှဲ’ ကို ပွေ့မချီယုံတမယ် အမြဲပြုယုခတ်နေတတ်သော သူ့ အယုအယတွေကြားမှာ လက်ပွန်းတတီးနေတတ်သော သူ့အတွေ့အထိတွေကြားမှာ ‘မှုန်ရွှဲ’ သာယာနေခဲ့ဖူးပါသည်။

သို့သော ယနေ့ သူက ချစ်ရေးဆိုလာသောအခါ အိမ်မက်မှ လန့်နိုးသလို ဖြစ်သွားခဲ့သည်။

အိမ်က လုံးဝ သဘောတူမည်မဟုတ်။

သူ့ကို ခိုင်းကောင်းလို့ အလုပ်သမားတစ်ယောက်လို အားလုံးက ဆက်ဆံနေကြခြင်းဖြစ်သည်။

အမေကတောင် ပြောသေးသည်။

‘မညို’ နှင့်ယူလျှင်ကောင်းမည်။ သူ့ကို ဆေးလိပ်လုပ်ငန်းတွင် နေရာပေးမည်တဲ့။

‘မညို’ ကလည်း သူ့ကိုရောသည်။ ပုတ်လား၊ ခတ်လားနေတတ်သည်။ သူကတော့ အားလုံးကို ရယ်ရယ်မောမော ဆက်ဆံတတ်သည်။ မည်သူ့ကိုမျှ မပို။

ယခု သူပိုတာက မိမိကို။

အမေသိလျှင် ဘယ်လိုနေမည်နည်း။

“နောက်တစ်ပါတ် အဖြေပေးနော်”

www.burmeseclassic.com


ကားထွက်ခါနီး သူတိုးတိုးလေး ပြောသွားခဲ့သည်။

သူ့ချစ်စကားကိုကြားပြီထဲက 'မူနွဲ့' စိတ်တွေ မူမမှန်တော့။ ဖြစ်နိုင်မလား။ မဖြစ်နိုင်ဘူးလားဆိုတာသာ လုံးခြာလိုက်နေသည်။




BURMESE CLASSIC .com

www.burmeseclassic.com


၄

"'မညို'အထည်ဆိုင် နင်ပဲသွားပေးစမ်းပါဟာ... ငါ ခေါင်းကိုက်နေလို့"

"ဟော... နေမကောင်းဖြစ်ချင်ပြန်ပြီထင်တယ်... 'မမူနဲ့' အ ညှော်လုပ်တိုင်း ခေါင်းကိုက်တယ်နော်... အင်း... မီးဖိုချောင်အတွက် လူ အမြန်ရှာပေးမှပါ"

"ဒါနဲ့ 'မပို' နဲ့ရော မတွေ့ကြသေးဘူးလား"

"ဘယ်တွေ့မှာလဲ... ကော့သောင်းဘက် အလုပ်သွားလုပ် ကြတယ်ပြောတာပဲ... မယားကြီးကို ငွေငါးသောင်းပေးလိုက်ရလို့ 'ညို့' မှာ အကြွေးလည်ပင်းခိုက်သွားပေမယ့် ကလေးနှစ်ယောက်ကို မိဘအိမ်ပေးပြီး အဲဒီမိန်းမက နောက်ယောက်ျားယူသွားပြီလေ"

"ဟယ်... လုပ်ရက်လိုက်တာ... ကလေးတွေ သနားပါတယ် နော်"

"အဖိုး... အဖွားကို ငွေနှစ်သောင်းပေးလို့ ပျော်နေကြတာတဲ့


BURMESE CLASSIC .com

www.burmeseclassic.com


သူတို့ဘဝမှာ သည်လိုငွေမျိုးမြင်ဘူးတာမှ မဟုတ်တာ… တစ်နေ့လုပ် တစ်နေ့စား မရှိရင် ခိုးစားကြတာ”

'မညို' ကို မြင်သောအခါ 'ကိုကို' ပုန်းနေလိုက်သည်။

အထည်လိပ်များတင်ပြီး၍ ကားထွက်သည်နှင့် …

“ 'ကိုကို' ဆိုတဲ့ အလုပ်သမားကရော”

“ဒီနေ့ နားတယ်”

'မညို' မျက်ကုတ်ကုတ်ဖြစ်သွားသည်။

ထို့အတူ အိမ်ရှေ့တွင် ကားရပ်သဖြင့် ရင်ခုန်စွာ ခိုးကြည့်နေသော 'မှုန့်' လည်း အံ့ဩသွားသည်။

သူပညာပြပြီဆိုတာ သိပါသည်။

“ 'မမှု' ကိုပေးခိုင်းလိုက်လို့”

“ဟင်”

စာအိတ်လှလှလေးပေါ်တွင် 'နှံ့' ဟုရေးထားပြီး 'ကိုကို' ဟု ဆိုင်းထိုးထားသဖြင့် ချက်ခြင်းသဘောပေါက်သွားသည်။

“သူနဲ့ ဘယ်မှာတွေ့တာလဲ”

“ကျောင်းကိုလာတာ”

“ဘာလို့ယူလာတာလဲ… အမေတို့သိရင် အဆူခံရလိမ့်မယ်”

“မသိအောင် ပေးခိုင်းတာ… စာတစ်စောင်နဲ့ မုန့်ဖိုးနှစ်ရာ အတင်းပေးသွားတယ်”

“ဟာ… နောက်ကို စာလည်းမယူနဲ့… မုန့်ဖိုးလည်း မယူနဲ့ ဒါရည်းစား စာသိလား”

“သိသားပဲ… သူနဲ့ 'မမှုန့်' နဲ့ ကြိုက်နေကြတာ မဟုတ်ဘူးလား… ညဘက်တွေ သူလာပတ်နေတာ တွေ့သားပဲ”

“ဟာ… ငါပြန်မကြိုက်ပါဘူး…. အမေတို့ ဘယ်သဘောတူမှာလဲ… သွားတော့… သွားတော့… 'မမေသင်း' လာနေပြီ”


BURMESE CLASSIC .com

www.burmeseclassic.com


စာကို ထက်ဆင့်ကြားထိုးလိပ်ထားလိုက်ရသည်။

" 'စောရီ' ရေ"

"ဟေ... လာဟေ့... 'ငွေရင်' စောစောစီးစီးပါလား"

"ဟုတ်တယ်... အလုပ်သမားတွေမရောက်ခင် 'မူနွဲ့' ဈေးသွားနေတုန်းတမင်လာခဲ့တာ"

"ဟင်... ဘာဖြစ်လို့လဲ"

'ဒေါ်စောရီ' အံ့ညြသံကြီးဖြင့် စိတ်ပူပြီးမေးသလို၊ အချိန်စာရင်းကြည့်ပြီး စာအုပ်ရွေးနေသော 'ဖော်လေး' ရော၊ ခြင်းတောင်းထဲကျောင်းသို့သွားရန် ပစ္စည်းများထည့်နေသည့် 'မေသင်း' ပါ ဧည့်ခန်းဘက်သို့ နားစွင့်နေကြပါသည်။

" 'မူနွဲ့' ကို ကျုပ်က အရမ်းအထင်ကြီးပြီး ငယ်ငယ်ထဲက ထိမ်းခဲ့ရဘူးလို့ သံယောဇဉ်ဘယ်လောက်ကြီးတယ်ဆိုတာ 'မစော' အသိပါ... တခြားလူနဲ့ဆိုရင် ကျုပ်လာမတိုင်ပါဘူး... ခုတော့ 'မစော' တို့အိမ်က ခိုင်းပတ်လိုလူမျိုးနဲ့မို့ မီးကိုမလောင်ခင်က တားစေချင်လို့ပါ"

"ခိုင်းပတ်ဆိုတော့ 'ကိုကို့' ကို ပြောတာလားအေ့"

"နာမည်တော့ ငါမသိဘူးလေ... ကားနဲ့ အထည်လိပ်တွေလာလာပို့နေတဲ့ ကောင်လေးလေ"

"အင်း... ခုတလော သူမလာတော့ပါဘူး"

"ညတိုင်း လာတာ ညည်းသိလို့လား... 'မူနွဲ့' ကတော့ သိပုံမပေါ်ဘူး... မဖြစ်သင့်တာ မဖြစ်အောင် သင့်တော်တာနဲ့ပေးစားလိုက်ပါလား... ဒီလမ်းထဲက ကောင်လေးတွေလည်း 'မူနွဲ့' ကို ကြိုက်တဲ့လူရှိတာပဲ"

"ဒီလမ်းထဲကလည်း ဂျိုကြိုးနားရွက်ပဲ့ကြီးပါပဲ 'မငွေရင်' ရယ်... လက်ကြောမတင်းကြတာ"



BURMESE CLASSIC .com

www.burmeseclassic.com


"ပေးစားပြီး အလုပ်ထဲသွင်းထားလိုက်ပေါ့... ကိုယ့်အိမ်မှာလည်း အလုပ်တွေပုံလို့"

"ယူပြီးမှ မလုပ်ဘဲ ဇိမ်နဲ့ထိုင်စားနေရင်ရော"

"ကဲ... ဒါဆိုရင် ရှင့်သမီး ဟိုကောင့်လက်ထဲပါမှာပဲ"

"ပြန်စဉ်းစားကြည့်တော့လည်း တံငါနားနီး တံငါ မုဆိုးနားနီး မုဆိုး ဆိုသလိုပဲပေါ့... ဒီလူနဲ့ပဲ တွေ့နေရတာကိုး... ကောင်လေးက အလုပ်တော့ ကောင်းကောင်းလုပ်သား... စက်ဘီး... ဆိုင်ကယ်စက်... အကုန်ပြင်တတ်တယ်... ကားလည်း မောင်းတတ်တယ်ဆိုတော့ ထမင်းမငတ်အောင် ထားနိုင်မယ့်ပုံပဲ... ကိုယ့်လုပ်ငန်းအတွက်လည်း အသုံးဝင်နိုင်ပါတယ်... ကိုယ့်သမီးခမြာလည်း ဒီလူနဲ့ပဲ အနီးကပ်နေဘူးတာဆိုတော့"

ထိုစကားကြောင့် 'ဒေါ်ငွေရင်' အံ့ဩနေသလို... 'မေသင်း' က ဒေါကြီးမောကြီးဖြင့် ထွက်လာပြီး ...

"အမယ်လေး... အံ့ပါရဲ့... မေမေရယ်... ကိုယ့်သမီးက ငတုံးငအနုံမို့ထားပါတော့... အမေကပါ ကိုယ့်သမီးကို အောက်တန်းစားနဲ့ သဘောတူနေတာလား... ဘုရား... ဘုရား... ဒီကိစ္စတွေ 'မေသင်း' ဘာမှလည်း မသိရပါလား... ဘယ်ကအကောင်လဲ... ဘာဖြစ်လို့ အိမ်ကိုအဝင်အထွက် ခွင့်ပြုထားရတာလဲ"

"အခု နောက်ဝယ်တဲ့ အထည်ဆိုင်က အလုပ်သမားပဲ... အထည်လိပ်တွေ အိမ်ကိုကားနဲ့ လိုက်ပို့ပေးတာကြာပြီပဲ"

"အထည်ဆိုင်ရှင်နဲ့ ကြိုက်လို့မရဘူးလား... အမေ့သမီးစိတ်ဓါတ်ကိုက မမြင့်တာ... အမေကပါဝင်ပြီး သဘောတူချင်နေတာ အံ့ပါရဲ့... ဒီကောင်က အမေတို့ကို ဘယ်လောက်အထိများ အပီပေါင်းထားပြီလည်း မသိဘူး... ဒီကိစ္စကို 'မေသင်း' တော့ လုံးဝသဘောမတူဘူး... ရအောင်ဖျက်မှာပဲ"

www.burmeseclassic.com


"ငါကလည်း သဘောတူတယ်... ပေးစားမယ်လို့ မပြောပါဘူး... သူတို့က အတူသွားလာနေတော့ နီးစပ်နေကြပြီလားမှ မသိတာ... ညည်း ညီမက ရည်းစားလည်း ထားဘူးတာ မဟုတ်ဘူး... သူစိမ်းယောကျ်ားတွေနဲ့ တရင်းတနှီး နေဘူးတာမဟုတ်ဘူး"

"အမေတို့က ဒီလိုသွားလာနေတာကို ခွင့်ပြုထားတာများ အံ့ပါရဲ့"

"အော်... ညည်းလည်း ညည်းကြိုက်တာ ညည်းယူမှာပဲ မဟုတ်လား..."

" 'မေသင်း' က အပေါစားကို ကြိုက်တာမဟုတ်ဘူး... အမေတို့ ဂုဏ်မဲ့အောင် မလုပ်ဘူး"

"အော်... ညည်းက ပညာတတ်ကိုး... သူက ညည်းလို ဘွဲ့မရ ပညာမတတ်တော့ တက္ကသိုလ်လည်းမတက်ရ အပြင်လည်း မထွက်ရတော့ နီးစပ်တာနဲ့ပဲ ရည်ငံ့တော့မပေါ့အေ... သူ့ကိုတကယ်ချစ်မယ်... ကြင်နာမယ်... ဒိုးတူပေါင်ဖက် လုပ်စားမယ်ဆိုရင်တော့ သူ့ဘဝအဖော်မွန်အဖြစ် ရွေးချင်လည်း ရွေးပစေပေါ့"

"ဟာ... အမေတို့ စိတ်ဓါတ်ကို အရမ်းအံ့သြတာပဲကွာ... လုံးဝ မပေးစားနိုင်ဘူးနော်... ပြောထားလို့မှ အမေတို့လက်ခံရင် အိမ်ပေါ်ကို မတင်ရဘူး... အိမ်ကစီးပွားရေးလုပ်ငန်းမှာ မသွင်းရဘူး... ပြောမရလို့ ယူမယ်ဆိုရင် တစ်ခါထဲ လိုက်ခိုင်းသွားလိုက်... အမွေပြတ်တစ်ခါထဲ ပေးသင့်တာသာ ပေးလိုက်... နောက်ထပ်လာမပတ်သက်စေနဲ့"

"ဒါ... ညည်းဆုံးဖြတ်ရမယ့်ကိစ္စမဟုတ်ပါဘူး... အမွေကိစ္စလည်း ထည့်ပြောစရာမလိုဘူး... ငါတို့လည်း မသေသေးဘူး"

"ဒီကောင် အိမ်ပေါ်တက်လာပြီး အမွေဝင်လုနေရင်ရော"

"ဘယ်သူမှလုလို့မရဘူး... ငါတို့သေရင် အိုးသုံးလုံးရှိရင်


BURMESE CLASSIC .com

www.burmeseclassic.com


တစ်လုံးစီခွဲယူ... အားလုံးမျှမျှတတပဲ”

“အမေ သဘောတူလည်းပြီးတာပဲ... တန်ရာ တန်ရာ ရကြမှာကြီးပဲ... ကိုယ်က မတန်မရာနဲ့ ရမှာဆိုးလို့ စေတနာနဲ့ဝင်ပြောပေးတာ”

‘ဒေါ်ငွေရင်’ လည်း လက်မြှောက်ပြီး ပြန်လာခဲ့ရသည်။

‘မေသင်း’ ကလည်းဆိုးသည်။ ‘ကိုကို’ ဆိုသူကို မြင်ဖူးအောင် စောင့်ဖမ်းသည်။ ညဘက် ‘ဒေါ်ငွေရင်’ တို့အိမ်မှာ သွားထိုင်နေသည်။

“ဟော... ဟိုမှာလာနေပြီ... အင်္ကျီအဖြူနဲ့”

‘ကိုကို’ က အိမ်ရှေ့ရောက်သောအခါ စက်ဘီးကို ဖြေးဖြေးနင်းသည်။ ပြီးတော့ လေချွန်သည်။ သုံးလေးခေါက်ပတ်နေသည်။ အိမ်ရှေ့တွင် ဓါတ်တိုင်ရှိသဖြင့် ‘ကိုကို့’ မျက်နှာကို ကောင်းစွာမြင်ခွင့်ရလိုက်သည်။

“လူပုံစံက ခပ်မိုက်မိုက်ဆိုတော့ ညည်း ညီမ ခိုက်စရာပဲလေ”

“ပုံစံက ပွေမယ့်ပုံစံကြီးနော်”

“စုံစမ်းကြည့်ပေါ့အေ”

“နက်ဖြန် ကျောင်းကအပြန် အထည်ဆိုင်မှာ ဝင်စုံစမ်းအုံးမယ်”

အထည်ဆိုင်ရောက်သောအခါ ‘ကိုကို’ သည် ဆိုင်အလုပ်သမားမဟုတ်ကြောင်းသိလိုက်ရသည်။

‘မူနွဲ့’ အထည်စများ လာဝယ်တာကို နှစ်ခါလောက်မြင်ပြီးထဲက အလုပ်သမားဟန်ဝင်ဆောင်နေခြင်းမှန်း သိလိုက်ရသဖြင့် အံ့သြရပြန်သည်။

ပို၍အံ့သြရတာက ‘ကိုကို’ သည် လူဆင်းရဲသားသမီး မဟုတ်၊ ဤအထည်ဆိုင်အခန်းနှစ်ခန်းကိုရော၊ ဤသုံးထပ်တိုက် တစ်


BURMESE CLASSIC .com

www.burmeseclassic.com



တိုက်လုံးကိုရော 'ကိုကို' တို့ မိသားစုက အိမ်ငှားသမားများ တင်ထားကြောင်း ပြောပြသည်။

"အစ်မတို့ကလည်း ဒီတိုက်ခန်းကို သူတို့ဆီက နှစ်ချုပ်နဲ့ ငှားထားတာကွဲ့... အိမ်လခလာကောက်ရင်း 'မူနွဲ့' ကိုမြင်သွားပြီး တကောက်ကောက်လိုက်နေတော့တာ"

"သူက ဘယ်မှာနေတာလဲ"

"အမှတ် (     ) ... (     ) လမ်းထဲမှာ"

ထိုလမ်းသည် 'ကိုအေးလွင်' တို့နှင့် (၂) လမ်းကြော်ဖြစ်နေသဖြင့် ဝမ်းသာသွားမိသည်။ စုံစမ်းရပိုလွယ်သွားတာပေါ့။

"ဟော... ဟိုမှာ 'ကိုကို' လာနေပြီ... အဲဒါ သူတို့ကိုယ်ပိုင်ကားပဲ"

"ဟုတ်လား"

'မေသင်း' အံ့အားသင့်နေရပါပြီ။ ဘာကြောင့် အလုပ်သမားဟန်ဆောင်နေရပါသနည်း။ ကားသော့လေးဆော့ရမ်းပြီး ဆိုင်ထဲဝင်လာသော သူ့ကို သေချာစိုက်ကြည့်နေမိသည်။

"မမရေ... သူလာသေးလား"

"ဘယ်သူလဲကွယ့်"

"သိရဲ့သားနဲ့ဗျာ... 'မူနွဲ့' လေ"

" 'မူနွဲ့' မလာတာကြာပြီ... ဘာလဲ မင်းတို့ အဆင်မပြေကြဘူးလား"

"အဖြေပေးရမှာကြောက်လို့ မလာတာဗျ"

"မင်းက စွံပြီးသားပါကွာ... သူ့ဆီကအဖြေမရလည်း တခြားကောင်မလေးတွေဆီက ရမှာပေါ့"

"သူနဲ့တွေ့ပြီးမှ တခြားဆိုတာ မသွားကို မသွားတော့တာ"

"ဟုတ်ရဲ့လား"



BURMESE CLASSIC .com

www.burmeseclassic.com


"မယုံလည်း မတတ်နိုင်ဘူးဗျာ... ကဲ... သွားလိုက်အုံးမယ်"

ဆိုင်ရှင်က လေ့လာနိုင်အောင် တမင်အကွက်ဆင်ပေးပြော ခြင်းဖြစ်သည်။

" 'ကိုလွင်' တို့ (၂) လမ်းကျော်က အိမ်နံပါတ် ( ) ကို သွားကြည့်ချင်လို့"

"ဘာဖြစ်လို့လဲ... ကိုယ်တို့နဲ့ ခင်တာပဲ... ဒီပတ်ဝန်းကျင် တစ်ဝိုက် ခင်တာများတယ်... အဲဒါ 'မမကြည်' တို့ 'မမသီ' တို့အိမ် ပဲ... အိမ်က 'မနှင်းဆီ' တို့ရဲ့ သူငယ်ချင်းတွေပဲ"

"ဟုတ်ရဲ့လား"

"ကဲ... အိမ်ကိုလိုက်ခဲ့... မယုံရင်လိုက်မေးဗျာ"

ညနေစောင်းကြီး ယောင်းမလောင်းရောက်လာသဖြင့် အံ့သြ နေကြသည်။

" 'မမသီ' တို့အိမ်သွားချင်လို့တဲ့... လိုက်ပို့ပေးလိုက်ကြပါ အုံး"

'မေသင်း' က အကျိုးအကြောင်းကို ပြောပြသောအခါ မောင် နှမသုံးယောက်လုံး မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားကြပြီး ...

"အမယ်လေးနော်... 'ကိုကို' နဲ့ဆိုရင်တော့ မဖြစ်ဘူးထင် တယ်... 'ကြည်ကြည်' တို့ 'သီသီ' တို့နဲ့ ညီအစ်မအရင်းလို ခင်ကြ တာပါ... ဒါပေမယ့် 'မူနွဲ့' လေးကိုလည်း 'မေသင်း' နဲ့ပတ်သက်ပြီး ကိုယ့်ညီမလေးလို ခင်ရ ချစ်ရတာပဲလေ... 'ကြည်' တို့ 'သီ' တို့ မောင်နှမငါးယောက်ထဲမှာ 'ကိုကို' ကတော့ တမိပေါက် တစ် ယောက်ထွန်းဆိုသလို ဟိုးငယ်ငယ်လေးထဲက ဆိုးလိုက်တာ ဆိုး လိုက်တာ မပြောပါနဲ့တော့... လူကြီးပြောစကားလုံးဝ နားမထောင် ဘူး.... မသွားနဲ့ဆိုရင် သွားမယ်... သွားဆိုရင် မသွားဘူး... အဲ သလို ထော်လော်ကန့်လန့်မျိုး... 'ကြည်' တို့ ညီအစ်မဆီ သွား

www.burmeseclassic.com


လည်ချင်ရင်တောင် သူ့ကို မတွေ့ချင်လို့ ဆယ်ခါရဲ့ တစ်ခါမ ရောက်ဖြစ်ဘူး”

‘နှင်းဆီ’ က ထိုကဲ့သို့ ပြောသလို ‘မစပယ်’ ကလည်း မျက်နှာကို မဲ့ရွဲ့ရင်း ...

“ငါတို့ကတော့ ‘မူနွဲ့’ ကို ‘ကိုကို’ နဲ့ လုံးဝသဘောမတူဘူး ဟေ့... ‘ကိုကို’ ထက်သာတာတွေ တို့ ဆွေမျိုးထဲမှာ တပုံကြီးရှိ တယ်... ငါတို့အောင်သွယ်လုပ်ပေးမယ်... ‘ကိုကို’ နဲ့ယူရင် မျက်ရည်နဲ့ မျက်ရည်နဲ့ ဒူးသုတ်နေပြီသာမှတ်တော့... အပျိုမှန်ရင် အပျိုကြီး အပျိုလေး ဘယ်ဟာမှ မရှောင်တဲ့ကောင်... နောက်ဆုံး ငါတို့လို အစ်မအရင်းလို ခပ်တည်တည်နေတဲ့ မိန်းမမျိုးတွေကိုတောင် အနည်းဆုံး ပခုန်းဖက်... လက်ဆွဲနဲ့ လက်အင်မတန်ကမြင်းတဲ့ကောင်... လွန်ခဲ့တဲ့ နှစ်ကလည်း မိန်းမခိုးသေးတယ်ကြားတာပဲ... ဒါပေမယ့် ခဏပဲ ပေါင်းလိုက်တယ်လိုကြားတယ်... ငါတို့လည်း ‘ကြည်ကြည်’ တို့ အိမ်ရောက်တာ တော်တော်ကြာသွားပြီ... အခု ‘ကိုကို’ နဲ့ ‘မူနွဲ့’ နဲ့ က ဘယ်လိုအခြေအနေမျိုးလဲ လွန်နေပြီလား”

“တော်သေးတယ် ‘မစပယ်’ ရဲ့... ‘မူနွဲ့’ က အဖြေမပေးရ သေးဘူးလို့ ‘မေသင်း’ ကိုယ်တိုင်ကြားခဲ့တယ်”

“ကံကောင်းတာပေါ့... လုံးဝ ဂရုစိုက်ပေတော့... ‘ကိုကို’ ဆိုတဲ့ကောင်က မိန်းမကျမ်းအရမ်းကြေတာနော်... သူရည်းစားစာ ပေးပြီး မကြာဘူး အဖြေပေးကြတာကြီးပဲ... ဘယ်လောက်ပွေသလည်း ဆိုရင် အိပ်ကပ်ထဲမှာ ရည်းစားစာ (၁၀) စောင်လောက် အမြဲပါတယ်... ကြုံသလိုပေးသွားတာ... မိန်းမလှလှမြင်ရင် ချက်ခြင်း နောက်က လိုက်စကားပြောတာ... အဲဒါ တို့တွေ မျက်မြင်ပဲ”


BURMESE CLASSIC .com

www.burmeseclassic.com





'မေသင်း' ပြောတာကို 'ဒေါ်စောရီ' က သိပ်လက်မခံချင်။ 'မူနွဲ့' နှင့်ပတ်သက်လာလျှင် အမြဲ နှိမ်ချင်သည်။ အပြစ်ရှာချင်သည် မဟုတ်လား။

"မယုံရင် အမေကိုယ်တိုင် စုံစမ်းကြည့်လေ... ကိုယ့်ညီမ ဒုက္ခရောက်မှာဆိုးလို့ စေတနာနဲ့ စုံစမ်းပေးတာ"

'ဒေါ်စောရီ' ကိုယ်တိုင် စုံစမ်းပါသည်။

'ကိုကို' တို့လမ်းထိပ် ကွမ်းယာဆိုင်မှာတင် စုံနေအောင်ကြားခဲ့ရသည်။

မိဘပိုက်ဆံချမ်းသာသဖြင့် အသုံးအဖြုန်းကြီးကြောင်း ပညာတတ် ဘွဲ့ရဖြစ်သော်လည်း ဘာအလုပ်မျှ ဟုတ်တိပတ်တိ မလုပ်ဘဲ ကားစီးလိုက်၊ မော်တော်ဆိုင်ကယ်စီးလိုက်နှင့် အချိန်ဖြုန်းနေတတ်ကြောင်း။

www.burmeseclassic.com


ရည်းစားပေါင်း သောင်းခြောက်ထောင်ထားတတ်သလို၊ ကောင်မလေးများကို တန်ဖိုးမထားတတ်ကြောင်း။

အလွန်ချမ်းသာပြီး ဂုဏ်သရေရှိ အသိုင်းအဝိုင်းမှ ဆိုရှယ်ကျသည့် 'မေဘယ်လ်' ဆိုသူ မိန်းမလှတစ်ယောက်ကို ခိုးယူပေါင်းသင်းပြီး မောင်နှမတစ်စုလုံးက အိမ်ပေါ်မှ မောင်းထုတ်လိုက်ကြောင်း ကြားသိလိုက်ရသောအခါ 'ဒေါ်စောရီ' တစ်ယောက် 'ကိုကို့' ဘက်က လုံးဝ မထောက်ခံဝံ့တော့ပါ။

"အဖေကြီးရယ်... ကြားခဲ့ရတာကတော့ လုံးဝမကောင်းဘူး ရှင့်သမီးကို ဂရုစိုက်သာ ထိမ်းပေတော့"

" 'မူနဲ့' က ပြန်မကြိုက်ဘူးဆို"

"အဖြေမပေးသေးတာပါ... ခုတလော တမှိုင်မှိုင် တမျှော်မျှော်နဲ့ ရိုးတော့ သိပ်မရိုးဘူး... စွဲလန်းနေပုံရတယ်"

"ငါ့သမီးက လိမ္မာတဲ့ကလေးပါ... 'ကိုကို' ဆိုတဲ့ကောင်ရဲ့ သတင်းဆိုးတွေကြားတဲ့အတိုင်း ဖွင့်ပြောပြလိုက်ရင် လန့်သွားမှာပါ... လူပျိုလည်းမဟုတ်တော့ ယူဝံ့မယ် မထင်ပါဘူး"

"မောင့်အသဲလေးမူ"

'ယက္ခဂုမ္ဘာန်" တွေ စောင့်ကြပ်နေကြလို့ အဝေးကြီးဝေးကြပြီနော်... မောင်ကတော့ 'မူ' တို့အိမ်ရှေ့ကို တစ်ည သုံးလေးခါက်တော့ ရောက်စမြဲပါ...

မောင်ကျိန်ပြောဝံ့ပါတယ်... သက်သေတွေလည်း ရှိပါတယ် အိပ်ကပ်ထဲမှာ ရည်းစားစာ (၁၀) စောင်လောက် အမြဲထည့်ထားတယ်ဆိုတာက အကြောင်းပြနိုင်ပါတယ်... မောင့်လက်ရေးကလှပြီး အရေးအသားကောင်းလို့ သူငယ်ချင်း အပေါင်းအသင်းတွေက အမြဲအကူညီတောင်းပြီး ရေးခိုင်းတတ်ကြတယ်... စာတစ်စောင် ရေးပေးရင် လက်ဘက်ရည်တစ်ခွက် (သို့မဟုတ်) မုန့်တစ်ပွဲတော့


BURMESE CLASSIC .com

www.burmeseclassic.com


ပူဇော်ကြတယ်"

'မမနှင်းဆီ' တို့ ညီအစ်မ ပြောတာတွေလည်း မောင်ရှင်းပြမယ်...

သူတို့ကို မောင်မကြိုက်လို့ ဒေါပွနေကြတာ... အဲဒီ အပျိုကြီးတွေကလည်း မောင့်ကို ညွတ်နေကြတာ... သူတို့လမ်းထဲက ကောင်မလေးတစ်ယောက်ကို လောင်းကြေးစားကြေးနဲ့ လိုက်စကားပြောခဲ့တာပါ...

'မမနှင်းဆီ' တို့က အဲဒီကောင်မလေးက မာနသိပ်ကြီးတယ် မင်းလိုကောင်ကို ပြန်မကြိုက်စေရဘူးပြောလို့ တမင်လိုက်ပြတာ... ပြန်ကြိုက်လို့ မောင့်မှာ မနည်းဖြုတ်ယူရတယ်...

တစ်ခါတစ်လေ သူငယ်ချင်းတွေနဲ့ လက်ဘက်ရည်ဆိုင်မှာ ထိုင်နေကြရင်း လောင်းကြေးစားကြေးနဲ့ ရည်းစားစကားလိုက်ပြောကြတာပါ... လူငယ်သဘာဝပျော်ကြတာပါ...

'မေဘယ်လ်' ကို ခိုးပြေးဖြစ်တာကလည်း ညနေဘက်ကန်တော်ကြီးမှာ ချိန်းတွေ့ကြတာခဏပါ... 'မေဘယ်လ်' က အိမ်ပြန်ရင် မီးသေးရဲ့သားနဲ့ အိမ်မပြန်ရဲတော့ဘူးဆိုပြီး အချိန်တွေဆွဲရင်း မိုးချုပ်သွားခဲ့တာ... အမှန်အတိုင်းဝန်ခံရရင် အဲဒီအချိန်တုံးက ရည်းစားနဲ့တွေ့ပြီး စကားလေးပြောရရင် ကျေနပ်နေတဲ့အချိန်... အိမ်ထောင်မပြုချင်သေးဘူး... ရှင်းရှင်းပြောရရင် အတူမနေရလည်း အရေးမကြီးဘူး... တစ်ရက် တစ်ပတ် တစ်လ မတွေ့ရလည်း နေနိုင်တယ်... ရည်းစားတွေလည်း များတယ်လေ... ဟိုတစ်ယောက်မတွေ့ရလည်း ဒီတစ်ယောက်တွေ့ရတာပဲ... ဘယ်သူ့ကိုမှ စွဲစွဲလန်းလန်း တန်ဖိုးမထားမိခဲ့ဘူး... ခုတော့ ဝန်ခံလည်ပြီ 'မူ' ရေ မင်းကို မောင်မတွေ့ရလို့ မစားနိုင် မအိပ်နိုင်ဖြစ်နေရပြီ... ဖြစ်နိုင်ရင် မောင့်နောက်ကို လိုက်ခဲ့ပါတော့ကွာ... ညတိုင်း မောင်အိမ်ရှေ့


BURMESE CLASSIC .com

www.burmeseclassic.com


မှာရှိတယ်… ရှစ်နာရီကနေ (၁၀) နာရီအထိ အမြဲရှိတယ်… 'မူ' ထွက်ခဲ့ပါလား။

စာ (၃) စောင်ဖတ်ပြီးပြီ။

'မေသင်း' လက်ထဲတွင် စာ (၄) စောင်ကျန်သေးသည်။

ဤစာများကို 'မူနွဲ့' အိပ်ခန်းထဲရှိ မျက်နှာကျက်ကြားမှ ရခြင်းဖြစ်သည်။

"အိမ်ထဲက အိမ်ပြင်မထွက်ရဘဲ ဒီစာတွေ အိမ်ထဲဘယ်လို ရောက်သလဲပြောစမ်း 'မူနွဲ့' "

'မေသင်း' အံကြိတ်ရင်း မေးခြင်းဖြစ်သည်။

"မေးနေတာဖြေလေ… 'မိညို' အောင်သွယ်လုပ်နေတာ မဟုတ်လား… ဒီကောင်မကို နက်ဖြန်ကစပြီး လခ (၃) လစာ ကြိုပေးပြီး ထုတ်ပြစ်လိုက်တော့ မေမေ"

'မူနွဲ့' စိတ်ညစ်နေပါပြီ။

မိမိကြောင့် 'မညို' ဒုက္ခရောက်ပြီ၊ ဤကိစ္စတွင် 'မညို' လုံးဝ မပါ။

" 'မညို' နဲ့ မဆိုင်ပါဘူး 'မမေသင်း' ရယ်"

"ဘယ်သူနဲ့ဆိုင်သလဲပြော… မပြောနိုင်ရင် ဒီကောင်မပဲပေါ့ ဘာလို့ သူ့ကို ကာဆီးကာဆီးလုပ်နေတာလဲ… ဒီကိစ္စထဲ သူမပါရင်လည်း ဒီကောင်မရှိနေရင် ညည်းအတွက် အဆိပ်အတောက်ဖြစ်နေမှာပဲ… သူက ညည်းအတွက်ဆို ရှေ့ကရင်ကော့ ခံချင်တဲ့ကောင်မပဲ ကောင်းကောင်း ပညာပေးရမယ်"

"မလုပ်ပါနဲ့… သူက ဒီလုပ်ငန်းကို ဦးဆောင်ပေးနိုင်တဲ့သူပါ 'မူနွဲ့' စိတ်မပါလို့ သူနဲ့လွှဲထားတာကြာပြီ… သူကောင်းကောင်း လုပ်ပေးနေတာပဲ"

"သူမရှိရင် မဖြစ်ဘူးလား… ဒါဆိုလည်း ငါကျောင်းထွက်ပြီး


BURMESE CLASSIC .com

www.burmeseclassic.com



ဝင်လုပ်မယ်”

“ ‘မမေသင်း’ မှ မကျွမ်းကျင်တာ... ပြီးတော့ ကိုယ့်ရဲ့ ကျောင်းဆရာမဆိုတဲ့ ဂုဏ်ကို ဒီစက်ချုပ်တဲ့အလုပ်နဲ့ လဲမလို့လား ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကို ရန်လိုပြီး လိုက်ပြိုင်ရင် ‘မမေသင်း’ ပဲ နစ်နာမှာပေါ့”

“အဲဒါ နင့်ကိစ္စမဟုတ်ဘူး... ရွှေ့လျှောက် နင့်ကိုလွှတ်ထားလို့ မဖြစ်ဘူး... မေမေရေ ‘မေသင်း’ တို့ မင်္ဂလာကိစ္စကို နောက်မှ လုပ်မယ်... သူ့ကို ‘ကိုအေးလွင်’ ရဲ့ ညီတစ်ဝမ်းကွဲ ‘မောင်သိန်းမြင့်’ နဲ့ ပေးစားရအောင်... ကောင်လေးက ဘွဲ့ရပညာတတ်... ရုံးမှာ အရာရှိပဲ”

‘မူနွဲ့’ ရင်ထဲတွင် စိုးရိမ်စိတ်များကြောင့် ဖြောင်းဆန်နေပါပြီ။ ညဘက် စာခိုးရေးပြီး ‘ဇော်လေး’ နှင့် ပေးခိုင်းမှ ဖြစ်တော့မည်။

မိမိမချစ်မနှစ်သက်သူကို မယူလိုပါ။

ဟိုတစ်ယောက်ကလည်း မိမိကို နှစ်သက်အုံးမှ။

‘မူနွဲ့’ ဒုက္ခရောက်ပြီ၊ အမေက တစ်ခန်းထဲ အတူလာအိပ်နေပြီ။ စာရေးခွင့်မရတော့။

နောက်တစ်နေ့ ပြဿနာတွေ ထပ်တပ်ပါတော့သည်။

‘မညို’ ရောက်လာသည်နှင့် အပေါက်ဝမှဆီး၍ အလုပ်ထုတ်တော့သည်။

“ရော့... ငါတို့မတရားမလုပ်ဘူး... ထုံးစံအတိုင်း သုံးလစာ ပေးပြီးထုတ်တာ”

“နေပါအုံး... ဘာကြောင့် ထုတ်ရကြောင်းတော့ သိချင်သေးတယ်”

‘မညို’ ကလည်း မာနကြီးသူ။

“မိသားစု အတွင်းရေးထဲ ဝင်ရှုပ်လို့အေ”



BURMESE CLASSIC .com

www.burmeseclassic.com


"ဘာရှုပ်လို့လဲ... ဒီမိသားစု အကျိုးယုတ်တာ ဘာမှမလုပ်ဖူးဘူး"

"ညည်း သိပ်လျှာရှည်တယ်... ဒီလုပ်ငန်းကို ဒီနေ့ကစပြီး ငါဦးစီးမှာ... ညည်းကို မကြိုက်လို့ထုတ်တာ"

"အော်... သည်လိုလား... 'မညို' ကလည်း ရှင်ဦးစီးမှာဆိုရင် မလုပ်ပါဘူးနော်"

"အေး... ဒါဆိုရင် ညည်းကစထွက်မှာလား... လုပ်ငန်းရှင်က ထုတ်တာမဟုတ်ဘဲ ထွက်တာမျိုးဆိုရင်တော့ တစ်ပြားမှ ပေးစရာ မလိုဘူးနော်"

"ရှင့်နာမည်နဲ့ လုပ်ငန်းလိုင်စင်ပေါက်ပြီလား... ပြလေ"

"အောင်မာ... နင်ကများ ငါ့ကို ပမာမခန့်နဲ့... လူပါးဝလို့... ကဲဟယ်... ကဲဟယ်"

'မေသင်း' က နရင်းလှမ်းအုပ်ခြင်းဖြစ်သည်။

" 'မညို' ပြန်မလုပ်နဲ့... ပြန်မလုပ်နဲ့... လာ... ရပ်ကွက်ရုံး သွားတိုင်မယ်... ဒီမိန်းမကို အချုပ်ထဲရောက်အောင် လုပ်မယ်... လာ... လာ..."

အလုပ်သမများက 'မညို' ကိုဆွဲခေါ်ပြီး သွားတိုင်ဖို့ ပြင်နေကြသဖြင့် မိခင်ကြီးမနေသာတော့ဘဲ ဝင် ဖြန်ဖြေရတော့သည်။

" 'မညို' ရယ်... 'မေသင်း' အကြောင်းလဲ သိလျက်နဲ့... ငါတို့ မျက်နှာတွေတော့ ထောက်အုံးမှပေါ့"

'မညို' က လက်သီးနှစ်ဖက်ဆုတ်ရင်း ...

"ကျွန်မ မှားသွားရင် တောင်းပန်ပါတယ် 'ကြီးကြီး' ... သူ ဦးစီးမယ်ဆိုရင်တော့ ကျွန်မကပဲ စထွက်မှာပါ... သုံးလစာလည်း မလိုချင်ပါဘူး"

" ကျွန်မတို့လည်း ထွက်မယ်"


BURMESE CLASSIC .com

www.burmeseclassic.com


"ဟုတ်တယ်... ဒီမိန်းမ လက်အောင်မှာဆိုရင် မလုပ်ဘူး"

အားလုံး ဝိုင်းအော်ကြခြင်းဖြစ်သည်။

"ထွက်... ထွက်... အားလုံးထွက်... ပိုက်ဆံပေးရင် ကြိုက်သလောက်ခေါ်လို့ရတယ်"

'မေသင်း' လုပ်ရပ်ကြောင့် ပတ်ဝန်းကျင်ကလည်း မုန်းကုန်ကြသည်။ အလုပ်သမားသစ်များ ချက်ခြင်းမရခြင်းကြောင့် ချုပ်လက်စတွေက တို့လို့တန်းလန်း၊ အော်ဒါလက်ခံထားတာတွေလည်း မပေးနိုင်တော့။

'မညို' နှင့် အလုပ်သမများအဖွဲ့က ရန်ကုန်မြို့ထဲရှိ ဖောက်သည်ဆိုင်များသို့ ကိုယ်တိုင်သွားရောက်ကာ 'မေသင်း' ထံမှ အထည်မမှာရန် ပြောကြသည်။ နယ်ရှိဆိုင်များသို့လည်း 'မေသင်း' ၏ ယုတ်မာမှုကို အကြောင်းကြားသဖြင့် 'မူနွဲ့' တို့ ကြိုးစားလုပ်ကိုင်ခဲ့သော လုပ်ငန်းကလေးကို အပိုင်စီးချင်သည့် 'မေသင်း' တစ်ယောက် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်နေသည်။

အလုပ်သမား အသစ်များရရှိဖို့ တစ်လခန့်ကြိုးစားရှာယူရသည်။ ရရှိလာသည့် အလုပ်သမားများက လုပ်ခပိုတောင်းကြသည်။ 'မညို' တို့လို စေတနာထားသူလည်းမပါ။ လစ်လျှင်လစ်သလို ပိတ်စခိုးကြ၊ အပ်ချည်၊ ကြယ်သီး၊ ဖဲကြိုးအဆုံး ခိုးကြသည်။

ချုပ်ပြီးသား အထည်တွေခိုး၍ အပြင်တွင် ပြန်ရောင်းကြသည်။ ရှိပြီးသား လိပ်စာအတိုင်း မြို့တွင်းဆိုင်များသို့ လိုက်ပို့သောအခါ လက်မခံသဖြင့် ဈေးချ၍ရောင်းရသည်။ နယ်များကလည်း မှာကြားသည့်ရက်ထက် များစွာနောက်ကျပြီးမှ ရောက်လာသဖြင့် ပြန်ပို့ကြသည်။

'မေသင်း' အရှုံးနှင့် ရင်ဆိုင်နေရသည်။

"တွေ့တယ်မဟုတ်လား... နင့်ကောင်မတွေ ဘယ်လောက်


BURMESE CLASSIC .com

www.burmeseclassic.com


အကျင့်ယုတ်လဲ... မစားရတဲ့အမဲ သဲနဲ့ပက်ဆိုတဲ့ သဘောမျိုးလုပ်ကုန်ကြတာလေ"

"သည်လိုဖြစ်မှာဆိုးလို့ သူတို့ကို အလိုက်အထိုက် ဆက်ဆံပါလို့ မပြောခဲ့ဘူးလား... 'မူနွဲ့' တုန်းကလည်း တချို့ ဂျီကန်သလိုလို... ဂျစ်ကန်ကန်လုပ်ကြတာပဲ... ဒါပေမယ့် အဲဒီလူမျိုးကို ပိုပြီးတည့်အောင်ပေါင်းခဲ့ရတာ... 'မညို' ဆိုရင် ဒီဇိုင်းထွင်တာ သိပ်တော်တာ... ဒါကြောင့် သူ့ကို လခလည်း ပိုပေးတယ်... လက်ဆောင်လည်း ပေးတယ်... မြှောက်ပြီးတော့လည်း ပေါင်းတယ်... အရေးကြီးတာ ကိုယ့်လုပ်ငန်းအောင်မြင်ပြီး အမြတ်ရဖို့ပဲလေ"

"တော်စမ်းပါ... ညည်း မြှောက်စားလွန်းလို့ ဒီကောင်မရောင့်တက်နေတာ... ငါက ကျောင်းတစ်ဖက်နဲ့မို့ ကသောင်းကနင်းဖြစ်နေတာ... ဒီနေ့ ကျောင်းထွက်စာသွားတင်မယ်... ငါကိုယ်တိုင် အချိန်ပြည့်ဦးစီးလုပ်မယ်... ညည်းတို့ထက် ဆယ်ဆသာမယ် ဆယ်ဆမြတ်မယ် နားလည်လား"

စကားအလွန်နည်းသော ဖခင်ကြီးကပင် ...

"ကျောင်းတော့ မထွက်ပါနဲ့ သမီးရယ်... ဆရာမဆိုတဲ့ ဂုဏ်ပုဒ်က အင်မတန်ကျက်သရေရှိပါတယ်... ဒီလုပ်ငန်းကို 'မူနွဲ့' နိုင်နင်းတာပဲ... သူ့မှာလည်း ဒီအလုပ်ပဲရှိတာ... ငါ့သမီးကြီး ကျောင်းပိတ်တဲ့ရက်တွေကြရင် ဒီဇိုင်းအသစ်တွေ လုပ်ပေးပေါ့... စာရင်းစစ်ပေးပေါ့"

"အဖေ့ သမီး လင်နောက်လိုက်သွားတော့ရော"

"အဲဒီတော့လည်း မနက်ဆို ဒီမှာ လာချက်ပြုတ်စားသောက်အလုပ်လုပ် ညကြတော့ ပြန်လို့ရတာပဲ"

"ဘာလဲ အဖေက ဟိုငပွေကောင်နဲ့ သဘောတူနေတာလား"

"ဥပမာကို ပြောပြတာပါ... ဒီကောင် လူပျိုမဟုတ်ဘူးဆို


BURMESE CLASSIC .com

www.burmeseclassic.com



တော့လည်း အဖေတို့ ဒီကိစ္စကို တစ်ခန်းရပ်လိုက်ပါပြီလေ... 'အေးလွင်' ရဲ့ ညီနဲ့ယူပြီးရင်ပြောတာ"

ဖခင်၏ စကားကြောင့် 'မူနဲ့' တို့ဇာတ်လမ်းကို တစ်ခန်းရပ် လိုက်ပြီဆိုတာ သိလိုက်ပါသည်။

အဖေသည် သဘောကောင်းပြီး အလွန်အေးသူ တော်ယုံအ ပြစ်ဆိုလျှင် မြင်သူမဟုတ်။ သို့သော် သူလုပ်ချင်တာကိုတော့ ဖြစ် အောင်လုပ်တတ်သည်။

"အချစ်ဆုံး မူလေး"

မတွေ့ရတာ သုံးလတောင်ရှိသွားပြီနော်...

ဦးလေးကလည်း ကိုယ့်ကို လူပျိုမဟုတ်လို့ သဘောမတူဘူး တဲ့လား... 'မူလေး' ချစ်နိုင်ဖို့သာ အဓိကပါ... ကဲ လူပျိုဆိုပြီး ညာ နေတဲ့ လူအိုတွေ တပုံကြီးပါ။

ဟိုတလောက 'မနှင်းဆီ' တို့ မောင့်အိမ်ကိုလာပြီး ရန်ထောင် ကြတယ်... 'မူ့' ဆီရေးတဲ့စာတွေ 'မေသင်း' ဖတ်ရတယ်ထင်တယ် သူတို့က မောင့်ကို ကြိတ်ပိုးတဲ့အကြောင်းရေးလိုက်မိတယ်ထင် တယ် ... 'မမသီ' တို့ကို လာတိုင်တာလေ... 'မူလေး' တို့အိမ်က လည်း မောင်နဲ့ သဘောမတူလို့ ကိုယ့်မောင် ကိုယ်ထိန်းဖို့လာ ပြောကြတာ။ 'မသီ' တို့ကတော့ မောင့်ကို လက်မြှောက်အရှုံးပေး ထားကြတာလေ... မိန်းမဘယ်နှစ်ယောက်ယူ ယူ ယောင်းမတော် ရမှာပဲတဲ့... 'မေဘယ်လ်' တုံးက မိန်းမ မပီသတာရော... စွာတာ ရော... တအိမ်လုံးနဲ့ မတည့်လို့ အိမ်ပေါ်က ဆင်းသွားရတာ... မောင့်ကို ပါးရိုက်တာမြင်လို့ အားလုံးစိတ်တိုပြီး မောင်းထုတ်ကြ တာ... 'မူလေး' က သဘောကောင်းပြီး အနေအေးတော့ 'မသီ' တို့ နဲ့ တည့်မှာသေချာတယ်"

'မူ့' ကို သူတို့ရဲ့မောင်ဝမ်းကွဲ 'သိန်းမြင့်' နဲ့ ပေးစားမလို့တဲ့



BURMESE CLASSIC .com

www.burmeseclassic.com


လား.... အတင်းပေးစားရင်တော့ ယူကြည့်ပေါ့လေ... 'သိန်းမြင့်' နဲ့ မောင်နဲ့ခင်တာပဲလေ... သူ့အတွက် ရည်းစားစာတွေတောင် မောင် ရေးပေးဖူးတယ်... ဒီကောင်က ကပ်စေးနဲဗျ... သူနဲ့ကြိုက်တဲ့ ကောင်မလေးတွေဆီက ညာစားတာ... ညာစားလို့ဝရင် နောက် တစ်ယောက်ပြောင်းရော... ယူဖို့အထိတော့ ဘယ်တော့မှ မစဉ်းစား ဘူး... မိန်းမတွေက သိပ်လည်တာတဲ့... ယူပြီးရင် ယောကျ်ားတွေ ကို နွားလိုခိုင်းစားချင်ကြတာတဲ့... သူ ယူဖြစ်ခဲ့ရင်လည်း ပိုက်ဆံ ပေါတဲ့မိန်းမကိုပဲ ယူမှာတဲ့... 'မစပယ်' တို့က အလည်တွေပါ... 'မူနွဲ့' တို့မှာ ရှာတတ် ဖွေတတ်မှန်းသိလို့ ပေးစားချင်တာနေမှာ... ယူကြည့်ပေါ့လေ... အစဉ်ပြေရင်တော့ မောင့်ကိုမေ့လိုက်ပေါ့... အစဉ်မပြေလို့ မပေါင်းချင်တော့ဘူးဆိုရင် ကွာလိုက်လေ... ပြီး တော့ မောင့်ဆီလာခဲ့ပေါ့... တစ်ခုလပ်ခြင်း ဘဝတူသွားရင်တော့ ဦးလေးတို့ မောင်နဲ့ သဘောတူချင်တူမှာပေါ့... မောင့်ဆီ အမြန် ဆုံး ရောက်အောင်သာလာခဲ့ပါ... မောင်လွမ်းလှပြီ... စာဖတ်ပြီး သေချာလည်း ဖွက်အုံး... ဟို 'ဂုံးမ' ကြီး မြင်သွားအုံးမယ်...

ထိုစာကို ဖတ်ပြီး 'မေသင်း' တစ်ယောက် ယမ်းပုံမီးကျဖြစ်ပါ တော့သည်။

"တွေ့လား... အမေ့သမီး ကုတ်ကမြင်းဆိုတာ အိမ်ပြင်ကို လုံးဝမထွက်ရတာတောင် ဒီစာ သူ့ဆီဘယ်လိုရောက်သေးလဲ... အခု ရောက်တဲ့ အလုပ်သမားအသစ်တွေနဲ့လည်း သူမပတ်သက်ဘူး... အော်.... သိပြီ... သိပြီ... ဒါ အိမ်တွင်းလူပဲ ဖြစ်ရမယ်... 'ဇော်လေး' အောင်သွယ်လုပ်နေတာဖြစ်မယ်... အမေ့သားကို နားလည်အောင် ပြောအုံး... သူက ကလေးသာသာဆိုတော့ ဘဝအကြောင်း နား လည်အုံးမှာ မဟုတ်ဘူး... 'ကိုကို' ဆိုတဲ့ကောင် ဘယ်လိုလူစားလဲ သူ့ကိုယူရင် 'မူနွဲ့' ဘဝ တစ်လျှောက်လုံး သောကပင်လယ်ဝေနေ

www.burmeseclassic.com


မယ်ဆိုတာ”

“အေးလေ... သဘောပေါက်အောင် ပြောပြလိုက်မယ်”



www.burmeseclassic.com


# ၆

တကယ် သဘောပေါက်အောင် ပြောပြနေသူက 'ဇော်လေး'။

"ကျွန်တော် သူတို့အိမ် ခဏခဏရောက်ဖူးတယ် အမေရ... 'မကြည်' တို့ 'မမသီ' တို့က သိပ်သဘောကောင်းတာ... 'ကိုကို့' ညီ နှစ်ယောက်ရှိသေးတယ်... 'ဉာဏ်လင်း' နဲ့ 'ရန်ရှင်း' တဲ့ 'ကိုကို့' ကျောင်းနာမည်က 'ရဲထွတ်' တဲ့... ဒါပေမယ့် အားလုံးသိတာက 'ကိုကို' ဆိုတဲ့ နာမည်ပဲ... သူတို့က တော်တော်ချမ်းသာတယ်... အနေကုတ်လို့ ချမ်းသာတယ် မထင်ရတာ... ဘိုးဘွားစဉ်ဆက် အိမ်ငှားစားလာကြတာ... ကျွန်တော်သွားရင် ထမင်းလည်း ကျွေး မုန့်ဖိုးလည်း ပေးကြတယ်"

"မင်း... အစားမက် မုန့်ဖိုးမက်ပြီး လူပွေလူရှုပ်လက်ထဲ မင်း အစ်မကို ထည့်တော့မလို့လား"

"လူပျို ဘဝတုန်းကတော့ ပွေတတ်ကြတာပဲတဲ့... အိမ်ထောင်

www.burmeseclassic.com


ကျပြီးရင် သားနဲ့ မယားနဲ့ဖြစ်လာတော့ ငြိမ်သွားမှာပေါ့တဲ့”

“ကဲ… မငြိမ်တော့ရော မင်းအစ်မ ဒုက္ခမရောက်ဘူးလား… မိန်းမတစ်ယောက်ဟာ ငွေချမ်းသာတာကိုရဖို့ထက် စိတ်ချမ်းသာတာကို ရဖို့က ပိုအရေးကြီးတယ် သားလေးရဲ့… ဘာအလုပ်မှ လက်ကြောတင်းအောင် မလုပ်ဘဲ အိမ်လခနဲ့ ထိုင်စားနေတဲ့ လူ့ဘော်ကြော့မျိုးနဲ့တော့ မပေးစားချင်ဘူးကွယ်”

“မေမေကလည်း သူ့ဘဝအတွက် ငွေက အရံသင့်ဖြစ်နေတာကို… ဘော်ကြော့တော့မဟုတ်သောက်ဘူး ဒီအိမ်ကို ဝင်ထွက်နေတုန်းက အမေတို့ ခိုင်းသမျှကို လုပ်ပေးခဲ့တာပဲ… အမေတို့ပဲ သိပ်ဖင်ပေါ့တာပဲ… သိပ်တော်တာပဲဆိုပြီး ထမင်းတွေ ကျွေး… မုန့်ဖိုးတွေပေးနဲ့”

“တယ်… ဒီကောင်လေး ဟိုကဟာတွေ ဘယ်လောက်စားထားလည်း မသိဘူး ယောက်ဖ ဘက်ကပဲ လိုက်ပြောနေတယ်”

“ ‘မမူနွဲ့’ အလုပ်မလုပ်ထဲက ဒီကောင်ဘိုင်ပြတ်နေတာ… ‘မမကြည်’ တို့ဆီက လက်ဖြန့်စရာမလိုအောင် မုန့်ဖိုးတွေရနေတာ”

“အေး… မင်းအဲသလိုငတ်လို့ မင်းအစ်မ လူရှုပ်လူပွေနဲ့ ရတော့မှာ… ဘယ်လောက် ဟန်ဆောင်ကောင်းသလဲ… အမူအရာကောင်းသလဲဆိုရင် မင်းသားလုပ်ဖို့တောင်ကောင်းတယ်… သူ့ကိုယ်သူ အလုပ်သမားဟန်ဆောင်ပြီး ငါတို့အိမ်မှာ လူလည်လာကြသွားတာ”

“အဲဒါကိုက ‘မမူနွဲ့’ ကို တကယ်ချစ်မှန်း သိသာတာ”

“ဂျင်ပေါက ထုံးလိုကောင်ဆိုတော့ သူ့အတိတ်က ပွေခဲ့ ရှုပ်ခဲ့တာတွေအတွက် ခြေဖျက်နိုင်အောင် လုပ်တာနေမှာပေါ့… ‘မိမူ’ ကို ခပ်အအမျိုးကိုပဲ သူညာလို့ရမှာပေါ့”


BURMESE CLASSIC .com

www.burmeseclassic.com


“ ‘မမူနွဲ့’ ကတော့ သူနဲ့မရရင် သေမလားမသိဘူး”

“သေချင်လည်း သေသွားပစေ… ဒီကောင်နဲ့တော့လုံးဝ မပေးစားဘူး… မင်းလည်း ရှေ့လျှောက် အောင်သွယ်မလုပ်နဲ့တော့… အဲဒီအိမ်လည်း မသွားနဲ့တော့”

နောက်နေ့များကစ၍ ‘ဇော်လေး’ အပြင်က၊ ကျောင်းက ပြန်လာသည်နှင့် ဝရံတာတွင် လက်နက်ပုံးရှာသလို ရှာဖွေစစ်ဆေးပြီးမှ အိမ်ထဲဝင်ခွင့်ရသည်။

နေ့စဉ် ရည်းစားစာ ဖတ်နေရာမှ လုံးဝမဖတ်ရတော့သောအခါ ပို၍ ဖတ်ချင်လာသည်၊ တွေ့ချင်လာသည်။ ဖြစ်နိုင်လျှင် ချက်ခြင်း ထွက်ပြေးချင်လာသည်။

‘မမေသင်း’ တို့ကလည်း ‘မူနွဲ့’ ကို ‘သိန်းမြင့်’ နှင့် အမြန်ဆုံး မင်္ဂလာဆောင်ပေးရန် အလောတကြီး ပြင်ဆင်နေပြီဖြစ်သည်။

‘သိန်းမြင့်’ ကို နေ့စဉ် အိမ်သို့ခေါ်လာခဲ့ပြီး ‘မူနွဲ့’ နှင့် ရင်းနှီးအောင် နေခိုင်းသည်။ ညမအိပ်ယုံတမယ်သာရှိသည်။

အရပ်ပြတ်ပြတ်၊ ခပ်ဖိုင့်ဖိုင့် ‘သိန်းမြင့်’ သည် ရုပ်ချောပါသည်။ သို့သော် အရပ်မြင့်မြင့် ကိုယ်ဟန်ထွားထွားနှင့် နှာတံပေါ်ပြီး မျက်လုံး မျက်ဖန်လှသော၊ ဟန်များသော ‘ကိုကို’ နှင့် ယှဉ်လျှင် ‘သိန်းမြင့်’ ပုံစံသည် မှုန်ဝါး၍နေစမြဲ။

“ဒီနေ့ ခန်းဝင်ပစ္စည်းလေး ဘာလေး ထွက်ဝယ်ရင်း ‘သိန်းမြင့်’ တို့အိမ်ကို ခေါ်လည် လိုက်အုံးလေ”

“ ‘မူနွဲ့’ ကို လိုက်လည်ဖို့ခေါ်နေတာ သုံးလေးခါရှိပြီ ငြင်းနေလို့”

“မကြာခင် အဲဒီအိမ်လိုက်နေရတော့မှာပဲလေ… လူကြီးတွေကိုလည်း သွားတွေ့သင့်တယ်လေ… လိုက်သွားလိုက် သမီးငယ် ”

မိခင်ဖြစ်သူက အတင်းထည့်နေသဖြင့် ‘မူနွဲ့’ လိုက်သွားခဲ့ရ


BURMESE CLASSIC .com

www.burmeseclassic.com


သည်။

"'ကိုသိန်းမြင့်' ကို 'မူနွဲ့' တောင်းပန်ချင်တယ်"

ကားစီးရင်း ပြောခြင်းဖြစ်သည်။

"ဘာများလဲ 'မူနွဲ့' "

" 'မူနွဲ့' ကို လက်ထပ်ဖို့ တကယ်စိတ်ဝင်စားလို့လား..."

"လူကြီးတွေက ကောင်းမယ်ထင်ပြီး စီစဉ်ကြတာပဲလေ... အိမ်ထောင်ပြုသင့်တဲ့ အရွယ်လည်း ရောက်နေပြီဆိုတော့ ခေါင်းငြိမ့်လိုက်တဲ့ သဘောပဲပေါ့"

"ကိုယ်မချစ်ဘဲ ယူရတော့ စိတ်မပျက်ဘူးလား"

'သိန်းမြင့်' က ရယ်ရင်း ...

" 'မူနွဲ့' စိတ်ပျက်နေတာ ကိုယ်သိတယ်"

"ဟုတ်တယ် ... 'ကိုသိန်းမြင့်' လည်း 'မူနွဲ့' ကို ချစ်တာမှ မဟုတ်ဘဲ... တကယ်ဆို ငြင်းသင့်တယ်လေ"

"ငြင်းတာပေါ့... ဒါပေမယ့် ကိုယ်လည်း အရွယ်လွန်တော့ မှာမို့ မိဘတွေကပါ ဖိအားပေးနေလို့ လက်ခံလိုက်ရတာ... ပြီးတော့ 'ကိုကို' ဆိုတဲ့ကောင်က ကိုယ့်ရည်းစားတွေကို လိုက်လိုက်လုလွန်းလို့ အခု ဒီကောင်ခံရမယ့် အလှည့်ပဲလေ"

"တကယ်မချစ်ဘဲ မယူသင့်ဘူးလို့ထင်တာပဲ... အတူနေရတဲ့ အခါ စိတ်ပျက်စရာကြီး ဖြစ်နေမှာပေါ့"

"ဘာလဲ 'မူနွဲ့' က ကိုယ့်ကို မယူချင်လို့လား"

"ဟုတ်တယ်... 'မူနွဲ့' သူ့ကိုပဲချစ်တယ်"

"သူ့လို လူရှုပ်တစ်ယောက်နဲ့ယူရင် မင်းဒုက္ခရောက်မှာဆိုးလို့ လူကြီးတွေက ကောင်းစားအောင် စီစဉ်ပေးနေတာလေ"

" 'ကိုသိန်းမြင့်' လည်း ရည်းစားတွေ အများကြီးထားခဲ့တာပဲ"


BURMESE CLASSIC .com

www.burmeseclassic.com


"ဒါပေမယ့် ကိုယ်ဘယ်မိန်းကလေးကိုမှ စည်းမကျော်ခဲ့ဘူး.. ခိုးမပြေးခဲ့ဖူးဘူး... နာမည်ပျက်မရှိဘူး... မယူနိုင်ခင်တုန်းက ရည်းစားအဖြစ်ပဲ ချစ်သူအဖြစ်ပဲ လက်တွဲခဲ့တာ မဖျက်ဆီးဘူး... 'ကိုကို' ဆိုတဲ့ကောင်က ပန်းကောင်းတွေအများကြီး အညွန့်ချိုးဖူးတဲ့ကောင်... မင်းသူနဲ့လွဲတာ သိပ်ကံကောင်းတာနော်"

'သိန်းမြင့်' စကားကို 'မူနွဲ့' မယုံနိုင်ပါ။

တကယ်ဆိုလျှင် မိမိကို သူငြင်းသင့်သည်။

ယခုတော့ တကယ်ချစ်တာမဟုတ်ဘဲ 'ကိုကို့' ကို ဂလဲ့စားချေချင်တာတစ်ခုနှင့် မိမိကို လက်ထပ်ဖို့လက်ခံခဲ့သည်။

မကြာခင် မိမိဘဝ မချစ်မနှစ်သက်သူ၏ ရင်ခွင်တွင် တစ်သက်လုံး ခိုနားရတော့မည်။ သူမချစ်တာကိုလည်း ကိုယ်သိသည်။

'မူနွဲ့' သတ္တိရှိရှိ မိုက်မိုက်ကန်းကန်း ဆုံးဖြတ်လိုက်ပါသည်။ လူရှုပ်သောနေရာတွင် ရုတ်တရက် ထွက်ပြေးခဲ့ခြင်းဖြစ်သည်။


BURMESE CLASSIC .com

www.burmeseclassic.com


'မူနဲ့' လုပ်ရပ်ကြောင့် မိဘများရော၊ 'မေသင်း' ရော ဝမ်းနည်းပြီး ငိုကြရပါပြီ။

"ခွေးဖြစ်မယ့်ကောင်မ.... သင်းဘဝတစ်လျှောက်လုံး သောကတွေ တွေ့တော့မယ်"

မိခင်ကြီးက သတိရတိုင်း ငိုလိုက်ပြောလိုက် လုပ်နေသော်လည်း စကားနည်းပြီး ရှက်တတ်သော ဖခင်ကြီးကတော့ မျက်ရည်ဝဲပြီး ငြိမ်ချက်သားကောင်းနေပါသည်။ 'ဖော်လေး' တစ်ယောက်တော့ မြွားဦးသူ့ဘက်လှည့်လာမည်ဆိုး၍ မြင်ကွင်းမှ ရှောင်နေပါသည်။

'မူနဲ့' ၏ လုပ်ရပ်ကြောင့် 'စပယ်' တို့ ညီအစ်မကလည်း အကြီးအကျယ် ဒေါပွကြသည်။

"ကောင်းတယ်... 'မေသင်း' ကိုယ်တိုင်က လျှာရှည်ချင်တာ... ကိုယ့်ကိစ္စကိုယ်မလုပ်ဘူး... မင်းညီမကဖြင့် မင်း ဘာလုပ်လုပ် ဘာပြောပြော အကောင်းထင်တာ မြင်တာမဟုတ်ဘူး... အခု 'မစပယ်'


BURMESE CLASSIC .com

www.burmeseclassic.com



တို့က ကိုယ်တို့ကိစ္စကိုတောင် စိတ်ပျက်သလိုပြောနေတာ... 'မေသင်း' တို့မိသားစုနဲ့ မပတ်သက်ချင်ဘူးလို့ ပြောနေပြီ"

"ဟား... ဟား... ဟား... နဂိုထဲက ဒီမိန်းမနှစ်ယောက် ဒီလို ဖြစ်အောင်လုပ်ချင်နေတာ 'မေသင်း' သိပါတယ်နော်... သူတို့က 'မှုန့်' လောက်မှ အထင်ကြီးနေကြတာ... ထိမှကောင်းတယ်... သူတို့သဘောမတူတာနဲ့ ရှင်က ချော်လဲရောထိုင် လုပ်ချင်လို့လား... 'မှုန့်' ဆိုတဲ့ ကောင်မက ပညာမတတ်လို့ မိုက်လုံးကြီးတယ်ထား 'မေသင်း' ကတော့ ပညာတတ်လို့ မာနကြီးတယ်နော်... ရှင်နဲ့ မပေါင်းရလို့ သေမသွားလောက်ပါဘူး"

" 'မေသင်း' က ပြောလိုက်ရင် စည်းလွတ် ဝါးလွတ်ကြီးပဲ... မင်းကို ကိုယ့်ဘက်က ဘယ်တော့မှစပြီး သစ္စာမပျက်ဘူးဆိုတာယုံ မာနစကားမျိုးပြောကြေးဆိုရင် ကိုယ်လည်း ပညာတတ်ဆရာဝန်ပဲ လက်ထပ်ချင်တဲ့ မိန်းမလှတွေ ပုံနေတာပဲ"

"ပုံနေလည်း အဲဒါတွေပဲယူလိုက်... တစ်ခုတော့ မှာလိုက်မယ် ရှင်မိန်းမ မယူမခြင်း 'မေသင်း' စောင့်နေမယ်... 'မေသင်း' နဲ့ လက်ထပ်မယ်ဆိုရင်တော့ ရှင့်အစ်မတွေ လက်အောင်က လွတ်ထွက်အောင် ကြိုးစားခဲ့"

" 'မေသင်း' က သူတို့ကို အလကား စိုးရိမ်နေတာ... ကိုယ်တို့ လက်ထပ်ပြီးရင် ကိုယ်တာဝန်ကျတဲ့ မြို့မှာလိုက်နေရမှာပဲ... 'မှုန့်' ကြောင့် ကိုယ်တို့ကိစ္စ ပျက်စရာမလိုပါဘူး... ကိုယ့်စကား မှားသွားရင် တောင်းပန်ပါတယ်နော်"

'မေသင်း' ၏ အလှကိုမှ မက်တွယ်နေမိသော 'အေးလွင်' တစ်ယောက် မာနကြာကြာမကြီးနိုင်ပါ။

မိန်းမလှတွေပေါပါသည်။

သို့သော် 'မေသင်း'၏ မျက်လုံးကျယ်နှစ်ခုက စူးစူးလက်



BURMESE CLASSIC .com

www.burmeseclassic.com


လက်နှင့်စိုက်ကြည့်လိုက်လျှင် အနေရခက်လောက်အောင် စွဲဆောင်မှုရှိလွန်းပါသည်။ မုန်း၍ကြည့်လျှင် တစ်ဖက်လူ အခိုးအငွေ့ဖြစ်သွားနိုင်လောက်အောင် ပြင်းထန်နေပြီး ချစ်၍ကြည့်လျှင် အကြည့်ခံရသူအရည်ပျော်ပြီး သူမကို အရှုံးပေးအနိုင်ယူစေခဲ့ပါသည်။


မျက်ခုန်း၊ နှာတံလှပြီး နှုတ်ခမ်းထူအမ်းအမ်းကို တင်းတင်းစေ့ပြီး မထိတထိ ပြုံးပုံက သူမ၏အလှကို ပိုပေါ်လွင်စေပါသည်။ သူမ၏မာနကို ပိုဖော်နေပါသည်။

ကျောင်းဆရာမဖြစ်၍ ကျောင်းအင်္ကျီအဖြူကို အမြဲဖြူဖွေးသစ်လွင်စေပြီး အချိုးကျကျဝတ်တတ်သည်။

မိုက်သားချပ်ချပ်၊ ကိုယ်လုံးလှလှနှင့် အမြဲကျော့ရှင်းနေတတ်သည်။

သူမကို စမြင်သည့်နေ့ကစ၍ စွဲလန်းမိခဲ့သူပါ။

ထို့ကြောင့် သူမစိတ်ကောက်တိုင်း မိမိကသာ အရှုံးပေးခဲ့ရစမြဲပါပဲ။



www.burmeseclassic.com


"ဟော… 'ဇော်လေး' ဒီနေ့အစောကြီးပါလားကွ"

ဟုတ်ပါသည်။ ယနေ့ ကျောင်းမတက်ခင် ယောက်ဖအိမ် ရောက်ခဲ့ခြင်းဖြစ်သည်။

"ဟုတ်တယ်… 'မမလေး' နဲ့တွေ့ချင်လို့ တမင်စောစောထွက် လာတာ"

" 'မူနွဲ့' က ဘယ်သွားလို့လဲ"

"ဟင်… ဒီအိမ်မှာ မဟုတ်ဘူးလား… မနေ့က 'ကိုသိန်းမြင့်' မင်္ဂလာအခမ်းအနား ပစ္စည်းဝယ်ဖို့ထွက်သွားရင်း 'မမလေး' ထွက် ပြေးသွားခဲ့တာ… အိမ်ပြန်ရောက်မလာလို့ အိမ်မှာ ငိုကြွယိုကြွ ဆူ ကြပူကြနဲ့ ကျွန်တော်ဖြင့် အိမ်မှာကို မနေချင်တော့ဘူး"

"ဟောဗျာ… 'မူနွဲ့' ဒီကို ရောက်မလာဘူး… ဘယ်တွေ လျှောက်သွားနေလဲ မသိဘူး… ညကတောင် ကိုယ် မင်းတို့အိမ်ရှေ့ ရောက်ခဲ့သေးတယ်"

'မမကြည်' တို့ ညီအစ်မရောက်လာပြီး …


BURMESE CLASSIC .com

www.burmeseclassic.com


"သူ မနှစ်သက်တဲ့လူကို မယူချင်လို့ တစ်နေရာသွားပုန်းနေတာဖြစ်မှာပေါ့"

"ဟာ... 'မညို' တို့အိမ်မှာ ရှိနိုင်တယ်... သူ့ကို 'မညို' တို့ က သိပ်ချစ်တာ... ကျွန်တော် သွားခေါ်လာခဲ့မယ်... 'မမကြည်' တို့ သဘောတူတယ်မဟုတ်လား"

"မတူစရာမရှိပါဘူး... မင်းတို့ချင်းလည်း ကြိုက်နေကြတာပဲ... ဒါပေမယ့် 'မှုန့်' ဆန္ဒမပါဘဲနဲ့တော့ ခေါ်မလာနဲ့နော်"

"ဒါဆိုရင် မမတို့ပါလိုက်ခဲ့လေ... သူမကြည်ဖြူရင် အတင်းမခေါ်ပါဘူး"

"အင်း... ငါတို့ကိုခေါ်သွားပြီး တောင်းခိုင်းတာက အရေးမကြီးဘူး... မင်း မဟုတ်တာလုပ်ရင် ငါတို့နာမည်ပျက်မှာ"

"စိတ်ချပါ... 'မှုန့်' ကို ကျွန်တော် တစ်သက်လုံး သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းမှာပါ"

"အပြောနဲ့အလုပ်ညီပါစေနော်... ကျုပ်တို့ညီအစ်မကို 'မှုန့်' ကတော့ ပြန်ခံမသတ်ပါဘူး... နာမည်မဖျက်ပါဘူးထင်ပါရဲ့"

"ဟာ... 'မှုန့်' သည်လောက်အေး... သည်လောက်သဘောကောင်းတာ ဟောဒီ 'ဇော်လေး' ကိုသာမေးကြည့် သဘောကောင်းလွန်းလို့... သူများကို သနားတတ်လွန်းလို့... သူသုံးရမယ့် ပိုက်ဆံဆို 'မညို' တို့ အလုပ်သမားတွေကို ပေးလိုက်... ချေးလိုက်နဲ့ ကုန်နေတာ... သိပ်အနစ်နာခံတတ်တာ... ဒါကြောင့် 'မေသင်း' က ကြည့်မရတာ"

"အေးပေါ့လေ... ငါတို့နဲ့ တည့်ရင်ပြီးတာပါပဲ"

'ဇော်လေး' က အစ်မအတွက် စိတ်ပူပြီး ...

"ပထမတစ်ယောက်တုန်းက 'မမကြည်' တို့နဲ့ မတည့်လို့လား ဆိုးလို့လား"

www.burmeseclassic.com


"ဆိုးချက်ကတော့ ကမ်းကုန်တယ်ဟေ့... နေဖင်ထိုးမှ ထတယ် ငါတို့ချက်ပြုတ်ပြီးသားကို အရုံသင့်ရူးခတ်စားတယ်... သူစားတဲ့ ပန်းကန်တောင် မကောင်းတတ်လို့ ဆေးတာ စင်အောင်မဆေးဘူး ဘယ်လောက်ပျင်းသလဲဆိုရင် ခြင်ထောင်တောင် မသိမ်းဘူး... ထမီကို ကွင်းလိုက်ချွတ်ထားတာ... ညှော်သည် ဆောင်သည်လာရင် မြင်သွားမှာဆိုးလို့ ငါတို့က ဝင်ပြောတော့ နေရာတကာပါတယ်လို့ လမ်းထဲမှာ လျှောက်ပြောတယ်... ဘယ်လောက်ဆိုးသလည်းဆို တမင်ကို အခန်းထဲမှာ ဖွထားတယ်... ထမီကွင်းလိုက်ထားတာကို 'ကိုကို' က လိုက်သိမ်းရတယ်... အဝတ်တွေလည်း မလျှော်ဘဲနဲ့ လုံးထွေးပြီး ကုတင်အောက်ထဲ ထိုးထည့်ထားတာ... အဝတ်လျှော် သယ်ခေါ်ဖို့ စုထားတာတဲ့... ငါတို့အိမ်မှာ မောင်သုံးယောက်ရဲ့ အဝတ်တွေကို ငါတို့ညီအစ်မလျှော်တယ်... မီးပူတိုက်တယ်... သူနဲ့ ယူပြီးမှတော့ 'ကိုကို့' ရဲ့ အဝတ်ကို သူလျှော်ရမှာပေါ့ မဟုတ်ဘူး လား"

"အင်းပေါ့... သည်လောက်ပျင်းမှတော့ ယောကျ်ားမယူနဲ့ ပေါ့... 'မမကြည်' တို့ကလည်း ဘာလို့အိမ်ပေါ်ခေါ်ထားသေးလဲ... အိမ်ခွဲပေးလိုက်ပေါ့... ဒါဆို သူပဲချက်ကျွေးရမှာ... သူပဲလျှော်ပေး ရမှာ"

"အံမာ... သူကအိမ်ခွဲချင်နေတာ... ငါတို့မှာ အိမ်ခန်းတွေပေါ မှန်းသိလို့ သပ်သပ်နေချင်တာ... ခွဲသွားတော့ ဘာနဲ့သွားစားမလဲ 'ကိုကို' မှ အလုပ်မလုပ်တာ"

"မိန်းမယူပြီးရင်တော့ လုပ်ရမှာပေါ့"

'ဇော်လေး' က 'ယောက်ဖ' ကို လှမ်းကြည့်ရင်း ပြောခြင်း ဖြစ်သည်။

"အရင်ကတော့ ငါတို့ပဲ ပေးမလုပ်တာပါ... သူအလုပ်ထွက်

www.burmeseclassic.com


လုပ်ရင် ပိုတောင်စိတ်ပူရသေးတယ်… တစ်ခါတစ်လေ အိမ်ပြန်မလာဘူး… အိမ်မှာပဲစား… အိမ်ကပဲ အဝတ်အစားဝယ်ပေးနေတာတောင် သူ့လခနဲ့သူ မလောက်ဘူး… ရုံးမှာ အကြွေးတွေ ယူ ယူထားလို့ ငါတို့ကပဲ ဝိုင်းစပ်ပေးနေတာ”

‘ဖော်လေး’ စိတ်ပူနေပါပြီ။ အစ်မနှင့်ယှဉ်ပြီးလျှင်ရော။

“အင်း… ‘မူနွဲ့’ကတော့ ရှာတတ်ဖွေတတ်တော့ တော်သေးတာပေါ့”

“ ‘မမလေး’ ကို စက်ချုပ်လုပ်ငန်း ပေးမလုပ်ကြတော့ဘူး… ‘မမေသင်း’ ပြန်ဦးစီးနေတယ်”

“ရပါတယ်… ငါတို့ပြန်တည်ထောင်ပေးမှာပေါ့… ငါတို့စကားနားထောင်ရင် ငါတို့အားလုံးနဲ့ တည့်ရင် ငါတို့ခိုင်းတာလုပ်ရင် ဘာမှ အဆင်မပြေစရာမရှိဘူး”

အစ်မဖြစ်သူကို အိမ်ပြန်ခေါ်ရကောင်းမလား၊ ဒါမှမဟုတ် ဤအိမ်သူအဖြစ် လွှဲအပ်ရကောင်းမလားဆိုသည့် အတွေးများဖြင့် ကျောင်းသို့ ထွက်ခဲ့ရတော့သည်။



www.burmeseclassic.com


# ၇

“အိမ်ကိုသာပြန်ပါ ‘မမူနွဲ့’ ရယ်… တော်ကြာ ‘မညို’ တို့ လက်ခံထားရကောင်းလားလို့ ‘မမေသင်း’ က လာရန်ထောင်နေပါ့အုံးမယ်”

“အို… အိမ်တော့မပြန်ဘူး… ဟိုလူနဲ့ အတင်းပြန်ပေးစားနေအုံးမှာ”

“ ‘ကိုသိန်းမြင့်’ ကလည်း ဘယ်ယူတော့မှာလဲ… သူ့ကို မနှစ်သက်လို့ ထွက်ပြေးတာမှန်း သိသွားပြီပဲ”

“ဘာလဲ… နင်တို့အိမ်မှာ မနေစေချင်လို့လား… နင်တို့ အလုပ်လုပ်တဲ့ စက်ရုံမှာ ငါဝင်လုပ်မှာပါ… နင်တို့အိမ်မှာ မနေစေချင်ရင်လည်း ငါအဆောင်ရှာနေမှာပါ”

‘မညို’ က တောင်းပန်သလိုပုံစံဖြင့် …

“သည်လိုမပြောပါနဲ့ ‘မမူနွဲ့’ ရာ… ‘မမူနွဲ့’ ရဲ့ကျေးဇူးတွေ ‘ညို့’ အပေါ်မှာ အများကြီးပါ… အလုပ်ထွက်လုပ်ချင်လုပ်ပါ… သုံး


BURMESE CLASSIC .com

www.burmeseclassic.com


ရစွဲရတာပေါ့... အဆောင်မှာတော့ နေစရာမလိုပါဘူး... ဘယ်သူ ဘာပြောပြော 'ညို' ခံနိုင်ရည်ရှိအောင် ကြိုးစားမှာပါ... အမှန်အတိုင်းပြောရရင် တစ်နေ့နေ့ 'မမူနွဲ့' ကို ကျေးဇူးဆပ်ခွင့်ကြုံပါစေလို့ အမြဲ ဆုတောင်းခဲ့တာပါ"

"ဒါဆိုလည်း ပြီးတာပဲ... နက်ဖြန် နင်တို့ အလုပ်ရှင်ဆီ ငါ့ကို ခေါ်သွားပေးလေ"

"ခေါ်သွားမှာပေါ့"

'ညို' နှင့် 'မူနွဲ့' တို့ အပြင်ထွက်သွားချိန်တွင် 'ကိုကို' တို့ မောင်နှမသုံးယောက် ရောက်လာကြခြင်းဖြစ်သည်။

ညနေ တစ်ခေါက်ထပ်လာမည်ဟု မှာသွားကြသည်။

စက်ရုံတွင် 'မူနွဲ့' ၏ အလုပ်သမားဟောင်းများဖြင့် သွားစုံကြသည်။ အားလုံးက 'မူနွဲ့' ရောက်လာသဖြင့် ပျော်နေကြသည်။ သူတို့အိမ်များတွင်လည်း တလှည့်စီလိုက်နေနိုင်ကြောင်း ဝမ်းသာအားရခေါ်ကြရှာသည်။

'ညို့' မိဘများက 'မူနွဲ့' မိဘများထံ တာဝန်ကျေစွာ သတင်းပို့ပေးပါသည်။

"ညနေကြရင် သူတို့ထပ်လာမယ်ပြောသွားတယ်... 'မူနွဲ့' က အိမ်ထောင်ပြုချင်သေးပုံမပေါ်ဘူး... 'သိန်းမြင့်' ကို မယူချင်လို့ မချစ်လို့ ထွက်ပြေးတာသက်သက်ပဲ... ပြန်ခေါ်ထားရင် မှီသေးတဲ့ အကြောင်း လာပြောပြတာပါ"

'ဦးမျိုးညွန့်' က ခေါင်းကို အကြိမ်ပေါင်းများစွာခါရင်း ...

"ခုလိုလာပြောတာ ကျေးဇူးအများကြီးတင်ပါတယ်ဗျာ... ဒါပေမယ့် သူစိတ်ချမ်းသာမယ်ထင်လို့ ထင်ရာလုပ်သွားခဲ့ပြီပဲ... ပြန်ခေါ်ထားရင်လည်း ဒီကောင့်နောက်ပဲ တစ်နေ့လိုက်မှာပဲလေ... ဒီလမ်းထဲမှာလည်း အားလုံးက 'ကိုကို' နဲ့ လိုက်ပြေးသွားပြီပဲ ထင်


BURMESE CLASSIC .com

www.burmeseclassic.com


နေကြတာ... တစ်ခုတော့ ရှိတာပေါ့လေ... 'ကိုကို' နဲ့ ထပ်မပတ်သက်တော့ဘူးဆိုတာ ဂတိပေးနိုင်ရင်တော့ အချိန်မရွေးအိမ်ကို ပြန်လာနိုင်တဲ့အကြောင်း ခင်ဗျားတို့ကတဆင့် ပြောပေးပါ... သူ ဂတိပေးတယ်ဆိုရင် ကျုပ်ကိုယ်တိုင်လာခေါ်မယ်လို့ ပြောပေးပါ"

"ဟုတ်ကဲ့... ပြောပေးပါ့မယ်"

ညနေဘက် 'မူနွဲ့' တို့ ပြန်ရောက်လာသောအခါ 'မညို' ၏ အဖေက ဆုံးမသည်။ အိမ်ပြန်ရန်ပြောပြသည်။ 'ညို' ကလည်း ...

"ဟုတ်ပါတယ် 'မမူနွဲ့' ရယ်... မိသားစု သဘောမတူတာနဲ့တော့ မယူပါနဲ့... 'ကိုကို' က လူပျိုမဟုတ်တာတစ်ပြစ်... ပွေတာက တစ်ပြစ်နော်... လူပျိုမဟုတ်တာ ထားပါ... ပွေတာက အကျင့်မပျောက်ရင် ခက်မယ်နော်"

'မူနွဲ့' အဖြေမပေးဘဲ ငိုင်တွေနေစဉ် ...

'ကိုကို' တို့ မောင်နှမသုံးယောက် ထပ်ရောက်လာကြသည်။

" 'မူနွဲ့' ကို လက်ထပ်ချင်တယ် ပူဆာနေလို့ 'မမကြည်' တို့ လာကြောင်းလမ်းတာပဲကွယ်... 'မူနွဲ့' လက်ခံမယ်ဆိုရင် နေ့ကောင်းရက်သားရွေးပြီး စီစဉ်စရာရှိတာ အမြန်ပဲ စီစဉ်လိုက်ကြရအောင်လေ"

'မူနွဲ့' လက်ခံချင်ပါသည်။ သို့သော် မိသားစုကလည်း ကျေနပ်စွာ လက်ခံစေချင်ပါသည်။

"အဖေတို့ အမေတို့ရဲ့ ခွင့်ပြုချက်လည်း ရချင်ပါသေးတယ်"

ထိုစကားကြောင့် 'ကိုကို' ဒေါပွသလိုဖြစ်သွားပြီး ...

"ဟာ... သူတို့က နဂိုထဲက သဘောမတူလို့ 'သိန်းမြင့်' နဲ့ ပေးစားတာပဲ... ခွင့်ပြုမယ်မထင်ပါဘူး... ဘာလဲ သူတို့ခွင့်မပြုရင် လက်မခံဘူးပေါ့ဟုတ်လား"

'မမကြည်' က မောင်ဖြစ်သူ ကျောပြင်ကို အသာပုတ်ရင်း...

ကြောင်နှစ်ကောင်စာအုပ်တိုက်
BURMESE CLASSIC .com

www.burmeseclassic.com


"စိတ်ရှည်ရှည်ထားမှပေါ့ကွယ်… 'မူနွဲ့' သဘောကို 'မမကြည်' နားလည်ပါတယ်… သဘောတူသည်ဖြစ်စေ မတူသည် ဖြစ်စေ ခွင့်တောင်းကြည့်ချင်တဲ့ သဘောမျိုးမဟုတ်လား"

'မူနွဲ့' ခေါင်းညိမ့်ပါသည်။

'ကြည်ကြည်' နှင့် 'သီသီ' တို့ကို တံခါးပင်ဖွင့်မပေးကြပါ။

"'ဇော်လေး' နော်… နင်အဲဒီအိမ်သွားတယ်ကြားရင် အထုတ်ပြင်ပြီး ဆင်းဖို့သာပြင်"

'မေသင်း' က တမင်ကြားအောင် ပြောခြင်းဖြစ်သည်။

ထိုစကားကို 'ကိုကို' ကြားရသောအခါ 'မေသင်း' ကို ခါးကြိမ်းကြိမ်းနေတော့သည်။ ညဘက်တွင် 'မေသင်း' တို့အိမ်ရှေ့တွင် အသံပြကြီးဖြင့် သွားပြန်အော်ပါတော့သည်။

"ယောက်ဖရေ… မင်းကို နင်ချရင် ဆင်းခဲ့… ကြားလား… ကျောင်းလည်းထားပေးမယ်… ကောင်းကောင်းလည်း ကျွေးထားမယ်"

ထိုအော်သံကြောင့် 'မေသင်း' အိမ်တွင်း၌ ဒေါသူပုန်ထနေပါတော့သည်။

"တွေ့လား… ဘယ်လောက်လူပါးဝလဲ… ယူတောင်မယူရသေးဘူး… စော်ကားချင်နေပြီ… ဒီလိုကောင်မျိုး အိမ်ထဲသွင်းဖို့မပြောနဲ့… အိမ်ရိပ်တောင်မနင်းစေနဲ့… ရှိသေရမှန်း လေးစားရမှန်းမသိဘူး"

"အဖေတို့ အမေတို့ကို နက်ဖြန် ကျွန်တော်တို့ လက်ထပ်တော့မယ့်အကြောင်း ကြိုတင်အသိပေးဖို့လာတာပါနော်… အဖေတို့စိတ်ပြေတဲ့နေ့ ကျွန်တော်တို့ အိမ်ကိုလာလည်ပါနော်… လာနေချင်လည်း အိမ်ဦးခန်းမှာ တင်ကျွေးထားမှာပါခင်ဗျာ"

အိမ်နီးနားချင်းတွေ ရယ်နေကြပါသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com


"ကြည့်စမ်းပါအုံး... သောက်ရှက်မရှိ လာအော်နေတယ်... ထွက်တောင်ရိုက်ချင်လာပြီ"

"ဟဲ့... ဟဲ့... မထွက်နဲ့... ပိုဆိုးကုန်မယ်... သူ့အရှက်မရှိတာ ကိုယ်နဲ့မဆိုင်ဘူး... ဘာသံမှ မကြားရင် ပြန်ထွက်သွားလိမ့်မယ်"

သုံးရက်ခန့်ကြာသောအခါ အိမ်ကိုဖိတ်စာရောက်လာပါသည်။ အိမ်နီးနားခြင်းများထံလည်း ဖိတ်စာရောက်သည်။

'ဇော်လေး' သွားချင်လွန်းမှန်းသိ၍ ထိုနေ့တွင် မနက် (၅) နာရီထဲက မိသားစုတစ်စုလုံး ပဲခူးဘုရားဖူးထွက်သွားလိုက်သည်။ မိုးချုပ်မှ အိမ်ပြန်ရောက်သည်။

"စည်လိုက်တာ 'စောရီ' ရယ်... ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားလုပ်ပေးတာဟဲ့... ဆွေကြီးမျိုးကြီးတွေလည်းဖြစ်... မိတ်ဆွေတွေလည်းများတော့ လက်ဖွဲ့တွေဆိုတာ ပုံနေတာပဲ... 'မူနွဲ့' ကိုလည်း ကောင်းပေ့ဆိုတဲ့ မင်္ဂလာဝတ်စုံ နှစ်စုံလဲပေးတာ... စိန်တွေ ရွှေတွေလည်း သီးနေအောင် ဝတ်ပေးထားတာ... 'မူနွဲ့' ကို ရွှေနှစ်ကျပ်သား အပိုင်ပေးကြတာ... မင်္ဂလာဆောင်ပြီးလို့ တပတ်လောက်နားပြီးရင် အပ်ချုပ်လုပ်ငန်းအသစ် ပြန်ထောင်ပေးမယ်တဲ့... ဒီမှာ အလုပ်လုပ်သွားတဲ့ 'မညို' တို့ အုပ်စုကလည်း အဲဒီလုပ်ငန်းမှာ ပြန်ဝင်လုပ်ကြမယ်တဲ့လေ"

'ဒေါ်ငွေရင်' စကားများက မိခင်ကြီးရင်ကို အေးမြစေပြီး၊ နားထဲတွင် စမ်းရေစီးသံလို သာယာငြိမ့်ညောင်းနေပါသည်။ နားဝင်ပီယံရှိလှပါသည်။

သို့သော် 'မေသင်း' ကတော့ နားမထောင်ချင်သည့် ပုံစံဖြင့် အိမ်တံခါးကို ကြမ်းတမ်းစွာဖွင့်ပြီး ဝင်သွားခဲ့ပါသည်။

'ဇော်လေး' တစ်ယောက် တစ်နေ့သုံးလေးခေါက်ရောက်အောင် သွားတတ်သလို၊ ပြန်လာတိုင်း စားစရာဖြစ်ဖြစ် တစ်ခုခု


BURMESE CLASSIC .com

www.burmeseclassic.com


ပါလာစမြဲ။

"နက်ပြန် စက်ချုပ်ဆိုင်ဖွင့်တော့မယ်... ဒီမှာလိုပဲ စက် (၁၀) လုံးနဲ့ချုပ်မှာ... အရင်ဖောက်သည်ဟောင်းတွေက အကုန်ပြန်လက်ခံတယ်တဲ့"

"ဟုတ်လား... 'မူနွဲ့' တို့ ဒီအလုပ်ကို ကျွမ်းပြီးသားပဲလေ... ငါတို့မှာသာ စက်တွေရော... အထည်လိပ်တွေရော ဈေးလျှော့ရောင်းလိုက်ရတာ နှမြောဖို့ကောင်းလိုက်တာ"

" 'မမူနွဲ့' က သူ့လုပ်ငန်းအဆင်ပြေရင် အဖေနဲ့အမေကို တစ်လတစ်သောင်း ကန်တော့မယ်တဲ့"

"အို... နေပစေလို့ပြောလိုက်... 'မေသင်း' သိရင် မိုးမီးလောင်လိမ့်မယ်"

"ဘာဆိုင်လဲ... ကိုယ့်မိဘ ကိုယ်ကန်တော့တာပဲ"

"အော်... သူက သဘောတူတာ မဟုတ်ဘူးလေ"

"သူလည်း သူကြိုက်တာနဲ့ သူယူမှာပဲ... 'မမူနွဲ့' ကို 'မမကြည်' တို့ မောင်နှမတွေက ချစ်မှချစ်... 'မမူနွဲ့' ကလည်း သိပ်နေတတ်တာ... 'မမူနွဲ့' ရောက်ပြီးထဲက အပျိုကြီးနှစ်ယောက် မီးဖိုထဲတောင် မဝင်ရတော့ဘူးတဲ့"

"အပ်ချုပ်ဆိုင်မထိုင်ဘဲ မီးဖိုထဲပဲဝင်နေလို့ ဖြစ်မှာလား"

" 'မညို' ကို လွှဲလို့ရနေတာပဲ... 'မမူနွဲ့' က အထည်လိပ်တွေဝယ်ပေးပြီး ဒီဇိုင်းအသစ်ရှာပေးယုံပဲ သဘောပြောရရင် မီးဖိုထဲလည်း သူ ဘုရင်မ... လုပ်ငန်းမှာလည်း ဘုရင်မပဲပေါ့... 'ကိုကို့' ညီနှစ်ယောက်ဆို 'မမူနွဲ့' ကို တစ်ချိန်လုံး 'မမ'... 'မမ' နဲ့ နေတာပဲ... သိတဲ့အတိုင်း 'မမူနွဲ့' ကလည်း အရံသင့် ခူးခပ်ပေးထားတာ... အိပ်ခန်းတွေထဲလည်း ဝင်ရှင်းပေး... ဘီဒိုတွေထဲ ဝင်ရှင်းပေးနဲ့... အရမ်းတည့်တာ... ကျွန်တော်တောင် ကိုယ့်အစ်မနဲ့ အတူမနေရ


BURMESE CLASSIC .com

www.burmeseclassic.com


တော့လို့ ဝမ်းနည်းသလို ဖြစ်လာမိတယ်”

လှိုင်းထနေသောအသံဖြင့် မျက်ရည်ဝဲရင်း ပြောနေသော ‘ဇော်လေး’ ၏ ပုခုန်းကို မိခင်က ကြင်နာစွာ ဆုတ်ကိုင်ရင်း ...

“ဒီလိုပဲပေါ့ သားရယ်... အချိန်တန် အရွယ်ရောက်လာရင် ကိုယ်ခင်တွယ်တဲ့ လူနောက်ပါသွားကြတာကြီးပဲ... ငါ့သားလည်း တစ်နေ့ဒီလိုပဲ တခြားမိသားစုထဲ ရောက်သွားမှာပဲ... အရေးကြီးတာက ရောက်တဲ့အရပ်မှာ ပျော်အောင်နေပြီး တွေ့တဲ့လူနဲ့ တဲ့ အောင်ပေါင်းနိုင်ဖို့ပဲ... သူအဆင်ပြေနေတယ်ကြားတော့ အမေတို့ ဝမ်းသာရတာပေါ့ကွယ်”

ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com


သီတင်းကျွတ်ခဲ့ပြီ။

မြန်မာတို့၏ ထုံးစံအရ လူကြီးသူမများကို ကန်တော့ကြချိန်။ အိမ်တံခါးဖွင့်ပြီး လာကန်တော့သူများကို ကျေနပ်စွာ လက်ခံတွေ့ဆုံရချိန်။

'မုန့်' တို့လင်မယား ရောက်လာမည်ဆိုတာ သိပြီးသား။

လင်ဗန်းထဲတွင် ငွေနှစ်သောင်း၊ မုန့်ပုံး၊ ပါတိတ်၊ ပုဆိုးနှင့် အခြားဖွယ်ဖွယ်ရာရာ ပါသေးသည်။

'မေသင်း' က 'ကိုကို့' ကိုမြင်သည့် ဝုန်းကနဲထိုင်ရာမှ ထသွားခဲ့သည်။

"အေး... အေး... ကျန်းမာပါစေ... ချမ်းသာပါစေ... ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်"

ထိုနေ့ ထိုရက်မှစ၍ 'မုန့်' တစ်ယောက် မိဘများအိမ်သို့ မကြာခဏ ရောက်နေတော့သည်။

"နင်ကလည်း ကလေးယူတာ ချက်ခြင်းပဲ... နေပါအုံးလား


BURMESE CLASSIC .com

www.burmeseclassic.com


တစ်နှစ် နှစ်နှစ်"

အဝင်အထွက်များလာတော့ 'မေသင်း' က စကားပြန်ပြောပါသည်။ သို့သော် 'ကိုကို' ပါလာရင်တော့ ထွက်မတွေ့တတ်။

" 'မမသီ' တို့က ကလေးချီချင်လို့တဲ့လေ... သူများကလေးတွေကြီး သွားသွားချီနေရတာ အားမရဘူးတဲ့"

"ဒါနဲ့ နင်တို့လုပ်ငန်းက အရမ်းအောင်မြင်နေပြီဆို"

"ဟုတ်တယ်... အရင်ထဲက လုပ်နေကြဆိုတာ မခက်တော့ဘူးလေ"

"အဲဒီလုပ်ငန်းဝင်ငွေကို 'မကြည်' တို့ကသိမ်းတာဆို"

"အင်းလေ... သူတို့ပဲ ရင်းနှီးပေးထားတာကိုး"

"နင်သိပ်အတယ်... ကိုယ့်အကြံဉာဏ်ကို သူတို့ရှုးစားသလိုဖြစ်သွားတာပေါ့"

"သူတို့က မောင်နှမအားလုံးကို ပြန်ခွဲပေးတာပါပဲ... 'မူနွဲ့' ကို သီးသန့်တစ်လ (၂) သောင်းပေးတယ်"

"ဟဲ့... နင့်လုပ်ငန်းက ၂ သိန်းလောက်ဝင်တာ မဟုတ်လား"

"အခုတော့ ၁ သိန်းလောက်ပဲ ဝင်သေးတယ်... သူတို့က နေရာရော... စက်တွေရော... အထည်လိပ်ဖိုးတွေပါ ရင်းထားရတာလေ... စားပြီးသောက်ပြီး နှစ်သောင်းရတာ မနည်းပါဘူး... အဝတ်အစားလည်း ဝယ်မဝတ်ရဘူး... ကျန်တဲ့ကုန်ကျစရိတ်ဘာမှ မရှိဘူးလေ... 'ကိုကို' တို့ ညီအစ်ကိုတွေကို တစ်ယောက်တစ်သောင်းပေတယ်"

"ဟိုလူပျိုနှစ်ယောက်က ဘာအလုပ်မလုပ်ဘဲ ဇိမ်နဲ့ရသွားတာပေါ့... နင် တခြားမှာ ဆိုင်ခန်းရှာပြီး ကိုယ့်အပိုင် လုပ်ပါလား... ငါအရင်းအနှီးထုတ်ပေးမယ်"

"ဟာ... မကောင်းပါဘူး... သူတို့က 'မူနွဲ့' အလုပ်မလုပ်နိုင်


BURMESE CLASSIC .com

www.burmeseclassic.com


လည်း တင်ကျွေးထားမယ့် လူစားမျိုးတွေပါ... အခုလည်း ပိုတဲ့ ငွေတွေ သူတို့ သပ်သပ်စုထားတာ... ကလေးမွေးဖွားစရိတ်တို့ မွေးလာမယ့်ကလေးအတွက် ခုထဲက ဟိုဟာဝယ်မယ်... ဒီဟာဝယ်မယ်လုပ်နေကြတာ”

“ငါတစ်ခု သဘောမပေါက်တာ နင့်ကိုကျတော့ လက်ထပ်ပြီးတာနဲ့ တန်းအလုပ်လုပ်ခိုင်းပြီး နင့်ယောကျ်ားကျကတော့ ခုထိဘာအလုပ်မှ မလုပ်သေးဘူးလား... အလုပ်မရှိဘဲ ထိုင်စားနေတာ မရှက်ဘူးလား မသိဘူး”

“သူတို့မောင်နှမ ငါးယောက်အတွက် အိမ်လခတွေရှိတယ်လေ... စားပြီးသောက်ပြီး တစ်လကို တစ်ယောက်တစ်သောင်းစီ အမြဲခွဲယူကြတာ... တိုက်ခန်းတွေအများကြီး ငှားစားထားတာ ‘မမေသင်း’ ရဲ့”

“ဘယ်လောက်ရှိရှိလေ... အိမ်ထောင်ရှင် ယောကျ်ားတစ်ယောက်အနေနဲ့ အလုပ်မရှိတော့ သိမ်ငယ်တာပေါ့”

“အင်း... သူလည်း ပြောပါတယ်... နောက်ဆို သားသမီးတွေ တိုးလာမယ်ဆိုတော့ ဝင်ငွေများတော့ ပိုကောင်းတာပေါ့တဲ့... သူများရဲ့ လခစားလည်း မလုပ်ချင်ဘူးတဲ့လေ... ‘မမကြည်’ ကတော့ အိမ်ကကားနဲ့ အော်ဒါလိုက်ဖို့ပြောနေတယ်”

“ဒီမိန်းမတွေက ခေါင်းပုံဖြတ်အုံးမှာ သေချာတယ်... နင်တို့လင်မယား သီးသန့်နေပြီး ကိုယ်ရှာတာ ကိုယ်ယူဖို့ကောင်းတယ်... ခုတော့ မိဘအမွေလည်း သူတို့ပဲ လက်ဝါးကြီး အုပ်ထားတယ်”

“သူတို့က အပျိုကြီးတွေပဲလေ... မောင်တွေကို မျှမျှတတပေးပါတယ်”

“တစ်နေ့လင်မယူဘူးလို့ ပြောနိုင်မလား”

“အင်း... လင်ယူရင်တော့ သူ့မောင်တွေက တမျိုးစီစဉ်မှာပါ

www.burmeseclassic.com


လောလောဆယ်တော့ သူတို့ကပဲ ဦးစီးပြီး အာဏာရှိနေကြတာ… ကောင်းလည်းကောင်းနေကြတယ်… မတ်တော်မောင်နှစ်ယောက် ကလည်း သူ့အစ်မနှစ်ယောက်ကို အမေလိုချစ်တာ… သိပ်လိမ္မာကျ တာ… 'ကိုကို' က 'မမကြည်' တို့ကို ပြဿနာရှာရင်တောင် သူတို့ နှစ်ယောက်က လက်မခံဘူး"

"အမယ်လေး… အိမ်ထောင်မကျသေးလို့ပါအေ… သူစိမ်း ဖက်ရင် အကုန်ကွဲပြဲကုန်ကြတာပဲ"

"'မူနွဲ့' ကတော့ သူစိမ်းဖြစ်ပေမယ့် သူတို့ကောင်းရင် ကိုယ် ပြန်ကောင်းနိုင်အောင် ကြိုးစားနေမှာပါ"

"ဒါကြောင့် ဟိုဟာတွေက နင့်ကို ကျွန်တစ်ယောက်ရသလို မြှောက်ပြီးခိုင်းနေကြတာ မဟုတ်လား… မတ်တွေရဲ့ အဝတ်တွေ လျှော်ရ… မီးပူတိုက်ရတယ်ဆို… အိပ်ယာတောင်သိမ်းပေးရတယ် ဆို… ထမင်းဟင်းတောင် ခူးခပ်ပေးရတယ်ဆို… နင့်ဟာက လင် တစ်ယောက်ယူတာ သုံးယောက်ရသလိုပါပဲလား"

"'ညဏ်လင်း' နဲ့ 'ရန်ရှင်း' က သိပ်သိတတ်တာ မမရဲ့… 'ကိုကို' ဆိုတဲ့လူကမှ မယားအပေါ် ကူညီရမှန်းမသိတာ… အငယ် (၂) ယောက်က အိုးခွက်ကအစ ဝိုင်းဆေးပေးတာ… ကိုယ်ဝန်ရှိထဲ က အလေးအပင်ဆိုတာ ဘာမှမလုပ်ရဘူး… သူတို့ရတဲ့ ပိုက်ဆံထဲ က 'မူနွဲ့' အတွက် လစဉ် ဆပ်ပြာတို့ ခေါင်းလျှော်ရည်ဗူးတို့… မုန့် ဗူးတို့ ဝယ်လာပေးသေးတာ… ဒါကြောင့် ကိုယ်ကလည်း သူတို့ မလုပ်ချင်တာလေးတွေ လုပ်ပေးလိုက်တယ်… 'မေဘယ်လ်' ဆိုတဲ့ မိန်းမတုန်းက အရမ်းအပျင်းကြီးပြီး စွာလွန်းလို့ သူတို့မောင်နှမ တွေ နဲ့မတည့်လို့ ဆင်းပြေးရတာလေ"

"'မေဘယ်လ်' က 'ကိုကို့' ကို ပါးချလို့ ဝိုင်းရိုက်ကြတာ ဆို"


BURMESE CLASSIC .com

www.burmeseclassic.com



"ဟုတ်တယ်... 'မှုန့်' ကိုကြတော့ ဝိုင်းရိုက်ဖို့ဝေးလို့ ဖူးဖူး မှုတ်ထားကြတာ"

"အင်းပေါ့လေ... နောက်မှသာ ဘာပြဿနာမှ ဖြစ်မလာပါစေနဲ့နော်... နင့်ကို ဝိုင်းရိုက်လွှတ်လို့ကတော့ ငါက ဒီအိမ်ကို မျှားခေါ်ပြီး အားလုံးကို မသေယုံတမယ် ရိုက်လွှတ်ပေးလိုက်မှာ"

"ဒါနဲ့ မမကို တစ်ခုပြောချင်တယ်"

"ဘာလဲ... 'ကိုအေးလွင်' နဲ့ ငါနဲ့ လက်ထပ်ဖို့ကိစ္စလား"

"ဟုတ်တယ်... ဟိုတလောက 'ရန်ရှင်း' သူတို့လမ်းထဲကို ကိစ္စတစ်ခုရှိလို့ သွားရတယ်... အဲဒီလမ်းထဲက လူတော်တော်များများက 'ရန်ရှင်း' ကို သတင်းပေးလိုက်တယ်... 'မစပယ်' တို့ ညီအစ်မက သူတို့အိမ်ပေါ်မှာ နယ်က ဆေးကျောင်းလာတတ်တဲ့ ကောင်မလေးကို ဘော်ဒါလို သဘောနဲ့လက်ခံထားတယ်တဲ့... 'ကိုအေးလွင်' ကိုလည်း စာပြခိုင်းတာတဲ့"

'မေသင်း' ၏ မေးကြောများထောင်ထလာသည်အထိ စိတ်လှုပ်ရှားနေပါပြီ။ မျက်လုံးများကလည်း မဏာမငြိမ်တော့ပါ။

ဒါကြောင့် စနေ၊ တနင်္ဂနွေပင်လျှင် အလုပ်အကြောင်းပြ၍ ပေါ်မလာတာ (၂) ပါတ်ရှိပြီ။

"တွဲလာတာကြာလှပြီဆိုတော့ မယူဖြစ်ရင် မမပဲ နစ်နာမှာ ပေါ့... ဒီတစ်ခါလာရင် အမြန်ဆုံး လက်ထပ်ဖို့ပြောတော့ပေါ့"

'မေသင်း' က မဲ့ပြုံးဖြင့် ...

"အင်းပေါ့လေ... ပြောရမှာပေါ့... သူ့ကိုမရလို့တော့ မသေနိုင်ပါဘူး"

"မသေပေမယ့် မမပဲ ခံစားရမှာပေါ့... ယူဖြစ်အောင်သာ ကြိုးစားပါ... ဒီကိစ္စက မာနကြီးနေရမယ့် ကိစ္စမဟုတ်ဘူးလေ... 'ကိုအေးလွင်' ဘက်ပျက်ကွက်ရင်တော့ 'မှုန့်' တို့ သည်းခံမှာ

www.burmeseclassic.com


မဟုတ်ဘူး... မယူနိုင်ရင် အစထဲက အိမ်ထဲအဝင်အထွက် မလုပ်နဲ့ပေါ့... 'မူနွဲ့' လို မိန်းမမျိုး နာမည်ပျက်တာအရေးမကြီးဘူး... မမက ဂုဏ်နဲ့ဒြပ်နဲ့... အိန္ဒြေနဲ့နေတာ"

မခံချင်စိတ်ဖြင့်ပြောနေသော 'မူနွဲ့' ကိုကြည့်ပြီး ...

"နင်က 'သိန်းမြင့်' ကို အရှက်ခွဲလို့... ငါ့ကို အရှက်ပြန်ခွဲတာနေမှာပေါ့"

"ဟာ ဘာဆိုင်လို့လဲ... ဒီစကားက 'မူနွဲ့' နှလုံးသားကို တကယ်ထိခိုက်စေလွန်းတယ်... 'ကိုအေးလွင်' နဲ့ ဒီကိစ္စရှင်းမှကိုဖြစ်မယ်"

'မူနွဲ့' မျက်ရည်ဝဲပြီး အသံတွေတုန်သည်အထိ ခံစားနေရပါသည်။

"ဘာမှရှင်းစရာမလိုဘူး... ဒါကာယကံရှင်တွေနဲ့ပဲဆိုင်တဲ့ကိစ္စ... နင် 'သိန်းမြင့်' ကိုမကြိုက်လို့ ထွက်ပြေးတယ်... နင်ကြိုက်တဲ့လူနဲ့ယူတယ်... နောက်ဖြစ်လာမယ့်ကိစ္စက နင့်ကံပဲ... သူလည်းဘယ်သူဖျက်ဖျက် ငါ့ကို တကယ်ကြိုက်ရင် ချစ်မြတ်နိုးရင် ငါ့အတွက်ပဲ စဉ်းစားမှာပေါ့... သူနဲ့တွေ့ပြီး ရှင်းမှာပါ... နင်စိတ်မပူပါနဲ့"

ရှင်းချင်၍ တွေ့ချင်၍ စောင့်နေပါသော်လည်း စနေ၊ တနင်္ဂနွေတစ်ပါတ်သာ ကုန်သွားသည်။ 'အေးလွင်' ပေါ်မလာသဖြင့် 'မေသင်း' ကြိတ်ဆွေးနေရပါပြီ။ ယခင်က စနေ၊ တနင်္ဂနွေတွင်တွေ့ရတာ အားမရသဖြင့် ကျောင်းသို့ နှစ်ရက်တစ်ခါလောက် လိုက်လာတတ်သည်။ ဖြစ်ချင်ရာဖြစ် ပြတ်ပြတ်သားသားသိချင်၍ ကျောင်းအဆင် 'အေးလွင်' တို့အိမ်ကို ရောက်ခဲ့သည်။

"ဟော... 'မေသင်း' ပါလား... ကျောင်းက တန်းလာတယ်ဆိုတော့ ဘာများအရေးကြီးလို့လဲ"

www.burmeseclassic.com


'နှင်းဆီ' က ခါတိုင်းလိုပင် နှုတ်ဆက်သဖြင့် နည်းနည်းတော့ အရှက်ပြေသွားသည်။

" 'ကိုအေးလွင်' ရောက်မလာတာကြာလို့... နေများမကောင်းဘူးလားလို့ လာကြည့်တာပါ"

"ဟုတ်လား... လုံးဝကို ရောက်မလာတာလား... သူ့အလုပ်တော့ နည်းနည်းရှုပ်နေတယ်... တို့အိမ်မှာ နယ်ကဆေးကျောင်းသူတစ်ယောက်ရောက်နေလို့ စာပြပေးနေရတယ်လေ... သြော် ဟုတ်သားပဲ... ပြီးခဲ့တဲ့ စနေတုန်းက ကောင်မလေး ညောင်လေးပင် ပြန်လို့လိုက်ပို့ရသေးတယ်... ပြန်ရောက်ပြီး အပြင်ထွက်သွားသေးလို့ 'မေသင်း' ဆီ သွားတယ်မှတ်နေတာ"

"အခု သူမရှိဘူးလား"

"ကောင်မလေးကို ဝင်ကြိုရသေးလို့ နည်းနည်းနောက်ကျမှ ရောက်မယ်... နာရီဝက်လောက်ဆိုရင် ရောက်မှာပါ... စောင့်လိုက်ပေါ့"

"အိမ်ကို မပြောခဲ့လို့ စိတ်ပူနေကြလိမ့်မယ်... သူ့ကို ဒီညပဲ လွှတ်လိုက်ပါနော်... ဆွေးနွေးစရာလေးရှိလို့"

"ဟုတ်ပြီလေ... ပြောလိုက်မယ်"

'မေသင်း' ငိုချင်စိတ်ကို ထိန်းနေရပါသည်။

မိမိမှာ ဘာအပြစ်မှမရှိဘဲ သူ ဤမျှရက်စက်နိုင်သလား။ မေ့ရက်နိုင်သလား။ သစ်စိမ်းချိုးချိုးနိုင်သလား။

အကယ်၍ သူသာ အသစ်ရှာသွားခဲ့လျှင် မိမိတော့ ပတ်ဝန်းကျင်၏ ကဲ့ရဲ့ခြင်းကိုခံရတော့မည်။ တစ်ကျောင်းလုံးကရော၊ တစ်လမ်းလုံး၊ တရပ်ကွက်လုံး ဆွေမျိုးအားလုံး၊ မိတ်ဆွေအားလုံးက မကြာခင် လက်ထပ်တော့မည်ဆိုတာ သိပြီးသား။ ယခုတော့ သူက မိမိဆီလာဖို့ပင် မေ့နေပြီ။


BURMESE CLASSIC .com

www.burmeseclassic.com


"နောက်ကျလို့ စိတ်ပူပြီး လမ်းထိပ်မှာ လာကြိုနေတာ"

မိခင်ကို ပြုံး၍ပင် မပြနိုင်ပါ။

" 'မောင်အေးလွင်' တို့အိမ်သွားတာလား"

"ဟုတ်တယ်"

"အဆင်မပြေခဲ့လို့လား"

"သူပြန်မရောက်သေးဘူး... ညဘက်အိမ်လာဖို့ ပြောထားတယ်"

သမီးဖြစ်သူ ထမင်းမစားနိုင်မှန်းသိသော်လည်း မသိချင်အောင်ဆောင်နေလိုက်ရသည်။

'အေးလွင်' လာလျှင် ကျွေးရန် ကာဖီနှင့်မုန့် စီစဉ်ထားသလို အအေးသောက်ချင်လျှင် သောက်နိုင်ရန် အရံသင့် ဖျော်စပ်ထားသည်။

မကြာခဏ အိပ်ခန်းထဲဝင်ပြီး မှန်ကြည့်မှန်းလည်း သိသည်။

ရှစ်နာရီမထိုးခင် ကားရပ်သံကြားလိုက်ရသဖြင့် သမီးဖြစ်သူအတွက်ရော၍ ရင်ခုန်နေမိသည်။

အိမ်ရှေ့ရောက်တော့ အံ့အားသင့်သွားသည်။

'အေးလွင်' နှင့်အတူ ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသော ခပ်ငယ်ငယ် ခပ်ချောချော ကောင်မလေး တစ်ယောက်ပါလာသည်။

'မေသင်း' ပုံစံမှာ သိသိသာသာ မူပျက်နေပါပြီ။ မျက်ရည်တွေလည်း ဝဲနေသည်။

မိခင်ကြီးခမျာ သမီးအတွက် စိုးရိမ်နေရှာပါပြီ။

" 'မေသင်း' လာသွားတယ်ဆို... ဘာများအရေးတကြီး ဆွေးနွေးစရာရှိလို့လဲ"

အပိုလုပ်ပြီးမေးနေပါလား။ ပြတ်ပြတ်သားသားလုပ်ဖို့ လိုလာပြီမို့ ...

ကြောင်နှစ်ကောင်စာအုပ်တိုက်
BURMESE CLASSIC .com

www.burmeseclassic.com


"လက်ထပ်ဖို့... တိုင်ပင်မလို့ခေါ်တာ"

'အေးလွင်' က ရယ်ရင်း ...

" 'မေသင်း' စိတ်မပါသေးဘူးထင်လို့... ကိုယ်ကအေးအေး ဆေးဆေးလုပ်နေတာပါ... ကိုယ်တောင် နောက်အပတ်ထဲ နယ်ပြောင်းရမယ်ထင်တယ်... ခန္တီးကနေတဆင့် သွားရမှာ အရမ်းဝေးတယ်... မိုးတွင်းဆို ရေက လည်ပင်းလောက်တောင်ရောက်တဲ့ လမ်းကဖြတ်သွားရတာ... အဲဒီမှာ (၂) နှစ်လောက်နေပြီး ပြန်ရောက်လာမှ ရန်ကုန်အနီးတဝိုက်ရောက်မှ လက်ထပ်ကြတာပေါ့"

စိတ်ထဲမှာ မကျေနပ်သော်လည်း သူစိမ်းကောင်မလေးရှေ့ တွင် မိမိသည် သူ့ဇနီးလောင်းအဖြစ် ရှိနေဆဲပါလားဆိုသည့် အသိစိတ်ကြောင့် နည်းနည်းတော့ နေသာထိုင်သာ ရှိခဲ့ပါသည်။ မိခင်ကြီးလည်း စိတ်သက်သာရာ ရနေကြောင်း သိသာပါသည်။

"ဧည့်သည်နဲ့ မိတ်ဆက်ပေးအုံးလေ"

"ဒါ ဧည့်သည်မဟုတ်ဘူး 'မေသင်း' ရဲ့... ကိုယ်တို့ရဲ့ အိမ်သားတစ်ယောက်ဆိုမမှားဘူး... 'သစ္စာ' ကအိမ်မှာ ဆေးကျောင်း မပြီးမချင်း နေမှာလေ"

"အော်... ဆေးကျောင်းရတယ်ဆိုတော့ တော်တာပေါ့"

"တော်တယ်... တော်တယ်... သူ့အစ်ကိုရော... သူ့အစ်မရော ဆရာဝန်ကြီးပဲလေ"

ထိုစကားကြောင့် 'မေသင်း' စိုးရိမ်စိတ်တွေ ပြန်ဝင်လာတော့သည်။ သူ့အစ်ကိုနဲ့ ခင်လို့လား၊ ဒါမှမဟုတ် သူ့အစ်မနဲ့ ပတ်သက်တာလား။

"ကဲ... ပြန်အုံးမယ်... အန်တီ"

"အေး... အေး... မင်းက ခါတိုင်း စနေ၊ တနင်္ဂနွေ မှန်မှန်ရောက်တဲ့အပြင် ကျောင်းကိုလည်း ခဏခဏလိုက်နေကြဆိုတော့


BURMESE CLASSIC .com

www.burmeseclassic.com


'မေသင်း' က လာမယ်မှတ်ပြီး တမျှော်ထဲ မျှော်နေတာကွဲ့"

သမီးနှင့်ထပ်တူ ခံစားနေရသော 'ဒေါ်စောရီ' ခမြာ၊ သား မက်လောင်းကို မမေ့ကောင်းကြောင်း သတိပေးလိုက်မိပါသည်။

"နောက်ဆို အကြာကြီးခွဲနေရမှာမို့ သူ့ကို ကြိုပြီး ကျင့်သား ရအောင် လေ့ကျင့်ပေးနေတာလေ"


BURMESE CLASSIC .com

www.burmeseclassic.com





"ဟော… 'မူနွဲ့' ပါလား… ဘယ်သူဆေးရုံတက်လို့လဲ"

မမျှော်လင့်ဘဲ မိမိအနားယူရာ အခန်းဝတွင် တွေ့လိုက်ရသဖြင့် 'အေးလွင်' အံ့ဩစွာမေးခြင်းဖြစ်သည်။

"ဘယ်သူမှမတက်ပါဘူး… 'ကိုအေးလွင်' နဲ့ စကားပြောချင်လို့ တမင်လာခဲ့တာ"

"ဟုတ်လား… ဘယ်သူပါသေးလဲ… တစ်ခုခုလိုက်ကျွေးမယ်လေ"

"ရပါတယ်လေ… ခဏလေးမေးယုံပါ"

"ဘာများလဲ"

" 'ကိုအေးလွင်' နယ်ပြောင်းရမှာဆို"


BURMESE CLASSIC .com

www.burmeseclassic.com


"ဟုတ်တယ်... ရက်ပိုင်းပဲ လိုတော့တယ်"

"မသွားခင် 'မမေသင်း' နဲ့ လက်ထပ်သွားပါလား"

"အဲသလောက်အချိန် မရတော့ဘူး"

"ရုံးမှာ လက်မှတ်ထိုးသွားလည်း ဖြစ်တာပဲ... ကြီးကြီး ကျယ်ကျယ်လုပ်နေစရာမလိုပါဘူး"

"အမယ်လေး.. ခင်ဗျားအစ်မလား သည်လိုစိတ်မျိုးရှိမှာ မာနကြီးပါဘိ"

"အခုလာပြောတာ မေမေက ပြောခိုင်းလို့... တွဲလာတာ ကြာနေပြီတဲ့... နောက် (၂) နှစ် အချိန်ဆွဲလို့ မကောင်းဘူးတဲ့"

"ခုလောက်ကြာအောင် အချိန်ဆွဲခဲ့တာ 'မေသင်း' ပဲလေ"

"အခု သူကလည်း လက်ထပ်ဖို့ ပြောခိုင်းတယ်"

"လောလောဆယ်တော့ မဖြစ်နိုင်တော့လို့ပါ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရတော့မှာလဲ... နှစ်ဖက်လုံးသိပြီးသားပဲ... 'ကိုအေးလွင်' ဘက်က ရှော့ရဲရဲဖြစ်နေတာ... 'မူနွဲ့' ကြောင့်လို့ 'မမေသင်း' က ထင်နေတာ... 'မူနွဲ့' သိပ်ခံစားရတယ်"

"ဘယ်လို... ဘာကိုပြောချင်တာလဲ"

" 'မစပယ်' တို့ ညီအစ်မက 'ကိုသိန်းမြင့်' ကို 'မူနွဲ့' အရှက်ခွဲလို့ 'မမေသင်း' ကိုလည်း ပြန်အရှက်ခွဲတာလို့ ထင်နေတာ"

"အင်း... အဲဒီကိစ္စကြောင့်လည်း ကိုယ်တို့နှစ်ယောက်ကိစ္စမှာ နည်းနည်းတော့ ခလုတ်တိုက်တာပါတယ်... နဂိုထဲက 'မေသင်း' ပုံစံက နည်းနည်းမာလို့ 'မစပယ်' တို့ နှစ်ယောက်သိပ်လက်မခံချင်တာ... 'မူနွဲ့' လည်း သိမှာပါ"

"ဘာပဲဖြစ်ဖြစ် ဘယ်သူကြောင့်ပဲဖြစ်ဖြစ် ကိုယ်တကယ်ချစ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို သူများခြေထိုးတာနဲ့ ယိုင်ချင်တာ မကောင်းပါဘူး... ပေါင်းရမှာက 'ကိုအေးလွင်' တို့ပဲလေ"


BURMESE CLASSIC .com

www.burmeseclassic.com


"ကဲ… ဒါဆို 'မူနွဲ့' ကိုယ်ချင်းစာတတ်အောင် 'ကိုအေးလွင်' တစ်ခုမေးမယ်… 'ကိုကို' နဲ့ မင်းနဲ့ ချစ်လို့ ယူကြတယ်ပဲထား… 'မကြည်' တို့ညီအစ်မနဲ့ 'ဉာဏ်လင်း' တို့ ညီအစ်ကို နှစ်ယောက်ကို 'မူနွဲ့' တည့်အောင် မပေါင်းဘူးလား… သူတို့အားလုံး ချစ်ခင်နှစ်သက်လို့ 'မူနွဲ့' ရဲ့ အိမ်ထောင်ရေး သာယာနေတယ်မဟုတ်လား ကိုယ်တို့ ကြားပါတယ်နော်… 'မူနွဲ့' က ယောကျ်ားလုပ်သူထက် ယောင်းမတွေ မတ်တွေကို ပိုအားကိုးတယ်ဆိုတာလေ… 'ကိုကို' မဟုတ်တာလုပ်ရင် 'မူနွဲ့' ကတောင် ပူစရာမလိုဘူး… 'မမသီ' တို့က 'မူနွဲ့' ဘက်က ပါကြတာဆို… သူနဲ့ကိုယ်နဲ့ချစ်ယုံနဲ့ အိမ်ထောင်တစ်ခု တည်ထောင်လို့ မရဘူးနော်… နှစ်ဖက်အမျိုးသင့်မြတ်မှ ပျော်စရာကောင်းတာမဟုတ်လား"

'မူနွဲ့' မျက်လုံးပြူးကြီးဖြင့် ကြည့်နေရာမှ ..

"ဒါဆို 'ကိုအေးလွင်' သဘောက 'မစပယ်' တို့ မကျေနပ်လို့ 'မမေသင်း' ကို ခွာနေတဲ့ သဘောလား"

"အဲဒါက ငါးဆယ်ရာနှုန်းဆိုပါတော့ … ကျန်ငါးဆယ်ကတော့ ယူပြီးရင် 'မေသင်း' ရဲ့ မာန်မနာကြောင့် ကိုယ်တို့ အိမ်ထောင်ရေး ဘယ်လိုမှ မခိုင်မြဲဘူးဆိုတာ ကြိုသိနေတယ်လေ"

"ငါးစိမ်းမြင်လို့ ငါးကင်ပြစ်တယ်လို့ပဲ 'မူနွဲ့' ထင်တယ်… ဟိုကောင်မလေး အိမ်မှာ ကျောင်းလာမတက်ခင်က 'မမေသင်း' ဘယ်လောက်ဆိုးဆိုး မပြစ်မမြင်တတ်ပါဘူး… နည်းမျိုးစုံနဲ့ လာချော့နေပြီး"

"အင်း… ပြောတော့ 'မူနွဲ့' ကြိုက်သလိုသာ ပြောတော့… နောက်ဆုံး 'သစ္စာ' ဆီပဲ မြှားဦးလှည့်တော့မှာပဲ"

မတော်လိုက်ရသည့် ခဲအိုကို မျက်ရည်များကြားမှ နှမြောစွာ အံ့သြစွာ စိုက်ကြည့်နေမိပါသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com



အသစ်မတွေ့ခင်က 'မမေသင်း' ကို ချစ်လိုက်တာမှ သဲသဲလှုပ်၊ ယခုတော့ 'မမေသင်း' ဘယ်လိုခံစားနေရမယ်ဆိုတာ မတွေးမိတော့ဘူးတဲ့လား။

အိမ်ပြန်ရောက်တော့လည်း 'မူနွဲ့' အိပ်ယာထဲ ခွေနေမိသည်။

"ဟော့... အိမ်ကပြန်လာပြီးထဲက အိပ်ယာထဲဝင်နေတာ ကြာလှပြီ... အိမ်နဲ့ဘာဖြစ်ခဲ့လို့လဲ"

'မမသီ' က စိတ်ပူသလို မေးခြင်းဖြစ်သည်။

" 'မမေသင်း' အတွက် စိတ်မကောင်းဖြစ်မိလို့ပါ... ဘာအပြစ်မှ မရှိဘဲ သစ်စိမ်းချိုး ချိုးရက်တယ်"

"ဒီအတွက် စိတ်မကောင်းဖြစ်မနေပါနဲ့ကွယ်... ဂျင်းစိမ်းနဲ့ မိတ်သလင်ပေါ့... ဒီလိုလူမျိုးဟာ ယူပြီးရင်လည်း ဒီစိတ်မျိုးရှိမှာပဲ အသစ်ထပ်တွေ့မှာပေါ့"

'မမသီ' တို့က 'မမေသင်း' ကို မုန်းသူတွေဆိုတော့ ကြိတ်ပြီး ဝမ်းသာချင်သာနေမှာပါလေ။

"မင်းကလည်းကွာ... အစ်မရည်းစားပြစ်ခံရတာ ကိုယ်ခံရတာ ကြနေတာပဲ... ကိုယ်တိုင်များ ဆိုရင် ဘယ်လိုနေမယ်မသိဘူး"

စိတ်တိုသလို မျက်စောင်းထိုးကြရင်း ...

"ဘာလဲ... ရှင်လည်း အသစ်တွေ့နေပြီလား"

"ဟောဗျာ... ဘုန်းကြီးအမှူ ရွာပတ်နေပြန်ပါပြီ... ခင်ဗျားက 'မေသင်း' ထက် အများကြီးကောင်းတယ်... ပေါင်းသင်းဆက်ဆံရေးကောင်းတယ်... ဒီတစ်ခါ အိမ်ပေါ်ကဆင်းရမှာ ကျုပ်ဗျ"

"ဒါက ဘာစကားလဲ"


"အော်... 'မေဘယ်လ်' တုံးက ကျုပ်ကို ပါးချလို့ အစ်မတွေ ညီတွေက ဝိုင်းရိုက်ဖို့ပြင်နေကြတာ... ထွက်အပြေးကောင်းလို့ လွတ်သွားတာ... ခင်ဗျားကိုတော့ ရိုက်ဖို့နေနေသာသာ ဝိုင်းပြီး ဖူး

www.burmeseclassic.com



ဖူးမှုတ်ထားလို့ မီးပုံပျံကြီး မိုးပေါ်လွင့်သွားမှာ ကြောက်နေရတယ်”

ဗိုက်ဖုံးအင်္ကျီကားကား တင်ကားကားနှင့် ‘မူနွဲ့’ ပုံစံမှာ တကယ့် မီးပုံးပျံလိုပါပဲ။



www.burmeseclassic.com


'မေသင်း' ကိုယ့်မျက်လုံးကိုယ် မယုံချင်ပါ။

သေချာအောင် ထပ်ကြည့်ပါသည်။

ဟုတ်ပါသည်။ မတ်တော်မောင် 'ကိုကို' ၏ ကားမှအစစ်။ ဇရပ်နေသော တပည့်တစ်ယောက် ကျောင်းပျက်တာကြာပြီဖြစ်၍ ဘုရားဖူးရင်း သတင်းလာမေးခြင်းဖြစ်သည်။

အပြန်တွင် ဘတ်စ်ကားဂိတ်ရှိရာ လျှောက်လာရင်း လမ်းမှား ပြီး ကားဂိတ်နှင့်ဝေးသွားသည်။ လူပြတ်သလိုလည်းဖြစ်နေ၍ ပစ္စည်းအလုခံရမှာကြောက်နေစဉ် မမျှော်လင့်ဘဲ 'ကိုကို' ၏ ကားကို တွေ့လိုက်ရခြင်းဖြစ်သည်။

လူပြတ်၊ ကားပြတ်သည့်နေရာတွင် သစ်ပင်ရိပ်ကြီးများ အောက်တွင် ကားပျက်ပြီး ရပ်ထားခဲ့လေသလား။

ကားနံပါတ်တူနေသဖြင့် မိမိကို အိမ်လိုက်ပို့ခိုင်းရမည်။

"အမယ်လေး… ဘုရား… ဘုရား"

မှန်ပြူတင်းပေါက်မှ ရှေ့ဘက်ကားမောင်းသူနေရာကို ကြည့်


BURMESE CLASSIC .com

www.burmeseclassic.com


သောအခါ မည်သူမျှမတွေ့၍ နောက်ခန်းကို ငုံ့ကြည့်သောအခါ မမျှော်လင့်သောမြင်ကွင်းကြောင့် မျက်စေ့ကို စုံမှိတ်ပြီး နောက်ပြန်ဆုတ်မိသည်။

'ကိုကို' နှင့် အမျိုးသမီးတစ်ယောက် ဖက်တွယ်နမ်းရှုံ့နေခြင်းကို မြင်လိုက်ရခြင်းဖြစ်သည်။ နှစ်ယောက်လုံး မျက်လုံးမှိတ်ထားသဖြင့် 'မေသင်း' ကိုမမြင်။

အမှန်အတိုင်းပြောရလျှင် ချစ်သူစွန့်ပြစ်ခြင်းခံရသဖြင့် 'မေသင်း' ရှက်ပြီး ကြေကွဲဝမ်းနည်းနေမိပါသည်။

ဘယ်သွားသွား၊ ဘယ်လာလာ ပျော်စရာမမြင်တော့။

သို့သော် ယခုလို မထင်မှတ်သော မြင်ကွင်းကြောင့် မိမိကိစ္စသည် ဘာမျှအရေးမကြီးပါလား။ မိမိညီမကိစ္စက ပိုအရေးကြီးကြောင်း သိလိုက်ရသည်။

နောက်ထပ်အသစ်နှင့် စိတ်ရှုးပေါက်ပြီး ယူလိုက်လျှင် 'မူနွဲ့' ကလေးတစ်ယောက်နှင့် ဘဝပျက်တော့မည်။

အိမ်အမြန်ပြန်လာပြီး မိခင်ကြီးကို ပြောပြမိသည်။

"ဘုရား... ဘုရား... ငါ့သမီးတွေရဲ့ အချစ်ရေးက ကံမကောင်းပါလားကွယ်... လောလောဆယ် 'မူနွဲ့' ကို မပြောနဲ့အုံးနော်... ကိုယ်ဝန်နေ့စေ့လစေ့ကြီးနဲ့ စိတ်ဆင်းရဲပြီး မမွေးနိုင်ရင်ခက်မယ်"

"ဒါပေမယ့် စောစောစီးစီး ထိမ်းသိမ်းလို့ရအောင် 'မသီ' တို့သိဖို့တော့ လိုမယ်ထင်တယ်"

"ဒါဆိုလည်း 'ဖော်လေး' နဲ့ 'မူနွဲ့' မသိအောင် ခေါ်ခိုင်းလိုက်မယ်"

နောက်တစ်နေ့ ညနေဘက် 'သီသီ' တို့ ညီအစ်မရောက်လာကြသည်။ 'ကိုကို့' ကိစ္စကိုပြောပြသောအခါ သူတို့လည်း ဒေါပွကြသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်
BURMESE CLASSIC .com

www.burmeseclassic.com


"ဒီကောင် တော်တော်ယုတ်မာတာပဲ… ဒါနဲ့ 'မေသင်း' လူ တော့ မမှားပါဘူးနော်"

"မသေချာဘဲနဲ့ ဘယ်ပြောပါ့မလဲ… ဝတ်ထားတဲ့ အင်္ကျီက မီးခိုးရောင်ပေါ်မှာ အနက်စင်းလေးနဲ့… ဟိုတစ်ခါ 'မူနွဲ့' ကို လာပို့ တုန်းက ဝတ်လာတာမြင်ဘူးတယ်"

"အဲဒီအင်္ကျီနဲ့ဆိုရင် သေချာတယ်… သူညဘက် ပြန်လာ တော့ ငါတို့ပဲ တံခါးဖွင့်ပေးခဲ့တာ"

'မေသင်း' က ခေါင်းတရမ်းရမ်းခါရင်း …

"ဒီပုံဆို နောက်ထပ်ကလေး ထပ်မယူခိုင်းနဲ့တော့… ကွဲရင် လည်း တစ်ယောက်ထဲရှိတော့ တော်သေးတာပေါ့"

'ကြည်ကြည်' က လက်ရော၊ ခေါင်းရော ခါပြရင်း …

"အို… ဘာဆိုင်လို့ကွဲရမှာလဲ… တရားဝင် လူသိရှင်ကြား ပေးစားထားတာ… ယူထားတာ… အိမ်ပေါ်မှာ ပေါ်ပေါ်ထင်ထင် နေနေတာ… ငါ့ယောင်းမလေးက အင်မတန် အေးချမ်းသိမ်မွေ့ပြီး လိမ္မာရှာတာ… နောက်ထပ် ယောင်းမထပ်ခေါ်လာစရာမလိုဘူး… ညကြမှ ဒီကောင်နဲ့ ပြတ်ပြတ်သားသား ဆွေးနွေးရမယ်… ရပ်တန်း ကရပ်… ဖြတ်တန်းကဖြတ်လို့ နောက်တစ်ခါတွေ့ရင် ဒင်းကို အိမ် ပေါ်က နှင်ချမှာ"

" 'မူနွဲ့' တော့ မသိပါစေနဲ့ကွယ်"

'ဒေါ်စောရီ' က မျက်ရည်ဝဲရင်း ပြောနေသဖြင့် …

" အန်တီဘာမှစိတ်မပူနဲ့နော်… 'မူနွဲ့' ကို ဒင်းမရရင် သေမ လိုဖြစ်နေလို့ ကျွန်မတို့ကိုယ်တိုင် သွားတောင်းပေးတာ… ပြော စကားနားမထောင်ရင် ဒင်းကိုပဲ မိသားစုစာရင်းက ပယ်ဖျက်ပစ် မှာ… ဒါမှ ငွေမက်ပြီး သူများလင်ကို အချောင်နှိုက်ချင်တဲ့ ကောင်မ တွေလည်း လန့်သွားမှာ"


BURMESE CLASSIC .com

www.burmeseclassic.com


"ဒီလိုလည်း မဖြစ်စေချင်ပါဘူးကွယ်... သူ့လင်နဲ့ သူ့သား ပြည့်စုံမှ သူလည်း ပျော်ရှာမှာပေါ့.... တကယ်တန်းကွဲကြ ကွာကြ ပြီဆိုရင် သူစိမ်းဖြစ်တဲ့ 'မူနွဲ့' ပဲ ကိုယ့်မိသားစုဆီ ကိုယ်ပြန်လာရ မှာပေါ့"

"စိတ်ချ... စိတ်ချ... ကွဲတဲ့ ကွာတဲ့အထိ ဖြစ်ကို မဖြစ်စေရ ဘူး... အန်တီရော... 'မေသင်း' ရော... စိတ်အေးအေးထား... ကဲ... ပြန်လိုက်အုံးမယ်"

မောင်ဖြစ်သူကို ယခုပင်တွေ့ပြီး ဆူချင်နေသော 'ကြည်ကြည့်' ကို ပြန်တောင်းပန်နေရသည်။

"လောလောဆယ်တော့ တိုးတိုးတိတ်တိတ်ပဲ ပြောကြပါ ကွယ်"

"စိတ်ချပါအန်တီ... စိတ်ချပါ"



www.burmeseclassic.com


"မင်းအစ်မက တော်တော်လျှာရှည်ပါလား.... ငါ့ကို မိန်းမတစ်ယောက်နဲ့ လူရှင်းတဲ့ ကားလမ်းဘေးမှာ ဖက်နမ်းနေတယ် ဆိုပြီး 'မသီ' တို့ကို ခေါ်ပြောတယ်လေ"

"ဟင်"

'မှုန့်' တစ်ယောက် မျက်ရည်တွေဝဲပြီး နတ်ပူးသလို တစ်ကိုယ်လုံး တုန်နေပါပြီ။

"ဘယ်တုံးကတုန်း... 'မှုန့်' လည်း ဘာမှ မသိပါလား"

" 'မသီ' တို့ ဖုန်းထားလို့နေမှာပေါ့... ငါ့ကိုတော့ လာပြီး ဖုံးဖိခိုင်းလို့ မရဘူးကိုယ့်လူ... ငါက ကားမောင်းစားတဲ့ကောင်... တစ်ခါတစ်လေ အမျိုးသမီးတွေ ငှားရင်လည်း လိုက်ရတာပဲ... တချို့အမျိုးသမီးတွေက ရည်းစားနဲ့အစဉ်မပြေဘူး... တချို့က ယောကျ်ားနဲ့အစဉ်မပြေဘူး... တချို့ မုဆိုးမတို့ တစ်ခုလပ်တို့တွေ


BURMESE CLASSIC .com

www.burmeseclassic.com


ထဲက စိတ်ပျော့ညံ့တဲ့ သူတွေပါတယ်... သူတို့ရဲ့ လစ်ဟာနေတဲ့ အမျိုးသားတွေနေရာမှာ အစားထိုးဖို့ လူရှာရခက်တဲ့အခါ အခုလို ကားငှားစီးရင်း သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ နီးစပ်မှု အတွေ့ အထိမျိုးကို ရှာဖွေတတ်တယ်”

ထိုစကားကိုနားထောင်နေသော ‘မှုန်နှဲ့’ ၏ မျက်နှာမှာ တင်းမာနေပြီး အံကြိတ်နေရာမှ ...

“ရှင် ဝါလုံးချေးသုတ်ရမ်းပြီး မပြောနဲ့... ရှင်ပြောတဲ့မိန်းမမျိုး တစ်သိန်းမှာ တစ်ယောက်မရှိဘူး... မိန်းမတွေဟာ ရင်ထဲက ခံစားချက်ကို မြိုသိပ်နိုင်ကြတယ်... အိန္ဒြေရှိကြတယ်... ဝေဒနာကို ကြိတ်မှိတ်ခံစားတတ်ကြတယ်”

“ငါပြောပြီးပြီပဲကွာ... ကားပေါ်မှာ ရောက်လာတတ်တာ မင်းပြောတဲ့ တစ်သိန်းထဲက တစ်ယောက်မျိုးပေါ့”

“ကားမောင်းစားနေတဲ့ သူတွေအများကြီး... ရှင့်ကားပေါ်ကျမှ ရောက်လာသတဲ့လား... ရောက်လာတော့ ရှင်က ပလူးလိုက်တာပဲလား... ရှင်ပေးခဲ့တဲ့ ကတိတွေမေ့ပြီလား... လူပျိုမဟုတ်မှန်းသိလျှက်နဲ့ ယူခဲ့လို့ ဒီမိန်းမ ချေးပေါတာပဲ... ငါ့ကို မရရင် သေတော့မယ်ထင်လို့လား”

လင်မယားနှစ်ယောက် ပြောရင်းက အသံတွေကျယ်လာပါပြီ။ ထမင်းစားခန်းဘက်ဖြတ်သွားသော ‘ရန်ရှင်း’ ကြားသွားသဖြင့် အစ်မများထံ ချက်ခြင်းပြေးပြောပါတော့သည်။

“ဟဲ့ ‘ကိုကို’ ... နင်တော်တော်မိုက်လုံးကြီးပါလား... ဒီကိစ္စ ‘မှုန်နှဲ့’ သိစရာမလိုဘူးလို့ ပြောထားလျှက်နဲ့”

“ဟာ... သူ့အစ်မ ဒီလိုလာမွှေတာတော့ မကြိုက်ဘူးဗျာ”

“အော်... သူလည်း သူ့ညီမအတွက် စိတ်ပူမှာပေါ့... နင်က ရော ဘာလို့မဟုတ်တာ လုပ်သေးလဲ”

www.burmeseclassic.com


"ယောက်ျားပဲဗျာ... သည်လောက်တော့ ရှိမှာပေါ့... နောက်ထပ်မိန်းမတစ်ယောက်ယူထားလို့ လာတိုင်ရင်လည်း လက်ခံနိုင်သေးတယ်"

'မူနွဲ့'ကုတင်ပေါ်မှ ဝုန်းကနဲထရပ်ရင်း ...

"အမယ်လေး... ယူချင်သေးသလား... ယူလေ... အခုအိမ်ပေါ်ကဆင်းပေးမယ်... ရှင့်လိုလူကို ယုံမိလို့ ကလေးတစ်ယောက်နဲ့ တစ်ခုလုပ်ဖြစ်တာ မဆန်းပါဘူး... အပြောကောင်း အချွဲကောင်းသစ္စာအဆိုကောင်းလွန်းလို့ နောက်ထပ် သက်စေ့ယူလည်း ရတယ်နော်... 'မူနွဲ့'ဆိုတဲ့ ကောင်မကလည်း လင်နဲ့ကွဲလို့ တအိအိငိုနေမယ့် အစားထဲက မဟုတ်ဘူး... နောက်တစ်ယောက် ချက်ခြင်းကောက်ယူပြမယ်"

နံ့နံ့အအဟု မှတ်နေကြသော်လည်း 'မီးပုံပျံ'ပုံစံနှင့် စွာနေသည်ကိုကြည့်ပြီး 'ကိုကို'က ရယ်ပါသည်။

"ဘာရယ်တာလဲ... ဘာကောင်မမှတ်လို့လဲ... ငနုံအဆိုပြီး ထင်ရာလုပ်လို့ရမယ်ထင်သလား... အခုအိမ်ပြန်မယ်"

"ပြန်ရင် မင်းပဲ မှားမှာပေါ့... ငါကယောက်ျား ဘာမှမဖြစ်ဘူး... နောက်တစ်ယောက်ထပ်ယူယုံပဲ"

"တော်စမ်း 'ကိုကို' ... မင်းအနိုင်ကျင့်လို့ရတယ်ဆိုပြီး ထင်ရာလျှောက်ပြောမနေနဲ့... ဟိုကောင်မလို ပါးချသွားမှ မင်းက အသဲကွဲပြီး ကျန်ခဲ့မယ့်ကောင်မျိုး"

" 'မမကြည်' ရာ... တကယ်အသဲကွဲတာ ကျွန်တော်မဟုတ်ဘူး... 'မေဘယ်လ်' ပါ... အခု 'မေသင်း' ကားပေါ်မှာ တွေ့ခဲ့တဲ့ မိန်းမဟာ တခြားလူမဟုတ်ပါဘူး 'မေဘယ်လ်' ပါပဲ"

"ဟင်"

'မူနွဲ့' ၏ အံ့ဩသံက ကျယ်လောင်သွားပါသည်။


BURMESE CLASSIC .com

www.burmeseclassic.com


"ရှင်... ရှင်... ကျွန်မကွယ်ရာမှာ ဖောက်ပြန်နေတာပေါ့လေ အီး... ဟီး... ဟီး"

ကလေးတစ်ယောက်ငိုသလို မျက်လုံးနှစ်ဖက်ကိုပွတ်ပြီး အော်ငိုနေသော ယောင်းမကို အသနားပိုနေကြသော 'ကြည်ကြည်' တို့ ညီအစ်မက ...

"မင်းတော်တော်လွန်နေပါလား... အဲဒီကောင်မနဲ့ ပေါင်းချင်ရင် မင်းဒီအိမ်ထွက်သွား"

"ကဲဗျာ... ကျွန်တော် ရှုပ်ချင်ရင် ဖွင့်တောင်မပြောဘူး"

"နို့... ဘာထူးလို့လဲ... မင်းတို့ ကမြင်းနေတာ 'မေသင်း' ကိုယ်တိုင်မြင်ခဲ့လို့ ဒီကိစ္စတွေသိရတာမဟုတ်ဘူးလား... ဘယ်သူမှ မသိရင် ဘယ်လောက်အထိ ကြိတ်ပုန်းခုတ်နေကြအုံးမယ် မသိဘူး"

"အို... 'မူနွဲ့' အခုပဲ အိမ်ပြန်ချင်တယ်... မမတို့ လိုက်ပို့ပေးကြ"

သူမလက်လှမ်းမှီသမျှ ပစ္စည်းများကောက်သိမ်းနေသဖြင့် ...

"မင်းပဲစောစောကပြောတော့ လင်နဲ့ကွဲလို့ ငိုနေမယ့်သူမဟုတ်ဘူးဆို"

"အို... ရှင်နဲ့ကွဲရလို့မှာမို့ ငိုတာမဟုတ်ဘူး... လူလိမ်လူညာ လူယုတ်မာကြီးရဲ့ စကားတွေကို ယုံမိလို့ မိဘနဲ့ အစ်မရဲ့ စေတနာကို စော်ကားမိလို့... အခုလို အလိမ်ခံရတာ... အညာခံရတာကိုတွေးမိလို့ ငိုတာ... ဒီကလေးမွေးပြီးရင် သူများကို ပေးပြစ်မယ်... ပြီးရင် ရှင့်ထက်သာတဲ့လူကို ယူပြမယ် သိလား..."

"ဟား... ဟား... ဟား... မယုံပါဘူးဗျာ... 'မေဘယ်' လို ပုံ့တုံ့တုံ့ နံ့တုံ့တုံ့နဲ့ ဆိုရှယ်ကျတဲ့မိန်းမမျိုးတောင် ယောကျ်ားထည်လဲ မယူဝံ့သေးတာ... မင်းလို ဗိုင်းကောင်း ကျောက်ဖိမျိုးကတော့ နောက်တစ်ယောက် ထပ်မယူဘူးဆိုတာ လောင်းကြေးစားကြေး


BURMESE CLASSIC .com

www.burmeseclassic.com


တောင် လုပ်လိုက်ချင်သေးတယ်"

"'ကိုကို'... မင်းဘာလို့ သူများမခံချင်အောင် လျှောက်ပြော နေတာလဲ... သူမနေချင်လို့ ပြန်သွားရင် နောက်ထပ်ဘယ်မိန်းမမှ ထပ်ခေါ်လာဖို့ မကြိုးစားနဲ့တော့... နောက်ထပ် ဘယ်မိန်းမကိုမှ ထပ် မတောင်းပေးဘူးသိလား... 'မူနွဲ့' ကိုလည်း မှာလိုက်မယ်... မွေးပြီးတဲ့ ကလေးကို တခြားတော့ လျှောက်မပေးပါနဲ့... ငါတို့ပဲ မွေးစားပါ့မယ်အေ"

'ကြည်ကြည်' က ထိုကဲ့သို့ ပြောသလို 'မသီ' ကလည်း ...

"မပြန်ပါနဲ့ ငါ့ညီမရယ်... အိမ်က မိဘတွေလည်း စိတ်ဆင်း ရဲနေပါ့မယ်... ပတ်ဝန်းကျင်ကလည်း တစိတ်ကို တအိတ်လုပ်ကြ အုံးမှာ... လောလောဆယ် 'ကိုကို' ကို စိတ်နာရင် ငါတို့နဲ့ လာအိပ် လှည့်... ဒါမှမဟုတ် အခန်းတခန်း သပ်သပ်နေလိုက်"

"မထူးပါဘူး 'မမသီ' ရယ်... သူ့လို ပွေလွန်းတဲ့လူကို 'မူနွဲ့' တစ်ခါထဲ ကွာလိုက်တာပဲကောင်းပါတယ်... အရင်မိန်းမနဲ့လည်း ရှုပ်... တွေ့ကရာမိန်းမနဲ့လည်းရှုပ်ဆိုရင် အပျိုကြီးတွေရှေ့ပြောရ တာတော့ အားနာပါရဲ့... 'မူနွဲ့' သူ့ကို ရွံတယ်... မကောင်းတဲ့ မိန်းမတွေဆီက တဆင့် ရောဂါကူးမှာကြောက်တယ်"

"ဟော့... ဟော့... မင်း ငါ့ကို အပေါစားကောင်များ မှတ်နေ လား... ငါနဲ့တွဲသမျှ အပျိုတွေကြီးပဲ"

"ကဲ... ကဲ... 'မမကြည်' တို့ပြောတာ နားထောင်ပါကွယ်... ခုလို ငိုယိုပြီး အိမ်ပြန်သွားမယ့်အစား... နောက်လေးငါးဆယ်ရက် နေမှ မီးဖွားခါနီး အမေအိမ်မှာ မွေးချင်လို့ မီးထွက်မှပြန်မယ်ဆိုပြီး သွားရင် မကောင်းပါလား"

"ဟာ... ဟိုမှာ သွားမွေးရင် 'မေသင်း' က ဒုက္ခလာပေးတယ် လို့ အတင်းပြောနေအုံးမယ်... သည်ယောကျ်ားနဲ့ယူပြီးမှတော့


BURMESE CLASSIC .com

www.burmeseclassic.com


သည်ယောကျ်ားရဲ့အရိပ်အာဝါသမှာပဲ နေတာကောင်းပါတယ်... မွေးတာကောင်းပါတယ်... သူများကို ဒုက္ခသွားမပေးပါနဲ့"

"ရှင်မှ ကောင်းကောင်းမနေဘဲ... သစ္စာမရှိဘဲ"

"အမှန်အတိုင်းပြောမယ်နော်... ငါနဲ့ 'မေဘယ်လ်' ရတ်တရက်ပြန်တွေ့လိုက်ကြတာ... သူကလည်း နောက်အိမ်ထောင်ပြုတော့မယ့်အကြောင်းပြောပြတယ်... ငါယူပြီးတာလည်း သူသိတယ် ဒါလောက်ပဲ"

"ဟင်... ရှင် ဒါလောက်ပဲကလည်း ကားနောက်ခန်းထဲမှာ အတူတွဲလျက်တွေ့ရတာရော... ဖက်နမ်းနေကြတာရော"

"ဖက်နမ်းတာက 'မေသင်း' လာချောင်းတာမြင်လို့ သူ့ရှက်ပြီးလန့်ပြီး ပြန်သွားအောင်လုပ်တာ... ငါ့မျက်နှာမမြင်ရအောင် ကွယ်တာ"

"တော်စမ်းပါ... လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့... 'မူနွဲ့' ကို မပြန်စေချင်ရင် ရှင်အနေအထိုင် ဆင်ခြင်"

"ဟုတ်ပြီလေ"

"လွယ်လွယ်လေးမပြောနဲ့... 'မမကြည်' ရေ... သူ့ကို ကားပေးမမောင်းနဲ့တော့... 'မူနွဲ့' ရဲ့ ရွှေတွေနဲ့ စုထားတဲ့ငွေပါပေါင်းပြီး လမ်းထိပ်မှာ ဆိုင်တစ်ဆိုင် ဖွင့်ပေးချင်တယ်"

"ဘာဆိုင်ဖွင့်ချင်လို့လဲ"

"ဒီကချုပ်ပြီးသား အထည်တွေရယ်... ဦးထုပ်တို့ ဖိနပ်တို့ တင်ရောင်းရင်ရော"

"အေး... ကောင်းသားပဲ"

'ကိုကို' က နံရံကို လက်သီးနှင့်လှမ်းထိုးရင်း ...

"ငါ မိန်းမလျှာမဟုတ်ဘူး... ဒီလိုအလုပ်မျိုး မလုပ်ဘူး"

"ကဲ... ဒါဆိုလည်း မင်းဘာရောင်းချင်လဲ... ကားတော့ မ

www.burmeseclassic.com



မောင်းနဲ့တော့… ကက်ဆက်တို့ နာရီတို့ ရေခဲသေတ္တာတို့ ရောင်းမလား… မင်းလည်း စက်အကြောင်း နားလည်တာပဲ”

“မမတို့ သူ့ကိုအလိုသိပ်လိုက်ကြနော်… အားကိုးရှိတယ်ဆိုပြီး ကျွန်တော့်ကို အခုတစ်မျိုး တော်ကြာ တစ်မျိုး အမျိုးမျိုးခိုင်းလို့ တော့ ရမယ်မထင်နဲ့”

“ဟဲ့… မင်းကရောဘာလို့ ရှုပ်သေးလဲ… သူလည်း စိုးရိမ်တာပေါ့… ကဲ… သူ့ကို အိမ်မပြန်စေချင်ရင် သူ့ဆန္ဒကို လိုက်လျောပေတော့”


BURMESE CLASSIC .com

www.burmeseclassic.com


"နင့်ယောင်းမတွေကလည်း မလွန်ဘူးလား… ဆိုင်ဖွင့်ပြန်တော့လည်း သူတို့ပဲ ဦးစီးတာပဲလား"

"အော်… တိုက်ခန်းက သူတို့အားလုံးပိုင်လေ… 'မှုန့်' ပစ္စည်းတွေရောင်းပေးမယ်ဆိုတော့ သူတို့ အရောင်းမခံဘူး… သူတို့မောင်နှမလေးယောက် စုထားတဲ့ပိုက်ဆံနဲ့ ဖွင့်ဖြစ်တာ… 'မကြည်' တို့ နှစ်ယောက်က သိန်းငါးဆယ်… 'ရန်ရှင်း' တို့နှစ်ယောယ်က တစ်ယောက်ငါးသိန်းစီထည့်တာ"

"နင့်ယောကျ်ားကရော တစ်ပြားမှ စုမထားဘူးလား"

"အော်… သူ အိမ်ထောင်ရှင်ဖြစ်နေပြီလေ"

"သူရတဲ့ နှစ်သောင်းရော နင့်ကို အပ်လို့လား"

" 'မှုန့်' လည်း စားပြီးသောက်ပြီး သုံးသောင်းလောက်ရနေတာပဲ… သူ့ဆေးလိပ်ဖိုး… ဖိနပ်ဖိုး… သူ့ပိုက်ဆံနဲ့သူသုံးတာပဲ… ကိုယ်လည်း ကိုယ်လိုတာ ကိုယ့်ငွေနဲ့ ကိုယ်သုံးတာပဲ"

www.burmeseclassic.com


"အင်း... နင်တော့ လင်ရကံဆိုးတာပဲ 'မူနွဲ့' ရယ်... ရတဲ့ငွေလည်း တစ်ပြားမှ မအပ်ဘူး... အပြင်ထွက်ကားမောင်းတော့လည်း ကမြင်းကြောထတယ်... အခုလည်း ဆိုင်ဖွင့်ပေးပြန်ပြီ... ဘာဖြစ်အုံးမယ်မသိဘူး"

"ဟာ... ပါးစပ်ပုတ်ကြီးနဲ့ မပြောပါနဲ့ မမရယ်... သူငွေ မအပ်တာက 'မူနွဲ့' မှာ ရှိမှန်းသိလို့ပါ... အားလုံးကိုယ်ရတာ ကိုယ်သုံးကြတာလေ"

"ကဲ... ဒါဆို ဟိုအငယ်နှစ်ကောင်က ဘာလို့ ငါးသိန်းစီထည့်နိုင်တာလဲ... လူအိုဖြစ်တဲ့လူက ပိုစုဆောင်းရမှာပေါ့... ယောင်းမတွေကရော ဘယ်လောက်ကောင်းနိုင်မလဲ... နောက်ကျန်တဲ့ မောင်တွေ မိန်းမယူလာရင် ပုံစံပြောင်းကြမှာ"

"ကံပဲပေါ့လေ"

"နင် အဲ့သလို ပေါ့ပေါ့သိပ်တွေးတယ်... ရှေ့ရေးကို ဘယ်တော့မှ မစဉ်းစားဘူး"

ရှေ့ရေးကို အလွန်စဉ်းစားတတ်သော 'မမေသင်း' တစ်ယောက် ယခုတော့ အထီးကျန်ဖြစ်နေရရှာပြီလေ။ 'ကိုအေးလွင်' တစ်ယောက် လုံးဝအဆက်ဖြတ်သွားခဲ့ပြီ။ ထွက်သွားတာ ငါးလပြည့်တော့မည် စာတစ်စောင်မရေးခဲ့။

"နင် မီးဖွားဖို့ သိပ်မလိုတော့ဘူးထင်တယ်"

"ဟုတ်တယ်... ရှေ့လလယ်လောက် မွေးမယ်တွက်ထားတာပဲ"

"ဆေးရုံကဆင်းရင် ငါတို့ဆီပဲ တန်းလာခဲ့လေ... မီးထွက်မှ ပြန်ပေါ့... ဟိုမှာ အပျိုကြီးတွေဆိုတော့ ဘာမှ လုပ်တတ်မှာ မဟုတ်ဘူး"

"ရပါတယ်... ဒီကနေပြန်ရင် မေမေစိတ်မကောင်းဖြစ်ပြီး


BURMESE CLASSIC .com

www.burmeseclassic.com


ကျန်နေပါ့မယ်.... နေ့ခင်းဘက် မေမေတစ်ခေါက်လောက် လာကြည့်ပေးရင် ရပါပြီ”

‘မေသင်း’ ကိုတွေ့တိုင်း ‘ကိုကို’ က မျက်နှာပုတ်ကြီးဖြင့် ကြည့်တတ်သလို၊ တတ်နိုင်လျှင် ‘မေသင်း’ နှင့် မဆက်ဆံချင်သည့် ပုံစံမျိုးလုပ်ပြတတ်သဖြင့် ‘မူနွဲ့’ အိမ်လာမှသာ တွေ့ရတော့သည်။

“နင်မွေးပြီးရင် ဒီကို မကြာမကြာ လာနော်... ဖြစ်နိုင်ရင် ဒီမှာတစ်လလောက် လာနေပါလားဟာ”

‘မေသင်း’ ၏အသံမှာ ဝမ်းနည်းပြီး တိုးနေသည်။

ယခင်က မိမိကို အနိုင်ကျင့်ခဲ့ပါသော်လည်း ‘မူနွဲ့’ အမှတ်မထားပါ။ အစ်မဖြစ်သူ အချစ်ရေး ကံမကောင်းရှာပါလားဟု သနားနေမိသည်။

“မမကို ကျောင်းနားက သစ်အရောင်းအဝယ်လုပ်တဲ့ ကုမ္ပဏီက ဒါရိုက်တာတစ်ယောက်က ကြိုက်နေတယ်ဆို”

“အင်း... ပိုက်ဆံတော့ရှိပါတယ်... ပုံကတော့ မလာဘူး... ဝဝဖိုင့်ဖိုင့် မဲမဲတူးတူးနဲ့”

“ ‘ကိုအေးလွင်’ တို့ထက် ချမ်းသာရင် ယူသာယူလိုက်”

“အင်းပေါ့လေ... သူ့ကို လွမ်းနေမျှော်နေလို့ သူက ထမင်းလာကျွေးမှာမှ မဟုတ်တာ... ကိုယ့်ထမင်း ကိုယ်ရှာစားပြီး ကိုယ့်ဘဝကိုယ်ရပ်တည်ရမှာ... နင်အိမ်ထောင်ပြုသွားလို့ စက်ချုပ်လုပ်ငန်းလည်းပျက်... ဆေးလိပ်ကလည်း အမှာ အရမ်းနည်းသွားပြီ... အဖေတို့အတွက်လည်း ထောက်ပံ့နိုင်မယ်ဆိုရင် ‘ကိုအေးလွင်’ တကယ် အိမ်ထောင်ပြုသွားမယ်ဆိုရင်တော့ အချစ်ထက် ဘဝကို ဦးစားပေးရမှာပေါ့”

“မေမေတို့မှာ စုဆောင်းထားတာတွေတော့ ရှိသေးတယ် မမဟုတ်လား”

ကြောင်နှစ်ကောင်စာအုပ်တိုက်
BURMESE CLASSIC .com

www.burmeseclassic.com


"အထုတ်ဖြေစားရင် ကြာတော့ ကုန်မှာပေါ့… 'ဇော်လေး' ကျောင်းပြီးအောင်လည်း ထားရအုံးမယ်"

ယခင်က မိသားစုကို ရန်လိုနေသော အစ်မတစ်ယောက် ယခုတော့လည်း ပုံစံပြောင်းနေပါပကောလား။

" 'မူနွဲ့' လည်း တစ်လတစ်သောင်း ထောက်မယ်လေ"

"နင်က လက်ဖြန့်ခံသုံးနေရတာ… ပေးချင်ရင် ကိုယ်ပိုင်စီးပွားရေး လုပ်ရတယ်ဟ"

မဖြစ်နိုင်သဖြင့် 'မူနွဲ့' သက်ပြင်းသာချနေလိုက်တော့သည်။


BURMESE CLASSIC .com

www.burmeseclassic.com


ယောကျ်ားလေးမွေးသဖြင့် တစ်အိမ်လုံးပျော်နေကြသည်။ ဆေးရုံမှာနေသည့် သုံးရက်အတွင်း 'မေသင်း' နေ့တိုင်းသွားသည်။ နီနီရဲရဲ ဆံပင်မဲနက်နက်လေးဖြင့် နှာတံပေါ်သော ကလေးငယ်မှာ 'ကိုကို' နှင့်တူသည်ဟု ထင်မိသည်။

ဆေးရုံမှဆင်းသွားပြီးသောအခါ 'မေသင်း' တွေ့ခွင့်မရတော့ ကိုယ့်တူလေး ဖြစ်၍လားမသိ တွေ့ချင်မြင်ချင် ချီချင်သေးနေသေးသည်။

"ကလေးနေကောင်းရဲ့လား အမေ… အမေ့သမီးရော နေကောင်းရဲ့လား"

"ကောင်းပါ့… ကောင်းပါ့… 'ကြည်ကြည်' တို့ကတောင် ညည်းမလားလို့ မေးနေကြသေးတယ်…. 'ကိုကို' က တစ်နေကုန် ဆိုင်မှာအထိုင်များတာပဲ… ထမင်းစားချိန်လောက်ပဲလာတာ… ညည်းသွားချင် သွားလို့ရပါတယ်… ကျန်တဲ့ တစ်အိမ်သားလုံး ကြည်ဖြူနေတာပဲ… သွားစရာရှိတာသွား… သူမဟုတ်တာလုပ်လို့ ကိုယ်


BURMESE CLASSIC .com

www.burmeseclassic.com



ပြောတာပဲ... အပြစ်မရှိပါဘူး”

“ကျောင်းပိတ်ရက်ကျမှ သွားလိုက်မယ်... ကလေးအတွက် အဝတ်အစားချုပ်သွားပေးအုံးမှထင်တယ်”

“အမယ်လေး... စက်ချုပ်တဲ့အိမ်ဆိုတော့ ကလေးကဖြင့် လသားလေးရှိသေးတယ်... ဝတ်စုံမျိုးစုံကပုံနေပြီ... ‘မညို’ တို့ အုပ်စုက ပိတ်စတွေပေါတိုင်း တစ်နေ့ သုံးလေးထည်ချုပ်ပေးနေကြတာ... ညည်းပေးချင်ရင် အရုပ်တွေဘာတွေ ဝယ်သွားပေါ့”

‘ဇော်လေး’ ကလည်း သူစုထားသော မုန့်ဖိုးဖြင့် တူကလေးအတွက် မကြာခဏဝယ်သွားနေသဖြင့် ...

“ငါးကြင်းဆီနဲ့ ငါးကြင်းကြော်နေသလိုဖြစ်နေပြီ... ယောက်ဖဆီက မုန့်ဖိုးတွေစုထားပြီး သူ့သားပြန်ဝယ်ပေးနေတော့ မင်းအတွက် ဘာကျန်တော့မှာလဲ”

“ယောက်ဖက မယူခင်တုံးက အတင်းခေါ်ခေါ်ပေးတာ... ယူပြီးတော့ ကိုယ်သွားရင်တောင် တစ်ခါတစ်လေ ထွက်တွေ့တာ မဟုတ်ဘူး”

“ဒါဆိုလည်း နင်က ခဏခဏ မသွားနဲ့လေ”

‘မေသင်း’ က မောင်ဘက်ကနာပြီး ပြောသည်။

“သူ့ကိုတွေ့ချင်လို့မှမဟုတ်ဘဲ... ‘မမူနွဲ့’ ကို တွေ့ချင်လို့သွားတာ... အခု တူကလေးကိုပါ တွေ့ချင်လို့သွားတာ”

“ဒီကောင်က ဖျံဟ... မရခင်ကတစ်မျိုး ရပြီးတော့အချိုးပြောင်းသွားပြီ”

“ ‘မမကြည်’ တို့အားလုံးကတော့ ကောင်းကြပါတယ်”

“ဘာပဲဖြစ်ဖြစ် သူတို့ပေးရင်တောင် မယူနဲ့တော့... ‘မူနွဲ့’ ကတော့ ပေးတယ်မဟုတ်လား”

“ ‘မမူနွဲ့’ က လတိုင်းမှန်မှန်ပေးပါတယ်... မပေးတာက



BURMESE CLASSIC .com

www.burmeseclassic.com



'မမကြီး' ပဲ"

"ငါက ဗရမ်းဗတာကို မလုပ်တတ်တာ... ဟိုလူနဲ့ယူမယ်ဆို တုန်းက ကိုယ့်ဘက်က မျက်နှာမငယ်ရအောင်ဆိုပြီး စုရတာကိုး... အခုမယူဖြစ်တော့လည်း စုပြီးသားဖြစ်သွားတာပေါ့... ကဲ... နင်ဘာ လိုချင်လဲ... ဆွဲကြိုးယူမလား... တစ်ကျပ်သား တစ်ကုံးဝယ်ပေး မယ်"

"ဟာ... တကယ်လား 'မမကြီး' ရ"

"တကယ်... တကယ်... ဘဏ်မှာစုထားတာရှိတယ်... ထုတ် ပြီးဝယ်ပေးမယ်... သူများဆီကတော့ မယူနဲ့... အရင်က ဆူခဲ့ ပြော ခဲ့တာကလည်း 'မူနွဲ့' က အရမ်းသဘောလွယ်လွန်းလို့ ဟိုလူညာ ဒီလူညာ လုပ်ကြလွန်းလို့ ဝင်ထိမ်းပေးရတာ"

"ဟဲ့... 'မေသင်း' ရဲ့ ကလေးကို ဆွဲကြိုးဆင်လို့ ဖြစ်ပါ့မ လား"

"ဆယ်တန်းတောင်ရောက်နေပြီပဲ မေမေရယ်... ဆယ်တန်း အောင်ရင် ဟမ်းချိန်းဝယ်ပေးမယ်"

"ညည်း... ယောကျ်ားယူဖို့ စုထားတဲ့ပိုက်ဆံတွေ ကုန်သွား ပါအုံးမယ်"

"ယူဖို့စိတ်ကူးမရှိတော့ပါဘူး"

"ဒီလိုလည်း မဆုံးဖြတ်ပါနဲ့လေ... ကိုယ့်ကို တကယ်ချစ်တဲ့ လူ တွေ့လာအုံးမှာပေါ့... ကိုယ်ချစ်ကို မရှာနဲ့တော့ပေါ့"

'မေသင်း' တစ်ယောက် ချစ်သူစွန့်ပြစ်ခံရပြီးနောက် စကား လည်းနည်းသွားသည်။ ခက်ထန်မှုတွေလည်း လျော့သွားသည်။ အိမ်မှာ အတူတူနေစဉ်က 'မူနွဲ့' ကို ရန်လို ငြိုငြင်နေခဲ့သမျှ 'မူနွဲ့' လင်နောက်လိုက်သွားသောအခါ အိမ်ကပစ္စည်း ဘာတစ်ခုမျှ ယူမ သွားဘဲ စွန့်လွှတ်သွားသဖြင့် ခွဲဝေပိုင်ဆိုင်ခွင့်တွေ ဘာတစ်ခုမျှ မ

www.burmeseclassic.com


ပြောသဖြင့် သူတစ်ယောက်တည်း ပြောခဲ့တာတွေကို ပြန်ရှက်နေပုံလည်း ရသည်။

“ ‘မမကြီး’ ကို သစ်ကုမ္ပဏီက ရှယ်ယာဝင်သူဌေးတစ်ယောက်က အရမ်းကြိုက်နေတာဆို”

“နင့် ဘယ်သူပြောလဲ”

“ ‘မမကြည်’ တို့ ပြောနေကြတာ… ‘ကိုအေးလွင်’ နဲ့ တွဲနေထဲက ကြိုက်နေတာတဲ့… အခု ‘ကိုအေးလွင်’ နဲ့ ကွဲသွားတာသိ သွားလို့ ‘မမကြီး’ ကို အဖေတို့ဆီမှာ လာတောင်းမလို့တဲ့”

“ဟင်… ဒါလည်း နင်သိတာပဲလား… ငါတောင်မသိသေးဘူး”

“ ‘မမကြည်’ တို့နဲ့ ခင်ပုံရတယ်… ‘ကိုအေးလွင်’ သတင်းကို လာစုံစမ်းတာတဲ့”

‘မေသင်း’ က ခပ်တည်တည်လုပ်နေသဖြင့် …

“ ‘မမကြီး’ စိတ်ကူးမလွဲနဲ့ဗျ… ‘ကိုအေးလွင်’ ကိုယူရင် သာမန် ဆရာဝန်ကိုပဲရမှာ… အခုလာတောင်းမယ့်လူက ကိုယ်ပိုင်ဆေးခန်းဖွင့်ထားတာ… ဆရာဝန် ဆရာဝန်မတွေမှ တစ်ပုံကြီးပဲ… အချိန်ပိုင်းနဲ့ ငှားထားတာ… အထူးကုကြီးတွေရော… စုံနေတာပဲ… ဟဲ… ဟဲ… တစ်ခုတော့ စိတ်ပူမိတယ်… ဒီယောက်ဖကြီးများ ကပ်စေးနည်းနေမလားလို့”

“ကောင်စုတ်လေးနော်… ဟိုတစ်ယောက်ကို အထင်ကြီးပြီး အောင်သွယ်လုပ်ကောင်းတာ အခု ယူလည်းပြီးရော မုန့်ဖိုးမရတော့ဘူး မဟုတ်လား”

“မယုံကြည့်နေ… ‘မမူနွဲ့’ ရန်ဖြစ်ပြီး တစ်နေ့ဒီကို ပြန်ရောက်လာမှာပဲ… အဲဒီအချိန်ကြရင် ဈေးကောင်းရမှ ပြန်အောင်သွယ်ပေးတော့မှာ”


BURMESE CLASSIC .com

www.burmeseclassic.com



"ငါကတော့ ရန်ဖြစ်ပြီးဆင်းလာရင် ပြန်ကိုမလွှတ်တော့ဘူး ငါလည်း ယောကျ်ားမယူတော့ဘူး... ငါတို့ညီအစ်မ စက်ချုပ်လုပ်ငန်း ပြန်လုပ်မှာပေါ့"

'ဒေါ်စောရီ' က သမီးပခုန်းကိုပုတ်ရင်း ...

"အငယ်မလည်း သူ့မိသားစုနဲ့သူ ရှိပါစေတော့... လင်မယားဆိုတာ ရန်ဖြစ်ကြစမြဲပဲ... ပြီးတော့လည်း ပြန်တည့်သွားကြတာပဲ... ကလေးရနေပြီဆိုတော့ ကွဲဖို့အထိဖြစ်လာရင်တော့ ကလေးမျက်နှာနဲ့ ပြန်ပေါင်းခိုင်းရမှာပဲလေ"

" 'ဖော်လေး' ကျောင်းပိတ်ရက် နင်နဲ့ငါ သူတို့ဆီအတူသွားရအောင်"

"ဟုတ်ကဲ့"



www.burmeseclassic.com


# ၁၀

မင်္ဂလာရှိသောနေ့ပင်ဖြစ်ပါလိမ့်မည်။

ယနေ့ မြေးဦးလေး 'ရဲလင်းနိုင်' တစ်နှစ်ပြည့်မွေးနေ့ပွဲရော၊ သမီးကြီး 'မေသင်း'၏ စေ့စပ်ပွဲရော အချိန်ခွဲ၍ လုပ်မည်ဖြစ်သည်။

မြေးလေးအတွက် အဖိုးအဖွားက ဆွဲကြိုး ငါးမူးသား၊ လက်ကောက်ပျော့ ငါးမူးသား ဝယ်ပေးသလို။

'ကြီးဒေါ်မေသင်း' က လက်စွပ်တစ်ကွင်း ။

ဦးလေးငယ် 'ဇော်ဝင်း' က ခွေးရုပ်အကြီးကြီးတစ်ကောင်။

"ဟဲ့... 'မူနွဲ့' ဆွဲကြိုးတွေ လက်ကောက်တွေ ထုတ်ဝတ်လေ... ညည်း အစ်မဆီသွားဖို့ ကားတောင်ပြင်ထားပြီးပြီ"

သွားခါနီး အဝတ်အစားအသစ်တွေလဲပြီးပါလျှက် အခန်းထဲဝင်လိုက် အပြင်ထွက်လိုက် မကြာခဏလုပ်နေသော်လည်း အိမ်နေရင်း ဝတ်ထားသည့် ရွှေထည်များသာ ဝတ်ထားသဖြင့် 'ကြည်


BURMESE CLASSIC .com

www.burmeseclassic.com


ကြည်’ က လှမ်းပြောခြင်းဖြစ်သည်။ ‘ကြည်ကြည်’ နှင့် ‘သီသီ’ တို့ ညီအစ်မနှစ်ယောက်စလုံး စိန်တွေသီးနေအောင် ဝတ်ထားကြသည်။ ဝတ်ရသည့်အကြောင်းအရင်က ‘မေသင်း’ ကို လာတောင်းသည့် ‘မင်းညီ’ တို့ ဆွေမျိုးစုအားလုံးက ချမ်းသာကြသည်။

စေ့စပ်ပွဲတွင် ‘မေသင်း’ အတွက် တင်သည့်ပစ္စည်းက ငွေဆယ်သိန်းနှင့် ပတ္တမြားတစ်ဆင်စာ။ ငွေဆယ်သိန်းက မိဘများအတွက်ဖြစ်သည်။ လက်ထပ်ပွဲအတွက် ကုန်ကျစရိတ်အားလုံးကိုလည်း ‘မင်းညီ’ တို့ဘက်ကပင် အကုန်ခံမည်ဖြစ်သည်။ ယုတ်စွအဆုံး ‘ဒေါ်စောရီ’ တို့မိသားစုဝတ်ဖို့ အဝတ်အစားအတွက်ပါ ဝယ် ပေးမည်ဖြစ်သည်။ တစ်လမ်းလုံးက ‘မေသင်း’ ကို အားကျနေကြသည်။

‘အေးလွင်’ ထက်အဆပေါင်းများစွာ ချမ်းသာသူကိုရဖို့ ‘အေးလွင်’ နှင့် ကွဲရကြိုးနပ်သည်ဟု ပြောနေကြသည်။

‘မင်းညီ’ က ရိုးရိုးဘီအေသာရပြီး ရုပ်ကလည်း အသားညိုညို၊ ဝဝဖြစ်၍ ‘မေသင်း’ အတွက်တော့ စွဲဆောင်မှု မရှိလှပါ။ သို့သော် အားလုံးက ယူသင့်ကြောင်း နားချသဖြင့် မိမိကိုယ်တိုင်လည်း တော်ယုံတန်ယုံလောက်နှင့်တော့ မယူချင်သဖြင့် အချစ်ကို ဦးစားမပေးတော့ပါ။

“ပစ္စည်းတွေ လဲမနေတော့ပါဘူး မမရယ်... ကလေးက ဟိုဆွဲဒီဆွဲနဲ့ ပြုတ်ကုန်မှာဆိုးလို့ပါ”

“ဟယ်... မဝတ်လို့မဖြစ်ဘူးလေ... အားလုံးက ပြိုင်ဆိုင်ပြီး ဝတ်လာကြမှာ... ငါတို့ကြတော့ ဝတ်ထားပြီး ညည်းကို မဆင်ဘူး ပြောမှာ ကြောက်လွန်းလို့ပါ... သွားဝတ်ခဲ့နော်”

‘မူနွဲ့’ ဒီတစ်ခါ အခန်းထဲ ပြန်မဝင်တော့ပါ။ မျက်နှာကို ငုံ့ထားရင်း ငိုသံဖြင့် ...


BURMESE CLASSIC .com

www.burmeseclassic.com


"ဟိုလေ… ဟို… အဲဒီပစ္စည်းတွေ 'ကိုကို' အတင်းတောင်းလို့ ပေးလိုက်ရတယ် 'မမကြည်' ရဲ့"

"နီလာဆက်ကိုလား"

"နီလာဆက်ကိုရော… ရွှေငါးကျပ်သားရော"

"ဟိုလေ… 'မမကြည်' တို့ဆီ နှစ်ချုပ်စာရင်းအပ်တဲ့နေ့ မတိုင်ခင်က သူတောင်းသွားတာ… ပစ္စည်းဝယ်သွားတဲ့ မိတ်ဆွေတစ်ချို့က ငွေတွေ အကြေခြေမသွားလို့… 'မမကြည်' တို့ကို ပေးခါနီး လိုနေလို့တဲ့"

"ပေါင်ထားတာလား"

"မပြောတတ်ဘူး"

"ကဲပါ မမရယ်… အဲဒီကိစ္စကို ပြန်လာမှပဲ ရှင်းကြတာပေါ့… လောလောဆယ် သူ့ကို ပတ္တမြားဆက်ပဲ ထုတ်ဆင်ပေးသွားလိုက်ပါ"

"အို… ပတ္တမြားတော့ မဆင်ပါနဲ့… တခြားဟာပဲ ဆင်ပါ… တော်ကြာ 'ကိုမင်းညီ' တို့ဘက်က လိုက်ပြိုင်တယ်ထင်နေပါ့မယ်"

" 'မင်းညီ' တို့က ဘာထင်မှာလဲ… ညည်း အစ်မပဲ ထင်ချင်ထင်မှာ… ဒါဆိုလည်း မြဆက်ပဲဆင်လိုက်မယ်… နောက်ကို 'ကိုကို' တောင်းတိုင်းမပေးနဲ့… ဒီကောင် ငါတို့ပစ္စည်းတွေ ခဏခဏခိုးပြီး ရောင်းစားပြစ်တာ အကြိမ်မနည်းတော့ဘူး"

"ဟင်… 'မူနွဲ့' နဲ့ ယူပြီးမှလား"

"မယူခင်ကပေါ့… ညည်းကို ပြောပြရင်လည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်မှာဆိုးလို့… မပြောပဲထားခဲ့တာ… ဒီကောင်က လုပ်ချင်တာ ဖွတ်လုပ်တဲ့ကောင်… တန်တာ မတန်တာ မသိဘူး… တစ်ခါတစ်လေ ဘောလုံးပွဲလောင်းကြေးထပ်ချင်ထပ် ပြစ်တာ… နာမည်ကြီးပွဲမဟုတ်ဘူးနော်… လမ်းထဲကပွဲတောင်လုပ်တာ"

www.burmeseclassic.com


'မူနွဲ့' မပျော်တော့ပါ။

ထို့ကြောင့် အစ်မဖြစ်သူအတွက် ဝမ်းသာရမည့်အချိန်တွင် လင်ဖြစ်သူအတွက် ဝမ်းမသာနိုင်၍ ပြုံးရွှင်ခြင်းမရှိခဲ့ပါ။ မိခင်က ရိပ်မိသဖြင့် ...

" 'မူနွဲ့' နေမကောင်းဘူးလား"

"ကောင်းပါတယ်မေမေ... 'မမေသင်း' အတွက် ဝမ်းသာ ဝမ်းနည်းဖြစ်မိလို့ပါ"

"မေမေကတော့ အရမ်းကိုဝမ်းသာရတယ်... သမီးငယ်ဆိုရင်လည် ရွှေကောင်းမျိုးကောင်းကို ရခဲ့သလို... 'မင်းညီ' တို့ အသိုင်းအဝိုင်းကလည်း ထင်တာထက်ကို အဆင့်မြင့်လိုက်တာ သူ့မိဘတွေ ချမ်းသာသလို အဒေါ်တွေ ဦးလေးတွေကလည်း ဆီစက်... ဆန်စက် သစ်စက်နဲ့ ပလပ်စတစ်ပစ္စည်းစက်ရုံတွေ တစ်မျိုးစီပိုင်ကြတာ... 'မင်းညီ' ကိုလည်း အရမ်းချစ်ကြတာတဲ့... သူ့တူအတွက် တိုက်သစ်ထဲမှာ ဘာပစ္စည်းမှ ဝယ်စရာမလိုဘူးတဲ့... ရေခဲသေတ္တာ... အဝတ်လျှော်စက်... အပေါ်စက်... အောက်စက်... အိမ်ထောင်ပရိဘောဂ အိမ်အသုံးအဆောင် အကုန်ဝယ်ဖြည့်ပေးကြမှာတဲ့... အမေတို့ကိုလည်း ဘာအလုပ်မှ မလုပ်နဲ့တဲ့ သူတို့နဲ့အတူ လာနေတဲ့လေ"

မိမိယောကျ်ားအကြောင်း အမေတို့မကြားပါစေနှင့်ဟုသာ ဆုတောင်းနေမိပါသည်။

ထိုနေ့ညနေ 'မမကြည်' တို့ညီအစ်မ ဆိုင်လိုက်သွားကြသည်။ မိုးချုပ်မှ ပြန်ရောက်လာကြသည်။ ပြန်လာလျှင် ဆူညံနေမည်ဟု ထင်ထားသော်လည်း ညီအစ်မနှစ်ယောက်လုံး နှုတ်ပိတ်နေကြသလို မျက်နှာများကလည်း ညှိုးနေကြသဖြင့် ....

" 'ကိုကို' နဲ့ မတွေ့ခဲ့ဘူးလား 'မမသီ' "

"တွေ့ခဲ့လို့ကြာနေတာပေါ့အေ"


BURMESE CLASSIC .com

www.burmeseclassic.com


"စာရင်းတွေစစ်တော့ သူပစ္စည်းရောင်းတဲ့ငွေနဲ့ ကာမိရဲ့လား"

"ဘယ်ကာမိမလဲ... ပစ္စည်းရောင်းတာက အလွန်ဆုံး သုံးလေးငါးသိန်းပဲရမှာပေါ့"

"ဟိုလေ... သူကွာနေတာက အရမ်းများနေတာလား"

"ဟုတ်တယ်... ဆယ်သိန်းလောက်ကွာနေတယ်"

"ဟင်... များလှချည်လား... ဒါဆို တစ်နှစ်လုံး အမြတ်မရတဲ့ အပြင် ရှုံးနေတာပေါ့... ဒုက္ခပါပဲ"

"ရှုံးတာမဟုတ်ဘူး... ဖြုံးတာ... ရောင်းရတဲ့ငွေနဲ့ လောင်းကစားလုပ်တာ... နောက်တစ်ခါ လက်ဝတ်လက်စားတွေ ဘာတွေ တောင်းရင် ဘာမှမပေးနဲ့... ကြားလား"

"ဟုတ်ကဲ့... ဟိုလေ သူ့ကိုဆိုင်မှာ တစ်ယောက်ထဲထားလို့ မဖြစ်ဘူးထင်တယ်"

"ဟုတ်တယ်... အဲဒီအတွက်လည်း စဉ်းစားပြီးပြီ... 'ဉာဏ်လင်း' ကို မိန်းမပေးစားပြီး ထိုင်ခိုင်းမယ်"

"သူစိတ်ဆိုးမှာပေါ့"

"သူကလည်း ဆိုင်ထိုင်ရမှာပျင်းတယ်တဲ့... ကားပဲပြန်မောင်းမယ်တဲ့"

"ဟင်... ဖြစ်ပါ့မလား"

"သူကတော့ အလုပ်လုပ်ဖြစ်မယ့်ကောင် မဟုတ်ဘူး... ပြဿနာပွဲဖြစ်တာကြီးပဲ... အကြောင်းတွေးပြီး စိတ်ညစ်မနေပါနဲ့အေ... သူမကောင်းပေမယ့် ငါတို့ကောင်းနေတာပဲ... ညည်း မျက်နှာမငယ်စေရဘူး... စိတ်ချ... ငါတို့ကိုယ်တိုင် ပေးစားထားတာပဲ... ဘယ်ပစ်ထားပါ့မလဲ"

'မှုန့်' နောင်တရချိန်သည် နောက်ကျနေပါပြီ။

အကြောင်းက ရှိနေပြန်ပြီ။ ဒုတိယကိုယ်ဝန်ရှိနေပြန်ပြီ။


BURMESE CLASSIC .com

www.burmeseclassic.com


'မေသင်း' လက်ထပ်မည့်အချိန်တွင် 'မူနွဲ့' က ဗိုက်ဖုံးအင်္ကျီဖြင့် ပွဲတက်ရဖို့ သေချာနေပြီ။

'မင်းညီ' က လက်ထပ်ပြီးနေရမည့် တိုက်သစ်ဆီသို့ 'ဇနီးလောင်း' ကို ခေါ်လာခဲ့သည်။

" 'မေသင်း' ဘာထပ်ထည့်ချင်သေးလဲ ပြောလေ"

"ဟင့်အင်း... အားလုံးပြည့်စုံနေပြီပဲ... တော်ပါပြီ"

အရယ်အပြုံးနည်းသေ အိန္ဒြေကြီးသော 'မေသင်း' ကို ခပ်ပြုံးပြုံးလှမ်းကြည့်ရင်း ...

"ကိုယ်လာတောင်းရမ်းလို့ လူကြီးတွေက နားချလို့ ယူရတဲ့လူဆိုတော့ စိတ်ပျက်နေမယ်ထင်တယ်"

'မေသင်း' က လှမ်းရယ်ပြရင်း ...

"ကိုယ့်ကို တန်ဖိုးထားပြီး တန်ဖိုးကြီးတဲ့ ပစ္စည်းတွေပုံပြီး လာတောင်းရမ်းတဲ့အပြင် စိတ်ကူးယဉ်အိမ်မက်တစ်ခုလို ကောင်းပေ့ဆိုတဲ့ ပစ္စည်းတွေနဲ့ တိုက်သစ်ထဲကို ခေါ်ဆောင်လာတဲ့ 'ရွှေမင်းသား' ကြီးကို ကျေးဇူးတင်နေပါတယ်"

"ဒါပေမယ့် ချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူတစ်ယောက်ထဲ ဖြစ်ချင်တဲ့ဆန္ဒတော့ ရှိနေမှာပေါ့"

"ဖြစ်ချင်တာ မဖြစ်ရတော့လည်း ဖြစ်သင့်တာကို လုပ်ရတော့မှာပဲလေ... သူ့ထက်ကိုယ့်ကို သာအောင်ထားနိုင်တဲ့လူနဲ့တွေ့လို့ 'မေသင်း' ဝမ်းသာကျေနပ်နေပါတယ်... ချစ်တိုင်းညားကြတာ မဟုတ်ဘဲ"

"ကိုယ့်ကိုရော ချစ်နိုင်ပါ့အုံးမလား"

"အချစ်ဆိုတာ နီးစပ်ရာမှာ ရှင်သန်ကြတာဆို... ကိုယ့်ကို ဖူးဖူးမှုတ်ထားတဲ့လူကို 'မေသင်း' ကလည်း တန်ဖိုးထားပြီး လေးစား ချစ်ခင်သွားမှာပါ"


BURMESE CLASSIC .com

www.burmeseclassic.com


'မင်းညီ' က 'မေသင်း' လက်ကို ဆုတ်ကိုင်ရင်း ...

"ကိုယ်ယုံပါတယ်... 'မေသင်း' နဲ့ 'အေးလွင်' ကိုယ်တို့ ကုမ္ပဏီရှေ့က တွဲလျှောက်သွားတာ စမြင်ရတဲ့နေ့ထဲက ကိုယ့်စိတ်ထဲမှာ နှမြောသလိုလို ဖြစ်မိခဲ့တယ်... ဒီဆရာမကို ပိုင်ဆိုင်ချင်တဲ့ စိတ်တွေ ဖြစ်လာမိတယ်"

"ဟင်... ဘာဖြစ်လို့လဲ... သူများရည်းစားကို"

"မဟုတ်ဘူး... ပထမရက်တွေကလည်း 'မေသင်း' ကို နှစ်ခါလောက် ဖြတ်လျှောက်တာ မြင်ဖူးခဲ့တယ်... စိတ်ထဲမှာလည်း မက်မောသလို စွဲလန်းသလို ဖြစ်မိတယ်... ကုမ္ပဏီနားက ကျောင်းဆရာမမှန်းသိလို့ ကျောင်းစောင့်နဲ့ တီးခေါက်ကြည့်မိတော့ ရည်းစားရှိမှန်းသိလိုက်ရတယ်... ဒါပေမယ့် ကိုယ်စိတ်မလျှော့ဘူး... နောက်ကလိုက်ဖို့ ကြိုးစားနေတုန်း 'အေးလွင်' နဲ့ တွဲခုတ်သွားတာ မြင်လိုက်ရတော့ နှမြောနေမိတယ်... 'မေသင်း' တို့ကွဲသွားပါစေလို့ ဆုတောင်းခဲ့မိတယ်"

"အို... ဘယ်နှယ့်ဟာတုံး"

"ဒါမှ ကိုယ့်အတွက် အခွင့်သာမှာကိုး... ဥစ္စာရင်းမှန်လို့ ကိုယ့်လက်ထဲရောက်လာပြီပဲလေ... ဒါနဲ့ 'မေသင်း' တို့ ဘာလို့ မယူဖြစ်လဲ"

"သူ့အစ်မတွေက 'မေသင်း' ကို မာနကြီးလို့တဲ့လေ"

"ဟုတ်တယ်... 'မေသင်း' မျက်နှာက တလောကလုံး သူ့လုပ်စာ ထိုင်စားနေသလိုပဲ ထန်နေတာပဲ"

"ဒါဆို ဘာလို့လာကြိုက်သေးတုံး"

"အေးဗျ... ဘာလို့ကြိုက်မှန်းမသိဘူး... ကိုယ့်ကိုထားပါတော့လေ... 'မေသင်း' ရဲ့ ညီမ 'မူနွဲ့' ကရော ဘာဖြစ်လို့ 'ကိုကို' လို လူပွေလူတေကို ယူရတာတဲ့လဲ... 'မေသင်း' က မတားဘူး

www.burmeseclassic.com


လား”

“ဟွန်း… မပြောချင်ပါဘူးနော်… ‘ကိုကို’ နဲ့ ယူမှာစိုးလို့ ‘ကိုအေးလွင်’ ညီဝမ်းကွဲ ‘သိန်းမြင့်’ နဲ့ ပေးစားတာ… လက်ထပ်ခါနီး မင်္ဂလာခန်းဝင်ပစ္စည်းသွားဝယ်ရင်း ထွက်ပြေးသွားတာလေ… အဲဒီကိစ္စအတွက်လည်း ‘မစပယ်’ တို့က ညှိုးကြသေးတယ်… ‘ကိုကို’ ဆိုးတာ ပွေတာ ‘ကိုမင်းညီ’ သိလို့ ကြားလို့လား”

“ဟာ… ကိုယ်တို့ပတ်ဝန်းကျင်မှာ သွားလာနေတာပဲ…ရုပ်ကဖြောင့်တော့ သူရည်းစားစကားလိုက်ပြောရင် ပြန်မကြိုက်တာ မရှိသလောက်ဘဲ… လက်ကျောမတင်းသလောက် အသုံးအဖြုန်းကလည်း ကြီးမှကြီး… အပျိုကြီးတွေခမြာ စည်းကမ်းကြီးသလောက် ‘ကိုကို’ ကို အရှုံးပေးနေရတာ… ကောင်းကောင်းတောင်းလို့ မပေးရင် သော့တူနဲ့ ဖွင့်ယူတာ”

“အခုရော ဘာသတင်းကြားသေးလဲ… မိန်းမရပြီဆိုတော့ အချိုးပြောင်းလောက်ရောပေါ့”

“လူတစ်ယောက်ရဲ့အကျင့်ဆိုတာ မွေးရာပါပဲလေ… သေတဲ့အထိ တချို့ဖျောက်လို့မှ မရတာ”

“သူက ဘာတွေကြားထားလို့လဲ”

“အမယ်လေး… ခုမှတော့ ခွဲဖို့ မကြိုးစားပါနဲ့ဗျာ… မိန်းကလေးပဲ နစ်နာမှာပေါ့… ကိုယ်နဲ့သာ စောစောစီးစီးခင်ရင် ဒီကောင်နဲ့ မယူဖြစ်အောင် ပြောမှာ”

“အော်… မရပါဘူးဆို… သိကြားမင်း နကင်းကြီးနဲ့ ဆင်းတားတာတောင် ရမှာမဟုတ်ဘူး… ‘ရဲလင်းနိုင်’ မမွေးခင် ကားမောင်းနေတဲ့အချိန်တုံးက သူ့မိန်းမပဟောင်းနဲ့ ပလူးပလဲလုပ်နေတာ ‘မေသင်း’ ကိုယ်တိုင်တွေ့တာ… သွားတိုင်လို့ ‘မေသင်း’ ကို ကောင်းကောင်းစကားမပြောဘူး”


BURMESE CLASSIC .com

www.burmeseclassic.com


"အဲဒါလည်း ကိုယ်ကြားတယ်... 'မေဘယ်လ်' က ဒီကောင့်ကို ဖြတ်ပုံမပေါ်ဘူး... သူ့အိမ်ကပေးစားတဲ့လူကို ခုထိငြင်းနေတုံး.. ဒီကောင်နဲ့စကြိုက်ထဲက ဒီကောင်လိုချင်တာ ဝယ်ပေးတာ... အခုလည်း ဒီကောင့်ကို တွေ့ချင်ရင် ပစ္စည်းနဲ့မျှားခေါ်တာကြီးပဲ... 'မေဘယ်လ်' က အရမ်းချမ်းသာတယ်"

"ဒုက္ခပါပဲ... အဲသလို ရှုပ်နေရင်တော့ 'မူနွဲ့' ကို ဆက်မပေါင်းစေချင်တော့ဘူး"

ငိုတော့မလို မျက်နှာလေးဖြင့် ပြောနေသူ 'မေသင်း'၏ ပခုန်းလေးဆုတ်ကိုင်ရင်း ...

"နောက်ထပ်ကိုယ်ဝန်တောင် အတော်ထွက်နေပြီပဲလေ... ပြီးတော့ 'မူနွဲ့' က စင်ပေါ်ကလူပါ... 'မမကြည်' တို့က အရမ်းချစ်ကြတာ... 'မူနွဲ့' ဘက်က ရပ်တည်ကြတာဆိုတော့ အပြင်မှာပဲ ပွေလို့ရမှာပဲ... နောက်ထပ်ယူဖို့ကတော့ မလွယ်ပါဘူး"

"အို... အိမ်မှာ ကိုယ့်ဇနီးမယားရှိလျှက်နဲ့ အပြင်မှာ ဘာပွေစရာလိုလဲ... ပွေချင်ရင် အစထဲက မိန်းမ အတည်တကျမယူနဲ့ပေါ့... 'မူနွဲ့' အတွက် အရမ်းစိတ်ပူတာပဲကွာ"

"ကဲ... ကဲ... ဘာမှမပူနဲ့... သူအစဉ်မပြေလို့ ဟိုအိမ်က ဆင်းလာလည်း ကိုယ်တို့ပြန်ခေါ်ထားလိုက်တာပေါ့... ကိုယ်တောင်စဉ်းစားနေတယ်... အခု 'မေသင်း' တို့နေတဲ့ အိမ်နဲ့ခြံလေးက နေရာလည်းကောင်း... ကျယ်လည်းကျယ်တယ်... ဖျက်ပြီး ရှစ်ထပ်လောက်ပြင်ဆောက်လိုက်... ကိုယ်ကံထရိုက်လုပ်မယ်... ဒါဆို 'မေသင်း' တို့ မိဘတွေထောပြီ... အခန်းပိုတွေအများကြီးရယ်... ငွေပိုလည်းရမယ်"

"ဒါဆိုရင် ဟိုအကောင်က 'မူနွဲ့' ရဲ့အမွေကိုတောင် လာထိုင်စားနေအုံးမှာ"



BURMESE CLASSIC .com

www.burmeseclassic.com



“မဟုတ်ဘူးလေ… သူတို့ကွာရှင်းပြီးရင်ပြောတာ”

“အင်း… ‘မူနဲ့’ တစ်နေ့စိတ်ကုန်ချင်ကုန်လာမှာပေါ့… အဲဒီအချိန်လုပ်ကြတာပေါ့”





BURMESE CLASSIC .com

www.burmeseclassic.com


## ၁၁

"ခင်ဗျားတို့ လုံးဝမတရားဘူး... အပ်ချုပ်လုပ်ငန်းကြ တော့လည်း ခင်ဗျားတို့အပိုင်စီးတယ်... လျှပ်စစ်ပစ္စည်းဆိုင်ကြတော့ လည်း 'ဉာဏ်လင်း' တို့ လင်မယားကိုပေးတယ်"

"ဟဲ့... နင့်ကို အရင်ပေးလုပ်တာပဲ... အခု 'ဉာဏ်လင်း' တို့ လည်း အပိုင်ရတာမဟုတ်ဘူး... စာရင်းနဲ့ပဲ ပြန်အပ်ရတာ"

"သူတို့လင်မယားကလည်း ကိုယ်ပိုင်လုပ်ချင်နေကြတာ... မပြောရဲလို့ ငြိမ်နေကြတာဗျ... ဘာလဲ ခင်ဗျားတို့က ရှိသမျှ လက် ဝါးကြီးအုပ်ချင်နေကြတာလား... တော်ပြီပေါ့... အိမ်ခန်းလစာတွေ အကုန်ရနေတာ... အိုဗျာ... ကျုပ်ရှင်းရှင်းပဲပြောမယ်... မိဘထား သွားတာ သားသမီးအားလုံးအတွက် မျှမျှတတပဲဖြစ်ရမယ်... ညီတူ မျှတူခွဲပေးဗျာ"

"ဟဲ့... 'ရန်ရှင်း' မိန်းမ မယူသေးဘူးလေ... သူ့ကိုစောင့်ရအုံး မှာပေါ့... ပြီးတော့ နင်သဘောမပေါက်တာကို ပြောပြအုံးမယ်... ငါ


BURMESE CLASSIC .com

www.burmeseclassic.com


တို့က အပျိုကြီးတွေဟဲ့... လင်ယူမှာ မဟုတ်တော့ဘူး... ငါတို့စုထားသမျှ နင်တို့ကလေးတွေပဲရမှာ မဟုတ်ဘူးလား"

"ဟာ... ခင်ဗျားတို့ အသက် ၉၀ အထိနေတော့ ကျုပ်တို့က ဒီလိုပဲ လက်ဖြန့်ခံသုံးနေရမှာလား... မလိုချင်ဘူး... အခုပဲ ခွဲစမ်းပါ 'ရန်ရှင်း' ဝေစု ခင်ဗျားတို့ယူထား... သူမိန်းမယူမှခွဲပေး... ကျုပ်တို့က ကျုပ်တို့ကိုယ်တိုင် ကိုယ်ပိုင်လုပ်ချင်တယ်... ဒါပဲဗျာ"

"အေး... အဲ့သလိုလုပ်ရင် နင်ပဲအရင်မွဲမှာ... နင့်မိန်းမနဲ့ကလေးတွေဒုက္ခရောက်မှာ"

"ဒါ ခင်ဗျားတို့အပူမဟုတ်ပါဘူး"

"ဟဲ့... ဘယ်နှယ့်မပူရမှာလဲ... ငါတို့ပေးစားထားတာ ငါတို့မှာ တာဝန်ရှိတယ်... ပြီးတော့ ငါ့တူလေးတွေ တူမလေးတွေ မျက်နှာငယ်ကြလိမ့်မယ်"

"လင်မယူရင်တော့ ဟုတ်တာပေါ့... ခင်ဗျားတို့ လင်ယူလို့ကိုယ်ပိုင်ကလေးတွေရရင် ကျုပ်ကလေးတွေကို အကပ်တောင်ခံမှာမဟုတ်ဘူး... အဖေအမေအရင်းထက်တော့ ဘယ်သူမှ ပိုမချစ်နိုင်ပါဘူး"

ထိုစကားကြောင့် အပျိုကြီးနှစ်ယောက် မျက်ရည်ပေါက်ပေါက်ကျကုန်ပါပြီ။ တအီးအီးငိုရင်း ...

"မင်းပဲ ပြောတတ်ပါတယ်နော်... အဖေရင်းဖြစ်တဲ့ မင်းကဘယ်နှစ်ခါ ချေးကုန်းပေးဘူးလဲ... ရေချိုးပေးဘူးလဲ... မင်းညီတွေတောင် ချီးပေးဘူးတယ်... ငါတို့က တစ်နေကုန် အရိပ်တကြည့်ကြည့်နဲ့ ခြင်မကိုက်အောင် ရင်မနာအောင် စောင့်ရှောက်နေတဲ့မိန်းမတွေဟဲ့"

"ဟုတ်ပါတယ်... ကိုယ်ကလေးရရင် ဒီလိုဘယ်လိုလုပ်မလဲလို့ပြောနေတာ... တရားမျှတအောင်လုပ်ဗျာ... ကျုပ် သည်းမခံနိုင်

www.burmeseclassic.com


ရင် အားလုံးမီးရှို့ပြစ်မှာ”

အရက်မသောက်ဘဲ အရက်သမားလို ရမ်းကားတတ်သူဖြစ်၍ မောင်အရင်းခေါက်ခေါက်ဖြစ်နေ၍သာ ပတ်သက်နေခြင်းဖြစ်သည်။

ညဘက်ဖြစ်သည်။

“မင်းကောင်းကောင်းတောင်းနေတာ မပေးဘူးလား”

“အော်... မရှိပါဘူးလို့ ပြောနေတာ”

“ကဲ... ငါရှာလို့တွေ့ရင်ကော”

“ရှာတော်”

‘ကိုကို’ က ဘီဒိုထဲမှ အဝတ်များကို ဆွဲထုတ်မွှေနှောက်ရှာဖွေနေတော့သည်။ ‘မူနွဲ့’ ၏ ထမီများကို တစ်ထည်ခြင်းဖြန့်ရှာသောအခါ ငွေသုံးသောင်းထွက်လာသလို ဘီဒိုအောက်ဆုံး စောင်များကြားမှ ငါးသောင်းထွက်လာသဖြင့် ...

“ဒါ... ဘာသဘောလဲကွ... လင်ငယ်ပေးဖို့ ဖွက်ထားတာလား... ငါအရမ်းအရေးကြီးလွန်းလို့ တောင်းတာပါဆိုနေလျက် ပြန်ပေးပါ့မယ် ပြောနေလျက်နဲ့ မရှိဘူးဇွတ်ငြင်းတဲ့မိန်းမ”

“ရှင့်ပိုက်ဆံကြတော့ရော ပေးလို့လား... ကလေးနေမကောင်းလည်း အစ်မတွေပဲ ထုတ်နေတော့ ကြာတော့ အားနာတယ်သိလား ဒီပိုက်ဆံလည်း ဗိုက်ထဲက ကလေးမွေးဖို့စုထားတာ”

“ဘာမှစုနေစရာမလိုဘူး... သူတို့ကိုယ်တိုင်ပြောထားတာပဲ.. သူတို့စုထားတာ ငါတို့အတွက် ကလေးတွေအတွက်လို့ သူတို့ပေးလိမ့်မယ်”

“သူတို့ကလည်း သူတို့စေတနာကို စော်ကားလွန်းလို့ ရှင့်ကို စိတ်နာနေကြတယ်”

“ကိုယ်ပြောတာမဟုတ်ဘူးလား... သူတို့လက်ဝါးကြီးအုပ်


BURMESE CLASSIC .com

www.burmeseclassic.com


ထားတာ လူတိုင်းသိတယ်”

“ရှင် သုံးပုံဖြုန်းပုံနဲ့ ရှင့်လက်ထဲအပ်ရင် ကုန်သွားမှာဆိုးလို့ ပေါ့... ရှင်သိပ်လုပ်ချင်ရင် တိုက်ခန်းတစ်ခန်း သီးသန့်ပေးမယ် တဲ့... စက်ချုပ်လုပ်ငန်းလည်း ‘မူနွဲ့’ ပဲ ဦးစီးတော့တဲ့”

“ဒီကောင်တွေကြတော့ သူတို့ညီအစ်မပေါင်း သိန်းငါးဆယ် တောင် ရင်းပေးထားတာရော”

“အဲဒီငွေထဲက ဆယ်သိန်း ရှင်ဖြုန်းလိုက်တာရော...”

“ဒီစက်ချုပ်လုပ်ငန်းက အရင်းအနှီးရှိလို့လဲ သိန်းနှစ်ဆယ် တောင်မရှိဘူး... အထည်စတွေက အကြွေးယူလို့ရနေတာပဲ”

“အေးလေ... ရှင်သုံးလိုက်တဲ့ ဆယ်သိန်းနဲ့ပေါင်းရင် သုံး ဆယ်မဖြစ်ဘူးလား... ‘ဉာဏ်လင်း’ တို့က သူတို့လက်ဝတ်လက် စားရောင်းပြီး ဆယ်သိန်းပြန်ပေးရင် ရှင်နဲ့ ‘ဉာဏ်လင်း’ တစ် ယောက် သိန်းသုံးဆယ်စီ မဖြစ်ဘူးလား”

“ဟာ... ဒီစက်ချုပ်လုပ်ငန်းကြီး ငါမလုပ်ချင်ဘူး”

“ရှင် ဘာမှမလုပ်နဲ့... အိမ်မှာ ဖိမ်နဲ့ထိုင်စား... ကျွန်မဒီအ လုပ်ကို ကျွမ်းကျင်အောင်လုပ်ခဲ့တဲ့ မိန်းမ”

“ကွယ်ရာမှာ မိန်းမထမီနားခိုစားတဲ့ကောင်လို့ အပြောမခံနိုင် ဘူး... ငါကားပဲ ထွက်မောင်းမယ်”

“ခွင့်မပြုနိုင်ပါဘူးနော်”

“မင်း ခွင့်မပြုလည်း ငါက ဂရုစိုက်မယ့်ကောင်လား”

“ရှင် သိပ်တရားလွန်မလာနဲ့နော်... ပြောမရရင် ‘မူနွဲ့’ အမေ တို့ဆီပဲ ပြန်တော့မယ်”

ငိုသံနှင့်ပြောနေသော ‘မူနွဲ့’ ကို မဲ့ပြုံးဖြင့်ကြည့်ရင်း ...

“မင်းလား ပြန်မှာ... ငါ့ကို မရမှာကြောက်လို့ ငါ့ကိုယူချင် လွန်းလို့ ‘မညို’ တို့အိမ်မှာ သွားစောင့်နေတာရော”


BURMESE CLASSIC .com

www.burmeseclassic.com


"ရှင် စကားပြောသိပ်မစီးနဲ့နော်... ရှင့်ကို လာခေါ်ပါ... လာခိုးပါလို့... ဘယ်နှစ်ခါပြောဖူးလို့လဲ... ရှင်သာ မရခင်က ငမ်းငမ်းတက်နေတာ"

"အဲ့သလို ယောကျ်ားမျိုးကို မင်းယုံတာကိုး"

"ဟုတ်တယ်... ဉာဏ်မရှိလို့ လူလိမ်လူရှုပ်ကို ယုံမိတာပေါ့... မိဘတွေရဲ့စကား စေတနာနဲ့ပြောတဲ့ အစ်မရဲ့စကားကို နားထဲမဝင်လို့ 'မူနွဲ့' ဒူးနဲ့မျက်ရည်သုတ်နေရတာပေါ့... 'မူနွဲ့' ဘုရားမှာဆုတောင်းပါတယ်နော်... ဒီကလေးတွေမွေးရင်း သေပါရစေလို့"

ထိုစကားကြောင့် အပြင်မှရပ်နားထောင်နေသော အစ်မများပြေးဝင်လာပြီး ...

"ဟဲ့... ဟဲ့... ဘယ်လိုစကားမျိုး ပြောလိုက်တာလဲအေ... ညည်းမိုက်လုံးကြီးတာနဲ့ ဗိုက်ထဲက အပြစ်မရှိတဲ့ ကလေးခမြာမိတဆိုးဖြစ်ရတော့မှာလား... ဒီကောင် မကောင်းပေမယ့် အမေလုပ်တဲ့ ညည်းကကောင်းမှဖြစ်မှာပေါ့"

"အို... မမတို့ ရှိနေတာပဲ... ကလေးတွေအတွက် မပူပါဘူး"

"ငါတို့က အမေအရင်းမှမဟုတ်တာ မိဘအရင်းက ပိုကောင်းတာပေါ့... တကယ်လို့ ညည်းသေသွားခဲ့ရင်လည်း ကလေးတွေကိုသူ့အဖေနဲ့ပဲထားမှာ"

"ခင်ဗျားတို့ ဘာမှရွဲ့နေစရာမလိုဘူး... ကိုယ်မွေးထားတာပဲဘယ်သူမှ တာဝန်မယူလည်း ကိုယ်ပဲယူရမှာပဲ... နောက်ယူတဲ့မိန်းမဆက်ထိမ်းလိမ့်မယ်... ကဲ... ကျုပ်ကို ဘယ်အခန်းပေးမှာလဲ"

"အခု အောက်ထပ်နှစ်ခန်းဖွင့်ထားတာ... တစ်ခန်းပြန်ကန့်လိုက်မယ်"

"ဟာ... ဒီလမ်းထဲမှာ အလုပ်မဖြစ်ပါဘူး"

"ဘာလို့ မဖြစ်ရမှာလဲ... ဖြစ်လို့ပဲ ဒီစက်ချုပ်တဲ့ဝင်ငွေနဲ့


BURMESE CLASSIC .com

www.burmeseclassic.com


တအိမ်လုံးစားနိုင်တာပဲ”

“ခင်ဗျားတို့အကြံမသိဘူးမှတ်နေလား... ကျုပ်တို့ မယုံလို့ တမင် ဒီတိုက်နဲ့ အခန်းကို ဖွဲ့ပေးတာ မဟုတ်လား”

“နင် သိပ်ကပ်ဖွဲ့မနေစမ်းနဲ့... တခြားကို ပြောင်းရင် ပစ္စည်းတွေ အကုန်ရွှေ့ပြောင်းရမယ်... လုပ်ငန်းလိပ်စာပြောင်းရမယ်... ‘မူနွဲ့’ လည်း ကလေးနှစ်ယောက်နဲ့ ချက်ရပြုတ်ရ... ချုပ်ရလုပ်ရနဲ့ ဘယ်လောက် ကသီလင်တနိုင်မလဲ... အစဉ်ပြေအောင်လုပ်ပေးတာပဲ”

“မရဘူး... ကျုပ်ကို သီးသန့်နာမည်နဲ့ လွှဲပေးမှကျေနပ်မယ်”

‘သီသီ’ က စိတ်တိုလာပြီး ...

“ပေးလိုက်စမ်းပါ မမရယ်... စေတနာ ဝေဒနာဖြစ်လွန်းတယ်”

“ပေးမယ်ဆိုရင်လည်း လမ်းမတန်းမှာပဲ လိုချင်တယ်”

“ကောင်းပြီလေ... ဒါဆိုရင် အိမ်လခတွေထဲက မင်းအတွက် ခံစားခွင့် မရှိတော့ဘူး... အခန်းတစ်ခန်းငှားခကို မင်းတို့ညီအစ်ကို သုံးယောက်ကို တစ်ယောက်တစ်ခန်းစီ ခံစားခွင့်ပေးထားတာ... ‘ဉာဏ်လင်း’ တို့လည်း မရဘူး... မင်းလည်းမရဘူး”

“အေးဗျ... ဒါပေမယ့် ကျန်တဲ့အိမ်ခန်းတွေရဲ့ဝေစုတော့ရှိသေးတယ်နော်... သည်လောက်နဲ့တော့ ပြီးလို့ ဘယ်ရမလဲ”

“အေးပါ... မင်းအမွေစကားသိပ်ပြော... သိပ်မက်လွန်းရင် စောစောသေတတ်တယ်နော်”

“ဟား... ဟား... ဟား... ခင်ဗျားတို့က မြန်မြန်သေစေချင်နေတာမဟုတ်လား... အဲ့သလို လူမျိုးက အသက်ပိုရှည်တယ်... မယုံရင်စုံစမ်းကြည့်”

“အေးပါ... ငါတို့ စောစောသေတော့ မင်းလိုကောင်းမျိုး


BURMESE CLASSIC .com

www.burmeseclassic.com


လမ်းဘေးမှာ တောင်းစားရမှာ”

“သားသမီးတွေ မွေးထားတာပဲဗျာ... သူတို့ကျွေးလိမ့်မယ်”

“မင်းတုန်းကရော မိဘကို ဘယ်နှစ်ပြား ရှာကျွေးခဲ့ဘူးလို့လဲ။ ဘာတွေကျေးဇူးဆပ်ဖူးလို့လဲ... မသေမချင်းစိတ်ဆင်းရဲအောင် လုပ်ခဲ့တာကြီးပဲ... မင်းယူထားတဲ့ အကြွေးပဲလိုက်စပ်နေရတာပဲ မဟုတ်လား”

“အေးလေ... ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲလေ... အခုထိလည်း ကျုပ်ကြွေးကိုဆပ်ဖို့ ခင်ဗျားတို့ကို ထားသွားခဲ့တာပဲ”

“ဘာပြောတယ်... အခု နင့်အမွေ နင်တောင်းသွားပြီပဲ... ဘာအကြွေးမှ မဆပ်ဘူး... ထောင်ကျကျ တန်းကျကျ”

“အမွေအားလုံးမှ မဟုတ်တာ... ခင်ဗျားတို့နှစ်ယောက်ထဲ မောင်ပိုင်စီးလို့ ရမယ်ထင်သလား... ‘ရန်ရှင်း’ မိန်းမယူတဲ့အချိန်ကြရင် အားလုံး ညီတူညီမျှ ခွဲပေးမှကျေနပ်မယ်... မခွဲရင် တရားဥပဒေအရ ရှင်းယုံပဲရှိတယ်”

“ခွဲပေးလိုက်စမ်းပါ မမရယ်... သုံးချင် ဖြုန်းချင်လွန်းလို့ တဂျီဂျီလုပ်နေတာ... ခွေးဖြစ်မယ့်ကောင် ဖြစ်စမ်းပါစေ”

“ကျုပ်ခွေးဖြစ်တော့ ခင်ဗျားတို့လည်း ကျုပ်အစ်မတွေပဲ အားလုံးခွေးမျိုးပေါ့”

‘မမကြည်’ က ‘မသီ’ ကို ဆွဲခေါ်ထုတ်သွားခဲ့သည်။ ‘မှုန့်’ ကတော့ ယောင်းမတွေကို အားနာလွန်းသဖြင့် ခေါင်းငုံ့ထားမိသည်။ ပြီးတော့ အိမ်ခွဲထွက်သွားပြီးလျှင် လင်ဖြစ်သူကို မိမိထိမ်းသိမ်းနိုင်ပါ့မလားဟု တွေးပူနေမိသည်။


BURMESE CLASSIC .com

www.burmeseclassic.com


'မေသင်း' မင်္ဂလာဆောင်ပြီး၍ စိန်တွေရွှေတွေသီးပြီး ကောင်းပေ့ဆိုသော ကားကြီးဖြင့် မိဘများအိမ် တစ်နေ့တစ်ခါ မှန်မှန်သွားတတ်သည်။

" 'မှုန့်' လည်း ပေါ်မလာတာကြာပြီ... သူ့အိမ်ဘက်သွား ကြည့်လိုက်ပါအုံးလား"

"ဟာ... မသွားချင်ပါဘူး အမေရာ... သူ့ယောကျ်ားမျက်ခွက် ကို မမြင်ချင်ဘူး"

"ကိုယ့်ညီမဆီ ကိုယ်သွားတာပဲကွယ်"

"အမေဘာသိလဲ... ဟိုတစ်ခါ သွားတုန်းက ဘာပြောတယ် မှတ်လဲ... ဘယ်သူမှ မကြိုက်တဲ့ ဂေါ်ဇီလာကိုယူထားပြီး ဘဝင်မြင့် မနေနဲ့တဲ့... 'ကိုမင်းညီ' မကြားလို့ ကြားရင် ဟိုကလည်း ခံမှာမ ဟုတ်ဘူး... အမေ့သမီးမှာလည်း မွေးခါနီးဖွားခါနီးအထိ ထမင်း ဟင်းကလည်းချက်ရသေး... ကလေးကလည်းတစ်ဖက်... ဆိုင်ကို လည်း ကြည့်ရသေး... စိတ်ညစ်စရာကြီး"


BURMESE CLASSIC .com

www.burmeseclassic.com


"'မညို' တို့လည်း ရှိနေတာပဲ"

"'မညို' ပဲ ပြောပြတာ... အပ်ချုပ်ဆိုင်က အပျိုတွေကို 'ကိုကို' က လက်ကမြင်းတယ်ဆိုလားပဲ... 'မညို' လည်း အိမ်ထောင်ပြုတော့မယ်တဲ့"

"ဟယ်... ဒီကောင်တော်တော်ယုတ်မာတာပဲ... 'မူနွဲ့' အတွက် ငါရင်လေးလိုက်တာ"

"'မေသင်း' သဘောသာဆို ကွာပြစ်တယ်"

"ကလေးတွေက တစ်ယောက်ပြီးတစ်ယောက် တိုးနေတာ"

"ဘာဖြစ်လဲ... 'မူနွဲ့' လည်း ပိုက်ဆံရှာတတ်တာပဲ... မကောင်းတဲ့ လင်တော့ ပေါင်းမနေစေချင်ဘူး"

"ခက်တာပဲ... ဒီကောင် မြန်မြန်သေသွားရင်လည်းကောင်းမယ်"

"အမယ်လေး... သူမသေဘဲ အမေ့သမီးသေနေအုံးမယ်... မွေးရဖွားရအုံးမှာ"

"ဟဲ့... ဖွဟဲ့... လွဲပါစေ... ဖယ်ပါစေ"


BURMESE CLASSIC .com

www.burmeseclassic.com






"မင်းက ငါမုန့်ဖိုးအများကြီးပေးတဲ့အချိန်တွေတုံးက ယောက်ဖဖြစ်နေပြီပေါ့ ဟုတ်လား"

အိမ်ထဲဝင်လာသော 'ဇော်လေး' ကို လှောင်သလိုအပြုံးဖြင့် စီးပြောခြင်းဖြစ်သည်။

"ကျွန်တော်ကတော့ ဘာမှမပြောင်းလဲပါဘူးဗျာ... ကိုယ့်အစ်မတွေကိုချစ်တော့ အစ်မတွေ စိတ်ချမ်းသာအောင် တတ်နိုင်သလောက်နေပေးခဲ့တာကြီးပါပဲ... ဒါပေမယ့် 'မမေသင်း' ယောကျ်ားယူတဲ့ကိစ္စမှာ ကျွန်တော် ဘာအကူအညီမှ မပေးခဲ့ပါဘူး... ဒါပေမယ့် 'ကိုမင်းညီ' က တစ်နေ့တစ်ခြား ပိုရင်းနှီးလာတယ်... မိသားစုဆန်လာတယ်... ကိုကြီးကြတော့ မယူခင်တုံးက အရမ်းကောင်းမယ့်ပုံကြီး... ရသွားပြီးထဲက အထင်နဲ့အမြင် တခြားစီဖြစ်သွားခဲ့တယ်"

'ကိုကို' က အသံထွက်၍ ရယ်ရင်း ...

"ဇကန္တ... တစ်နေ့တစ်နေ့ ငါ့အကြောင်းပဲ မင်းတို့အိမ်မှာ



BURMESE CLASSIC .com

www.burmeseclassic.com


ပြောနေကြတယ်ထင်တယ်… မင်းကလည်း အောင်သွယ်မိတာ နောင်တရနေပုံပဲ… ငါသိတယ်နော်… ငါနဲ့ကွဲစေချင်နေကြတာ”

“ကျွန်တော့်အစ်မက ခင်ဗျားကြီးကို ဘုရားမှတ်လို့ ကိုးကွယ်ခဲ့တာပဲဗျာ… ဖွက်ထွက်တာတောင် တောင်ပို့လို့မြင်မှာ မဟုတ်ပါဘူး… ‘မမူနွဲ့’ ရဲ့မေတ္တာကို ခင်ဗျား သိပ်စော်ကားလွန်းတယ်”

“ဟား… ငါက ဘာဖြစ်နေလို့လဲ… သူ ငါ့အရိပ်မှာ ငါနဲ့အတူ နေနေတာပဲ… ထမင်းနပ်မှန်အောင် စားနေရတာပဲ”

“ဒါပေမယ့် သူစိတ်မချမ်းသာဘူးဆိုတာ ကျွန်တော်တို့အားလုံးသိတယ်… ခင်ဗျား ပွေတာ ရှုပ်တာတွေ သူ အကုန်ကြား အကုန်သိနေရတာပဲ”

“ယောကျ်ားပဲကွ… လေ့ကားသုံးထစ်ဆင်းရင် လူပျိုဖြစ်တယ်ဆိုတဲ့ စကားရှိတာပဲ… တစ်ချို့ မယားပြိုင်ယူနေကြတာတွေလည်း ရှိတာပဲ… ငါက သူနဲ့ တစ်အိမ်ထဲ အတူနေတုန်းပါ”

‘ဇော်လေး’ ဘာမျှဆက်မပြောချင်တော့ပါ။ ဤလူသည် မရခင်ကပုံစံနှင့် ဆန့်ကျင်ဘက်ဖြစ်ခဲ့ပြီ။

“ ‘မမူနွဲ့’ ရော…”

“ဗိုက်နာလို့ ဆေးရုံသွားတယ်”

“ခင်ဗျား လိုက်မပို့ဘူးလား”

“ဟာ… အဲဒါ ယောကျ်ားသွားရတဲ့နေရာမှ မဟုတ်တာ… စက်ချုပ်တဲ့ ကောင်မလေးတစ်ယောက် ပါသွားတယ်”

“ ‘မညို’ လား”

“ ‘မညို’ ကိုထုတ်လိုက်ပြီ… စကားရှုပ်လွန်းလို့ ပြီးတော့ သူက ပိုက်ဆံရှိတဲ့ ယောကျ်ားနဲ့ ယူတော့မှာ… ပြီးရင် သီးသန့် စက်ချုပ်ဆိုင်ဖွင့်မှာ… မင်းအစ်မပဲ တစ်ချိန်လုံး မြှောက်စားခဲ့တာ… အခု သူ့မှာလည်း ပြည့်စုံရော… ခြေစုံကန်ထွက်ပြီလေ… ငါကလည်း ဒီ


BURMESE CLASSIC .com

www.burmeseclassic.com


လုပ်ငန်းကို မကြိုက်လို့ ပိတ်ပစ်ချင်နေတာနဲ့အတော်ပဲ”

“ဟာ... သည်လိုမပြောပါနဲ့... ဒီလုပ်ငန်းကရတဲ့ငွေနဲ့ပဲ ခင်ဗျားတို့ တစ်အိမ်သားလုံး စားလို့လောက်နေတာပဲ”

“လောက်ယုံပါပဲ... အလုပ်သမားတွေကို ဖင်မနေရတာ မင်းမှ မသိဘဲ... ‘မူနွဲ့’ မှာလည်း ချက်ရပြုတ်ရတာတစ်ဖက်... စက်ခန်းထဲဝင်ရတာတစ်ဖက်နဲ့ မနိုင်ပါဘူး... ‘မူနွဲ့’ မဝင်ရင် ‘မညို’ က အစ မကျေနပ်သလိုလုပ်တာ... သူကလည်း ရည်းစားရှိလာပြီး စုမိဆောင်းမိလာတော့ အလုပ်ချိန်ကို ခိုးချင်လာတယ်... မနက်လာတာ နောက်ကျပေမယ့် ညနေစောစောပြန်ချင်တယ်... စနေ တနင်္ဂနွေဆို လုံးဝမဆင်းဘူး... မင်းအစ်မကိုယ်တိုင် အဝတ်ညှပ်ရတာ... အိမ်ဖော်တစ်ယောက်လောက် ထားပါဆိုတော့လည်း မထားဘူး”

ဘယ်ထားပါ့မလဲဗျာ၊ ခင်ဗျားက လာသမျှအပျိုတွေကို ကြံစည်ချင်နေတာကိုး။

စိတ်ထဲက ပြောမိခြင်းပါ။

“အမေကလည်း ပြောခိုင်းလိုက်တယ်... မွေးပြီးရင် အိမ်မှာ ခဏလာနေတဲ့”

‘ကိုကို’ က စဉ်းစားသလိုလုပ်ရင်း ...

“ငါကလည်း ယောက္ခမကြီးကို လာကြည့်ပေးဖို့ အကူအညီတောင်းမလို့ပါဘဲ... အေးလေ... ဟိုမှာခေါ်ထားမယ်ဆိုလည်း ပြီးတာပဲ... ‘ရဲလင်းခိုင်’ ပါ ခေါ်ထားမှရမှာ... ငါက ကားပြန်ထွက်မောင်းနေတာ”

“ရပါတယ်... ခင်ဗျားအတွက် ထမင်း ဒီကိုပဲ လာပို့ပေးရမလား”

“ဟာ... နေပါစေ... ငါက ကားမောင်းနေတော့ ကြုံတဲ့နေရာ စားလိုက်တာ”

www.burmeseclassic.com


"အိမ်မှာပဲ လာစားလိုက်ပေါ့"

"ကြုံရင် ဝင်လာလိုက်မယ်"

ထိုညမှာပင် 'မူနွဲ့' ဒုတိယအကြိမ်မြောက် မီးဖွားဖြစ်ခဲ့သည်။

ယခုတစ်ခါ မိန်းကလေးမွေးသဖြင့် ကြီးဒေါ်အပျိုကြီးနှစ်ယောက်ပျော်နေကြသည်။ ဗုဒ္ဓဟူးသမီးလေးဖြစ်၍ 'ရွှေဝင်းဝင်း' ဟုနာမည်တစ်ခါတည်း ရွေးခဲ့ကြသလို သမီးလေးအတွက် ရွှေဆွဲကြိုးရွှေလက်ကောက်များ ပြေးဝယ်ကြသည်။ ဂါဝန်များ၊ ဖိနပ်များလည်းဝယ်လာကြသည်။ 'ဒေါ်စောရီ' က ကျေနပ်စွာရယ်ရင်း ...

"အော်... 'ကြည်ကြည်' နဲ့ 'သီသီ' ရယ်... တူမချောကဖြင့်ရက်ပိုင်းလေးရှိပါသေးတယ်... ဒီဂါဝန်တွေက ခြောက်လတစ်နှစ်လောက်မှ ဝတ်လို့ရမှာ"

"လှလွန်းလို့လေ အန်တီရယ်... အန်တီတို့အိမ်မှာ မီးထွက်တဲ့အထိနေမှာဆို... အန်တီပင်ပန်းနေပါ့မယ်... 'ကြည်' တို့ပဲ ခေါ်သွားလိုက်မယ်လေ"

"မပင်ပမ်းပါဘူးကွယ်... မိခင်ဆိုတာ ကိုယ့်သားသမီးကိုပြုစုရလို့များ ပင်ပန်းတယ်လို့ ဘယ်တော့မှ မထင်ပါဘူးကွယ်... ဒီလိုအချိန်မျိုးကြမှ အတူနေခွင့်ရကြတာလေ... 'ကြည်ကြည်' တို့ရဲ့ စေတနာကိုတော့ အန်တီတို့ တစ်မိသားစုလုံး နားလည်ပြီးသားပါကွယ်"

ထိုနေ့လည်ခင်းတွင် 'ဉာဏ်လင်း' နှင့်ဇနီးဖြစ်သူ 'ဝါဝါ' တို့ရောက်ရှိလာသည်။ 'ရန်ရှင်း' ကလည်း သူ့ချစ်သူဇနီးလောင်း 'နွယ်နီ' နှင့် အရုပ်တွေ တစ်ပုံကြီးဝယ်လာခဲ့သည်။

နောက်ဆုံးမှ ရောက်လာသူက မွေးသဖခင် 'ဦးကိုကို' ပါပဲ။

"နေကောင်းတယ်နော် 'မူနွဲ့' ... ကိုယ့်ကားကို မင်္ဂလာဒုံတင်ဆိုပြီး ခေါ်သွားတာ ဟိုကြတော့ မှော်ဘီဘက် ဆက်သွားချင်တယ်


BURMESE CLASSIC .com

www.burmeseclassic.com



ဆိုလို့ လိုက်ပို့လိုက်ရတယ်… အိမ်အတွက် မီးသွေး (၁၀) အိတ် ရယ်… အသီးအနှံတွေ အစုံဝယ်လာတယ်”

“ ‘မမကြည်’ တို့ကိုပေးလိုက်လေ…လောလောဆယ် ‘မူနွဲ့’ မှ မချက်နိုင်သေးတာ”

“ငါ့သမီးလေးက အတော်ချောမယ့်ပုံပဲကွ… ကြီးဒေါ်တွေလို အပျိုကြီးဖြစ်သွားရင်တော့ ဒုက္ခပဲ”

ထိုစကားကြောင့် အစ်မနှစ်ယောက်က ရှုတည်တည်လုပ်နေ ကြသည်။

“ဒီည ဘယ်သူအိပ်စောင့်မှာလဲ မသိဘူး”

“ ‘မမေသင်း’ လာမယ်ပြောတယ်”

“ဟာ ဟုတ်လား… ဒါဆိုရင် လစ်တော့မယ်… ရော့ ဒီနေ့ရ သမျှ အကုန်ယူထားလိုက်… နယ်အထိသွားပေးလို့ တစ်သောင်း ကျော်ရတယ်”

“ဟင် အဲ့သလောက်မလိုပါဘူး… ‘မမကြည်’ တို့ရော ‘မမေ သင်း’ တို့ရော ပေးထားကြတယ်… မောင် သုံးဖို့ယူထားပါ”

‘မူနွဲ့’ တစ်ယောက် လင်ကိုအလိုလိုက်ပြီး အကြိုက်ဆောင် လွန်းသဖြင့် လင်လုပ်သူက ထင်ရာလုပ်နေခြင်း ပါလားဟု ‘ကြည်ကြည်’ တို့ကတွေးနေကြသည်။

“ကဲ မမတို့တစ်ခါတည်း ပြန်လိုက်မလား… လိုက်ပို့ပေး မယ်”

“ဖြည်းဖြည်းမှပြန်မယ်… ‘မေသင်း’ ရောင်တဲ့အထိ စောင့်ကြ အုံးမှာ… မင်း ထမင်းစားချင်ရင် အိမ်မှာဝင်စားလိုက်”

“ဟုတ်ပြီ… ဟုတ်ပြီ”

‘မူနွဲ့’ ဆေးရုံကဆင်းပြီး မိဘများအိမ်ရောက်နေတာ ဆယ် ရက်ရှိပြီ။ ယောကျ်ားလုပ်သူက ညစဉ် တစ်နေ့တစ်ခေါက်လာ

www.burmeseclassic.com


ကြည့်ပါသည်။

'ရဲလင်းနိုင်' က ဖခင်ဖြစ်သူနှင့်လိုက်ချင်၍ ပြန်ခါနီးတွင် တွယ်ကပ်နေတတ်သည်။ ကားထွက်သွားလျှင် ငို၍မဆုံး။

"အိမ်တွေဘာတွေရော ရှင်းထားရဲ့လား"

"ရှင်းပါ့ဗျာ... အပ်ချုပ်စက်တွေတောင် ဝယ်မယ့်လူတွေလာကြည့်သွားပြီ"

"ဟင် ဘယ်သူက ရောင်းမယ်ပြောလို့လဲ"

"မင်းလည်း ချုပ်နိုင်မှာမှ မဟုတ်တာ... ရောင်းပစ်လိုက်တာပဲ အေးတယ်... ဒီအလုပ်ဆက်လုပ်နေရင် ငါ့ကို နှာဘူးဆိုပြီးကွယ်ရာက ဝိုင်းပြောနေကြအုံးမယ်"

"ကိုယ်မဟုတ်ရင် ပြီးတာပဲ မောင်ရယ်... အရင်ကလောက်မချုပ်နိုင်ရင်တောင် နည်းနည်းပါးပါးတော့ လုပ်နိုင်ပါသေးတယ်... မောင် ရှာတာတစ်ခုတည်းနဲ့တော့ မလောက်ဘူးထင်တယ်"

" တော်ပြီ တော်ပြီ... ငါနဲ့ယူထားမှတော့ ငါရှာတာနဲ့ပဲ လောက်အောင်စားဖို့ ကြိုးစားပေါ့"

'မှုန်နဲ့' သည်းခံနေလိုက်ပါသည်။ အမေ ကြားသွားမှာစိုး၍ ဆက်မပြောတော့။

"ညည်း ယောကျ်ားတစ်ယောက်တည်း ပျင်းနေပြီထင်တယ် သုံးလေးရက်နေပြီး ပြန်ချင်ပြန်လေ... အမေ နေ့တိုင်းလာချက်ပြုတ်ပေးမယ်"

"ရပါတယ်... တစ်လလောက်နေပြီး ချက်နိုင်ပြုတ်နိုင်မှပဲ ပြန်တော့မယ်"

"အေး အေး... မနေစေချင်လို့ ပြောတာမဟုတ်ဘူးနော်... သူ့အတွက်ပြောတာ"

" သူကလည်း တစ်နေကုန် အပြင်ထွက်နေရတဲ့ လူဆိုတော့


BURMESE CLASSIC .com

www.burmeseclassic.com



'မှုန့်' တို့သားအမိတွေကို ပြန်မကြည့်နိုင်လို့ ဒီမှာပဲ စိတ်ချလက်ချ ထား,ထားတာလေ"

"အေး အေး... အမေတို့ကတော့ ကိုယ့်သမီး ကိုယ့်မြေးတွေ နဲ့ ကြာကြာနေရလေ ပိုကြိုက်လေပဲပေါ့လေ"

'မေသင်း' က နံနက်ဈေးဝယ်ထွက်ရင်း မိခင်ဖြစ်သူအတွက် တစ်ခါတည်း ဝယ်ပို့ပေးတတ်သည်။

'ကိုမင်းညီ' က မိန်းမဖြစ်သူစီးဖို့ ကားကောင်းပေးထားပြီး သူကတော့ လုပ်ငန်းသုံးကားကိုသာစီးသည်။

"အမေ့သားမက်ကော လာရဲ့လား"

"ဘယ်သူလည်း ကိုကိုလား"

"အင်းပေါ့"

"ခုတလော နေ့တိုင်းမလာတော့ဘူး... သုံးလေးရက်တစ် ခေါက်တော့လာတယ်"

"မိန်းမနဲ့ကလေးတွေကို ဒီမှာ စိတ်ချလက်ချထားပြီး ကွယ် ရာမှာ ရှုပ်နေအုံးမယ်... 'မှုန့်' မျက်နှာကြည့်ရတာလည်း ခုတလော နည်းနည်း ငိုင်နေသလိုပဲ"

"ဟုတ်တယ်... ပြန်ချင်ပုံလည်း မပေါ်ဘူး"

"မပြန်ချင်လည်း မပြန်ခိုင်းနဲ့တော့... အမေတို့လည်းအဖော် ရတာပေါ့"

"အမေတို့အတွက်က အရေးမကြီးပါဘူး... သူ့အဖော်နဲ့သူ နေကြတာပဲ ကောင်းပါတယ်... ကြာကြာနေလေ တာဝန်ပေါ့လေ ဖြစ်မှာဆိုးပါတယ်... ပြီးတော့ သူတို့မိသားစုနဲ့ သူပဲကောင်းပါ တယ်... တော်ကြာ မိန်းမပြန်မလာလို့ သူ့ဘဝ အထီးကျန်လို့ဆို ပြီး အဖော်သစ်ရှာနေပါ့မယ်...သိတဲ့အတိုင်း ညည်းညီမကဒီကောင့် ကို ဘယ်လောက်စွဲလန်းသလဲဆိုတာ ငါတို့အသိဆုံးပဲလေ"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com


"ဘာပဲဖြစ်ဖြစ် အမေ့သမီး သဘောထားသိရအောင် တီးခေါက်ကြည့်ရအောင်လေ"

'မူနွဲ့' ဆီက အဖြေရပါသည်။

တစ်လပြည့်လျှင် ပြန်မည်တဲ့။

သို့သော် နောက်တစ်နေ့ ယောင်းမနှစ်ယောက် ရောက်လာပြီးသောအခါ ချက်ခြင်းပြန်ဖို့ပြင်တော့သည်။ ညနေဘက် 'မေသင်း' ရောက်လာသောအခါ ...

"ကြည့်ရတာ သူ့ယောကျ်ား ဘာမဟုတ်တာ လုပ်ထားပြန်ပြီလည်း မသိဘူး"

"ယောင်းမနှစ်ယောက်ကတော့ တကယ်ကောင်းရှာပါတယ်"

"ပေါင်းရမှာက သူ့ယောကျ်ားနဲ့လေ အမေရယ်... ဘာဖြစ်သလဲလို့ စုံစမ်းကြည့်အုံးမှပဲ"

'ကိုမင်းညီ' ၏ မိတ်ဆွေများထံမှ သတင်းပြန်ရသည်။

အပ်ချုပ်စက်တွေလည်း ဖဲရှုံး၍ လာသိမ်းသွားသလို၊ တိုက်ခန်းကိုလည်း ပေါင်ထားသည်ဟု သိရသည်။ လက်ညှိုးထိုးပြီး ရောင်းစားမည်ဆို၍ 'မူနွဲ့' တို့သားအမိသုံးယောက်ကို အမြန်လာခေါ်သွားခြင်းဖြစ်သည်။

"အမေ့သမီးအတွက်တော့ အမေရာ... ကိုယ်ကယ်နိုင်လျှက် နဲ့ လက်ပိုက်ကြည့်နေရတယ်"

အပူအပင်ကြီးသော 'မေသင်း' က 'မူနွဲ့' တို့မိသားစုများ နေထိုင်သည့် အိမ်နီးခြင်းများကို ခင်အောင်ပေါင်းထားပြီး ညီမဖြစ်သူ၏ အိမ်တွင်းရေးအခြေအနေကို အမြဲနားထောင်နေခဲ့သည်။

ခန္ဓာကိုယ်တွင် အမြဲဆင်မြန်းထားသော နားကပ်၊ ဆွဲကြိုးနှင့် လက်ကောက်တစ်စုံကို ချွတ်မပေးသဖြင့် ထမင်းစားရင်း စားပွဲခုံကို မှောက်ချကြောင်း၊ 'မူနွဲ့' ခမြာ ယောင်းမများ လာပေးသော

www.burmeseclassic.com


ဆန်ဆီနှင့် မုန်ဖိုးငွေသာ သုံးနေရကြောင်း။

ယောင်းမများက နားပေါက်ဟောင်းလောင်းဖြစ်နေ၍ နားကပ်ထပ်လာဆင်ရကြောင်း။

ယခုရက်ပိုင်း 'မူနွဲ့' တို့သားအမိများကို နှင်ချနေကြောင်းကြားရသဖြင့် 'မေသင်း' မနေနိုင် မထိုင်နိုင် ညီမဖြစ်သူထံ ရောက်လာခဲ့သည်။

"ဟော မမပါလား.. မလာစဖူး"

"ဟုတ်တယ်... တတ်နိုင်ရင် ဒီအိမ်ရိပ်ကိုတောင် နင်းချင်တာမဟုတ်ဘူး... နင့်အကြောင်းတွေကြားရတာ စိတ်မချမ်းသာလွန်းလို့ ငါလာခေါ်တာ"

"ဟင်... ဘာတွေကြားလို့လဲ... ဘယ်ကိုခေါ်မှာလဲ"

"အကုန်ကြားတယ်... အရိုက်ခံရတာရော... နှင်ချတာရော"

နောက်ထပ်ကြားထားသော သတင်းကို 'မူနွဲ့' ကို ပြောမပြရက်ပါ။

'မမကြည်' တို့ကို အညိုးကြီးခဲ့သော 'မေဘယ်လ်' က မိဘပေးစားနေသူကို မယူဘဲ ပဲခူးတွင် တိုက်ခန်းဝယ်ပြီး 'ကိုကို' နှင့် တိတ်တိတ်ပုန်းပေါင်းသင်းနေသည်ဟု 'ကိုမင်းညီ' စုံစမ်းသရှိခဲ့သည်။

ဤကိစ္စကို 'မမကြည်' တို့ထံ ဝင်ပြောခဲ့ပြီးပြီ။

'ရန်ရှင်း' မင်္ဂလာပွဲအတွက် ပြင်ဆင်နေသော 'မမကြည်' တို့လည်း ထိုသတင်းကြောင့် စိတ်ဆင်းရဲကုန်ကြသည်။ ချက်ခြင်းသတင်းစာတိုက်ပြေး၍ ' 'မူနွဲ့' သာလျှင် တရားဝင်ဇနီးဖြစ်ကြောင်း' သွားကြေညာပေးကြသည်။

"ဘာသဘောလည်းကွ... ဘာကိစ္စသတင်းစာထဲ ထည့်တာလဲ"

www.burmeseclassic.com


"'မူနွဲ့' ဘာမှ မသိဘူး"

"မင်းအစ်မ ဝင်ရှုပ်နေတာ မဟုတ်လား"

"ရှင်ကရော ကောင်းလို့လား"

"ငါမကောင်းဘူးဆိုတာ မင်းရော... မင်းမိသားစုရော... ငါ့မိသားစုရော အားလုံး အားလုံးသိနေတာပဲ"

"ရှင် အဲဒီမိန်းမဆီ သွားနေမယ်ဆိုရင်တော့ 'မူနွဲ့' ကို ကွာပေး"

"သူကလည်း ငါ့ကို မပြတ်နိုင်ဘူးတဲ့လေ... သူ ငါ့ကို တကယ်ချစ်ခဲ့တာ"

"သူ့ကိုသနားနေရင် ဘာလို့ 'မူနွဲ့' ကို လာကြိုက်သေးလဲ... လာယူသေးလဲ... 'မူနွဲ့' က ရှင်လူပျိုမဟုတ်မှန်းသိလျက်နဲ့ သူများအပြောခံပြီး ယူခဲ့ရတာ... သူ့ကိုမပြတ်နိုင်ရင် အစထဲက သူ့ကိုပဲ ပြန်ယူပေါ့... အခုလည်း ရှင်ပြတ်ပြတ်သားသားပဲပြောပါ... သူနဲ့ ပေါင်းမယ်ဆိုရင် ကျွန်မကို ကွာ"

"မင်းစကားက ရှေ့နောက်မညီဘူးနော်... သတင်းစာထဲမှာကျတော့ မင်းပဲတရားဝင်ဆို... မင်းအတင်းကွာခိုင်းလို့ ကွာရှင်းပေးလိုက်ရင် နေရင်းထိုင်ရင်း ဟိုက တရားဝင်ဖြစ်သွားမှာနော်"

"ရပါတယ်... ရှင်က တရွာတကျီစောက်နေတာဆိုတော့ တရားဝင်တွေနောက်ထပ် အများကြီးတိုးလာအုံးမှာပါ... ကျွန်မကတော့ ရှင့်ကို အရှုံးပေးလိုက်ပါပြီ... ဒီညပဲ အမေတို့ဆီ ပြန်တော့မယ်... လာတွေ့စရာလည်း မလိုဘူး... ကလေးတွေနဲ့လည်း လာမပတ်သက်နဲ့တော့"

"အားကိုးရှိလို့ အရမ်းမာနကြီးနေတယ်ပေါ့လေ... နောက်ထပ်အသစ်တွေ့နေပြီလား"

"တော်စမ်းပါ... ကိုယ့်စိတ်နဲ့နှိုင်းမနေစမ်းပါနဲ့... အင်း...


BURMESE CLASSIC .com

www.burmeseclassic.com


တစ်ခုတော့ရှိတယ်… ရှင်နဲ့ ပြတ်ပြတ်သားသားဖြစ်ပြီးရင်တော့ ကိုယ့်ဘဝအတွက် ထပ်စဉ်းစားချင် စဉ်းစားမယ်”

“မင်း နောက်အိမ်ထောင်ပြုမယ်ဆိုရင် ငါ့ကလေးနှစ်ယောက်ကို ‘မမကြည်’ တို့ဆီ ပို့ထားမှဖြစ်မယ်”

“ဒီကိစ္စက အရေးမကြီးပါဘူး… ‘မမေသင်း’ တို့ကလည်း အပိုင်မွေးစားဖို့ စကားကမ်းလှမ်းပြီးသားပါ”

“ဟော့… ငါနဲ့ရတဲ့ကလေး ငါ့ဘက်ကပဲ ယူခွင့်ရှိတယ်… သတ္တိရှိရင် မင်းပေးကြည့်လေ… ငါ့အကြောင်း မင်းသိပါတယ်ကွာ”

မိဘအိမ်ပြန်ဖို့ အထုတ်အပိုးပြင်နေသော မိန်းမကို မချော့သော်လည်း၊ ပြန်သွားမည်ဆိုး၍ တံခါးသော့ပိတ်အိပ်နေသဖြင့် ‘မူနဲ့’ ထိုည မပြန်ဖြစ်တော့။

နောက်တစ်နေ့မနက် အပြင်မှ သော့ခတ်ထွက်သွားခဲ့သည်။




BURMESE CLASSIC .com

www.burmeseclassic.com


## ၁၃

'ကိုကို' လာ အကူအညီတောင်းသဖြင့် 'မူနွဲ့' ကို ချော့ရန်လာခဲ့သော ယောင်းမများ လက်မြှောက်လိုက်ရပြီ။

သော့ဖွင့်ပြီး ဝင်လာချိန်တွင် 'မူနွဲ့' က နောက်ဘက်လမ်းကြားမှ ထွက်သွားခဲ့ပြီ။

'ဒေါ်စောရီ' တို့ကို တောင်းပန်ပြီး ပြန်ခေါ်ဖို့ လိုက်ခဲ့သောအခါ အိမ်ရှေ့တွင် ဆိုင်းဘုတ်တတ်ထားသည်။

'အိမ်ရောင်းမည်' တဲ့။

'မေသင်း' တို့အိမ် လိုက်သွားသောအခါ 'အိမ်ရောင်းမည်' ဆိုသည့် ဆိုင်းဘုတ်တတ်ထားပြန်သဖြင့် လက်လျှော့ပြီး ပြန်လာခဲ့ရသည်။

"မင်း သိပ်တရားလွန်တာကိုး... 'မူနွဲ့' ဟာ အင်မတန်သဘောထားပြည့်ပြီး မင်းကို မျက်လုံးစုံမှိတ်ပြီး ချစ်ခဲ့တာ... တစ်ခုတော့ ပြတ်ပြတ်ပြောထားမယ်နော်... 'မေဘယ်လ်' ကိုတော့ လုံးဝ

www.burmeseclassic.com


ခေါ်မလာနဲ့ … အခု မင်းနေတဲ့ တိုက်ခန်းကိုလည်း ငါတို့ပြန်ရွေးမယ်… ပြီးရင် လူငှားတင်မယ်… ကလေးနှစ်ယောက်အတွက်ပဲ… ဟိုအငယ်ကောင်တွေလည်း အိမ်မှာပဲ နေရမယ်… အားလုံး လူငှားနဲ့ပဲထားမယ်… 'ဝါဝါ' က တမျိုးဆိုးတယ်… သူ့အမျိုးတွေကို အကုန်တင်ထားတယ်… သူငှားချင်တဲ့ဆိုင်တွေကို ခဏခဏပြောင်းငှားတယ်"

"ဖယ်ပေးအုံးမှကိုး"

"ဖယ်ပေးမယ်တဲ့… တစ်အိမ်ထဲ တစ်အိုးထဲစားတော့ သူတို့လည်း သက်သာတယ်တဲ့"

"အင်း… ကြည့်ရတာ နဂိုထဲက အဲဒီအိမ်ကြီးပေါ်မှာ နေချင်တာလားမှ မသိဘဲ… တိုက်ခန်းထက် ပိုတန်ဘိုးကြီးတာကိုး"

"အချိန်တန်တော့လည်း ဝေပုံကျပေါ့ကွာ"

"တစ်ခုတော့ရှိတယ်… ကလေးနှစ်ယောက်ကိုတော့ ရအောင်ပြန်ခေါ်ထားပေးပါ"

"ငါတော့ မပူပါဘူး…မင်းကို သည်လောက်ချစ်တာ…ကလေးတွေ မျက်နှာကလည်း ကြည့်ရအုံးမှာဆိုတော့ မင်းအတင်းချော့ခေါ်ရင် ပြန်လာမှာပါ"

"သူ့အစ်မစကားနားထောင်ပြီး မာနကြီးသွားပုံရတယ်… အနိမ့်ခံရမှ သူသဘောပေါက်မှာ"



www.burmeseclassic.com


နေစရာအိမ်တွေပေါ်များသော 'မေသင်း' တို့က 'မူနွဲ့' တို့သားအမိကို လုံခြုံစွာ ခြေရာဖျောက်ထားခဲ့သည်မှာ နှစ်ဝက်ပင် ရှိခဲ့ပြီ။

တူနှင့်တူမကို လွမ်းနေကြသော ကြီးဒေါ်များမှာ နည်းမျိုးစုံဖြင့် စုံစမ်းကြသည်။ 'ဖော်လေး' ၏ စာသင်ဆောင်အထိ လိုက်ကြသောအခါ 'ဖော်လေး' စက်ရုံတွင် ကျောင်းတက်ရင်း အလုပ်လုပ်နေပြီဟု ကြားသိခဲ့ရသည်။

'ဒေါ်စောရီ' တို့၏ အိမ်နေရာတွင်လည်း တိုက်ဆောက်နေပြီ။

တစ်နှစ်အတွင်း ပြောင်းလဲမှုတွေ မြန်ဆန်လှသည်။

'မူနွဲ့' ကို မုဆိုးဖိုကံထရိုက် တစ်ယောက်နှင့် ပေးစားချင်သော 'မေသင်း' က တရားဝင် ကွာရှင်းခွင့်ရရန် ကြိုးစားသော်လည်း 'ကိုကို' က ကွာမပေး။

"သူကြတော့ မယားပေါင်းနဲ့ ပေါင်းနေပြီး နင့်ကိုကြတော့


BURMESE CLASSIC .com

www.burmeseclassic.com


ကွာမပေးဘူး... ဂရုစိုက်မနေနဲ့... နင်လည်း ကိုယ့်ဘဝအတွက် နောက်အိမ်ထောင်ထူတာပဲ နောက်မှကြည့်ရှင်းမယ်... ယူမှသာ ယူလိုက်"

'မူနွဲ့'က ခေါင်းခါပြီး ...

"မဖြစ်နိုင်ပါဘူး မမရယ်... 'မမကြည်' တို့က 'မူနွဲ့' ကို တရားဝင်ဇနီးဖြစ်ကြောင်း ကလေးနှစ်ယောက်နာမည်ပါထည့်ပြီး ကြေညာထားတာလေ... သူကလည်း ကွာရှင်းခွင့်မပေးတော့ 'မူနွဲ့' နောက်အိမ်ထောင်ပြုဖို့က မဖြစ်နိုင်ပါဘူး"

'မင်းညို'ကလည်း 'မေသင်း'၏ ပုခုန်းကို အသာပုတ်ရင်း...

"မိန်းမရာ... ဘာလို့ ပြဿနာရှာချင်ရတာလဲ... ဒီကောင်က လူလည်နော်... ဟိုမိန်းမကို သူတွဲနေတာက တိတ်တိတ်ပုန်းလေ... 'မူနွဲ့' ကိုလည်း ကွာပေးမထားဘူး... 'မူနွဲ့' နောက်အိမ်ထောင်ပြု လိုက်တာနဲ့ သူတရားစွဲပြီး ငွေညှစ်မှာပဲ"

"အဲဒီတော့လည်း ပြတ်ပြတ်သားသားဖြစ်သွားမှာပေါ့"

"မတန်တဆတောင်းရင်ရော"

"အခုဆောက်လက်စ တိုက်ခန်းပြီးရင် 'မူနွဲ့' စကေးက နှစ်ခန်းရှိတာပဲ... တစ်ခန်းရောင်းပြီးပေးလိုက်"

"အို... နောက်ယောကျ်ားလည်း မယူတော့ဘူး... အရင်ယောကျ်ားနဲ့လည်း မပေါင်းချင်ဘူး... တိုက်ခန်းနှစ်ခန်းကိုလည်း သားနဲ့သမီးအတွက်ပဲ ပေးချင်တာ... မမရဲ့စေတနာကို 'မူနွဲ့' နားလည်ပါတယ်... 'မူနွဲ့' ဘဝကိုက ဒီလိုဖြစ်ဖို့ ပါလာခဲ့တာပဲ... နောက်တစ်ယောက်ယူလည်း ဒါမျိုးမကြုံဖူးလို့ မပြောနိုင်ဘူး... တစ်ခါမှားတာပဲ ကောင်းပါတယ်"

သည်လိုနှင့် 'မူနွဲ့' နှင့် 'ကိုကို' အဆက်အသွယ်လုံးဝပြတ်ခဲ့သည်မှာ (၂) နှစ်နီးပါးပင် ရှိခဲ့ပြီ။ ဆောက်လုပ်နေသော တိုက်လည်း


BURMESE CLASSIC .com

www.burmeseclassic.com


ပြီးသွားခဲ့ပြီ။

'မင်းညီ' ကန်ထရိုက်လုပ်သဖြင့် ညာဘက်ရှစ်လွှာတိတိကိုရသည်။ ပိုင်ရှင်ဖြစ်သော ယောက္ခမများကို အပိုဆောင်းငွေ (၁၀) သိန်း သီးသန့်ပေးခဲ့သဖြင့် အဖိုးကြီး၊ အဖွားကြီး နှစ်ယောက် အသက်ကြီးမှ ငွေဖောဖောသီသီ ကိုင်နိုင်ကြသလို၊ အခန်းအားလုံးကို နှစ်ချုပ်နှင့်ငှားပြီး 'မူနွဲ့'၏ အခန်းတွင်သာ စုနေကြသည်။

အောက်ဆုံးထပ်က တစ်လခြောက်သောင်းရသည်။ အိမ်လခတွေကို နှစ်ချုပ်နှင့် ယူသဖြင့် သားသမီးများကို စိန်ရွှေဝယ်ပေးနိုင်သည်။ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ တီဗွီအပေါ်စက်၊ အောက်စက်၊ စလောင်း ပြည့်စုံနေသည်။

မြေးအကြီး 'ရဲလင်းနိုင်' ကို မူကြိုပို့ထားသည်မှာ သုံးလခန့်ရှိပြီ။ ကျောင်းကားလာကြိုချိန်နှင့် ပြန်လာပို့ချိန်တွင်သာ အဖိုး၊ အဖွားနှင့် မိခင်ဖြစ်သူတို့က ဝရံတာမှ ထွက်ကြည့်ကြသည်။ နှုတ်ဆက်ကြ၊ ကြိုကြသည်။

သား၏ ထမင်းဗူးကို ဖွင့်ဆေးဖို့ အဖုံးဖွင့်လိုက်သောအခါ စာအိတ်ကို အပေါ်က ပလပ်စတစ်တစ်ထပ် သေခြာကလစ်ဖြင့် ညှပ်ထားကြောင်း တွေ့ရသဖြင့် ရင်တထိတ်ထိတ်ဖြစ်သွားသည်။

"အချစ်ဆုံး မူနွဲ့"

ယောကျ်ားဖြစ်သူ၏ စာဖြစ်နေ၍ မိဘများ မမြင်အောင် ခိုးဖတ်မိသည်။

"မင်းရဲ့ဆန္ဒမပါဘဲ 'မေသင်း' ကြောင့် မောင်တို့အကြားကြီး ခွဲနေကြရတယ်နော်... ချစ်ခြင်းမေတ္တာအစစ်နဲ့ တည်ဆောက်ထားတဲ့ မင်းရဲ့အိမ်ထောင်ရေးကို ဘယ်သူမှ ဖြိုခွဲလို့ မရနိုင်ပါဘူးနော်...

မင်းကို နောက်အိမ်ထောင်ပြုပေးဖို့ ကြိုးစားတာ မောင်သိတယ်... မင်းသတ္တိရှိရင် ယူကြည့်လေ... မင်းနဲ့ငါဟာ တရားဝင်

www.burmeseclassic.com



မကွာရှင်းထားသ၍ မင်းဟာ ငါရဲ့ကာမပိုင်ဇနီးမယား အဖြစ်ပဲရှိနေသေးတယ်လေ... ယောကျ်ားတစ်ယောက်ဟာ အိမ်ထောင်ကျသွားတာနဲ့ တခြားမိန်းမတွေနဲ့ မရှုပ်ကြဘူးလား... မယူကြဘူးလား... ကိုယ်တစ်ယောက်ထဲ ဒီပြစ်မှုကို ကျူးလွန်တတ်တာလား.. ဒါဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စတွေပါ... ဒါပေမယ့် မင်းကလွဲရင် ကိုယ်ဘယ်သူ့ကိုမှ တရားဝင်လက်မထပ်ခဲ့ပါဘူး... 'မေဘယ်လ်' နဲ့တုန်းက ခိုးပြေးပြီး ပေါင်းသင်းခဲ့ပေမယ့် လက်မထပ်ဖြစ်ခဲ့ဘူး... ကိုယ့်အိမ်ကလည်း လက်မခံလို့ ကွဲသွားခဲ့ကြတယ်... မာနနဲ့ဆင်းသွားပြီးမှ 'မေဘယ်လ်' တစ်ယောက် တကယ်မပြတ်နိုင်ါဘူး... 'မူနွဲ့' ပုံစံကကြည့်တော့ ပျော့ညံ့ညံ့ပေမယ့် ကလေးနှစ်ယောက် မျက်နှာကိုတောင် မထောက်ဘဲ စိမ်းကားနိုင်လွန်းတယ်...

'မူနွဲ့' ရဲ့ မေတ္တာ ဘယ်လောက်စစ်သလည်းဆိုရင် မင်းရင်ခွင်မှာ ကိုယ်လုံးဝ ခိုနားခွင့်ရသွားခဲ့ပါပြီ... မင်းရဲ့အချစ်ကို လုယူမယ့်သူ သည်လောက က ထွက်ခွာသွားခဲ့ပါပြီ။

'မေဘယ်လ်' ကားတိုက်ခံရပြီး ဆုံးသွားခဲ့တာ နှစ်လရှိသွားပြီ။

ကိုယ့်ကြောင့် မိဘရဲ့ စွန့်ပြစ်ခြင်းခံခဲ့ရတဲ့ 'မေဘယ်လ့်' ကိုသနားပြီး စောင့်ရှောက်ပေးမိတယ်... ကိုယ့်ကလေးနှစ်ယောက်ကိုတော့ ဆွေမျိုးတွေအလယ်မှာ မျက်နှာမငယ်စေချင်တာ အမှန်ပဲ။ 'မူနွဲ့' က ကိုယ့်ကို မမြင်မတွေ့ချင်ဘူးဆိုရင်တောင် ကလေးတွေနဲ့တော့ ပေးတွေ့ပါ... ကိုယ်တောင်းပန်ပါတယ်... 'မမကြည်' တို့ကို လာခေါ်ခိုင်းလိုက်မယ်... မထည့်ရင် ကိုယ့်အပြစ်မဆိုနဲ့နော်... ကိုယ်ချင်းစာတတ်ပါစေလို့ ကိုယ်ဆုတောင်းတယ်...

ထိုစာကိုတွေ့ပြီးသည်နေ့မှစ၍ 'မူနွဲ့' ထို ထမင်းချိုင့်ကို မိခင်လက်ထဲမရောက်အောင် စောင့်ယူနေရပါတော့သည်။

www.burmeseclassic.com


"သားကြီးရေ... ကျောင်းမှာ သားကို ဘယ်သူလာတွေ့သေး လဲ... ဘယ်သူလာစကားပြောသေးလဲ"

"မတွေ့ပါဘူး... မပြောပါဘူး"

"ဖေဖေ လာတယ်မဟုတ်လား"

"မလာပါဘူး... ဖေဖေ့ကို မှတ်တောင် မမှတ်မိတော့ဘူး"

ထိုစကားကြောင့် ရင်ထဲအောင့်သွားမိပါသည်။

သိတတ်သည့်အရွယ်ထဲက 'ကိုမင်းညီ' နောက်ကိုသာ တစ်ကောက်ကောက် လိုက်နေခဲ့ရသည်မဟုတ်လား။

"ဖေဖေ့ကို သားတွေ့ချင်လား"

"မတွေ့တော့ပါဘူး... ဖေဖေက မေမေ့ကို သိပ်နှိပ်စက်တာပဲ သိပ်ရိုက်တာပဲဆို... ပြန်တွေ့ရင် မေမေပဲ အရိုက်ခံနေရမှာပေါ့... မေမေလည်း မတွေ့နဲ့နော်... သားလည်း မတွေ့ဘူးနော်"

'မမေသင်း' နားသွင်းထားသဖြင့် ကလေးက အဖေ့ကို မုန်းနေပါရောလား။

ထမင်းချိုင့်ထဲသို့ စာများမှန်မှန်ထည့်ပေးနိုင်ရန် တစ်နည်းပဲရှိသည်။ မူကြို့မှ ဆရာမလေးထံ ချဉ်းကပ်ခြင်းသာ ဖြစ်မည်။

"မူလေး"

'မောင့်ကို တွေ့ခွင့်ပေးပါ...

မနက်ဖြန် မူကြို့ပိတ်တယ်မဟုတ်လား... သားနဲ့သမီး ခေါ်ပြီး ဘုရားဖူးပါလား... ရွှေတိဂုံတောင်ဘက်မုဒ်မှာ (၁၀) နာရီ စောင့်နေမယ်... မလာရင် အိမ်ပေါ်ရောက်အောင်လာခဲ့မှာနော်...

သူ့ထံမှ စာတွေရတာ (၁၀) စောင်ကျော်ပြီ။ ဤစာတွင် တောင်းဆိုမှုတွေပါလာပြီ။

သွားလျှင် အိမ်ကသိလျှင် ဆူကြပူကြပေလိမ့်မည်။

မသွားလျှင် သူတကယ်အိမ်ကိုလာမှာလား။ လာလျှင် ပို၍

www.burmeseclassic.com


ပြဿနာတက်ကြမည်။

မနက်ဖြန် သွားဖို့ မသွားဖို့ အရေးတွေးပြီး 'မူနွဲ့' ပတ်ဝန်းကျင်ကို သတိလက်လွတ် ဖြစ်သွားမိသည်။

"'မူနွဲ့'"

"ရှင်... အမေ"

"ဘာတွေစဉ်းစားနေတာလဲ"

"ဟင့်အင်း... မစဉ်းစားပါဘူး"

"တစ်နေ့က ဗိုလ်ချုပ်ဈေးမှာ 'ကြည်ကြည်' နဲ့သွားတိုးတယ် သူက ကလေးနှစ်ယောက်ကို တွေ့ချင်တဲ့အကြောင်းပြောလို့ အမေ ခပ်ပြတ်ပြတ်ပဲ ပြောလိုက်တယ်... ပြတ်လက်စနဲ့ ပြတ်တာပဲ ကောင်းတယ်လို့ အခုဆိုရင် 'ကြည်ကြည်' တို့အိမ်မှာ 'ရန်ရှင်း' နဲ့ 'ဉာဏ်လင်း' ကမွေးတဲ့ တူနဲ့ တူမအသစ်တွေလည်း ရနေပြီဆိုတော့ အစားထိုးလို့လည်း ရနေပြီပဲလို့ ပြောလိုက်တယ်"

အမေစကား ထိမ်ချန်ထားတာ 'မူနွဲ့' သိပါသည်။ 'ကိုကို့' အကြောင်း မပြောဘဲ နေမှာတဲ့လား။

"လူတစ်ယောက်ရဲ့ အကျင့်ဟာ သေမှပဲ ပျောက်တတ်တာ ငါတို့က သိပြီးသား... အိမ်ရှေ့အိမ်က 'မငွေရင်' ရဲ့ ယောကျ်ားဟာ အသက်သာ (၇၀) နီးတာ ခိုင်းတဲ့ကောင်မလေးတွေကို ဟိုတို့ ဒီတို့ လုပ်လွန်းလို့ ကောင်မလေးတွေ မြဲမှ မမြဲတာ... အရွယ်ကောင်းတုန်းကလည်း မယားငယ်ယူလို့ယူ... ခြေတော်တင်လို့တင်နဲ့ 'မငွေရင်' မှာ လူမသိအောင် လိုက်လျှော်နေရတာ... သားတွေ သမီးတွေကလည်း တကယ့် ဂုဏ်သိက္ခာရှိရှိနေတတ်တဲ့ သူတွေဆိုတော့ ဒီကိစ္စတွေအတွက် အမြဲအိမ်မှာ တကျိန်းကျိန်းဖြစ်နေတာ"

ဟုတ်ပါသည်။ 'ဦးအေးညို' သည် 'မူနွဲ့' ကို တစ်ခုလပ်မဆိုပြီး အထင်သေးပုံရသည်။ တွေ့လိုက်လျှင် ပြီတီတီနှင့် စကားပြော

www.burmeseclassic.com


တတ်သည်။ အကြောင်းမရှိဘဲ အိမ်ပေါ်ထပ် ခဏခဏလာလည် တတ်သည်။ 'ယောကျ်ားကို မလွမ်းဘူးလား... နောက်ယောကျ်ား မယူဘူးလား' ဟု မကြာခဏ မေးတတ်သည်။

"တကယ်လို့များ ညည်းဆီ ပြန်ချင်းကပ်လာရင် လုံးဝလက် မခံနဲ့နော်... ဒီတစ်ခါ ထပ်မှားရင်တော့ ငါတို့မကယ်တော့ဘူး... အမွေပြတ်ပဲ ငါသေလည်း လာမတွေ့နဲ့တော့"

အမေ့စကားများက တင်းမာလှသဖြင့် နက်ဖြန် ဘုရားသွား ဖို့ကိစ္စကို စိတ်ကူးမယဉ်ဝံ့တော့ပါ။

နောက်တစ်နေ့ မိုးမလင်းခင် အစ်မဖြစ်သူ၏ အိမ်သို့သွား နေလိုက်သည်။ မိုးချုပ်မှောင်မှ ပြန်ပို့ခိုင်းသည်။ သို့သော် လင်ဖြစ် သူ၏ အကျင့်ကို မိမိအသိဆုံး။ သူလိုချင်လျှင် နည်းမျိုးစုံနှင့်ကြိုး စားတတ်သဖြင့် ဖွတ်တရွတ်အိမ်ပေါ်တက်လာမှာကို ကြောက်လွန်း သဖြင့် တံခါးပင် ကိုယ်တိုင်မဖွင့်။

သို့သော် တစ်ပတ်သာ ပြည့်သွားသည်။ သူ ရောက်မလာ။ ထမင်းဗူးထဲတွင်လည်း စာမပါတော့။ သူ စိတ်ဓါတ်ကျသွားလို့ လား၊ ဒါမှမဟုတ် အစားထိုးစရာ ရင်ခွင်သစ်တွေ့သွားလို့လားဟု တွေးမိပြီး စိတ်မကောင်းဖြစ်နေမိသည်။

ငြိမ်သက်နေသော ကန်ရေပြင်ကို ခဲနှင့်အပြစ်ခံရသဖြင့် လှိုင်း ထကျန်နေရစ်ခဲ့သလို ကွဲနေတာကြာပြီဖြစ်၍ လွမ်းစိတ်တွေအနည် ထိုင်သွားခါမှ တဖန် ယိမ်းယိုင်ခဲ့ရပြန်ပြီ။ သူနှင့် ချစ်ကျွမ်းဝင်ခါစ က မိမိကို သူပိုးခဲ့ပုံ၊ သည်းခဲ့ပုံ၊ ကဲခဲ့ပုံတွေ၊ ယုယကြင်နာခဲ့ပုံတွေ ကို ပြန်စဉ်းစားမိသောအခါ ရင်ထဲတွင် လွမ်းသလို၊ ဆွေးသလို၊ တွေ့ချင်သလို ငိုချင်သလိုကြီး ဖြစ်လာပါတော့သည်။

ဘယ်ယောကျ်ားနဲ့မှ လက်ပွန်းတတီးမနေခဲ့ဘူးသော 'မုန္နဲ့' တစ်ယောက် 'ကိုကို' ၏ အကြည့်၊ အပြောအဆို၊ အညုအခရာနှင့်


BURMESE CLASSIC .com

www.burmeseclassic.com


ယုယကြင်နာမှုများတွင် ရုန်းမထွက်နိုင်အောင် ဖြစ်ရသည်။

ယခုလည်း အပျိုဖြန်းလေးတစ်ယောက် ရည်းစားဦးနှင့်ကွဲသလို လွမ်းလွမ်းဆွေးဆွေးကြီး ဖြစ်နေပါသည်။ သူ့ဘက်က တကယ်တင်းသောအခါ 'မှုန့်နဲ့' ဘက်က လျော့ချင်လာသည်။ တွေ့ချင်လာသည်။

ပိန်လား၊ ဝလားတောင် မသိရသည့်ဘဝ။ ညအိပ်ယာဝင် လျှင် ကြိတ်၍ငိုမည်သည့် ဘဝ။

"ငါ့သမီးလည်း ခုတလော အပြင်မထွက်ပါလား... နေမကောင်းဘူးလား"

"ကောင်းပါတယ် ဖေဖေ... ဖေဖေ ဘာခိုင်းချင်လို့လဲဟင်"

"မခိုင်းပါဘူးကွယ်... ပျင်းနေမှာစိုးလို့ပါ...ကလေးကျောင်းပိတ်ရက် လျှောက်လည်ချင်လား... 'မေသင်း' တို့ကို ပြောပေးမယ်လေ"

"မပျင်းပါဘူး ဖေဖေရယ်... အိမ်မှာတီဗွီနဲ့ အခွေမျိုးစုံကြည့်နေရတာပဲ... မေမေ့ကိုသာ သူ့မြေးတွေနဲ့ ဘုရားဖူးချင်ဖူးခိုင်းပေါ့"

"အေး မနက်ဖြန် ခပ်စောစော ဗိုလ်တစ်ထောင်ဘုရား သွားပို့ရင်း သဘော်ဆိပ်မှာ ကလေးတွေကို လေညှင်းခံပေးအုံးမယ်"

နောက်တစ်နေ့ နံနက်စောစော 'မင်းညီ' တို့လင်မယားလာခေါ်သည်။

" 'မှုန့်နဲ့' မလိုက်ဘူးလားဟေ့"

"မလိုက်တော့ဘူး 'ကိုညီ' ... ကလေးတွေမရှိတုန်း လျှော်ဖွပ်ရှင်းလင်းလိုက်အုံးမယ်လေ... အပြန်ကျရင် ဒီမှာ ထမင်းစားကြလေ 'မှုန့်နဲ့' ချက်ထားမယ်"

"နေ နေ မချက်နဲ့... ငါတို့ပြန်လာရင် နာမည်ကြီးဆိုင်က ဝယ်လာခဲ့မယ်"


BURMESE CLASSIC .com

www.burmeseclassic.com


အောက်ဆုံးထပ် သံတံခါးဝအထိ လိုက်ပို့ပြီး တာ့တာလုပ်ရင်း မျက်လုံးကစားမိသည်။ သည်လိုအချိန်မှာ 'ကိုကို' ရှိလို့က တော့ မိမိကို ငှက်ဖမ်းသလို လွယ်လွယ်လေး ဖမ်းလိုက်မှာ သေချာသည်။

သို့သော် 'ကိုကို' နှင့်တူသော ပုံစံမျိုးတစ်ယောက်မှ မတွေ့ပါ။

"အမေ့"

တတိယအလွှာသို့ ပြေးတက်လာသော 'မူနွဲ့' ကို ဒုတိယအလွှာအရောက်တွင် လူတစ်ယောက်က ရုတ်တရက် နောက်ဘက်မှ လှမ်းဖက်ပြီး လေထဲတွင်မြောက်တက်သွားလောက်အောင် ဇွဲယမ်းရင်း အခန်းထဲခေါ်သွင်းသွားသဖြင့် ...

"လွှတ် လွှတ် ရှင်ဘယ်သူလဲ... အကြံပက်စက်လှချည်လား"

ဤအခန်းတွင် တူဝရီးနှစ်ယောက်နေသည်။ တူဖြစ်သူက နာရီဆိုင်ဖွင့်ထားပြီး ဦးလေဖြစ်သူက အိမ်ပွဲစား၊ ကားပွဲစားဖြစ်သည်။ ယခုလို ကြံစည်သူသည် တူလား၊ ဦးလေးလား။

အတင်းရုန်းထွက်ပြီး ထိုလူ၏ မျက်နှာကိုကြည့်ဖို့ ကြိုးစားသည်။ အိမ်ခန်းထဲရောက်သောအခါ ထိုလူက လွှတ်ပေးပါသည်။ ထိုလူ၏ မျက်နှာကိုမြင်ရသောအခါ 'မူနွဲ့' မူးမေ့လဲမသွားအောင် သတိထားလိုက်ရသည်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနှင့် ဆံပင်ရှည်ရှည် ကုလားကြီးတစ်ယောက်။ အင်္ကျီအဖြူ ရှည်ရှည်ဝတ်ထားပြီး ဂျာစီကိုထပ်ဝတ်ထားသည်။

"ပြန်လွှတ်ပေးနော်...ကျွန်မ ရှိခိုးတောင်းပန်ပါတယ်... ကျွန်မ အပျိုမဟုတ်ဘူး... ကလေးနှစ်ယောက် အမေသိရဲ့လား"

"တစ်ခုလပ်ဆိုရင် အပျိုပဲပေါ့... တို့က ကာမပိုင်ရှိတဲ့လူဆို

www.burmeseclassic.com


လက်ဖျားနဲ့မတို့ပါဘူးကွဲ့... ဟဲ ဟဲ ဟဲ"

"တစ်ခုလပ် မဟုတ်ဘူး... ကျွန်မ ယောကျ်ားနဲ့ခဏကွဲနေတာ"

"နင့် ယောကျ်ားက ဘယ်သူလဲ"

"'ကိုကို' တဲ့ 'ကိုကို'"

"ဒီ 'ကိုကို' လား... ဟား ဟား ဟား"

မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးအတု၊ ဆံပင်အတုတို့ကို ချွတ်လိုက်သောအခါ မိမိယောကျ်ား 'ကိုကို' ဖြစ်နေသဖြင့် 'မူနွဲ့' ရှက်သွားတော့သည်။ 'ကိုကို' က လက်ကိုဆွဲသောအခါ...

"လွှတ် လွှတ်"

"ဟေး မင်းပဲ ပြောတယ်လေ... မင်းယောကျ်ားက 'ကိုကို' ဆိုဒီအခွင်းအရေးမျိုးရအောင် ငါ အများကြီးကျိုးစားခဲ့ရတာ... စောင့်ခဲ့ရတာ 'မူနွဲ့' ရဲ့... မင်း သိပ်နေနိုင်တယ် သိပ်ရက်စက်တယ်"

"ဘယ်သူ ရက်စက်တာလဲ... ဘယ်သူ ယုတ်မာတာလဲ... ဟိုတစ်ယောက်သေမှ အဖော်မရှိလို့ ပြန်လာတဲ့လူကို ကြည်ဖြူမယ်ထင်သလား"

"အပျင်းပြေ အဖော်အတွက်ဆိုရင်တော့ ဘယ်ပြန်လာပါ့မလဲကွာ... မင်းနဲ့ကိုယ်က ဘဝတစ်သက်တာ အဖော်တွေလေ... မင်းနဲ့ကိုယ်နဲ့ကို ခွဲလို့မရအောင် အခိုင်ဆုံးကော်နဲ့ ကပ်ထားတာလေ... အဲ့ဒီကော်ကတော့ သားနဲ့သမီးပဲပေါ့"

"ဒါဆို သားနဲ့သမီးကြောင့် ပြန်လာတာပေါ့လေ... ဒီအတွက်ဆိုရင်တော့ အခုပြန်လွှတ်... သူတို့ကို ရှင်နဲ့တွေ့ဖို့ လွှတ်လိုက်မယ်"

"သူတို့နဲ့တွေ့ပြီး မိသားစုအားလုံး အတူပြန်နေဖို့ ပြောမှာလေ... သူတို့အတွက်ရော ကိုယ့်အတွက်ရော ဟော့ဒီ 'မူနွဲ့' ဆိုတဲ့


BURMESE CLASSIC .com

www.burmeseclassic.com


မိန်းမတစ်ယောက်ကတော့ လိုကိုလိုတယ်… တခြားမိန်းမဆိုရင် ဘယ်နည်းနဲ့မှ မဖြစ်နိုင်လို့ပါ… 'မူနွဲ့' တို့မိသားစုက မောင်တို့မိသားစုလေးကွဲအောင် အမြဲဖန်တီးကြပေမယ့် မောင့်မိသားတစ်စုလုံးက 'မူနွဲ့' နဲ့ ကလေးနှစ်ယောက်ကို ပြန်ခေါ်ခဲ့ဖို့ အမြဲကျိုးစားနေကြတာကြီးပဲ"

သူ ပြောတာလည်း ဟုတ်နေသဖြင့် 'မူနွဲ့' မငြင်းနိုင်ပါ။

'မူနွဲ့' မငြင်းနိုင်တော့ပါ။

www.burmeseclassic.com





မူကြိုပိတ်ရက် 'မူနွဲ့' တို့ သားအမိသုံးယောက် တိရိစ္ဆာန်ရုံသို့သွားကြမည်ဆို၍ 'မင်းညီ' က ကားလွှတ်ပေးသည်။

နေ့ခင်းဘက်ထိုကား ပြန်လာသောအခါ 'မူနွဲ့' တို့သားအမိသုံးယောက် ပြန်မပါလာတော့။ ဒရိုင်ဘာက စာလေးတစ်စောင်လာပေးသည်။

"အဘ ကျွန်တော် ကြံ့ရာပါမဟုတ်ဘူးနော်... ၁၂ နာရီပြန်မယ်ပြောလို့ ကျွန်တော်ကားထဲကထိုင်စောင့်နေတာ ၁ နာရီလောက်ကျမှ ဒီစာကို လူတစ်ယောက်လာပေးသွားတာ"

"ဖေဖေနှင့်မေမေကို ရှိခိုးကန့်တော့ခဲ့ပါတယ်...
သမီးမိုက်ကို ခွင့်လွှတ်ပါလို့တော့ မပြောလိုတော့ပါ...
ကလေးတွေကို သူတို့အဖေနှင့် တစ်သက်လုံးဝေးရမယ့်
အရေးတွေးပြီး တစ်ကိုယ်ကောင်းဆန်နေမလားလို့ပါ။

www.burmeseclassic.com


နောက်တစ်ခါ ပြဿနာဖြစ်ခဲ့ရင် မိဘတွေကို ဒုက္ခမပေး တော့ပါဘူး… သူကလည်း အမျိုးမျိုးတောင်းပန်နေပါတယ် သူ့ကိုလည်း ကတိပေးခိုင်းထားတာ… ထပ်ရှုပ်ရင် သူ့ကို သတ်ပြီး ထောင်ထဲဝင်မယ်လို့ ပြောထားတယ်…”

‘ဦးမျိုးညွန့်’ စာကို ဆုံးအောင် မဖတ်တော့ပါ။

မြေးကလေးတွေကို လက်ပွန်းတတီးနေလာတာကြာတော့ ယခုလို မတွေ့ရ၊ မမြင်ရ တီတီတာတာအသံတွေကို မကြားရသော အခါ တရားမရှိဘူးပဲပြောပြော မျက်ရည်ဝဲလာသည်အထိ လွမ်းမိပါသည်။

‘ဒေါ်စောရီ’ ကတော့ သတိရတိုင်း ကြိမ်းဝါးနေသဖြင့်…

“မင်း ကြိမ်ဆဲလည်း သူ ဒုက္ခရောက်တော့ မင်းပဲစိတ်ဆင်းရဲ မှာပါကွာ… မင်း သမီးက ဒီကောင့်ကိုကြိုက်လွန်းလို့ အိမ်ပေါ်က ဆင်းသွားတာ မဆန်းတော့ပါဘူး… ခုလောက် ကြာကြာခွဲနေနိုင် တာတောင် ‘မေသင်း’ ကိုကြောက်လွန်းလို့”

“ရှင့် သမီးကြီးသိရင် ဒေါသူပုန်ထအုံးတော့မှာပဲ”

“အင်း ငါတော့ နာညီးအုံးတော့မှာပဲ”

နောက်တစ်နေ့မနက် အစောကြီး ‘မေသင်း’ ရောက်ချလာပြီး မျက်လုံးပြူးကြီးဖြင့် လက်သီးနှစ်ဘက်ဆုပ်ရင်း …

“ဟိုကောင်မ အိမ်မှာမရှိတော့ဘူး မဟုတ်လား”

“ဟုတ်တယ်… ဒရိုင်ဘာ ပြောပြလို့လား”

“သူ ပြောပြရင် မနေ့တည်းကသိမှာပေါ့… ဟိုကောင် ဘယ် လောက်လူပါးဝတယ်မှတ်လဲ… ‘ကိုမင်းညီ’ တို့ ကုမ္ပဏီရှေ့ကနေ ‘မူနွဲ့’ ခါးကိုဖက်ပြီး မမြင်မချင်း လမ်းလျှောက်ပြနေတာ”

မိဘများက ခေါင်းငုံ့ပြီး ငြိမ်နေကြသဖြင့် …

“ဒီကောင်မကို အမွေဖြတ်မှ ဖြစ်မယ်”

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သမီးကြီးရယ်"

"ဒီကောင့်ကိုပါ အိမ်ပေါ်ခေါ်မလာဘူးလို့ ပြောနိုင်မလား... အသုံးအဖြုန်းကြီးပြီး ပွေတေနေတဲ့လူကြောင့် 'မူနွဲ့' ရဲ့ အမွေကို အထိမခံနိုင်ဘူး... ဒီကောင် ဒီအမွေကိုမြင်ပြီး ပြန်လာကပ်တာနေမှာ"

"သူ့ မိသားစု အမွေတွေလည်း ရှိနေတာပဲ... ကလေးတွေကို တွေ့ချင်လို့ နေမှာပါလေ"

"အဖေတို့ အဲ့သလိုပေါ့ပေါ့တွေးလို့ အလိုလိုက်လို့ ဒီလို အစော်ကားခံနေရတာ... ကလေးတွေကို လိုချင်ရင် ကလေးတွေပဲ ပေးလိုက်... 'မူနွဲ့' ကို ပြန်ခေါ်ထားမယ်"

"ဩော် ငါ့သမီးရယ်... ညည်းမှာ ကလေးမရှိတော့ သွေးသား သံယောဇဉ်ဆိုတာကို ညည်း နားလည်ခံစားပေးနိုင်မှာ မဟုတ်ဘူး လေ... ကလေးတွေအတွက် မိစုံဖစုံ ရှိနေတာ အကောင်းဆုံးပေါ့အေ သိပ်ကြာလာရင် ပထွေးနဲ့တွေ့သွားနိုင်တယ်... အမွေကိစ္စအတွက် တော့ စိတ်မပူပါနဲ့ ... နှစ်ချုပ်နဲ့ အိမ်ငှားတင်ပြီး ဘဏ်မှာစုထားပေး လိုက်တာပေါ့...ငါတို့ထားခဲ့မယ့်အမွေဟာ ငါ့သားသမီးသုံးယောက် အတွက်ပဲ... သားသမီးတွေ မရှိရင်တော့ မြေးတွေပေါ့"

" 'မူနွဲ့' နံတာ အတာနဲ့ ဟိုအကောင် အပိုင်စီးသွားအုံးမယ်"

"ငါတို့ရှိနေတုန်းတော့ 'မူနွဲ့' လည်း လာတောင်းရဲမှာမဟုတ် ပါဘူး"

"အကျင့်ယုတ်လို့ ပြောတာမဟုတ်ဘူး အမေရဲ့... ဒီကောင် က တစ်သက်လုံး မရှာဘဲနဲ့ လွယ်လွယ်သုံးလာရတော့ သုံးစရာ ပြတ်ရင် အကြံအဖန်လုပ်မှာပဲ... အမေ့သမီးက သူ့အရုပ်... မယုံရင် ကြည့်နေ ဘယ်တော့ အပူလာပေးမလဲလို့"

"အင်း တော်ပါသေးရဲ့... ညည်းနဲ့ 'ဖော်လေး' က အဆင်



BURMESE CLASSIC .com

www.burmeseclassic.com


ပြေပေလို့ ... သေချာစဉ်းစားကြည့်တော့လည်း သူ ယူတဲ့ယောက်ျား ဟာ ဆွေကောင်းမျိုးကောင်း လူချမ်းသာအသိုင်းအဝိုင်းကပါပဲ... ဒါပေမယ့် ကြံဖန်ပြီး ကံဆိုးရှာတယ်”

မိခင်၏စကားကို လက်မခံချင်သဖြင့် ‘မေသင်း’ ထွက်သွားခဲ့သည်။


BURMESE CLASSIC .com

www.burmeseclassic.com


'ငြိမ်းလဲ့ရီ' က ဆော့စရာအရွယ်တူ ကလေးများရောက်လာသဖြင့် ပျော်၍မဆုံးတော့။

သို့သော် သူမ၏မိခင် 'ဝါဝါ' ကတော့ ပြောင်းပြန်။

'မူနွဲ့' ရောက်လာသည်ကို ကျေနပ်ပုံမပေါ်။

'မူနွဲ့' ကို ယောင်းမကြီးနှစ်ယောက်က အရေးတယူလုပ်လွန်းပြီး အလွန်မိန်းမပီသကြောင်း၊ ယောကျ်ားအပေါ်ကို ဇနီးကောင်းပီသကြောင်းတွေကို နေ့စဉ်ပြော၍မဆုံးသဖြင့် နားကြားပြင်းကတ်နေပြီ။

ယောင်းမနှစ်ယောက်သည် 'မူနွဲ့' ကို အသနားပိုလွန်းသလို အငယ်ဆုံးကောင် 'ရန်ရှင်း' ကို အလွန်ချစ်ကြသည်။ 'ရန်ရှင်း' ကလည်း အစ်မများဘာပြောပြော ခေါင်းတညိမ့်ညိမ့်နေတတ်သူ။ လင်မယားနှစ်ယောက်လုံး ရုံးဝန်ထမ်းများဖြစ်၍ စနေ၊တနင်္ဂနွေနှစ်


BURMESE CLASSIC .com

www.burmeseclassic.com


ရက်သာ အိမ်မှာရှိသည်။

စနေရုံးဆင်းလျှင် 'နွယ်နီ' က သူမ မိဘများထံ ပြန်တတ်သည်။ တနင်္ဂနွေတစ်ရက်သာ အိမ်မှာရှိသည်။ ဒါတောင် တနင်္ဂနွေတိုင်းနီးပါး မင်္ဂလာဆောင်၊ မွေးနေ့၊ ဆွမ်းကျွေးတွေသွားရတတ်သည်။

'နွယ်နီ' မိဘများက ပိုက်ဆံရှိသဖြင့် 'မမကြည်' တို့ကဖား နေတတ်သည်။ အလှူသွားတိုင်း၊ မင်္ဂလာဆောင်သွားတိုင်း လက်ဝတ်လက်စားတွေ ထုတ်ဆင်ရတာအမော။ မိမိကိုကျတော့ မုဆိုးမအမေကြီးကို ပြန်ထောက်ပံ့နေသည်၊ မောင်နှမတွေကို ပြန်ထောက်ပံ့နေသည်ဆိုပြီး စွတ်စွဲကြသည်။ အထင်သေးကြသည်။

မိမိတို့၏ သမီး 'ငြိမ်းလဲ့ရီ' ရှိနေပါလျှက် အဝေးရောက်နေသော တူနှင့်တူမကို နေ့စဉ်ထိုင်လွမ်းနေကြသည်။ တမ်းတနေကြသည်။ အိမ်ပေါ်ပြန်ခေါ်နိုင်ရန် ကြိုးစားနေကြသည်။

ယခု အိမ်ပေါ်ပြန်ရောက်လာတော့လည်း မျက်စေ့နောက်စရာကောင်းလောက်အောင်၊ နားကြားပြင်းကတ်လောက်အောင် ကဲနေသဲနေကြသည်။ မိမိ သမီးတစ်ယောက်တည်း ရှိစဉ်က ကစားစရာအဝတ်အထည်ကောင်းတွေ ဝယ်ပေးရမှန်းမသိ။ ယခု 'ရွှေဝင်းဝင်း' တို့ရောက်လာမှ မိမိသမီးကိုပါ ဝယ်ပေးသည်။

တကယ်တော့ ဟိုနှစ်ယောက်ကို ဝယ်ပေးချင်၍ မိမိသမီးကို ဝယ်ပေးခြင်းဖြစ်သည်။

"ဟဲ့ ဟဲ့ 'ငြိမ်းလဲ့' ဘာဖြစ်လို့လုတာလဲ... တစ်ယောက်တစ်ခုစီ ဝယ်ပေးထားတာပဲ... သူ့ဟာ ပြန်ပေးလိုက် ပြန်ပေးလိုက်"

'မမသီ' ၏ အသံကျယ်ကြီးကြောင့် 'ဝါဝါ' အပြင်ပြေးထွက်လာခဲ့လိုက်ပါသည်။

"အီး ဟီး ဟီး... မီးမီးရုပ်ရုပ် အမြှီးပြုတ်သွားပြီ... အီး ဟီး"


BURMESE CLASSIC .com

www.burmeseclassic.com


'ရွှေဝင်းဝင်း'က ငိုကြီးချက်မဖြင့် တိုင်တောနေသဖြင့် 'ဝါဝါ' အံကြိတ်ပြီး 'ငြိမ်းလဲ့'၏ ကျောကုန်းကို တအုံးအုံးနှင့် ရိုက်ပါတော့သည်။

"ကဲ ကဲ လက်ကမြင်းအုံး... သွား ကိုယ့်အခန်းထဲ ကိုယ်သွားနေ"

"အီး ဟီး ဟီး..."

'ငြိမ်းလဲ့'လေးခမြာ ကျောကော့သွားပြီး ထိတ်လန့်၍ငိုပါတော့သည်။ ငိုနေသော 'ငြိမ်းလဲ့'၏ လက်တစ်ဖက်ကို အရုပ်ဆွဲသလိုဆွဲ၍ တွဲလောင်းကြီးခေါ်သွားသဖြင့် 'ဒေါ်သီသီ'က ရင်ဘတ်စည်တီးဖြင့်...

"ဟဲ့ ဟဲ့ ကလေးကို ဘယ်လိုလုပ်သွားတာလဲ 'ဝါဝါ' ရယ်...အဆုတ်တွေကွာတော့မှာပဲ... လက်ပြုတ်သွားတော့ရော ညည်းကလည်း မိထွေးကျနေတာပဲအေ... တကတည်း ပေး ပေး 'ငြိမ်းလဲ့'ကို သည်လွှတ်ပေးလိုက်"

"မလွှတ်ပါဘူး... စိတ်ထဲကမပါဘဲ ပြောမနေနဲ့ ... ဒုန်း"

အခန်းတံခါးကို ကြမ်းတမ်းစွာပိတ်သွားသဖြင့် 'သီသီ'အံ့ဩပြီး ကျန်ရစ်ခဲ့ရသည်။ ထမင်းစားခန်းမှ လှမ်းကြည့်နေသော 'မှူနွဲ့'လည်း ဤပြဿနာကို အစအဆုံးမြင်သည်။

'မှူနွဲ့' ဤအိမ်ကြီးပေါ် ပြန်ရောက်လာတာ သိပ်မကျေနပ်မှန်းသိသည်။ 'နွယ်နီ'ပြန်လာသောအခါ 'မမသီ'၏ အတင်းကိုပြောနေပြန်သည်။

"'နွယ်နီ'လည်း မွေးတော့မှာနော်... အင်း 'နွယ်နီ'ကလေးကြရင်တော့ ဘယ်လိုနေမယ်မသိဘူး... ဟိုကလေး နှစ်ယောက်ကိုတော့ သဲသဲလှုပ်နေတာပဲ"

'နွယ်နီ'ကရယ်ရင်း...


BURMESE CLASSIC .com

www.burmeseclassic.com


"ကလေးတွေသိပ်များလာရင် ပစ္စည်းလုရင်း ရန်ဖြစ်တာက တော့ထုံးစံပဲ... 'နွယ်နီ' တို့ ငယ်ငယ်တုန်းကလည်း မောင်နှမဝမ်း ကွဲတွေ တိုက်အကြီးကြီးထဲမှာ စုပြီးနေကြတာ... ဒါပေမယ့် ကြီး ဒေါ်အပျိုကြီးတွေက သိပ်တော်တာ... တူ,တူမ ၁၂ ယောက်ကို ယူ နီဖောင်းလို ဆင်တူဝတ်ပေးတာ... ဦးထုပ် ဖိနပ် ပန်းကန် ဇွန်း က အစ တစ်နှစ်သုံးလေး နံပါတ်တပ်ပေးလိုက်တာလေ"

ထိုစကားက 'မမသီ' ကို ပညာပေးလိုက်သလိုပါပဲ။

"တကယ်တော့ ကြီးဒေါ်အပျိုကြီး လူပျိုကြီးတွေဟာ အရမ်း သနားဖို့ကောင်းတာ.... 'နွယ်နီ' တို့ကိုဆို သူတို့မွေးထားတဲ့ သား သမီးအရင်းလိုကို ချစ်တာ... သူတို့စားရမယ့် အစားတောင်မစား ဘဲ ကျွေးကြတာ... 'နွယ်နီ' တို့ဆွေမျိုးတစ်စု စီးပွားခွဲ အမွေခွဲကြ တော့ 'နွယ်နီ' တို့က ရန်ကုန်ကိုပြန်ပါလာတာလေ... သူတို့နဲ့နေ ဖို့ခေါ်တာ... 'နွယ်နီ' တို့ကတော့ ကိုယ့်မိဘနောက်ပဲ ကောက် ကောက်ပါအောင် လိုက်တာပေါ့... သူတို့ငိုပြီး ကျန်ရစ်ခဲ့ကြတာ"

ထိုစကားများကို ကြားနေရသော 'မမသီ' နှင့် 'မမကြည်' တို့ခမြာ မျက်နှာမကောင်းကြရှာ။ 'ရဲလင်းနိုင်' နှင့် 'ရွှေဝင်းဝင်း' တို့နှစ်ယောက်ကို ပိုချစ်မိ၍ ယောင်းမများက ကောင်းကောင်း ပညာပေးနေကြလေပြီ။

အချိန်တန် အမွေခွဲရမည့်အကြောင်း။

မပိုင်ဝက်မွေး မလုပ်သင့်ကြောင်း။

နောက်တစ်နေ့ 'ငြိမ်းလဲ့' ကို သူ့အဖွားအိမ်သွားပို့ထား လိုက်သဖြင့် အားလုံးစိတ်ဆင်းရဲသွားကြသည်။ ယခင်က မိမိကို အစ်မအရင်းလိုချစ်ခဲ့သော 'ဉာဏ်လင်း' ကလည်း မိန်းမသွေးထိုး လိုက်သဖြင့် မျက်နှာထားတင်းနေသည်။ တစ်အိမ်တည်းနေပြီး မျက်နှာချင်းမဆိုင်ချင်၍ ရှောင်ဖယ်ဖယ်လုပ်နေတတ်သည်။ အစ်မ

www.burmeseclassic.com


နှစ်ယောက်ကိုလည်း စကားမပြော။

'ရန်ရှင်း' တို့လင်မယားက 'မူနွဲ့' တို့ဘက်မပါကြောင်း သက်သေပြသည်။ 'ငြိမ်းလဲ့' ကို မကြာခဏသွားတွေ့ကြသည်။ လက်ဆောင်များ ဝယ်ပေးကြသည်။

'ဒေါ်ကြည်ကြည်' ၏ ခံစားချက်က နှလုံးသားကို ပိုထိပုံရသည်။ ဤအိမ်ကြီးပေါ် ရောက်လာပြီးမှ ဆွေမျိုးသားချင်းများ၏ အငြိုငြင်ခံရ၊ အကြင်ဖယ်ခံရရှာသော 'ရဲလင်းနိုင်' တို့မောင်နှမကို သနားသလို၊ မိမိလက်ထဲမှာကြီးသွားသော 'ငြိမ်းလဲ့' လေးကိုခွဲရသဖြင့် အထင်လွဲခံရသဖြင့် ဝေဒနာတွေဖြစ်ပြီး တရှောင်ရှောင်ဖြစ်ပါတော့သည်။

'ဝါဝါ' က ဤအိမ်တွင် အနေနည်းလာသလို ယခင်က မိမိတို့ကို ရိုသေခဲ့သော 'ရန်ရှင်း' ကလည်း ပမာမခန့်လုပ်လာသည်။ လင်မယားနှစ်ယောက် အိမ်ပြန်မအိပ်သည့် ရက်တွေများလာသည်။

ယခုလို မခေါ်နိုင် မပြောနိုင်ဖြစ်နေကြသောအခါ မိမိတို့ကြောင့် 'မမကြည်' ရင်ကွဲနာကျနေသည်ကို မြင်ရသောအခါ 'မူနွဲ့' မပျော်နိုင်တော့ပါ။ မိမိ၏ မိဘများအိမ်တွင် လင်နှင့်ကွဲလာသော်လည်း မျက်နှာမငယ်ခဲ့ရ။ အစ်မဖြစ်သူရော ခဲအိုဖြစ်သူရော စိတ်ကောင်းရှိလှသည်။

သီတင်းကျွတ်ကြလျှင် သွားကန်တော့ခြင်းဖြင့် ကျေးဇူးဆပ်ချင်သည်။

"မိန်းမရေ... ဒီမှာ မင်းတူနဲ့ မင်းတူမ လာကန့်တော့တယ်ဟ"

'မေသင်း' က တူနှင့်တူမကို ပွေ့ဖက်နမ်းရှုံ့ရင်း မျက်ရည်အဝဲသားဖြင့် ကြည့်နေပါသည်။

"ကဲ ကဲ ငါ့သားနဲ့သမီးကို မုန့်ဘိုးမပေးရတာကြာပြီ... များ

www.burmeseclassic.com


များပေးကွာ... ပြီးရင် ဝယ်ချင်တာဝယ်ကြ ကြားလား"

"ဟုတ်ကဲ့ ပါပါကြီး"

'မေသင်း' က သူ့အိပ်ခန်းထဲသို့ ညီမကိုခေါ်သွားပြီး ...

"ကဲ နင်ကြိုက်တဲ့ ထမီအဆင်ရွေးပြီး ၄ ထည်ယူ... အင်္ကျီစ လည်းလေးစယူ"

"ပါတိတ်အကောင်းစားကြီးတွေ... ခြောက်တောင်ထွာဆို တော့ ဝမ်းဆက်ရတာပဲ... အင်္ကျီစ မယူတော့ပါဘူး"

"ယူသွား ယူသွား... ပြီးရင် 'မမကြည်' တို့ကိုကန့်တော့ လိုက်ပေါ့... နေရတာ အဆင်ပြေတယ်မဟုတ်လား"

" 'မမကြည်' တို့ 'မမသီ' တို့က ကောင်းလွန်းလို့ခက်နေ တာ"

" ဘာတွေဖြစ်နေပြန်ပြီလဲ... နင့်ယောကျ်ား ဖောက်ပြန်ပြီ လား"

"မဟုတ်ပါဘူး"

"ဒါဆို ဘာကိစ္စလဲ"

"မပြောတော့ပါဘူး မမရယ်... 'မူနွဲ့' လာလိုက်တာနဲ့တောင် ပြောမြောက်ပြောလုပ်လို့ မမ တို့မှာ စိတ်အနှောင့်အယှက်ဖြစ်ပါ့ မယ်"

"ဟာ ငါတို့မှာ တခြားဘာအပူမှ မရှိဘူး... နင့်အပူပဲရှိတာ 'ကိုညီ' ကတောင်ပြောနေသေးတယ်... မင်းညီမအတွက် မပူရတော့ လို့ ပျင်းနေပြီလားတဲ့လေ... မဟုတ်မှလွဲရော 'ကိုကို' ဘာပြဿနာ ရှာနေပြန်ပြီလဲ"

"သူ ငြိမ်နေပါတယ်... 'မမကြည်' တို့ကို သနားလို့ပါ... ယောင်းမအငယ်နှစ်ယောက်က 'မူနွဲ့' တို့မိသားစုကို အလိုလိုက်ရ ပါ့မလားဆိုပြီး ရန်လုပ်နေကြတာ... အခု 'ဝါဝါ' နဲ့ 'နွယ်နီ' တို့က


BURMESE CLASSIC .com

www.burmeseclassic.com



အရွဲ့တိုက်ပြီး သူတို့မိဘအိမ် ခဏခဏပြန်အိပ်ကြတယ်လေ... မိန်းမတွေက ပြဿနာလုပ်တော့ သူတို့ယောကျ်ားတွေကလည်း 'မမကြည်' တို့ကို မခေါ်နိုင်မပြောနိုင်ဖြစ်နေကြတာ... အထူးသဖြင့် အငယ်ဆုံး 'ရန်ရှင်း' ကို အသက်ခြင်းအများကြီးကွာလို့ 'မမကြည်' တို့က မိခင်လိုမေတ္တာမျိုးနဲ့ ချစ်ခဲ့ကြ ဂရုစိုက်ခဲ့ကြတာ... 'ရန်ရှင်း' ကလည်း အရင်က တော်တော်ရိုသေတာ... 'မူနွဲ့' ကိုတောင်အစ်မ အရင်းလိုချစ်ခဲ့တာပဲ... ဒါပေမယ့် အခုတော့ ရန်သူတွေလိုဖြစ်နေကြပါပြီလေ... စိတ်ဆင်းရဲပြီး 'မမကြည်' အိပ်ယာထဲလဲနေတာ တစ်လလောက်ရှိပြီ"

"ဟယ် ဟုတ်လား... ဆေးခန်းမပြဘူးလား... အထူးကုတွေ ဘာတွေနဲ့ သေချာပြလေ... ပေါ့ပေါ့မနေနဲ့"

" 'မမကြည်' က ဆေးခန်းသွားရမှာ သိပ်ကြောက်တာ"

"ဟာ ဒီလိုမပေါ့ကြနဲ့လေ... နင့်ယောကျ်ားမရှိတဲ့အချိန် ဖုန်းဆက်လိုက်... ငါလာကြည့်အုံးမယ်"

"ဟုတ်ကဲ့ 'မမေသင်း'"



www.burmeseclassic.com


၁၅

"'မမေသင်း' လား... ညက 'မမကြည်' ချော်လဲပြီး ခေါင်းထိသွားတယ်... သတိမရဘူး... အခုဆေးရုံက ဆက်နေတာ"

'ဟယ် ဘယ်လိုဖြစ်တာလဲ... ဒုက္ခပါပဲ ဘယ်ဆေးရုံလဲ... ငါလာခဲ့မယ်လေ"

'မေသင်း' ဆေးရုံရောက်သွားချိန်အထိ 'မမကြည်' သတိမရသေးပါ။

"ရေချိုးခန်းထဲမှာ ချော်လဲတာလား"

'မူနွဲ့' က ခေါင်းခါပြီး အဖြစ်မှန်ကို ပြောပြသည်။

"ညက အမွေကိစ္စပြောရင်း ရန်ဖြစ်ကြတယ်... ဒီတစ်ခါ 'ကိုကို' က အစ်မတွေဘက်က လိုက်ပြောလို့ ဟိုနှစ်ယောက်တုတ်ဆွဲ ဓားဆွဲဖြစ်ကုန်ကြလို့ 'မမကြည်' ဝင်ဆွဲရင်း အရှိန်လွန်ပြီး အုတ်နံရံနဲ့ရိုက်မိသွားတာ... အပြင်လူတွေကိုတော့ အိမ်သာတက်ရင်း

www.burmeseclassic.com


ချော်လဲတယ်လို့ ပြောရတာပေ့ါလေ"

"စိတ်ညစ်စရာကြီးဟယ်..."

" 'မမကြည်' ကလည်း ငါးပုံ,ပုံပြီး ခွဲပေးဖို့စီစဉ်နေပါပြီ... အိမ်တွေရောင်းရအုံးမှာလေ"

"အင်း ငါ့ညီမအပေါ် စိတ်ကောင်းရှိလွန်းတဲ့ 'မမကြည်' တစ်ယောက် အမြန်ဆုံး လူကောင်းပြန်ဖြစ်လာပါစေလို့ ဆုတောင်းပါတယ်"

'မေသင်း' က လက်အုပ်ချီ ဆုတောင်းပေးခြင်းဖြစ်သည်။

သို့သော် ဆုတောင်းမပြည့်ခဲ့ပါ။ ညနေဘက်တွင် 'မမကြည်' ဆုံးသွားခဲ့သည်။ အစ်မဖြစ်သူ သေသည်အထိဖြစ်သွားခဲ့သဖြင့် အားလုံးစိတ်မကောင်း ဖြစ်ကြရသည်။ 'သီသီ' က မောင်တွေကို လုံးဝစကားမပြော။ မျက်လုံးခြင်း ဆုံအောင်တောင် မကြည့်တော့ပါ။

ရေခဲတိုက်တွင် အလောင်းအပ်ပြီး အားလုံးအိမ်ပြန်ရောက်လာချိန်တွင်...

"မင်းတို့အားလုံး အမွေသိပ်မက်ကြတယ်နော်... ငါတို့ညီအစ်မကိုလည်း ဒီအမွေကိစ္စနဲ့ပတ်သက်ပြီး အမျိုးမျိုးအကြိမ်ကြိမ် စော်ကားကြတယ်... ငါ့အစ်မ ရက်လည်ပြီးရင် ငါဒီအိမ်ကဆင်းပေးမယ်"

'ဉာဏ်လင်း' က...

"ခင်ဗျားကို ဘယ်သူကဆင်းခိုင်းလို့လဲ"

"အေး ဆက်နေရင် ငါ့အစ်မကိုသတိရပြီး နင်တို့ကိုပိုမုန်းယုံပဲရှိမယ်... သိပ်မက်တယ် မဟုတ်လား... ယူကြ ယူလို့ရရင် နောက်ဘဝအထိယူကြ"

'ရန်ရှင်း' က ဝုန်းကနဲထရပ်ရင်း...


BURMESE CLASSIC .com

www.burmeseclassic.com


"ကျုပ်တို့ကို သိပ်သေစေချင်မနေနဲ့ ... ကျုပ်တို့က မိဘအမွေကို ရသင့်ရထိုက်တာပဲ ပိုလိုချင်တယ်... ခင်ဗျားတို့ကဘယ်အချိန်အထိ လက်ဝါးကြီးအုပ်ထားဖို့ စဉ်းစားနေတာလဲ... သေမင်းက အကြီးအငယ်ရွေးတာ မဟုတ်ဘူး... ဘယ်သူ အရင်သေမလဲ ပြောလို့ရမလား... အိမ်ထောင်ကွဲတွေ ဖြစ်လာပြီဆိုတော့ အရွယ်ရှိတုန်း ကိုယ့်ဦးနှောက်နဲ့ကိုယ်... ကိုယ့်ခွန်အားနဲ့ကိုယ် လုပ်ကိုင်စားသောက်ချင်လို့ အရင်းအနှီးလိုချင်လို့ တောင်းနေကြတာ"

"အေးပါ... ငါတို့နှစ်ယောက်ရဲ့ အမွေစုကိုပါ မင်းတို့ကိုပေးသွားမှာပါ... စေတနာကိုတော့ အစော်ကားမခံနိုင်ဘူးကွယ်... ငါတို့ လက်ဝတ်လက်စားတွေကိုပါ အားလုံးပေးသွားမှာပါ... ညီမျှအောင်ခွဲယူကြပေါ့... ခွဲရင်းနဲ့ အဝေမတည့်လို့ သတ်ဖြတ်နေကြရင်လည်း 'မမကြည်' နောက်ကိုလိုက်ကြယုံပဲ ရှိတယ်"

ရက်လည်ဆွမ်းကျွေးပြီး၍ ဧည့်သည်များကုန်သည်နှင့် 'မမသီ' က သားရေအိတ်သေးသေးလေးဖြင့် တကယ်ထွက်သွားသဖြင့် 'မူနွဲ့' တရှုံ့ရှုံ့ငိုရင်း...

"ဘယ်သွားမှာလဲ 'မမသီ' ရယ်... 'မူနွဲ့' တို့နဲ့နေလေ"

"မင်းစေတနာကို ယုံပါတယ် ညီမရယ်... ဒါပေမယ့် ငါ့မောင်ပေးမယ့် ဒုက္ခကို ငါမခံနိုင်တော့ဘူး... မင်းကို သီးသန့်အမွေတစ်ခုပေးခဲ့မယ်... အဲ့ဒါကတော့ ယောကျာ်းကို အလိုသိပ်မလိုက်ပါနဲ့ အလိုလိုက်တာဟာ ဖျက်ဆီးတာပဲ... ပြီးတော့ မာနရှေ့ထားပြီး အိမ်ပေါ်က ဘယ်တော့မှမဆင်းပါနဲ့ ... မပေါင်းချင်ရင်တောင် သားသမီးမျက်နှာကိုငဲ့ပြီး မင်းသေတဲ့အထိပေါင်းပါ... အဲ့ဒါ ငါတို့ညီအစ်မထားတဲ့ စေတနာပဲ... ကဲ ကဲ သွားမယ်"

"ဘယ်သွားမှာလဲ 'မမသီ' ရယ်... အရေးအကြောင်းရှိရင် 'မူနွဲ့' တို့ ဘယ်ကိုလိုက်ရှာရမှာလဲ"

www.burmeseclassic.com


"မရှာပါနဲ့တော့ကွယ်... ငါ့ကိုမေ့လိုက်ကြပါ... မုန်းလို့ရတဲ့အပူကို မလိုချင်သလို ချစ်လို့ရတဲ့ အပူကိုလည်း မယူချင်တော့ပါဘူး ... အေးချမ်းတဲ့ တရားရိပ်မှာပဲ ခိုလှုံတော့မယ်... ကဲ သွားပြီနော်"

မောင်အရင်းတွေ မငိုပေမယ့် 'မူနွဲ့' ကတော့ 'မမသီ' ကို ပျောက်ကွယ်သွားသည်အထိ ငေးကြည့်ရင်း မျက်ရည်တွေစီးကြလာပါတော့သည်။ အသံထွက်၍လည်း ရှိုက်မိပါသည်။

"ကဲ မင်းတို့ငါတို့လည်း သူစိမ်းဖက်ပြီး မေတ္တာပျက်နေကြမယ့်အတူတူ အမြန်းဆုံးခွဲကြတာပဲ ကောင်းပါတယ်..."

ကိုယ်ရှာသည့်ပစ္စည်း မဟုတ်၍လားမသိ။ တန်ဖိုးမထားကြ။

လုံးချင်းတိုက်ကြီးကိုရော၊ တိုက်ခန်းငါးခန်းကိုရော မြေကွက်နှစ်ကွက်ကိုရော သတင်းစာထဲမှ အမြန်ရောင်းမည်ဟု ကြေငြာပြီး ရောင်းကြသည်။

လက်ဝတ်လက်စားများကိုလည်း ခွဲဝေလျှင် သူနည်းသည်၊ သူများသည် ဖြစ်မှာစိုး၍ ရွှေဆိုင်တွင် သွားရောင်းကြသည်။

ဗိုက်နာနေမှန်းသိ၍ ရွှေဆိုင်များကလည်း ဈေးနှိမ်ကြသည်။ 'ကိုမင်းညီ' က တိုက်နှင့်မြေကွက်များကို ဖြည်းဖြည်းခြင်းရောင်းလျှင် ဈေးပိုရနိုင်သဖြင့် မလောရန်ပြောချင်ပါသော်လည်း 'မေသင်း' က စေတနာ၊ ဝေဒနာ ဖြစ်မည်စိုး၍ အပြောမခံ။

ဒါတောင် ကန်ထရိုက်ပီပီ 'ကိုမင်းညီ' က တိုက်များကို သူများပေးသည့်ဈေးနှင့် ရအောင်လိုက်ဝယ်သည်။ မိဘများထံ၊ ဦးလေးများထံတွင် ငွေချေးသည်။

ထို့ကြောင့် မြေကွက်နှစ်ကွက်နှင့် တိုက်နှစ်လုံးဝယ်လိုက်နိုင်သည်။ မြေကွက်ကို အိမ်ဆောက်၍ ပြန်ရောင်းလျှင် အများကြီး


BURMESE CLASSIC .com

www.burmeseclassic.com


မြတ်မည်။ တိုက်နှစ်လုံးကိုလည်း ပြန်လည်ချယ်သပြီး ဈေးကောင်းရမှရောင်းမည်။

'မူနွဲ့' ကိုလည်း အကြံပေးသည်။ ရရှိသောငွေဖြင့် မြေကွက်နှစ်ကွက်ကို ပြန်ဝယ်ခိုင်းသည်။ ထိုဝယ်ယူမှုအတွက် ခယ်မဖြစ်၍ လုံးဝအမြတ်မယူ။ ထိုမြေကွက်တစ်ကွက်ပေါ်တွင် ရှစ်ထပ်တိုက်ပြန်ဆောက်၍ လူငှားတင်လျှင် လစဉ်ဝင်ငွေမှန်မှန်ရမည်။ ထိုငွေထဲကစုပြီး နောက်တစ်ကွက်ပေါ်တွင် ထိုကဲ့သို့ဆောက်နိုင်ရန်ကြိုးစားခိုင်းသည်။

အစ်မနှစ်ယောက်နှင့် ကွေကွင်းရသည့်အချိန်ကာလက နှစ်နနေသေးသဖြင့် 'ကိုကို' တစ်ယောက် လူလိမ္မာ ဖြစ်နေသလားမသိပါ။ နာရေးကိစ္စတွေကို အစမှအဆုံးစေတနာထား၍ ဝင်ကူပေးနေသော 'မင်းညီ' နှင့် သင့်မြတ်စွာ ဆက်ဆံနေဆဲဖြစ်သည်။

" 'မမကြည်' တို့အတွက် စိတ်မကောင်းဖြစ်နေတာကို ကိုယ်နားလည်ပါတယ်... သူတို့က မင်းနဲ့မင်းမိန်းမဘက် အလေးသာလို့စဖြစ်ကြတာဆိုတော့ မင်းတို့ကို ပိုသံယောဇဉ်ကြီးမှန်း သိသာပါတယ်လေ... အထူးသဖြင့် ရိုးလွန်း အလွန်း သဘောကောင်းလွန်းတဲ့ 'မူနွဲ့' နဲ့ သူ့တူ,တူမလေးတွေကို စိတ်မချကြဘူး... ကိုယ်တစ်ခုပဲ တောင်းပန်ချင်တာက ယောကျ်ားအတော်များများဟာ ပွေကြတာပဲ... မယားငယ်နေတယ်... မယားပြိုင်ထားတယ်...မကောင်းတဲ့မိန်းမ လိုက်စားတယ်... ဒီလူတွေနောက်ဆုံး ဘာဖြစ်လဲ မယားကြီးက တစ်မျိုးဆူ မယားငယ်က တစ်မျိုးပူနဲ့ တစ်ခေါင်းလုံးမြန်မြန်ဖြူကြရတာကြီးပဲ... တဒင်္ဂဖြစ်တဲ့ စိတ်အလိုကိုလိုက်မိတာနဲ့ မကာမိဘူး... နောက်ပိုင်းဖြစ်လာမယ့် ပြဿနာတွေ ရောဂါတွေကို ကိုယ်ပဲ ရင်ဆိုင်ရမှာလေ... ဆရာလုပ်နေတယ်ဆိုပြီး ကိုယ့်ကိုမင်းစိတ်ထဲက ချဉ်ချင်ချဉ်နေမှာပဲ... ဒါပေမယ့် ကိုယ်တကယ်စေတနာ


BURMESE CLASSIC .com

www.burmeseclassic.com


နဲ့ ပြောတာပါ… မင်းအစ်မတွေရဲ့ စေတနာကို အသိအမှတ်ပြုတဲ့ အနေနဲ့ တတ်နိုင်ရင် မပွေ့ပါနဲ့တော့… မတတ်နိုင်လို့ ပွေ့အုံးမယ် ဆိုရင်တောင် အဖိုး အဖွားထားသွားတဲ့ အမွေကို မြေးကလေးတွေ စံစားပါစေကွာ… ပြောချင်တာက တစ်ယောက်ပြီးတစ်ယောက် တရားဝင် မယူပါနဲ့လို့ ပြောချင်တာပါ”

‘ကိုကို’ က အဖြေမပေးဘဲ ငြိမ်နေပါသည်။



www.burmeseclassic.com


လူတိုင်းကံမကောင်းသော်လည်း ကံကောင်းသူတွေကတော့ ကောင်းနေကြတာပါပဲ။

'ကိုကို' ဆိုသောလူသည် မိဘထားသွားသော အမွေအနှစ်များကြောင့် အလုပ်ကိုလက်ကြောတင်းအောင် မလုပ်ခဲ့ရသော်လည်း ကောင်းကောင်းစား၊ ကောင်းကောင်းနေခဲ့ရသည်မှာ နှစ်ပေါင်းငါးဆယ် ပင်တိုင်ခဲ့ပါပြီ။

သားသမီးလည်း ငါးယောက်ရှိခဲ့ပြီ။

အကြီးဆုံး 'ရဲလင်းနိုင်' က ဆရာဝန်ပေါက်စ ဖြစ်နေပြီ။

သမီးကြီး 'ရွှေဝင်းဝင်း' က ဘွဲ့ရပြီး ဆရာမဖြစ်နေပြီ။

သမီးလတ် 'ချမ်းအေးငြိမ်း' က နာမည်နှင့်လိုက်အောင် အေးသည်။

အမေဖြစ်သူနှင့် ရုပ်ရော၊ စိတ်ဓာတ်ပါ တူသည်။ အားနာတတ်၊ သနားတတ်လွန်းသည်။ ဆယ်တန်းမအောင်သဖြင့် သိမ်


BURMESE CLASSIC .com

www.burmeseclassic.com


ငယ်စိတ်ဝင်ပြီး လူတောထဲ မတိုးချင်။ အပြင်မထွက်တော့ အိမ်တွင်းပုန်းလုပ်ပြီး အိမ်ထဲကို အဝင်အထွက်များသည့် ဆန်လာလာပို့သည့် ခပ်ချောချော အလုပ်သမားလေးတစ်ယောက်နှင့် ကြိုက်နေသည်ဆို၍ မိခင်ကော ကြီးဒေါ် 'ဒေါ်မေသင်း' ကရော ကြပ်ကြပ်မတ်မတ် ဆုံးမနေကြသည်။ သို့သော် အချစ်ဆိုသောမြှားစူးနစ်မိပြီဖြစ်သော 'ချမ်းအေးငြိမ်း' ကတော့ 'ဒေါ်မေသင်း' အိမ်မှာခေါ်ထားသည့်ကြားက ခိုးရာလိုက်သွားခဲ့သည်။

အငယ်ဆုံးကောင် 'မင်းကိုကို' ကလည်း ဖခင်ခြေရာကိုတစ်ထပ်တည်းနင်းသည်။ ပိုဆိုးတာက ရည်းစားများများထားတာထက် သူများရည်းစားကို သွား,သွားကြိုက်သဖြင့် ရည်းစားဦးက ရိုက်လွှတ်၍ နဖူးကွဲပြီးပြီ။ နောက်ထပ်တစ်ခါ ပိုဆိုးတာက အပျိုမှတ်ပြီး ကြိုက်မိပြန်သည်။

အမျိုးသမီးက အသက်ကြီးကြီးယောကျ်ားကို ယူထားရသဖြင့် လူငယ်လေးဖြင့် ကွယ်ရာမှာ ဖောက်ပြန်ခြင်းဖြစ်သည်။ ကြာခိုမှူ့ ကို လက်ပူးလက်ကြပ်မိသဖြင့် အချုပ်ထဲမှ လိုက်ရွေးခဲ့ရသည်။ ထိုမိန်းမနှင့် ထပ်ရှုပ်မှာစိုး၍ အငယ်ဆုံးသားကို မိန်းမပေးစားဖို့ စဉ်းစားရတော့သည်။

"ရှင့်သားက ရှင့်သွေးအပြည့်ပါရင်တော့ သူ့ကိုယူတဲ့မိန်းမဒူးနဲ့မျက်ရည်သုတ်ရမှာ မြင်ယောင်သေးတယ်... မိန်းမပေးစားတာအရေးမကြီးဘူး... ဘာအလုပ်မှလဲ မလုပ်တော့ သူ့မိန်းမကိုဘာနဲ့ကျွေးမလဲ"

"မင်းကလည်း အံ့စားနေလိုက်တာကွာ... ငါလည်းမင်းကိုအလုပ်မလုပ်ဘဲ တိုက်နဲ့ကားနဲ့ ထားနိုင်ခဲ့တာပဲ... အိမ်ဈေး မြေဈေး တိုက်ဈေးတွေကောင်းတော့ ဒီကောင်မိသားစု ထမင်းမငတ်နိုင်ပါဘူး"


BURMESE CLASSIC .com

www.burmeseclassic.com


"အို ရှင်လွှယ်လွှယ်သိပ်စကားပြောတယ်... ဘယ်အရာများ မြဲတဲ့သဘောရှိလို့လဲ... ကဲ မီးလောင်သွားရင်ရော"

"မိုးမပြိုဘူး ပြိုခဲ့သော်ဆိုတဲ့ အတွေးမျိုးတွေးနေရင် မင်းပဲ စိတ်ညစ်ရမှာပေါ့ မိန်းမရာ... မကြာခင် သားကြီးက သူ့သူငယ် ချင်း ဆရာဝန်မနဲ့ ယူတော့မှာ... သမီးကြီးကတော့ မျိုးရိုးလိုက်ပုံ ရတယ်... ရည်းစားထားတာလည်း မကြားရဘူး... 'မေသင်း' လာ စပ်သမျှ ကောင်လေးတွေကိုလည်း အရပ်ပုလို့ အသားမဲလို့ သွား ခေါလို့ လုပ်နေတာနဲ့ အပျိုကြီးဖြစ်တော့မယ်ထင်တယ်... သား ကြီး မင်္ဂလာဆောင်ရင် သားငယ်မင်္ဂလာဆောင်ရင် ဘာတွေလက် ဖွဲ့မှာလဲ အမေကြီးရဲ့"

"သားတွေ သမီးတွေကို နေ့တိုင်းစားဖို့ ဝတ်ဖို့ ကျောင်း စရိတ်တွေ ထုတ်နေရတာနဲ့ တစ်လတစ်လ များများစားစား မစု နိုင်ပါဘူး... ရှင်ရော ရှင်ရတဲ့ငွေထဲက ဘယ်လောက်စုထားလဲ"

"မင်းက တစ်လမှငါ့ကို တစ်သောင်းခွဲပဲ ပေးသုံးတာ... သူ ငယ်ချင်း အပေါင်းအသင်းတွေက သူဌေးကြီးဆိုပြီး လက်ဘက် ရည်တိုက်ခိုင်းတဲ့ စရိတ်လည်းရှိတယ်... ငါတောင်းမှာစိုးလို့ မင်း ညာတာပါ... မင်း ချစ်တီးစုထားတာ ငါသိတယ်... ဈေးထဲမှာတစ် စု... လမ်းထဲမှာတစ်စု... ဘဏ်မှာလည်း စုထားတယ်မဟုတ်လား"

"ချစ်တီးက တစ်စုကိုဆယ်သိန်းပဲရမှာ... စုထားသမျှကလေး တွေကို လက်ဖွဲ့ဖို့ကြီးပဲ... လုံးဝမသုံးဘူး"

ဖခင်ဖြစ်သူ အိမ်ရှေ့ထွက်သွားလေမှ 'ရွှေဝင်းဝင်း' က...

"အမေ့ကို ပြောပြရအုံးမယ်... 'ကိုရဲ' နဲ့ယူမယ့် ဆရာဝန်မက မလွယ်ဘူးနော်... ကွယ်ရာမှာ ပြောနေတယ်... ယူပြီးရင် တိုက်ခန်း တစ်ခန်း အပိုင်ရမှလို့"

"ဘယ်ကကြားတာလဲ..."

www.burmeseclassic.com


“ကျောင်းက ဆရာမတစ်ယောက်က အမေ့ချွေးမလောင်း ‘တင်မိုးမြင့်’ တို့အိမ် အဝင်အထွက်ရှိတယ်လေ... သူတို့ဘက်က သိပ်သဘောမတူချင်ဘူးတဲ့”

“အံ့မယ်... ငါ့သားက ဆရာဝန် လူချော... ဘာသဘောမတူစရာရှိသလဲ”

“အဖေ့လို ပွေမှာစိုးလို့တဲ့”

“ဒါဆိုလည်း မယူနဲ့ပေါ့အေ...”

“တွဲနေတာ ကြာလှပြီ... ‘တင်မိုးမြင့်’ အိမ်ကိုလည်းဝင်ထွက်နေတာပဲ... မကြာခင် လာတောင်းခိုင်းလိမ့်မယ် ကြည့်နေ”

ဟုတ်ပါသည်။ နောက်တစ်နေ့မှာပင် ‘ကိုရဲ’ က သူလက်ထပ်တော့မည့်အကြောင်း ပြောသည်။ ‘ရွှေဝင်းဝင်း’ က အနားရောက်လာပြီး...

“ဟင် ‘ကိုရဲ’ ကလည်း ဆရာဝန်ဖြစ်တာမှ တစ်နှစ်ပဲရှိသေးတယ်... မိဘကို သုံးလေးနှစ်လောက်အထိတော့ လုပ်ကျွေးအုံးပါတော့လား”

‘ရဲလင်းနိုင်’ က စိတ်တိုသလို ပုံစံဖြင့်...

“နင် နေရာတကာ ဆရာမလုပ်ချင်နဲ့ ... နင်ကြိုက်တာနဲ့တွေ့ရင် နင်လည်း ယူမှာပဲ”

“ယူပြီးရင် ဒီမှာလာမနေခိုင်းနဲ့ ... အဖေ့ကို လူပွေလူရှုပ်လို့ပြောနေကြပြီး အဖေ့သားကိုတော့ ယူချင်ကြသေးတယ်... ဟွန်း”

“နင်လွန်လာပြီနော်... နင့်အိမ်လား... ဒါ မိဘနဲ့ဆိုင်တဲ့ကိစ္စ”

‘ဒေါ်မူနွဲ့’ က သက်ပြင်းချရင်း...

“သားကြီးက ဘယ်လိုစီစဉ်ထားလဲ”

“အောက်ထပ်တစ်ခန်းလောက် ရရင်ကောင်းမှာပဲ... ထပ်ခိုးမှာနေပြီး ဆေးခန်းဖွင့်လို့ ရအောင်လို့လေ”

www.burmeseclassic.com


မိခင်မျက်နှာက ပျက်ယွင်းပျက်သော်လည်း 'ရွှေဝင်းဝင်း' က ဝုန်းကနဲ ထရပ်ရင်း...

"အံ့မယ်လေး တောင်းရက်လိုက်တာ... အမေတို့မှာဒီအောက်ထပ်ခန်းတွေကို ဈေးကောင်းရလို့ ငှားစားပြီး သားသမီးအားလုံးကို ပြည့်ပြည့်စုံစုံထားပေးထားတာ... ကဲ အိမ်ငှားသမားတွေ ပေးသလို 'ကိုရဲ' ပေးမလား"

"နင် ငါ့အမေလား... ငါ အမေနဲ့စကားပြောနေတာ... နင်နဲ့မဆိုင်ဘူး... အပြင်မှာထွက်နေ"

"မနေပါဘူး"

"ငါ ဆွဲထုတ်မှာနော်"

"ထုတ်ကြည့်ပါလား"

'ဒေါ်မူနွဲ့' စိတ်ရှုပ်နေစဉ် 'ဦးကိုကို' ဝင်လာပြီး...

"ဘာဖြစ်နေကြတာလဲ... ဆူဆူညံညံနဲ့ ... ကလေးတွေလဲ မဟုတ်တော့ဘူး"

'ရွှေဝင်းဝင်း' က မျက်ရည်ဝဲသော မျက်လုံးများဖြင့် ဖခင်ကို စိုက်ကြည့်ပြီး ချာကနဲ လှည့်ထွက်သွားပါသည်။

"လက်ထပ်ပြီးရင် အောက်ထပ်မှာ ဆေးခန်းဖွင့်ချင်တယ်ပြောလို့ သူက ရန်ထောင်နေတာ... အဖေ အမေထက်သူက ပိုအာဏာရှိနေလိုက်တာ"

'ဦးကိုကို' က ခေါင်းတညိမ့်ညိမ့်လုပ်ပြီး...

"အင်း... ပေးချင်တာပေါ့ကွာ... ဒါပေမယ့် အောက်ထပ်ပဲ အိမ်ငှားခ ကောင်းကောင်းရတာလေ... အပေါ်ထပ်တွေက တစ်သောင်းပဲ ရှိတာ... အဖေတို့က သားသမီးတွေ လက်ထပ်ပြီးရင် တစ်ယောက်တစ်ခန်းတော့ လက်ဖွဲ့ဖို့ စိတ်ကူးပြီးသားပါ"

"ကျွန်တော်တို့အနေနဲ့ကြတော့ အပေါ်ထပ်မှာနေရင် ဆေး

www.burmeseclassic.com

ခန်းဖွင့်လို့ မရဘူးလေ… အဖေတို့ ခွင့်မပြုရင်တော့ ဒီအနီးအနား တစ်ဝိုက်မှာ လိုက်ငှားရမှာပေါ့”

“ကြားလို့ မကောင်းပါဘူးကွာ… ဒီလိုလုပ် အောက်ထပ်ကို လိုချင်ရင် အပေါ်ထပ်မယူနဲ့ … ဒါပေမယ့် အားလုံးကျေနပ်အောင် လခတစ်ဝက်တော့ပေးပေါ့ကွာ… ငါတို့လည်း ဒါနဲ့ပဲစားနေတာလေ”

ထိုစကားကို ‘ရဲလင်းနိုင်’ သိပ်ကျေနပ်ပုံမပေါ်။ ‘တင်မိုးမြင့်’ က ရအောင်တောင်းဖို့ ဂျီကြပြီးချင်း လွှတ်လိုက်ခြင်းဖြစ်သည်။

“မင်းစဉ်းစားကြည့်လေ… မင်းကိုပေးရင် မကြာခင် မိန်းမပေးစားမယ့် ‘မင်းကိုကို’ လည်း ယူချင်မှာပဲ… ‘ချမ်းငြိမ်းအေး’ လည်း ယူချင်မှာပဲ… အဖေ စဉ်းစားထားတာက သားသမီးအားလုံးတစ်ယောက်တစ်ခန်းပေးမယ်… စားတာတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာစားကြ… အဖေတို့သေသွားရင်တော့ အားလုံး ညီညီမျှမျှ ခွဲယူကြပေါ့… အဖေတို့ ညီအစ်ကိုမောင်နှမတွေ လက်ထက်တုန်းက လည်း ဒီလိုပဲ လုပ်ခဲ့ကြတာလေ”

‘ရဲလင်းနိုင်’ ထံမှ ရရှိသော အဖြေကြောင့် ‘တင်မိုးမြင့်’ က ဒေါပွပြီး …

“မပေးချင်လည်း တခြားမှာပဲ ငှားဖွင့်မယ်ကွာ… လုံးဝယူမနေနဲ့တော့”

သားဖြစ်သူက ယခင်လို ရင်းရင်းနှီးနှီး မနေဘဲ မေးထူးခေါ်ပြောသာလုပ်သဖြင့် မိဘများ စိတ်ဆင်းရဲရတော့သည်။

‘မူနွဲ့’ က အစ်မဖြစ်သူနှင့် တိုင်ပင်ကြည့်သည်။

“ခက်တာပဲ… မပေးရင်လည်းမကောင်း… ပေးပြန်တော့လည်း ကျန်တဲ့ သားသမီးတွေလည်း လိုချင်မှာပေါ့… ညည်းတို့ကလည်း အိမ်လခနဲ့ စားနေကြတာ… ‘ရဲ’ တို့ကလည်း နားလည်


BURMESE CLASSIC .com

www.burmeseclassic.com


မှုရှိဖို့ ကောင်းပါတယ်လေ... တိုက်ခန်းတစ်ခန်း လက်ဖွဲ့နိုင်တာပဲ နည်းသလား... သိန်းငါးဆယ်အထက်မှာ တန်းဖိုးရှိတယ်... ဆရာဝန်ဖြစ်အောင်လည်း သင်ထားပေးပြီးပြီ... တော်ပြီပေါ့"

"အောက်ထပ်မရရင် တခြားမှာပဲ သွားငှားနေကြ... ဖွင့်ကြမယ်တဲ့လေ... သူများ ဘာပြောမလဲ"

"သူများပြောမှာ ကြောက်တာနဲ့ ပေးလိုက်ရင် နင်တို့ပဲ အသုံးရကြပ်မှာပေါ့"

"ရပါတယ်... လင်မယားနှစ်ယောက် အပေါ်ထပ်ငှားခတွေ ရှိနေတာပဲ... တစ်ယောက်တစ်ခန်းပေးလိုက်တော့မယ်... ဟင်း တစ်ခွက်စီလာပို့ရင် ထမင်းတစ်အိုးပဲ တည်ယုံပဲလေ"


BURMESE CLASSIC .com

www.burmeseclassic.com





"အမေ့သမီးကျတော့ အောက်ထပ်တစ်ခန်းလည်း ပေးသေးတယ်.. အမေတို့နဲ့လည်း စားသေးတယ်"

'မင်းကိုကို' က ကဂျီကဂျောင်လာလုပ်နေခြင်း ဖြစ်သည်။

"အော်... သူက အပျိုကြီးဆိုတော့ တစ်ယောက်ထဲ ဘယ်နေလို့ဖြစ်မလဲ... ဘယ်သင့်တော်မလဲ... သူရတဲ့ အိမ်လခထဲက အမေတို့အတွက်ပါ စားစရိတ် ထုတ်ပေးတာလေ"

"မယုံပါဘူးဗျာ... သူရွှေတွေ တစ်နေ့တစ်မျိုး ဝတ်နေတာပဲ နှစ်ချုပ်ကရတာနဲ့ ရွှေပြေးဝယ်တာ"

"ရွှေဝယ်တာကောင်းတာပေါ့... မင်းကလေးတွေလည်း သူပဲဝယ်ပေးနေတာပဲ... ဘာမကျေမနပ်ဖြစ်နေစရာလိုလဲ"

"သူ ထမင်းစရိတ်ထုတ်တယ်ဆိုတော့ အမေတို့ရတဲ့ အိမ်လခတွေ ဘယ်ရောက်ကုန်လဲ"

www.burmeseclassic.com


"ဟဲ့... အိမ်ခွန်... မြေခွန်... မီတာခ... အိမ်ဆေးသုတ်ခ... အိမ်ပျက်ရင် ပြင်ရတယ်"

"ဘယ်လောက်ပဲထွက်ထွက် အမေတို့ တစ်လကို တစ်သိန်း ကျော်တော့ ကျန်ပါတယ်"

"အေးလေ... မင်းအဖေကို နှစ်သောင်းပေးတယ်... တိုလီမိုလီ နဲ့ ဆေးဖိုးဝါးခအတွက်က နှစ်သောင်းကုန်တယ်"

"ဘယ်လိုပဲဖြစ်ဖြစ် တစ်လကို ငါးသောင်းအထက်တော့ စုမိ ပါတယ်"

"အေးလေ... အဲဒါဘာဖြစ်လဲ"

"အဲဒီငွေတွေနဲ့ အမေ့အတွင်းပစ္စည်းတွေ 'မရွှေဝင်း' ကို အ ကုန်အပ်ထားတာပဲလား... တော်ကြာ သူယောကျ်ားယူရင် ပါသွား အုံးမယ်"

"ယူမယ့်ပုံတော့ မပေါ်ပါဘူး... အမေတို့သေရင် သူ့ကိုအပ် သွားရမှာပဲ"

"ဟာ... မလုပ်ပါနဲ့ ... အားလုံးညီညီမျှမျှပဲ ခွဲပေးစမ်းပါ အ မေရာ... တော်ကြာ အသက်ကြီးမှ သူ့ပစ္စည်းတွေမက်ပြီးယူတဲ့ သိုက်တူးသမားနဲ့ တွေ့မှ အားလုံးပြောင်မှာ"

"လောလောဆယ်တော့ အမေတို့ မသေသေးပါဘူးကွယ်... ကျန်းမာရေးလည်း ကောင်းနေကြပါတယ်... မပူပါနဲ့ ... ကဲ... ကဲ... အမေ ညနေစာ ချက်ရအုံးမယ်"

"ကျွန်တော့်ကို ဆန်လေးငါးပြည်လောက် ပေးစမ်းပါ... ကုန် နေလို့"

"ဟဲ့... သွားဝယ်ပေးလိုက်လေ"

"ပိုက်ဆံ ပြတ်နေလို့"

"ပြတ်မှာပေါ့... မင်းတို့က ရရင် လင်ရော မယားရော လောင်း


BURMESE CLASSIC .com

www.burmeseclassic.com


ကစားလုပ်နေကြတာကို... ကလေးနှစ်ယောက်လည်း ငါ့ဆီမှာပဲ လာစားနေတာ"

"အမေကလည်း အိမ်လခက ကိုယ်အပေါ်ထပ်မှာနေတော့ သုံးသောင်းပဲရတာ မလောက်ဘူးဗျ..."

"အလုပ်မလုပ်ဘဲ တစ်နေ့တစ်ထောင်ရတာ နည်းသလား... ပိုသုံးချင်ရင် မင်းတို့ဈေးရောင်းပေါ့... ဒီနှစ်ကုန်ရင် အိမ်ငှားမထားနဲ့တော့"

"အမေ အရင်းထုတ်ပေးမလား... ဒီခေတ်မှာ အရင်းဆယ်သိန်းအထက်မရှိရင် ဘာမှလုပ်လို့မရဘူး"

"အလိုတော်... ဒါဆို မြို့ထဲက လမ်းဘေးတွေမှာ ပစ္စည်းမျိုးစုံထိုင်ရောင်းနေတဲ့ ဈေးသည်တွေကို သွားကြည့်ပါလား... ဆယ်သိန်းဖိုး ရှိလားလို့"

"ဟာ... သူတို့ဘဝနဲ့ ကိုယ့်ဘဝက မတူဘူးလေ... မိဘမှာ ရှိလျှက်နဲ့ သားသမီးငတ်နေတာ... မကောင်းပါဘူး"

"ကဲပါ... ဆန်ယူသွား... နင့်အစ်မ ပြန်လာခါနီးပြီ မြင်သွားရင် ပူညံပူညံလုပ်နေအုံးမယ်"

"လုပ်ကြည့်ပါလား... သူ့ဆီကတောင်းတာ မဟုတ်ဘူး... ကိုယ့်အမေဆီက ကိုယ်တောင်းတာ... အားလုံးက သူ့ကိုကြည့်လို့ရတာမဟုတ်ဘူး... အပျိုဆိုပြီး မိဘတွေနားကပ်ပြီး အပိုင်စီးနေတာလို့ ပြောနေကြတယ်"

"ဘယ်သူပြောတာလဲ"

"အားလုံးပြောနေကြတာပဲ"

"အဲဒီထဲ မင်းလည်းပါတာပဲ မဟုတ်လား... သူ့လိုနေချင်ရင် မင်းဘာလို့ မိန်းမယူသေးလဲ"

"ဟောဗျာ... ကျွန်တော်ယူတာလား... အမေတို့ပေးစားတာ

www.burmeseclassic.com


လား... ကျွန်တော့်သဘောဆို ယူကိုမယူချင်ဘူး... တာဝန်အရမ်းကြီးတာ... အမေတို့ မထောက်ပံ့ရင် ကျွန်တော်ကတော့ ကွာပြစ်မှာပဲ”

'ဒေါ်မူနဲ့' သက်ပြင်းချရင်း ...

“နားပူလွန်းလို့ပါ 'မင်းကို' ရယ်... ကဲ... ဆန်ငါးပြည်လည်း ယူသွား... ငွေနှစ်သောင်းလည်း ပေးလိုက်မယ်”

“တစ်သောင်းလောက်ပေးစမ်းပါ အမေရာ... အိမ်မှာဆီလည်း မရှိဘူး... မီးသွေးလည်း မရှိဘူး”

'ရွှေဝင်း' ပြန်လာလျှင် ပြဿနာဖြစ်မည်ဆိုး၍ မြန်မြန်ပေးလိုက်မိသည်။

မီးဖိုထဲ မီးမွှေးနေစဉ်...

'ဒေါက်... ဒေါက်... ဒေါက်”

တံခါးခေါက်သံကြောင့် ခင်ပွန်းသည် ပြန်လာသည်ထင်ပြီး ဖွင့်ပေးလိုက်သည်။ အပေါက်ဝတွင် မည်သူ့ကိုမျှမတွေ့။

“ဖွားဖွား... ဗိုက်ဆာလို့ဗျ”

သုံးနှစ်ပြည့်ဖို့ ငါးလလိုသေးသော မြေးထီးကလေး 'တိုးတိုး' ဖြစ်နေသဖြင့် ...

“ဟယ်... 'တိုးလေး' ပါလား... သားလေး ဗိုက်ဆာတယ် ဟုတ်လား... ဘာစားချင်လည်း ပြော... ဖွားဖွား... ကျွေးမှာပေါ့ ကွယ်”

မြေးကလေးကို ပွေ့ချီလိုက်သောအခါ ညစ်ပတ်ပေတူးနေသည်။ နှပ်ချေးကိုလက်နှင့် ပွတ်ထားသည်။

“ကဲ... ပေါင်မုန့်စားမလား... ဘီစကစ်စားမလား... ငှက်ပျောသီးစားမလား... အော်... ဒီမှာ ပန်းသီးရှိတယ်... ဖွားဖွား... ခွာပေးမယ်နော်”


BURMESE CLASSIC .com

www.burmeseclassic.com


စားသောက်ပြီးနောက် ရေပတ်တိုက်၊ သနပ်ခါးလူးပေးနေစဉ် တံခါးခေါက်ပြန်သဖြင့် ပြေးဖွင့်ရပြန်သည်။

"အမေ ထမင်းရှိသေးလား... ဗိုက်ဆာလို့"

သားအကြီးဆုံး ဆရာဝန်ကြီးက ဗိုက်ကိုပွတ်ပြရင်း ပြောနေသဖြင့် ...

"ရှိတယ်... ရှိတယ်... မင်းတစ်ယောက်စာတော့ လောက်ပါတယ်... အမေထည့်ပေးမယ်"

ထမင်းစလုံထဲ ဟင်းတွေပုံထည့်ပြီး ...

"အောက်မှာပဲ သွားစားတော့မယ်... အမေ့သမီးလာရင် ပြဿနာရှာနေအုံးမယ်"

"အေး... အေး"

'ဒေါ်မူနဲ့' သက်ပြင်းချရင်း မီးအမြန်မွှေး၊ ထမင်းအိုးမြန်မြန်ချက်၊ ဟင်းထပ်ချက်ရသည်။ 'ချွေဝင်း' ပြန်လာလျှင် စိတ်တိုအုံးမည်။

"အမေ... ထမင်းကြမ်းတွေရော... ဗိုက်ဆာလွန်းလို့"

"ထမင်းပူရှိတယ်လေ သမီးကြီးရဲ့"

"ဟာ... အမေကလည်း ထမင်းကြမ်းတွေ အလကားဖြစ်ကုန်မှာပေါ့... ပြီးတော့ ပူပူလောင်လောင်ကြီး 'ချွေဝင်း' မှ မစားတတ်တာ"

"ဒါဆိုရင် အမေအေးသွားအောင် ယပ်ခတ်ပေးမယ်လေ... ထမင်းကြမ်းက 'တိုးလေး' ဗိုက်ဆာလို့ ကျွေးလိုက်တယ်လေ"

"ဟာ အဓိပ္ပါယ်မရှိတာ... 'တိုးလေး' စားတာ ဒီလောက်ကုန်မှာလား... အမေ မညာနဲ့နော်... ညနေတိုင်း 'ကိုကြီး' မှန်မှန်လာယူစားတာ မသိဘူးမှတ်နေလား... အောက်ထပ်စားပွဲပေါ်မှာ အမေ့ဇလုံကိုတောင် တွေ့ခဲ့သေးတယ်... မကျွေးချင်လို့ ပြောနေတာမ

www.burmeseclassic.com


ဟုတ်ပါဘူး အမေရယ်… နေ့တိုင်းကျတော့ တရားမလွန်ဘူးလား သူ့မိန်းမ ဘယ်လောက်ပျင်းလဲသိလား… လုံးဝ ထမင်းမချက်ဘူး မနက်ဖက် သူ့အမေအိမ်သွားစားတာ အမေ့ဆီကယူသွားတဲ့ထမင်း ကို သူတို့ လင်မယားစားတာ ညဘက်မိုက်စာရင် ထပ်တစ်ရာတစ် ချပ် နှစ်ယောက်စားတာ… သည်လောက် ကပ်စေးနဲတာတော့ လွန် လွန်းတယ်… ကျွေးရမှာကြောက်လို့ ကလေးတောင် မယူကြဘူး”

“မရလို့ပါကွယ်… မွေးလာတဲ့ ကလေးတော့ သဒ္ဒါမှာပါ”

“ဘာသဒ္ဒါမှာလဲ… အမေ့ဆီပဲ လာတောင်းခိုင်းကြအုံးမှာပဲ အမေ အဲသလိုသာပေးနေ ဘာမှစုမိမှာ မဟုတ်ဘူး”

‘ဒေါ်မူနွဲ့’ က သက်ပြင်းရှည်ကြီးချရင်း…

“အင်း စုမိသလောက်လည်း ဆေးဖိုးကလွဲရင် ဒီသားသမီး နဲ့ မြေးတွေအတွက်ပဲ ထားသွားမှာလေ”

“အမေ ပြောပုံဆို ‘ရွှေဝင်း’ လည်း အိမ်ထောင်ပြုမှထင်တယ်”

“ဟင် ဘာဆိုင်လို့လဲ”

အံ့ဩသလို မျက်လုံးပြူးကြီးဖြင့်ကြည့်ရင်း မေးနေသဖြင့် ‘ရွှေဝင်း’ က အသံထွက်ရယ်ရင်း…

“ဩော် အမေတို့က သားသမီးတင် မဟုတ်ဘူး… မြေးပါ အမွေပေးမယ်ဆိုတော့ ‘ရွှေဝင်း’ ယောကျ်ားမယူရင် ရှုံးသွားမှာပေါ့”

“ကဲ ယူပြီးမှ ‘ကိုရဲ’ တို့လိုမရရင်ကော… လင်ယူတာပဲအဖတ် တင်မှာပေါ့”

စားသောက်ပြီး ‘ရွှေဝင်း’ တစ်ယောက် ဆန်ပုံးလာဖွင့်နေသ ဖြင့် ‘ဒေါ်မူနွဲ့’ မျက်လုံး ပြူးသွားသည်။

“ဟဲ့ ဘာလုပ်မလို့လဲ”

“ဆန်ရွေးမလို့လေ… အမေကလည်း အလန့်တကြားရှိ လိုက်တာ… ခါတိုင်းလည်း ရွေးနေကြပဲဟာ”


BURMESE CLASSIC .com

www.burmeseclassic.com


ဟုတ်ပါသည်။ အိုးမလုံ၍ အုံပွင့်ခြင်းပါ။

"ဟင် ဆန်တွေလျော့လှချည်လား... မနက်က အများကြီးပါ"

"ဟုတ်တယ် 'မင်းကို' ငါးပြည်လာချေးသွားတယ်... ညည်း မသိအောင် ဝယ်ထည့်မလို့ဘဲ"

"ခက်တာပဲ... တစ်နေကုန် အမေ့ဆီက လာနှိုက်နေကြတာ ပါလား... အမေက ပေးနေတာကိုး... လာကြမှာပေါ့... သူတို့ကို တန်ဖိုးရှိတဲ့ တိုက်ခန်းရော အရင်းအနှီးရော လက်ဝတ်လက်စား ရော ညီတူမျှတူပေးထားပြီးပြီပဲ... တကယ်ဆို သူတို့ကတောင် မိဘအိမ်ကို ဟင်းတစ်ခွက်စီ လာပို့ပေးသင့်တာ"

'ရွှေဝင်း' က ဆန်မရွေးတော့ဘဲ ဆောင့်အောင့်ပြီး ထွက် သွားသဖြင့် မိခင်ဖြစ်သူ တွေဝေပြီး ကျန်ခဲ့တော့သည်။

"ဟာ မိန်းမ ဘာတွေစဉ်းစားနေတာလဲ... ရေနွေးအိုးကြီးဆူ နေတာ မီးရထားခေါင်းတွဲကြနေတာပဲ"

'ဒေါ်မူနွဲ့' စိတ်ညစ်လျှင် သိသာသည်။ စကားလုံးဝ မပြော တော့။

"မင်း ဘာဖြစ်နေတာလဲ... ငါ့ကို ပြောစမ်းပါအုံး... ငါပိုက် ဆံချေးမှာ စိုးလို့လား"

"အင်း အားလုံးရဲ့ အမူက ကျုပ်ခေါင်းပေါ် ပုံကျတာမဆန်း ပါဘူး... ကျုပ်ကလည်း တောင်းသမျှ ထိုင်ပေးနေရတာကိုး"

"ငါ နားမလည်ပါဘူး... ရှင်းရှင်းပြောစမ်းပါကွာ"

"အောက်ထပ်က သားသမီးတွေကလည်း ကျုပ်တို့ဆီ ဆန် ကနေ ဆားအဆုံး ငရုပ်သီးစိမ်းလေးကအစ ငပိအဆုံး တစ်ချိန်လုံး လာလာတောင်းနေကြတာ အရေးမကြီးဘူး... 'ရွှေဝင်း' ကစိတ်တို နေပြီ"

"ကိုယ့် မောင်နှမတွေ လာတောင်းတာပဲကွာ... စိတ်တိုစရာ

www.burmeseclassic.com


လား… ကိုယ့်မှာလည်း ပိုလျှံနေတာပဲ… အမှိုက်ပုံးထဲတောင် လွှင့်ပစ်နေရသေးတာ”

ထိုစကားကို မီးဖိုထဲ ပြန်ဝင်ဖို့ထွက်လာသော ‘ရွှေဝင်း’ ကြားလိုက်ရပါသည်။

“အောက်ထပ်ကလည်း တစ်ခါတရံမဟုတ်ဘူး… နေ့တိုင်းကိုပဲ… ကလေးတွေဆို အချိန်တန် ကျုပ်ဆီလွှတ်လိုက်တာ”

“ဟာ အဲ့ဒါ မင်းမြေးတွေ… သားသမီးတွေပဲလေ မပေးဘူးလို့ မင်းပြောရက်သလား… သူ မသိအောင်ပေးပေါ့ကွာ… ဒါမှမဟုတ် သူ ပြန်မလာခင် ပြန်ချက်ထား… သူမသိအောင် ငါပြန်ဝယ်ပေးမယ်”

‘ရွှေဝင်း’ အံကြိတ်ပြီး ကိုယ့်အခန်းထဲကိုယ် ပြန်ဝင်လာခဲ့မိသည်။ အဖေသည် သူသာ ပိုက်ဆံမရှာချင်နေမည်။ အသုံးအစွဲတော့ မလျော့ချင်။ ပတ်ဝန်းကျင် မိတ်ဆွေအပေါင်းအသင်းများကတောင်းလျှင်လည်း လွယ်လွယ်ပေးတတ်သည်။ ချွေးမများကိုရော သားမက်ကိုရော အလွန်မျက်နှာလုပ်လွန်းသည်။

တကယ်ဆိုလျှင် အဖေပေးထားသည့် အခန်းတွင်နေကြပြီး အဖေလာလျှင် ပြာပြာသလဲရှိသင့်ပါလျက် ဦးဦးဖျားဖျားရှုးခတ်ကျွေးသင့်ပါလျက် အဖေကသာလျှင် သွားပေးနေတာတွေ့ရသည်။ အမေချက်ပြုတ်ကြော်လှော်ပြီး သားများကို အဖေက ဂျိုင့်နှင့်လိုက်ပို့ပေးနေတတ်သည်။ အမေကသာ ပြန်ချက်ပြုတ်ပေးနေရသည်။

“ဟာ ဒီကလေးတွေ သောင်းကျန်းလှချည်လား… ရေတွေ အကုန်ဖိတ်ကျကုန်ပြီ… ဖန်ခွက်လည်း ကွဲပြီ… သွား သွား နင်တို့အိမ်မှာပြန်ဆော့… ငါ့မှာ ကျောင်းမသွားခင်လုပြီး ရှင်းလင်းလျှော်ဖွတ်ပေးသွားရတာ… အဖွားလုပ်တဲ့သူလည်း အသက်ကြီးပြီ… လာလာ မသောင်းကျန်းကြစမ်းနဲ့ … သွား သွား”


BURMESE CLASSIC .com

www.burmeseclassic.com


'ရွှေဝင်း' က ကလေး လေးယောက်ကို မောင်းချနေသဖြင့် 'ဦးကိုကို' က...

"အေးဗျ... ညည်းမောင်းချတာ အရေးမကြီးဘူး... သူ့အဖေ သူ့အမေတွေက အိမ်ပေါ်တက်ပြီး ကက်ကက်လန်ရန်ထောင်နေကြ အုံးမယ်"

"အံမယ် ထောင်ကြည့်ပါလား... အားလုံးကို တွန်းချပစ်မယ်"

'ဦးကိုကို' က ခေါင်းခါပြီး...

"သည်လို တစ်ဖက်သတ် အနိုင်မကျင့်ရဘူးလေ... သူတို့ လည်း မိသားစုဝင်တွေပဲလေ... မိဘ ဘိုးဘွားအိမ် ဝင်ကြထွက်ကြ မှာပဲ... အထူးသဖြင့် ငါ့သမီးကြီးက အဖေတို့မရှိရင် တစ်ကောင် ကြွက်ဖြစ်မှာ... ကိုယ့်တူ, တူမလေးတွေကို ပြုစုပျိုးထောင်ပေးထား မှ ကိုယ့်ကိုပြန်ပြုစုစောင့်ရှောက်ကြမှာပေါ့"

'ရွှေဝင်း' က ခေါင်းတညိမ့်ညိမ့်လုပ်ရင်း...

"အဖေ မပူနဲ့... 'ရွှေဝင်း' ယောကျ်ားယူပြီး ကိုယ့်သားသမီး ပဲ ကိုယ်ပျိုးထောင်တော့မယ်... ကိုယ့်သားသမီးအရင်းတောင် မိဘ တွေကို ကြည့်ချင်မှကြည့်ကြတာ... တူ,တူမကတော့ အဝေးကြီးပါ"

"ငါ စေတနာနဲ့ပြောတာကို နင်ဘာလို့ ကပ်သီးကပ်ဖဲ့ပြန် ပြောနေတာလဲ"

ဖခင်က ဒေါသတကြီးအော်သဖြင့် 'ရွှေဝင်း' အံကြိတ်ပြီး ထွက်သွားခဲ့သည်။

"မင်း သမီးကြီးက ပညာတတ်ပြီး ဆရာမလုပ်နေပြီး သိပ် မိုက်ရိုင်းတယ်... ဆက်ဆံရေးလည်း သိပ်ကျဲတယ်... ဒေါသမောဟ လည်းကြီးလွန်းတယ်... တကယ်ဆို ကိုယ်ကအပျိုကြီးပဲ... ဘာဖြစ် လဲ ကိုယ့်မောင်နှမတွေ စားပစေပေါ့... တူ,တူမတွေ စားပစေပေါ့.. ဘာလို့ ဒီလောက် အူပုတ်နေတာလည်း မသိဘူး... မိဘအိမ်ဆိုတာ

www.burmeseclassic.com


သားသမီးအားလုံး ဝင်ထွက်ချင်ကြမှာပဲ”

‘ရွှေဝင်း’ ပါးပေါ်သို့ မျက်ရည်ပေါက်ကြီးငယ်တို့ ရေတံခွန်လို စီးကြလာပါတော့သည်။

မိမိနှင့် အတူနေရသည့်အတွက် သူ့မြေးတွေ၊ သားသမီးတွေ သွားရလာရခက်နေသည့် သဘောပေါ့လေ။

မိမိကတော့ မိဘတွေ အရံသင့်စားနိုင်အောင် မနက်စောစော ဈေးသွားပြီး ချက်ပြုတ်ပေးသွားသည်။ လျှော်ဖွပ်ပေးသွားသည်။ ညဘက် မီးပူတိုက်ပေးသည်။ တစ်လတစ်ခါ ဆီ၊ ဆန်၊ ဆား၊ သကြား၊ နို့ဆီ အကုန်ဝယ်ဖြည့်ပေးသည်။

သို့သော် တစ်လစာဝယ်ပေးထားလျှင် တစ်ပါတ်သာခံသည်။ ကျောင်းကပြန်လာလျှင် ကလေးတွေဖွထားသမျှ အရင်လိုက်ရှင်းရသည်။

မိမိသည် သူတို့အတွက် အနှောင့်အယှက်ဖြစ်နေပါလား ဆိုသည့် အတွေးက မခံချင်စိတ်ကို ဖြစ်ပေါ်စေပြီး၊ ဝေဒနာဖြစ်နေခဲ့ရတော့သည်။ ထို့ကြောင့် ကျောင်းပိတ်ရက်များတွင် အိမ်မကပ်သလို၊ အိမ်မှာ မအိပ်သည့်ရက်တွေပါ များလာသဖြင့်...

“သူများအိမ်မှာ သွားအိပ်တာအရေးမကြီးဘူး... သိပ်ကြာကြာနေရင် မကြိုက်ဘဲ နေပေါ့အုံးမယ်”

“ရပါတယ် အမေ... သူငယ်ချင်းက အပျိုကြီးပဲ... သူကလည်း သူနဲ့လာနေဖို့ ခေါ်နေတာပါ... နွေရာသီကျောင်းပိတ်ရက် သူတို့အမျိုးတွေရှိတဲ့ ပြင်ဦးလွင်မှာ သွားနေရင် လိုက်ခဲ့ဖို့ခေါ်နေသေးတာ”

“အဲ့ဒီလောက် အကြာကြီး သွားမနေပါနဲ့အေ”

‘ရွှေဝင်း’ ဘာမှ ပြန်မပြောပါ။ မိခင်ကိုတော့ သနားသလိုပါပဲ။ မိမိ မရှိလျှင် အမေပဲ ချက်ပြုတ်နေရမှာ။


BURMESE CLASSIC .com

www.burmeseclassic.com






"ဟာ ကုန်ပါပြီ... တစ်ခန်းလုံးလည်း ရေမွှေးနံ့တွေဟောင်နေတာပဲ... အိပ်ယာတွေ ခေါင်းအုံးတွေရော လိုက်ကာတွေရော... ရေမွှေးတွေ လိုက်ဖြန်းထားတာပဲ... 'တိုးလေး' လက်ချက်ပဲမဟုတ်လား... လာစမ်း လာစမ်း လက်ကမြင်းအုံးမလား... ဒီရေမွှေးဘယ်လောက်တန်ဆိုတာ နင်သိလား... ကဲ ကဲ"

အိမ်ရှေ့ခန်းတွင် 'တိုးလေး' က ရေမွှေးပုလင်း၏ ဘုကိုနှိပ်ရင်း လိုက်ဖြန်းနေဆဲဖြစ်သည်။

'ရွှေဝင်း' ရိုက်လိုက်သဖြင့် လန့်ပြီး ရေမွှေးပုလင်းကိုလွှတ်ချလိုက်သဖြင့် ပုလင်းကွဲပြီး ခြေထောက်တွေပါ ရှကုန်ရတော့သည်။

'မင်းကို' က သူ့သားခြေထောက်တွင် ပုလင်းကွဲရှပြီး သွေးထွက်သံယိုဖြစ်အောင် ရိုက်ရပါ့မလားဟု စိတ်တိုပြီး အပေါ်ထပ်သို့ တက်လာတော့သည်။



BURMESE CLASSIC .com

www.burmeseclassic.com


"ခင်ဗျား ရေမွှေးပုလင်း ဘယ်လောက်တန်သလဲ ပြောလေ"

"သောင်းကျော် တန်တယ်ဟဲ့"

"ကလေးပဲ သူနားလည်ရင် လုပ်ပါ့မလား... ခင်ဗျား တူ မဟုတ်ဘူးလား"

"စည်းကမ်းမရှိလို့ ဆုံးမနေတာပဲ... တူဆိုတာနဲ့ အိမ်မီးရှို့ မယ်ဆိုလည်း ကြည့်နေရမှာလား... အခန်းထဲထိဝင်ပြီး ဆော့တာ တော့ မလွန်,လွန်းဘူးလား"

"မဝင်စေချင်ရင် သော့ခတ်ထားဗျာ"

"ဟဲ့ ကိုယ့်အိမ်ပေါ် ကိုယ်နေတာ... အခန်းကို သော့ခတ်ရ အုံးမှာလား"

"ခင်ဗျားအိမ်က အောက်ထပ်မှာလေ... ဒီအခန်းက ကျုပ် အဖေနဲ့အမေ အခန်း... ကျုပ်ဝင်ချင်တဲ့အချိန် ဝင်မယ်... ထွက်ချင် တဲ့ အချိန်ထွက်မယ်... မြေးတွေလည်း သည်လိုပဲရှိမှာပဲ... မဝင်စေ ချင်ရင် ခင်ဗျား တခြားပြောင်းနေယုံပဲ ရှိမယ်... အောက်ထပ်ကဟာ တွေကလည်း ခင်ဗျားကို ချဉ်ပတ်ဖြစ်နေကြတယ်နော်... လက်ဝါး ကြီးအုပ်ဖို့ စဉ်းစားမနေနဲ့... အဖေတို့က ပြောပြီးသား... အားလုံး ဝေပုံကျပဲ"

"ကဲ လူပါးဝစကားပြောအုံး... စော်ကားအုံး"

'ရွှေဝင်း' က ဒေါသမထိန်းနိုင်သဖြင့် အရှိန်ဖြင့် ပါးရိုက်ချ လိုက်သလို 'မင်းကို' ကလည်း ပြန်ဆောင့်တွန်းသဖြင့် 'ရွှေဝင်း' နံရံနှင့် သွားစောင့်သည်။

"ဟဲ့ ဟဲ့ တော်ကြတော့လေ... နင်တို့ သူစိမ်းတွေလား... ဒီ လောက် ရမ်းကားနေကြတာ"

'ဒေါ်မူနွဲ့' ငိုသံကြီးဖြင့် အော်လေမှ ရပ်သွားကြသည်။

'ရွှေဝင်း' က ကျောင်းသွားသောအခါ သားရည်သေတ္တာ

www.burmeseclassic.com


တစ်လုံးပါ ဆွဲထွက်သွားသဖြင့်...

"ဒီကိစ္စနဲ့တော့ သွားစရာမလိုပါဘူး သမီးရယ်... နှစ်ချုပ်ပြည့်တဲ့အထိ ဒီပေါ်မှာပဲနေ... နောက်နှစ် အိမ်ငှားမတင်နဲ့ပေါ့... သူများအိမ်မှာတော့ မနေစေချင်ဘူး... ဒါမှမဟုတ် အပေါ်ထပ်က တစ်ခန်းကို ပြန်ငှားချင် ငှားလိုက်ပေါ့"

"တော်ပါပြီ... အမေတို့နား ကပ်နေရင် အမျိုးမျိုးပြောကြအုံးမှာ"

'ရွှေဝင်း' မရှိသဖြင့် အောက်ထပ်က ညီအစ်ကို မောင်နှမများ မြေးမြစ်များ ဝမ်းသာပျော်ရွှင်နေကြသည်။

မိုးလင်း မိုးချုပ် တက်လိုက်ဆင်းလိုက် စားလိုက်သောက်လိုက် ဖွလိုက် လုပ်နေကြသည်။

'ဒေါ်မူနွဲ့' တစ်ယောက် မိုးလင်းကမိုးချုပ် ခေါင်းစုတ်ဖွားဖြင့် ချက်၍ပြုတ်၍ ရှင်း၍မပြီးနိုင်တော့။

"ဖွားဖွားရေ... ညကျရင် ဒီမှာ အိပ်မှာနော်"

ကလေးတွေ တကယ်ပျော်၍ ပြောသလား၊ မိဘတွေကပဲ သင်လွှတ်သလားမသိ။ စားသောက် ဆော့ကစားယုံတင်မဟုတ် နေဖို့ပါ စဉ်းစားလာသည်။

သမီးကြီး မရှိမှ သူ့ တန်ဖိုးကို ပိုသိလာပါသည်။

ယခု မီးဖိုထဲတွင် နေဖို့ညစာ ဘာမှ မရှိတော့။

'ဦးကိုကို' ကတော့ ထွက်ဝယ်ပေးရှာသည်။ သို့သော် မဝယ်ချင်သောနေ့တွင် မသိချင်ဟန်ဆောင်နေတတ်သည်။

'ဒေါ်မူနွဲ့' တစ်ယောက်တည်း ဒေါင်ခြာဆိုင်းနေသဖြင့်...

"မင်း တစ်ယောက်တည်း သိပ်ပင်ပမ်းနေရင် ခိုင်းဖို့လူခေါ်လိုက်ပါလား"

ခေါ်မှ ဖြစ်တော့မည်။ ယခု အဝတ်လျှော်သူ ငှားထားတာ


BURMESE CLASSIC .com

www.burmeseclassic.com


ပန်းကန်ဆေးခိုင်းမိသဖြင့် ထမင်းကျွေးဖို့ပြောသည်။ ညနေဘက်ဆိုလျှင် အိမ်ကို ထမင်းပို၊ ဟင်းပိုရှိလျှင် ထည့်ယူချင်ကြောင်းပြောနေသဖြင့်...

"မပိုပါဘူးကွယ်... မြေးတွေက ဆော့လိုက် စားလိုက်လုပ်နေကြတာ"

စိတ်ကောက်ပြီး အဝတ်ပါလာ မလျှော်တော့သလို နောက်ထပ် အသစ်တစ်ယောက်လည်း ရှာမရသေးသဖြင့် 'ဒေါ်မူနွဲ့' ကိုယ်တိုင် လျှော်ရတော့သည်။

"အံမယ်လေး"

'ဒေါ်မူနွဲ့' ရေချိုးခန်းထဲ ချော်လဲပြီး ဆေးခန်းရော၊ အကြောပြင်ဆရာဆီ ရောက်နေသလို အိမ်ပေါ်သို့ အလုပ်သမားကောင်မလေးတစ်ယောက်လည်း ရောက်လာပါတော့သည်။

အိပ်ယာထဲ သုံးလခန့် အနားယူနေပါသော်လည်း ယခင်ကလို အလုပ်ကောင်းစွာ မလုပ်နိုင်တော့ပါ။

အပေါ့သွားချင်သဖြင့် ဖြေးညှင်းစွာလျှောက်လာသော 'ဒေါ်မူနွဲ့' ပြိုလဲမသွားအောင် နံရံကိုမှီထားလိုက်ရပါသည်။

"တစ်ခါနမ်းရင် တစ်ရာ... တစ်ခါဖက်ရင် တစ်ရာဆိုတော့ မင်းလွန်တာပေါ့... ကဲ တစ်လ ငါးထောင်ပေးမယ်ဆိုရင်ရော"

"ဟုတ်ပြီလေ... အဲ့ဒီထက်တော့ ဘာမှ ပိုလို့မရဘူးနော်"

"မင်းလေးကလည်းကွာ... ပိုပေးရင်ရော ကဲ ပြောစမ်း"

'ဒေါ်မူနွဲ့' ရှက်လွန်း၍ နားကိုလက်ဖြင့် ပိတ်ထားမိသည်။ အခန်းထဲ ပြန်ဝင်ခဲ့မိသည်။

သမီးငယ် 'ချမ်းငြိမ်း' ကို အလုပ်သမားအသစ် ရှာပေးဖို့ ပြောရသည်။

"အမေကလည်း ဒီကောင်မလေး ဒီလောက်ဖင်ပေါ့တာ... လူ


BURMESE CLASSIC .com

www.burmeseclassic.com



ရှာရတာ လွယ်ပေမယ့် ခြေဆော့လက်ဆော့တွေ ရောက်လာရင် ခက်မှာ”

ယခု ခြေ လက် ဆော့နေသူက နင့်အဖေဟု ပြောရင်ကောင်းမလား။ ‘ဒေါ်မူနွဲ့’ငယ်ငယ်ကလို စိတ်ဆိုး၊ စိတ်ကောက်ပြီး မိဘ အိမ်ကို ပြန်ဖို့စဉ်းစား၍မရတော့။

မိမိအတွက် အမြဲရပ်တည်ကူညီစောင့်ရှောက်ခဲ့သော မိဘများ မရှိကြတော့။ သူတို့နေရာကို မိမိရောက်နေခဲ့ပြီ။ အဖွားဖြစ်နေခဲ့ပြီ။ ရင်ခုန်လှုပ်ရှားရတော့မည့် အရွယ် မဟုတ်တော့သော်လည်း နာကြည်းမှု၊ ခံပြင်းမှု၊ ဝမ်းနည်းမှုတွေတော့ ခံစားနေရပါသည်။

“မင်း နေကောင်းရဲ့လား… မျက်နှာ ညှိုးနေသလိုပဲ”

ခင်ပွန်းသည်က နဖူးကိုအသာစမ်း၍ မေးလာသောအခါ ‘ဒေါ်မူနွဲ့’ မျက်ဝန်းထဲမှ မျက်ရည်များ စီးကြလာတော့သည်။

“ဟင် မင်းငိုနေတယ် ဟုတ်လား… ဘာဖြစ်လို့လဲ ဘယ်သူ စိတ်ဆင်းရဲအောင် လုပ်နေပြီလဲ”

‘ဒေါ်မူနွဲ့’ က မချိပြုံး ပြုံးရင်း…

“စိတ်ဆင်းရဲအောင်လုပ်တာ ရှင်ပဲလေ… ကောင်မလေးကို ရှင်ဖျက်ဆီးဖို့ ကြိုးစားနေပြီလား… သမီးအရွယ်ကို မကြံစည်သင့် သလို ကျွန်မ ကျန်းမာရေးမကောင်းတဲ့အချိန် စိတ်ဆင်းရဲနေတဲ့ အချိန်မှာ ရှင်ဒီလို စိတ်မျိုးထားနိုင်တာ ကျွန်မ အရမ်းအံ့ဩတယ် အရမ်းဝမ်းနည်းတယ် သိလား… ကောင်မလေးကို နက်ဖြန် သူ့ အမျိုးတွေဆီ ပြန်ခိုင်းလိုက်တော့မယ်… ‘ရွှေဝင်း’ ကို ပြန်လာနေဖို့ ခေါ်ထားတယ်”

“မင်း တော်တော် အရူးကိုခွဲတဲ့ မိန်းမပဲ… ဘာလို့ သမီးတွေ ကို လျှောက်ပြောတာလဲ… ‘ရွှေဝင်း’ ပြန်လာရင် အရင်ကလိုပဲ တ ဂျိန်းဂျိန်း ဖြစ်နေမှာပေါ့… ငါ သိပ်နာညီးတယ်”

www.burmeseclassic.com


"အရင်က ရှင် အိမ်သိပ်ကပ်တာမှ မဟုတ်ဘဲ... ဘုရားသွားလိုက်... အပေါင်းအသင်းတွေအိမ် သွားလိုက်လုပ်နေတာပဲ... အဲ့ဒီလိုပြန်နေလိုက်ပေါ့"

"မင်းစကားက ငါ့ကို အခုမှ အိမ်ကပ်တယ်လို့ ပြောချင်တာပေါ့လေ... မင်း ဒုက္ခိတဖြစ်နေလို့ ငါပဲ လုပ်ပေးနေရမဟုတ်လား မင်း သိထားဖို့က ဒါငါ့အိမ်... ငါ့ကိုဘာမှ ဟိုသွားဒီသွား ပြောနေစရာမလိုဘူး... ငါမောင်းချရင် မင်းတို့အားလုံးတောင် ဆင်းသွားရအုံးမယ်... 'ရွှေဝင်း' ကိုလည်း ခေါ်စရာမလိုဘူး... ကောင်မလေးကိုလည်း ပြန်လွှတ်စရာမလိုဘူး... ငါ ယူရင်လည်း မင်းတို့ဘာမှမတတ်နိုင်ဘူး"

'ဦးကိုကို' ၏ စကားများကို 'ရဲလင်းနိုင်' ကောင်းစွာကြားလိုက်ရပါသည်။

"ရှင် ယူတာကို ကျွန်မ ဘာမှမပြောနိုင်ပေမယ့် ရှင့်သားသမီးတွေကတော့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူးနော်... အားလုံးလက်မြန်ခြေမြန် ခပ်စွာစွာတွေကြီးပဲ... သူတို့ လူသတ်မှုဖြစ်ပြီးထောင်ကျစေချင်ရင် ရှင် မဖွယ်မရာတွေ ဆက်လုပ်ပေါ့"

"ထွီ ငါ့အိမ်ပေါ်မှာနေပြီး ဒီအရွယ်တွေရောက်လာကြပြီး ငါ့ကို အဖေ့အတွက်ဆိုပြီး တစ်ပြားတစ်ချပ်မှ ပေးဖော်မရဘူး... ပြုစုဖော်မရဘူး... ကူညီဖော်မရဘူး... လိုချင်တာပဲ သိကြတယ်... ငါ့ကို ကောင်းကောင်းပြုစုတဲ့လူ ယုယတဲ့လူကို ငါပေးမှာပဲ"


BURMESE CLASSIC .com

www.burmeseclassic.com


'ရဲလင်းနိုင်' က 'မင်းကို' ၏ ဧည့်ခန်းထဲတွင် ထိုင်စောင့်နေသည်။ 'ချမ်းငြိမ်းအေး' ဘိုသီဘတ်သီနှင့် ရောက်လာပြီး…

" ကိုကြီး ခေါ်တယ်ဆို"

" အေး နင်အဝတ်အစား သွားပြန်လဲအုံး… ငါတို့သုံးယောက် 'ရွှေဝင်း' ဆီသွားမယ်"

'ချမ်းငြိမ်းအေး' က သဘောပေါက်သဖြင့်…

"ဘာလဲ ဖေဖေ့အကြောင်း မေမေက ခေါ်ပြောပြလို့လား"

"ငါ နားနဲ့ကိုကြားလာတာ… ငါတို့တွေက သူ့ကိုဂရုမစိုက်ဘူး… လိုချင်တာပဲ သိတယ်တဲ့… သူ့ကိုဂရုစိုက်တဲ့လူ… ယုယတဲ့လူကို ပေးချင်ပေးမယ်… ယူချင်ယူမယ်တဲ့… 'ရွှေဝင်း' ကို ပြန်လာနေခိုင်းမှ ဖြစ်မယ်"

"ဟာ သူကလည်း ခေါင်းမာမာရယ်… သူ့ကို မနေစေချင်လို့ ပြဿနာလုပ်လွှတ်လိုက်တာဆိုတော့ လာမယ်မထင်ဘူး"

"အကျိုးအကြောင်းကောင်းကောင်း ပြောပြရင်တော့ သူလာ


BURMESE CLASSIC .com

www.burmeseclassic.com


မှာပါ… မြန်မြန်သွားတာ အကောင်းဆုံးပဲ”

ကျောင်းချိန်ဖြစ်၍ ဝရံတာတွင်သာ ရပ်စကားပြောဖြစ်ကြသည်။

“အခြေအနေကတော့ နင်ဝင်မှဖြစ်တော့မယ်… နင်အိမ်မှာပဲလာနေပါ”

“ဘာဖြစ်လို့လဲ”

“အဖေ အနေအထိုင်မတတ်လို့ ဟိုဟာမလေးက ချူစားနေပြီ… သည်အတိုင်းဆက်ထားရင် အဖေ့အိမ်ခန်းတွေမက်ပြီး ယူချင်ယူမှာ”

‘ရွှေဝင်းဝင်း’ က လက်ပိုက်ရပ်ရင်း…

“ဒါက အဖေ့ ကိုယ်ရေးကိုယ်တာပဲလေ… ပိုင်ဆိုင်တာက သူဆိုတော့ ဘယ်သူမှ ဘာမှပြောလို့မရဘူး… ကာယကံရှင်ဖြစ်တဲ့ အမေတောင် ပြောလို့မရတာ”

“အမေက အဖေ့ လွယ်အိတ်ပဲ… ထားရာမှာနေရတာ… ငိုယုံကလွဲရင် ဘာမှ ပြန်ပြောနိုင်တာမဟုတ်ဘူး… ငါတို့ ကြမ်းရင် အဖေ ဘယ်လုပ်ဝံ့မလဲ”

“ကဲ အရွဲ့တိုက်ပြီး ဖွတ်လုပ်မှ ပိုဆိုးနေမယ်… မောင်နှမအားလုံးအတွက် တစ်ယောက်တစ်ခန်းစီ ရထားပြီးပြီပဲ… ကျန်တာသူ့သဘောပေါ့”

“ဟာ နင့်စကားက ငါတို့က အမွေမက်လို့ နောက်မိန်းမယူမှာ ဆိုးနေတယ်ထင်လို့လား… ကိုယ့်အမေ စိတ်ဆင်းရဲပြီး ကျန်ခဲ့မှာစိုးလို့ဟ… ပြီးတော့ ကိုယ့်တူမ အရွယ်လောက်ကို မိထွေးမတော်ချင်လို့ဟ… နင် မလာချင်ရင်လည်း သဘောပဲ… ငါတို့သွားမယ်”

‘ရွှေဝင်းဝင်း’ က အမွေမက်သူများဟု ကင်ပွန်းတပ်လိုက်

www.burmeseclassic.com


သဖြင့် အားလုံးအီးပိတ်ပြီး ပြန်လာခဲ့ရသည်။

"ကြီးကြီးဆီ သွားတိုင်ပင်ရအောင်"

'မေသင်း' က အံ့ဩသလို ကြည့်ရင်း…

"ဟဲ့ စုစုဝေးဝေးနဲ့ ဘယ်ကလှည့်လာတာလဲ"

"ဒီကိုပဲ တမင်လာခဲ့တာ… တိုင်ပင်စရာရှိလို့"

'ရဲလင်းနိုင်' ပြောပြသော အကြောင်းအရာကို နားထောင်ပြီးသောအခါ 'ဒေါ်မေသင်း' က မျက်နှာကိုမဲ့၍…

"အင်း တစ်နေ့ဒီလိုစကားမျိုးတွေ ထပ်ပြီးကြားရအုံးမယ်ဆိုတာ ငါကြိုတွက်ပြီးသားပါ… မင်းတို့အမေကတော့ ဒီကောင်နှိပ်စက်တာ ခုမှခံရတာမဟုတ်ဘူး… ငါ မပြောလိုက်ချင်ဘူး… မင်းအဖေပုံစံက ဖွဲတစ်ဆုပ်နိုင်တဲ့အထိ ကမြင်းမယ့်ပုံကြီး… ဒီကောင်မလေးကို အလုပ်ထုတ်လိုက်တော့ သူတို့ကို ဘယ်သူက ပြုစုမှာတုန်း… မင်းတို့လည်း အလကားပဲ… အမွေလောက်ပဲ လိုချင်နေကြတာ… မိဘကို ပြုစုဖို့ ပြန်လည်ထောက်ပံ့ဖို့ဆိုတဲ့ သားသမီးဝတ်နဲ့ လုံးဝမညီဘူး"

"အဖေကလည်း မိဘဝတ်နဲ့မှ မညီတာ… ကျွန်တော်တို့ခုလိုနေ,နေရတာလည်း အဘိုးအဘွားတွေ ကောင်းခဲ့လို့ပါ"

'မင်းကိုကို' စကားကြောင့် 'မေသင်း' က ထအော်တော့သည်။

"မင်း ကိုယ်တိုင်ကိုက စိတ်ရိုင်းဝင်နေတာ… ဘိုးဘွားထားခဲ့လည်း သူ မိန်းမတွေ အများကြီးယူပြီး သုံးဖြုန်းပစ်ရင် မင်းတို့ခုလိုနေရမလား… သူမွေးလာလို့ မင်းလူဖြစ်နေတာ… မင်းအမေလိုမိန်းမမျိုးကြောင့် မင်းတို့ခုလိုနေနိုင်တာ… 'ကိုကို' နှိပ်စက်တာစိတ်ဆင်းရဲအောင်လုပ်တာတွေကို မျက်ရည်ခိုးကျပြီး မင်းတို့ မိစုံဖစုံနေနိုင်အောင် စိတ်ရှည်ရှည်ထားပြီး ပေါင်းသင်းခဲ့တာ… မင်းတို့


BURMESE CLASSIC .com

www.burmeseclassic.com


မောင်နှမလေးယောက်တောင် ရှိတာ... နှစ်ယောက်က မနက်ဖက် တာဝန်ယူ နောက်နှစ်ယောက်က ညနေဘက် တာဝန်ယူရင် ဘာ အလုပ်သမားမှ ခေါ်စရာမလိုဘူးပေါ့... ခုတော့ ပိုက်ဆံရှိတဲ့လူက လည်း အမေချက်ထားတာကို အရှံသင့်စူးခပ်စား... ပိုက်ဆံမရှိတဲ့ လူကလည်း နိုက်စားဖို့ပဲ တတ်တယ်... 'ရွှေဝင်း' ကို ထွက်သွား အောင်လုပ်တာလည်း မင်းတို့... ဒါ မင်းအဖေပိုင်တဲ့အိမ်တွေပဲ... သူ့သဘောပဲ ယူလည်း ဘာမှမတတ်နိုင်ကြဘူး"

ကြီးဒေါ်ကလည်း ဆူလွှတ်လိုက်သဖြင့် တပ်ဆုပ်ပြီး ပြန်လာ ခဲ့ကြရပြန်သည်။

သို့သော် မိမိတို့ အိမ်ပြန်ရောက်သောအခါ 'ရွှေဝင်း' ကို မိခင်၏ဘေးတွင် တွေ့လိုက်ရသဖြင့် ပျော်သွားကြသည်။

ကောင်မလေးက ကုတင်ဘေးတွင် ရပ်နေသဖြင့်...

"အဖေရော"

"အပြင်သွားတယ် ပြောတာပဲ... သူ့ကို ပြန်ခိုင်းနေတာမပြန် နိုင်ဘူးတဲ့... လျှော်ကြေးတောင်းနေတယ်"

'ရွှေဝင်း' စကားကြောင့် 'ရဲလင်းနိုင်' က ဒေါပွပြီး...

"လျှော်ကြေးတောင်းရအောင် နင်နဲ့အဖေက ဘာဖြစ်နေလို့ လဲ"

"ဖြစ်လို့ပေါ့"

"ဟာ လက်ကလေးဆွဲတာ ပခုံးလေးပေးကိုင်တာနဲ့တော့ ဘာလျှော်ကြေး ပေးစရာလိုလဲ"

"ခင်ဗျား ဆရာဝန်ပဲ... ကျွန်မမှာ ကိုယ်ဝန်ရှိနေတယ်"

"ဘာကွ"

'ရဲလင်းနိုင်' ဒေါကန်ပြန်ပါပြီ။

"မပေးရင် ရပ်ကွက်ရုံးမှာ သွားတိုင်မှာပဲ"


BURMESE CLASSIC .com

www.burmeseclassic.com


'ရွှေဝင်း' တို့အားလုံး လူသိမှာကြောက်မှန်းသိသဖြင့် ငွေညှစ်နေပါပြီ။ မိခင် ဖြစ်သူက...

"တိုင်ချင်လည်း တိုင်ပစေကွယ်... ဒါမှ သူလည်း မှတ်မှာ"

'ရဲလင်းနိုင်' က...

"ဟာ အဖေမရှက်ပေမယ့် ကျုပ်ရှက်တယ်ဗျ... ကျုပ်တို့က ရပ်ကွက်ထဲမှာ လူကြီးလူကောင်းလိုနေတာ... မိန်းမဘက်ကသိသွားရင်လည်း ရှက်စရာကြီး... ကဲ ကောင်မလေး ဘယ်လောက်လိုချင်တာလဲ"

"နှစ်သိန်း"

"ဘာ နှစ်သိန်းဟုတ်လား"

"နှစ်သိန်းမရရင် အိမ်ပေါ်ကဆင်းမပေးဘူး... ဒီအိမ်မှာပဲ မီးဖွားမယ်... ဒီအိမ်မှာပဲ နေမယ်"

"ဟာ နင်အကြံအဖန် ထုပြီထင်တယ်... အဖေ့ကိုခေါ်မေးမှ ဖြစ်တော့မယ်... 'မင်းကို' အဖေ့ကို သွားရှာပေးစမ်း"

'ရွှေဝင်း' က လက်ပွေ့အိတ်ကောက်ကိုင်ပြီး...

"ရှက်တယ်... ရှက်တယ် ဒီလိုအဖေမျိုးကိုလည်း မျက်နှာချင်းမဆိုင်ချင်ဘူး... ပြန်တော့မယ်... မေမေ့ကို ကြီးကြီးက လာနေဖို့ခေါ်နေတာပဲ... 'ရွှေဝင်း' အဲ့ဒီအိမ်မှာပဲ လာပြုစုပေးမယ်... မေမေလာခဲ့လေ"

'ဒေါ်မူနွဲ့' က ခေါင်းခါရင်း...

"အမေ တစ်ပါတ်လောက်နေရင် မီးဖိုထဲ ဝင်လို့ရပါပြီလေ... အဝတ်လျှော်တဲ့ ကုလားမကြီးသာ ခေါ်ပေး... အိမ်မှာ အမေမရှိရင်မဖြစ်ပါဘူးလေ... ကဲ ကဲ ... ကောင်မလေးကိုလည်း ပေးစရာရှိတာပေးလိုက်ပါ"

"အရမ်းပေးလို့ ဘယ်ဖြစ်မှာလဲ... ကိုယ်ဝန်မရှိဘဲ ညာ


BURMESE CLASSIC .com

www.burmeseclassic.com


တောင်းရင်ကော”

“မရှိရင်လည်း တောင်းရမှာပဲ… ခင်ဗျား အဖေသောင်းကျန်းတာ ခင်ဗျားတို့ အမေသိတယ်… မယုံမေးကြည့်… မပေးရင် သွားတိုင်မှာပဲ”

စမ်းသပ်ကြည့်သောအခါ ကိုယ်ဝန်တကယ်ရှိနေသဖြင့် ‘ရလင်းနိုင်’ ပါးစပ် ပိတ်သွားသည်။

“ကဲ နင်လိုချင်တဲ့ငွေကို ရပြီ မဟုတ်လား… နောက်ကို ဒီအိမ်နဲ့ မပတ်သက်ပါဘူးလို့ ငွေရရှိကြောင်းလည်း လက်မှတ်ထိုး”

‘ဦးကိုကို’ ညနေစောင်းတွင် ပြန်ရောက်လာသည်။

နို့ဆီ၊ သကြားနှင့် မုန့်မျိုးစုံ ဝယ်လာသည်။

“ကောင်မလေးရေ … ဒါတွေ သိမ်းလိုက်အုံး”

မီးဖိုဘက်မှ ထွက်လာသူက ‘ရွှေဝင်းဝင်း’ ဖြစ်နေသဖြင့်…

“ဟာ သမီးကြီး … ဘယ်တုန်းကရောက်လဲ”

“စောစောလေးကပါပဲ… ‘ရဲလင်းနိုင်’ တို့ လာခေါ်တာနဲ့ လိုက်လာတာ… ကောင်မလေးကို ထုတ်လိုက်ပြီဆိုတော့ အမေ့ကို ပြုစုဖို့လိုလာပြီလေ… ‘ရဲလင်းနိုင်’ တို့ သုံးယောက်လုံးက ‘ရွှေဝင်း’ နဲ့ တည့်အောင်နေပါ့မယ်တဲ့လေ… ‘ရွှေဝင်း’ ကျောင်းသွားချိန်ဆို သူတို့သုံးယောက် တစ်လှည့်စီ အပေါ်မှာလာနေပေးမယ်တဲ့…

‘ရွှေဝင်း’ ကလည်း တူတွေ တူမတွေကို အရင်ကလို မချုပ်ချယ်တော့ဘူး… သူတို့ ကြိုက်သလိုနေ… ကြိုက်သလိုဆော့… ကြိုက်သလိုစားခွင့်ပေးပြီ… ဒါမှ အဖေ စိတ်ချမ်းသာမှာ မဟုတ်လား”

‘ရွှေဝင်းဝင်း’ မီးဖိုထဲတွင် သီချင်းတအေးအေးဖြင့် ချက်ပြုတ်နေစဉ် ‘ဦးကိုကို’ က ‘ဒေါ်မှုန်နွဲ့’ ကို မေးမြန်းနေပါသည်။

“ကောင်မလေးကို ပိုက်ဆံတွေဘာတွေ ပေးလိုက်သေးလား”


BURMESE CLASSIC .com

www.burmeseclassic.com


"ပေးရတာပေါ့... လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းကလို မဟုတ်တော့ဘူး... ကုန်ဈေးနှုန်းကြီးလို့လား မသိဘူး... ဆယ်ဆတိုးပြီး နှစ်သိန်းပေးလိုက်ရတယ်"

"ဘာလို့ နှစ်သိန်းတောင် ပေးလိုက်ရတာလဲကွ"

"ကိုယ်ဝန်က သုံးလတောင် ရှိနေပြီကို"

"ဟာ ငါနဲ့ဘာမှမဖြစ်ဘူး... သူ့မှာ ကိုယ်ဝန်ရှိနေမှန်းသိလို့မင်းကို ငါအမြန်ထုတ်ခိုင်းတာ... ဒီကောင်မလေး အပြင်မှာထဲက ရှုပ်လာတာ... ပြန်လိုက်တောင်းခိုင်းမှ ဖြစ်မှာပေါ့"

"တော်ပါပြီရှင်... ရှင်သာ သမာဓိရှိတဲ့လူဆိုရင် သိက္ခာရှိတဲ့လူဆိုရင် ဒီကောင်မလေး ဒီလိုတောင်းရဲမလား... သူ ကိုယ်ဝန်ရှိတာ သိနေတယ်ဆိုတည်းက ရှင်နဲ့သူ ပတ်ကိုပတ်သက်လို့ပေါ့... ဘာပဲဖြစ်ဖြစ် အရှုံးထဲက အမြတ်ပေါ့လေ... အခုဆို သားတွေသမီးတွေလည်း တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိကုန်ကြပြီ... စည်းစည်းလုံးလုံး တိုင်တိုင်ပင်ပင် ရှိကုန်ကြပြီ"

"ကြီးကြီးရေ... မေမေက အကြော်ဝယ်ပေးလိုက်တယ်... ကြီးကြီးရယ် ဖိုးဖိုး ဖွားဖွားရယ် စားဖို့တဲ့"

'တိုးလေး' ၏ အသံကကျယ်လောင်လွန်းသဖြင့် မျက်နှာအိုအိုကြီးဖြင့် ထိုင်နေသော 'ဦးကိုကို' ပင် လန့်ပြီး တုန်သွားသည်။

"ဟုတ်လား 'တိုးလေး' ရေ... သားတို့ မောင်နှမတွေအတွက် ကြီးကြီး ခေါက်ဆွဲကြော်ထားတယ်... စပျစ်သီးတွေလည်း ဝယ်လာတယ်နော်"

"ဟုတ်လား... ဟီး ဟီး ကြီးကြီးက သိပ်လိမ္မာတာပဲ"

'တိုးလေး' ၏ စကားကြောင့် အဖွားနှင့် ကြီးဒေါ်တို့ပြုံးနေကြသော်လည်း ...

မိမိ မကြံစည်ရသေးဘဲ ငွေနှစ်သိန်းပိုက်၍ နာမည်ဖျက်ပြီး

www.burmeseclassic.com



ထွက်သွားသော ကောင်မလေးကို သတ်ချင်သလိုလို...

အိမ်ရှေ့မှန်စားပွဲပေါ်တွင် ခေါက်ဆွဲကြော်ပန်းကန် အသီးသီးကိုင်၍ စားရင်း တစ်ယောက်နှင့်တစ်ယောက် ခေါက်ဆွဲဖတ်များဖြင့် ပစ်ပေါက်ကစားနေကြသော မြေးများကို ရိုက်ချင်သလိုလို ပုံစံဖြင့် မျက်မှောင်ကြုတ်၍ ကြည့်နေသူက ဖိုးဖိုးကြီး 'ဦးကိုကို' ပါပဲ။

**စာဖတ်ပရိတ်သတ်များကို**
**အစဉ်လေးစားလျက်**
**ဆွေဆွေအောင်**

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com




BURMESE CLASSIC .com